ကမ္ဘာအရပ်ရပ်တွင် အင်္ဂလိပ်ဘာသာဖြင့်
ဟောကြားတော်မူသော

# အရှင်သိဋ္ဌိလ
၏
# ဗုဒ္ဓဘာသာရေးအဆီအနှစ်များ

ESSENTIAL THEMES
OF
BUDDHIST LECTURES
GIVEN BY
ASHIN THITTILA

သစ္စာရှင်
မြန်မာပြန်သည်

ဒုတိယအကြိမ်

ဒီဇိုင်း - သန်းမြင့်အောင်

လူတိုင်း လူတိုင်းမှာ အဆင်ပြေမှု၊ အဆင်မပြေမှုဟူ၍ နှစ်မျိုးရှိရာ အဆင်ပြေမှုဟူသမျှသည် မိမိပြုခဲ့ဖူးသော ကုသိုလ်၏ ကောင်းသော အကျိုးဖြစ်သည်။ အဆင်မပြေမှုဟူသမျှသည် မိမိပြုခဲ့သော အကုသိုလ်၏ မကောင်းကျိုးပင်ဖြစ်သည်။

ကုသိုလ်သည် ကြီးပွားချမ်းသာခြင်းစသော ကောင်းကျိုးကို ပေးတတ်သဖြင့် အေးမြသောရေနှင့်တူ၏။ အကုသိုလ်သည် ဆင်းရဲဒုက္ခရောက်ခြင်း၊ ပျက်စီးခြင်းစသော မကောင်းကျိုးကိုပေးတတ်သဖြင့် မီးနှင့်တူ၏။ အဆင်မပြေမှုဟူသော အကုသိုလ်မီးလောင်သောအခါ စိတ်ပူစိတ်ညစ်နေလျှင် အကုသိုလ်မီး ပို၍လောင်မည်သာဖြစ်၏။ သို့ဖြစ်၍ စိတ်ပူခြင်း၊ စိတ်ညစ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ဝမ်းနည်းခြင်း စသည့် အကုသိုလ်မီးတောက်လောင်သောအခါ စိတ်ကိုအေးအေးထား၍ ကုသိုလ်တည်းဟူသောရေဖြင့် နိုင်နိုင်လောင်းပေးလျှင် ထိုမီး ငြိမ်းရမည် အမှန်ဖြစ်ပေသည်။

သို့ဖြစ်၍ အဆင်မပြေမှုနည်း၍ အစဉ်မပြတ်အဆင်ပြေစေလိုလျှင် အဆင်ပြေစေတတ်သော ကုသိုလ်ကိုများနိုင်သမျှ များများပြုလုပ်ပေးဖို့ ဩဝါဒစကားမိန့်ကြားအပ်ပါသတည်း။

*(ဆရာတော်ဦးသေဋ္ဌိလ၏*
*ဩဝါဒကထာ... မှ)*

အရှင်သေဋ္ဌိလဆရာတော်ဘုရားကြီးက ကိုယ်တော်တိုင် အင်္ဂလိပ်ဘာသာဖြင့် စီရင်ရေးသားပြီး ကမ္ဘာအရပ်ရပ်တွင် ဟောကြားတော်မူခဲ့သော ရှင်တော်ဗုဒ္ဓ၏ တရားတော်များပါဝင်သည့် **'ဗုဒ္ဓတရားအသိအနှစ်များ'** (Essential Themes of Buddhist Lectures) ဟူသော စာအုပ်ကို ချီးမြှင့်သဖြင့် ရရှိခဲ့ပါသည်။

ဤစာအုပ် (ပါတရားတော်များ) ကို နှစ်သက်သောကြောင့် ထိုင်းနိုင်ငံ၌ ကျောင်းသုံးစာအုပ်အဖြစ်ပင် သတ်မှတ်ပြဋ္ဌာန်းလိုက်ကြောင်း သိရှိရပါသည်။

ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနှင့် အခြေခံမှစ၍ သိသင့်သိအပ်သော တရားဓမ္မများကို (ဤစာအုပ်တွင်) တစ်စုတပေါင်းတည်း လေ့လာခွင့်ရသည့်အပြင် သာမန်လူတစ်ယောက်အဖို့ သိလွယ်,နားလည်လွယ်သော စကားပြေများဖြင့် ရေးသား,ဟောကြားထားတော်မူသောကြောင့် လက်မလွှတ်နိုင်အောင်ဖြစ်ရပါသည်။

*(မြန်မာပြန်သူ၏အမှာ... မှ)*

ဝါဆိုလပြည့်နေ့နံနက်ခင်းမှာ ဘယ်ပြင်ပတန်ခိုးရှင်ရဲ့ အကူအညီမှမပါဘဲ မိမိကိုယ်တိုင် ဗောဓိပင်ရင်းမှာ ထိုင်ပြီး တရားကျင့်ပါတယ်။

သည်အခါ တရားစစ်တရားမှန်ဖြစ်တဲ့ ဆင်းရဲဒုက္ခအပေါင်းရဲ့ အစနဲ့ ချုပ်ငြိမ်းရာ အဆုံးတရားများကို ကောင်းစွာတွေ့မြင်လာပါတယ်။

မိမိဘဝကို တပ်မက်စွဲလမ်းခြင်း (ဘဝနှစ်သက်မှုတဏှာ) ဟာ ဆင်းရဲအပေါင်းရဲ့ အရင်းခံဆိုတာကိုလည်း တွေ့သိလာပါတယ်။

သည်လို သံသရာဝဋ်ဆင်းရဲအပေါင်းက လွတ်ကင်းရာအမှန်ကတော့ မဂ္ဂင်ရှစ်ပါးတရားသာ ဖြစ်တယ်ဆိုတာကိုလည်း တွေ့မြင်လာပါတယ်။

ဗုဒ္ဓက မိမိတို့ဘဝလွတ်မြောက်ဖို့ မိမိတို့တစ်ဦးချင်းအပေါ်မှာတည်တယ်။ ဘဝသန့်စင်အောင်ရော၊ ဘဝညစ်ညမ်းအောင်ပါ မိမိတို့ကိုယ်တိုင် လုပ်နေကြတာဖြစ်တယ်လို့ ဟောကြားခဲ့ပါတယ်။

မြတ်ဗုဒ္ဓရဲ့ဝါဒအရဆိုရင် အာရုံခံစားနိုင်တဲ့ သတ္တဝါတိုင်းရဲ့ အသည်းနှလုံးမှာ ဉာဏ်ပညာမီးပွား – ဗောဓိ (Spark of Bodhi - Wisdom) ဟာ မူလကတည်းက ရှိပြီးဖြစ်ကြပါတယ်။ သာမန် သတ္တဝါတို့မှာတော့ သူတို့ရဲ့ လောဘ (Selfish Desire)၊ ဒေါသ (Anger)၊ မောဟ (Ignorance) ဆိုတဲ့ အမိုက်မှောင်တွေကြောင့် ဉာဏ်ပညာအရည်အသွေးဟာ မပွံ့ဖြိုးဘဲ အားနည်းနေတတ်ပါတယ်။

ဗုဒ္ဓဝါဒရဲ့အစဟာ သမ္မာဒိဋ္ဌိက စပါတယ်။ သမ္မာဒိဋ္ဌိဆိုသည်မှာ သစ္စာလေးပါးတရားကို ကောင်းစွာ မြင်ခြင်းဟု အဓိပ္ပာယ်ရပါသည်။

အမှန်တရားရှာဖွေကြသူများကို မြတ်ဗုဒ္ဓက 'မိမိတို့ကိုယ်တိုင်ရရှိသော အတွေ့အကြုံများအရ အပြန် အလှန် သုံးသပ်ဆန်းစစ်ပြီးမှ မိမိရော သူတစ်ပါးကိုပါ အမှန်တကယ် အကျိုးပြုကြောင်း ဆင်ခြင် သဘောပေါက်

ပြီးမှသာ လက်ခံကျင့်သုံးကြပါကုန်’ လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

ဗုဒ္ဓဝါဒနဲ့အညီ ကျန်းမာရေး၊ စိတ်ပျော်ရွှင် ချမ်းမြေ့ရေးနဲ့ ဉာဏ်ပညာပွင့်လင်းရေးတို့ကို လိုလားတယ်ဆိုရင် ကမ္ဘာ့ဌာန်းတရား ပွားများခြင်းကို လက်လွှတ်လို့မရပါဘူး။

ဗုဒ္ဓရဲ့ဓမ္မ(တရား)ဟာ အတ္တ – မိမိအကျိုးသာမက၊ ပရ – အများအကျိုးကိုပါ စည်းကမ်းတကျ ဉာဏ်ပညာနဲ့ယှဉ်ပြီး ကြိုးစား အားထုတ်ကြမယ်ဆိုရင်၊ ပြီးပြည့်စုံတဲ့ လူ့ဘဝချမ်းသာကို ရရှိစေတဲ့ တရားပဲဖြစ်ကြောင်းပါ။

ဗုဒ္ဓက လူတို့ကို မိမိတို့ရဲ့ဘဝ လွတ်မြောက်ဖို့အတွက်ဆိုရင် မိမိကိုယ်မိမိ အားကိုးကြဖို့နဲ့ ဘယ်ကယ်တင်ရှင်ကိုမှ မရှာကြဖို့ သွန်သင်ဆုံးမခဲ့ပါတယ်။

ဗုဒ္ဓဟာ ကိုယ်တော်တိုင် လက်တွေ့လေ့လာသိရှိကျင့်သုံးခဲ့တဲ့အတွက် ဘယ်လိုလုပ်ရမယ်ဆိုတာကို ပြောပြနိုင်စွမ်းရှိပါတယ်။ ဒါပေမယ့် မိမိတို့ကိုယ်တိုင်မကျင့်ဘဲနဲ့တော့ ဗုဒ္ဓကလိုရာပန်းတိုင်ကို ဆောင်ကြဉ်းပေးနိုင်စွမ်းမရှိပါဘူး။

ပညာဉာဏ်ကင်းမဲ့မှု (အဝိဇ္ဇာ)ဟာ လူမှုဒုက္ခအပေါင်းရဲ့အစ ရေသောက်မြစ်ဖြစ်ပါတယ်။

များသောအားဖြင့် အနောက်နိုင်ငံသားတွေဟာ ဗုဒ္ဓဝါဒကို အဆိုးမြင်ဝါဒလို့ ထင်မှတ်ကြပါတယ်။ အမှန်ကတော့ ဗုဒ္ဓဝါဒဟာ အဆိုးမြင်ဝါဒမဟုတ်သလို အကောင်းမြင်ဝါဒလည်း မဟုတ်ပါဘူး။ ဘဝမှန်ကို မြင်စေတာကတော့ သည်အစွန်းနှစ်ဖက်ကင်းတဲ့ အလယ်လမ်း(မဇ္ဈိမပဋိပဒါ)ပါပဲ။

အဟိတ်ကံက မျက်မှောက်ဘဝအတွက် အခြေခံဖြစ်သလို အနာဂတ်ဘဝကို အတိတ်ကံကရော၊ ပစ္စုပ္ပန်ကံကပါ အကျိုးပြု ဖန်တီးစေပါတယ်။ အမှန် ကလည်း အတိတ်ဆိုတာ ကျန်ခဲ့ပြီးဖြစ်လို့ ပစ္စုပ္ပန်ကိုသာ စိုးပိုင်ကြပါတယ်။

မြတ်ဗုဒ္ဓဟာ ယုံကြည်မှုသက်သက်ကို လက်မခံဘဲ အမှန်တရားကိုသိတဲ့ အခြေခံယုံကြည်မှုမျိုးကိုသာ လက်ခံပါတယ်။ ဗုဒ္ဓကို ယုံကြည်အားကိုးတဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဟာ ဗုဒ္ဓရဲ့ အဆုံးအမကိုခံယူပြီး ဘဝလွတ်မြောက်အောင် ကျင့်ကြံအားထုတ်ရပါမယ်။

ပညာဉာဏ်ပွင့်လင်းစေတဲ့ လမ်းမကြီးရဲ့ အဆင့်သုံးဆင့်ကတော့ သီလ၊ သမာဓိ၊ ပညာတို့ပဲဖြစ်ပါတယ်။ သီလက အပြောနဲ့အလုပ်ကို လမ်းမှန်သို့ ရောက်စေပါတယ်။ သမာဓိက စိတ်ကိုထိန်းကွပ်ပေးပါတယ်။ ပညာကတော့ မကောင်းမှု(အကုသိုလ်) များကို ချုပ်ငြိမ်းစေတဲ့ နောက်ဆုံးအဆင့်ပဲဖြစ်ပါတယ်။

လောကရဲ့ ဆင်းရဲဒုက္ခအပေါင်းဟာ အသိဉာဏ်ကင်းမဲ့မှုကြောင့်ဖြစ်ရတာပါ။

များသောအားဖြင့် စွဲလမ်းတပ်မက်မှုများဟာ လူတို့ကို ပျက်စီးစေပါတယ်။ ဗုဒ္ဓမြတ်စွာက လိုချင်တပ်မက်မှုဟာ လူတို့ရဲ့ အကြီးမားဆုံး ရန်သူဖြစ်တယ်လို့ ဆုံးမတော်မူခဲ့ပါတယ်။

ကိုယ်ကျိုးရှာ လိုချင်တပ်မက်မှု (လောဘ)ဟာ အသိတရားကို ထိခိုက်စေပါတယ်။

ဗုဒ္ဓဝါဒအရတော့ လူမှုတိုးတက်ဖွံ့ဖြိုးရေးအတွက် မေတ္တာဟာ အခြေခံပါပဲ။ တစ်ဦးနဲ့တစ်ဦး ကွဲပြားခြားနားစေတဲ့ အတားအဆီးမှန်သမျှကို သည်မေတ္တာကပဲ ဖျောက်ဖျက်ဖယ်ရှားစေပါတယ်။

မကောင်းမှုတို့ရဲ့ အရင်းအမြစ်တွေဟာ လိုချင်တပ်မက်မှု – လောဘ၊ စိတ်ဆိုးမှု – ဒေါသနဲ့ အသိဉာဏ်ကင်းမဲ့မှု – မောဟတို့ပဲ ဖြစ်ပါတယ်။

ဗုဒ္ဓဝါဒဆိုတာ အမှန်တရားနဲ့ တကယ့်ဖြစ်ရပ်တွေနဲ့သာ သက်ဆိုင်ပြီး သည်နေ့မှန်ကန်ပေမယ့် နက်ဖြန်စွန့်ပစ်ကြရမယ့် ဒဿနတို့၊ သီဝရီတို့နဲ့ ဘယ်လိုမှ မပတ်သက်တာကို တွေ့ကြရမှာဖြစ်ပါတယ်။

*(ဗုဒ္ဓတရားအဆီအနှစ်များ... မှ)*

| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၃၁/၉၆(၄) |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ၁၂/၉၆(၅) |
| ထုတ်ဝေသူ | ဦးအောင်ကြီး၊ ရွှေပုရပိုက်စာပေ<br>၅၊ တင့်ဆန်းလမ်း၊ ဗတ္တလစ်၊<br>ရန်ကုန်။ |
| မျက်နှာဖုံးနှင့်အတွင်းဖလင် | ဦးထွန်းဆိုင်နှင့်အဖွဲ့ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဒေါ်ခင်ခင်ဝင်း<br>ကလျာအော့ဖ်ဆက်<br>၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊<br>သုဝဏ္ဏ၊ ရန်ကုန်။ |
| မျက်နှာဖုံးပန်းချီ | သန်းမြင့်အောင် |
| ကွန်ပျူတာစာစီ | မောင်ဝဏ္ဏ၊ **wizard**<br>၁၉၈၊ ၃၃ လမ်း(အပေါ်)၊ ရန်ကုန်။ |
| စီစဉ်သူ | အေးမိုး |
| ပုံနှိပ်ခြင်း | ဒုတိယအကြိမ်၊ ၁၉၉၆ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၉၀ ကျပ် |

ပိုင်ဦးချိုစာပေ
၂၃၃၊ ဒုတိယထပ်(ယာ)၊
၂၉(အထက်)လမ်း၊ ရန်ကုန်။
ဖုန်း - ၂၄၂၀၅၂

ကမ္ဘာ့အရပ်ရပ်တွင် အင်္ဂလိပ်ဘာသာဖြင့်
ဟောကြားတော်မူခဲ့သော


အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
အရှင်သေဋ္ဌိလ

၏

# ဗုဒ္ဓတရားအဆီအနှစ်များ

Essential Themes
of
Buddhist Lectures
Given By
Ashin Thittila

သစ္စာရှင်
မြန်မာပြန်သည်


သာသနာ ၂၅၄၀၊ ကောဇာ ၁၃၅၈၊ ခရစ် ၁၉၉၆ ခုနှစ်။
ဒုတိယအကြိမ်

ကျေးဇူးရှင်
ဆရာတော်ဘုရားကြီးအား
ဤသို့
စာပေဒါန ရေးသားဆက်ကပ်၍
သဒ္ဓါညွတ်လျှိုး လက်စုံမိုး၍
ခြေတော်ဦးခိုက်
ရှိခိုးကန်တော့ပါ၏ဘုရား။
ငမောင်

ကျေးဇူးရှင်
မိဘနှစ်ပါးတို့အား
ဤစာအုပ်ဖြင့်
ရှိခိုးကန်တော့ပါ၏။
သားမောင်

သို့

................................................

................................................

................................................

ဓမ္မဒါနပြုပါသည်။

မှ

................................................

................................................

................................................

# မာတိကာ


- ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ
- ဆရာတော်အင်္ဂလိပ်ဘာသာဖြင့်ဟောကြားခဲ့သော တရားတော်များမှ ကောက်နုတ်ချက်
- နိုင်ငံခြားသား ဥပါသကာ၊ ဥပါသိကာမများအပေါ် ဆရာတော်၏အမြင်
- ဆရာတော်၏တရားတော်များကိုနာယူပြီးနောက် ဗုဒ္ဓဘာသာအပေါ် နိုင်ငံခြားသားများ၏အမြင်
- မစ္စစ်အစ်ဂယ်လ်ဒင် ရေးသားပြုစုသောဆရာတော်၏ ဘဝဖြစ်စဉ်နှင့် သာသနာပြုလုပ်ငန်းစဉ်
- မြန်မာပြန်သူ၏အမှာ
- မှတ်တမ်းတင်ခြင်း

**အခန်း(၁)**

**ဗုဒ္ဓဘာသာအခြေခံတရားများ**

**မိတ်ဆက်**

၁။ ဂေါတမဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ ၃၃

၂။ မြတ်ဗုဒ္ဓ၏လမ်းပြတရား ၄၆

၃။ ဗုဒ္ဓဝါဒဟူသည်အဘယ်နည်း ၅၁

၄။ ဘဝအောင်မြင်ရန်အကျင့်သီလအခြေခံ ၅၉

၅။ ထေရဝါဒဗုဒ္ဓဘာသာ ၆၇
၆။ ဗုဒ္ဓဝါဒ၏အနက်အဓိပ္ပာယ် ၈၄
၇။ ဗုဒ္ဓဘာသာနှင့်ကြောင်းကျိုးတရား ၉၀
၈။ ပညာအရောင်မီးရှူးတန်ဆောင် ၁၀၈
၉။ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် ၁၁၇
၁၀။ ဝိသာခါ (ကဆုန်လ) ပွဲတော် ၁၂၄

## အခန်း(၂)
## သီလဆိုင်ရာတရားများ

၁၁။ ဗုဒ္ဓဝါဒနှင့်ပြည်မြန်မာ ၁၃၇
၁၂။ အကျင့်သီလသည်သာပဓာန ၁၄၅
၁၃။ ဗုဒ္ဓဝါဒနှင့်အညီနေထိုင်ရေး ၁၅၃
၁၄။ ပါရမီတရားဆယ်ပါး ၁၇၁
● မေတ္တာပို့၊ ဆုတောင်း၊ အမျှဝေ

## အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု
## အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
## ဆရာတော်ဦးသေဋ္ဌိလ၏ သြဝါဒကထာ

ဆံးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါးအင် ကင်းစင်သော လမင်းသည် ဤလောကကြီးကို မိမိအရောင်ဖြင့် ထွန်းပြောင်တောက်ပစေသကဲ့သို့ မိမိပြုခဲ့ပြီးသော အကုသိုလ်ကို ကုသိုလ်ဖြင့် ပိတ်ပင်တားဆီးပြီးသောသူသည် ဤလူ့ပြည်လောကကြီးကို မိမိ၏ကုသိုလ်အကျိုး တန်ခိုးအရှိန်အရောင်ဖြင့် တင့်တယ်ထွန်းပြောင်စေလျက်ရှိ၏ဟု ရှင်တော်ဘုရား ဟောကြားခဲ့ပါသည်။

ဤဒေသနာတော်အရ လူတိုင်းလူတိုင်းမှာ အဆင်ပြေမှု၊ အဆင်မပြေမှုဟူ၍ နှစ်မျိုးရှိရာ အဆင်ပြေမှုဟူသမျှသည် မိမိပြုခဲ့ဖူးသော ကုသိုလ်၏ကောင်းသောအကျိုးဖြစ်သည်။ အဆင်မပြေမှုဟူသမျှသည် မိမိပြုခဲ့ဖူးသော အကုသိုလ်၏ မကောင်းကျိုးပင်ဖြစ်သည်။

ကုသိုလ်သည် ကြီးပွားချမ်းသာခြင်းစသော ကောင်းကျိုးကိုပေးတတ်သဖြင့် အားမြသောရေနှင့်တူ၏။ အကုသိုလ်သည် ဆင်းရဲဒုက္ခရောက်ခြင်း၊ ပျက်စီးခြင်းစသော မကောင်းကျိုးကိုပေးတတ်သဖြင့်

မီးနှင့်တူ၏။ မီးလောင်သောအခါ ရေများများလောင်း၍ မီးကိုငြိမ်းစေရမည့်အစား မီးလောင်စာ များများထည့်ပေးလျှင် မီးပို၍လောင်မည်သာဖြစ်သည်။ ထိုနည်းတူ အဆင်မပြေမှုဟူသော အကုသိုလ်မီးလောင်သောအခါ စိတ်ပူစိတ်ညစ်နေလျှင် အကုသိုလ်မီး ပို၍ လောင်မည်သာဖြစ်၏။ သို့ဖြစ်၍ စိတ်ပူခြင်း၊ စိတ်ညစ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ဝမ်းနည်းခြင်းစသည့် အကုသိုလ်မီး တောက်လောင်သောအခါ စိတ်ကိုအေးအေးထား၍ ကုသိုလ်တည်းဟူသော ရေဖြင့် နိုင်နိုင်လောင်းပေးလျှင် ထိုမီး ငြိမ်းရမည်အမှန်ဖြစ်ပေသည်။

သို့ဖြစ်၍ အဆင်မပြေမှုနည်း၍ အစဉ်မပြတ် အဆင်ပြေစေလိုလျှင် အဆင်ပြေစေတတ်သော ကုသိုလ်ကို များနိုင်သမျှ များများပြုလုပ်ပေးဖို့ သြဝါဒစကား မိန့်ကြားအပ်ပါသတည်း။ ။

(ဦးသေဋ္ဌိလ)

## ဆရာတော်အင်္ဂလိပ်ဘာသာဖြင့်ဟောကြားတော်မူသော တရားတော်များမှ ကောက်နုတ်ချက် •

"Buddhism arouses self-reliance, teaches peace, unity, considering mankind as one family. It proves life worthliving if one knows and practises the virtues, justice, compassion and sympathetic understanding.

The central thought in Buddhist teaching is that idealism is not enough. It must be implemented in the performance of daily duties with kindness, sympathy and truthfulness.

The lack is love and understanding. This love is not emotion or feeling, but a pure desire for the well-being and welfare of all men.

It is this love that is lacking and which has been placed by money, material and intelligence. This lack of love dethroned The League of Nations and will wreak the United Nations.

Buddha is revered not as savior but as a teacher, who shows the ways and the Buddhists pay homage to JESUS and to other religious teachers in the similar way."

---

•

အရှင်ဉာဏိက၊
ဆရာတော်အရှင်သေဋ္ဌိလ၏ ဘဝဖြစ်စဉ်နှင့်ကမ္ဘာ့ဗုဒ္ဓသာသနာပြုမှတ်တမ်း။
၁၉၉၀။

## နိုင်ငံခြားသား ဉပါသကာ၊ ဉပါသိကာမများအပေါ်
## ဆရာတော်၏အမြင်

သူတို့ကို အထင်မသေးနဲ့။ အမှတ်အသား စေ့စေ့စပ်စပ်ရှိတယ်။ ပြောသမျှမှတ်မိတယ်။ ကျမ်းစာတစ်စောင်ကို သင်တော့မယ်ဆိုရင် အဲဒီ ကျမ်းစာရဲ့ နောက်ခံသမိုင်းကြောင်း၊ ဆက်သွယ်ပတ်သက်နေတဲ့ အဖြစ်အပျက် အရေးအခင်းတွေ အကုန်ပြောရတယ်။ အဘိဓမ္မာကို ဗုဒ္ဓမြတ်စွာကိုယ်တိုင် မဟောပါဘူးလို့ ဆိုတဲ့အမြင်ဟာ သူတို့ ပါဠိ တတ်ပညာရှင်တွေရဲ့ ရင်ထဲ နှလုံးထဲမှာ စွဲနေတဲ့အမြင်ဖြစ်တယ်။ ဒါကြောင့် အဘိဓမ္မာကို သိပ်အလေးအနက် မထားလိုကြဘူး။ အဲဒါကို တဖြည်းဖြည်း အကြောင်းအကျိုး ယုတ္တိ ခိုင်လုံစွာနဲ့ ပြောရတယ်။ Western Psychology က လက်ဖျားနဲ့မှ မတို့တဲ့ ခက်ခဲနက်နဲတဲ့ သဘောတရားတွေ နားလည်သဘောပေါက်လာကြ တော့ အဲဒီပြောခဲ့တဲ့ သူတို့အမြင်ဟာ ပြောင်းလဲသွားတယ်။ ဝိဘင်း ပါဠိတော်ကို ဘာသာပြန်ရင်း တဖြည်းဖြည်းပို့ချပေးလာခဲ့တယ်။ ဓမ္မသင်္ဂဏီပါဠိတော်ထဲက ဆိုင်ရာဆိုင်ရာတွေကို ထုတ်နုတ်ပြီး ရှင်းလင်းပြောပြရတယ်။ ပြီးတော့ သင်္ဂြိုဟ်ထဲမှာ ပြန်ပြီး စပ်ဟပ်ပြရ တယ်။

အရှင်ဉာဏိက ရေး<br>
ဆရာတော် အရှင်သေဋ္ဌိလ၏<br>
ဘဝဖြစ်စဉ်နှင့်ကမ္ဘာ့ဗုဒ္ဓသာသနာပြုမှတ်တမ်း မှ

## ဆရာတော်၏တရားတော်များကို နာယူပြီးနောက် ဗုဒ္ဓဘာသာအပေါ် နိုင်ငံခြားသားများ၏အမြင် *

' There is, thus, no hostility, or even rivalry between the Buddhist movement and the conventional forms of religion in the west. Buddhism is the friend of all, the enemy of none. Animosity, if such there be, can only proceed from one side, but it is certain that it will never be returned in kind. For those who are uneasy in their doubts and questionings, who lack a sure guide to peace of mind, who are bereft of the consolations of Faith in the higer sense, Buddhism has a message, strong, sure, convincing. For those who are satisfied with any other belief, creed, philosophy... call it what they will, Buddhism has no other feelings save of sympathy, of kindness, of fellowship, united with a desire for helpful co-operation, provided only that their efforts are for the benefit of the well-being, for the uplifting of humanity to higher ideals of life, of thought, of action, and of the duties of Common Brother-hood throughout the world.'

*J.E. Ellam*

'The Dhamma exposes the truth of life and gives mankind a direct and immediate realization of supreme reality here and now. The way to realization is the noble eightfold path.'

*Leo Berkeley*

---

* အရှင်ဉာဏိက၊
ဆရာတော်အရှင်သေဋ္ဌိလ၏ ဘဝဖြစ်စဉ်နှင့်ကမ္ဘာ့ဗုဒ္ဓသာသနာပြုမှတ်တမ်း။
၁၉၉၀။

## ဆရာတော်၏ဘဝဖြစ်စဉ်
## နှင့်
## သာသနာပြုလုပ်ငန်းစဉ်အကျဉ်း

အဂ္ဂမဟာပဏ္ဍိတ ဦးသေဋ္ဌိလသည် ဆန်စပါးများ စိုက်ပျိုးထွက်ရှိရာ မြေလတ်ပိုင်း၊ ပျော်ဘွယ်မြို့ (ပုတီးကုန်းရွာ) တွင် ၁၈၉၆ ခုနှစ်တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါသည်။

ဆရာတော်၏ ခမည်းတော်သည် ဆရာတော် သုံးနှစ်သားအရွယ် ငယ်စဉ်ကပင် ကွယ်လွန်ခဲ့ပါသည်။ ကိုးနှစ်သားအရွယ်သို့ ရောက်ရှိသောအခါ တစ်ဦးတည်းသော အစ်ကိုသည်လည်းကောင်း၊ တစ်ဖန် တစ်ဆယ့်လေးနှစ်သားအရွယ်တွင် တစ်ဦးတည်းသော အစ်မသည်လည်းကောင်း ကွယ်လွန်ခဲ့ကြပြန်ပါသည်။ မိခင်ဖြစ်သူသည် မြန်မာသမားတော်တစ်ဦးနှင့် နောက်အိမ်ထောင်ပြုခဲ့ပြီး မကြာမတင်မှာပင် ၎င်းသည်လည်း ကွယ်လွန်ခဲ့ပြန်ပါသည်။ ကလေးဘဝ ခုနစ်နှစ်၊ ရှစ်နှစ်သားအရွယ်မှစ၍ ပုတီးကုန်းရွာရှိ ဆရာတော် ဦးကဝိန္ဒကျောင်းသို့ သူငယ်ချင်းတစ်ဦးနှင့်အတူ နေ့စဉ်လိုပင် မှန်မှန် တက်ရောက်ပြီး ကျမ်းစာများကို ဆရာတော်ထံမှ သင်ယူခဲ့ပါသည်။

ဆယ်နှစ်သားအရွယ်သို့ရောက်ရှိသောအခါ အချို့သော သုတ္တန်များကို အလွတ်ရွတ်ဆိုနိုင်သည့် အဆင့်သို့ရောက်ရှိခဲ့ပြီး၊ တစ်ဆယ့်ငါးနှစ်သား အရွယ်တွင် ရှင်သာမဏေအဖြစ် ရောက်ရှိခဲ့ပါသည်။ ထိုအချိန်တွင် အဘိဓမ္မတ္ထသင်္ဂဟ မဟာသတိပဋ္ဌာနသုတ်နှင့် ကစ္စာယနသာရပါဠိ သဒ္ဒါ အစရှိသော အဘိဓမ္မာကျမ်းများ၏ အချုပ်ခေါင်းစဉ်များကို အလွတ်ရရှိနေပြီဖြစ်ပါသည်။

ဆရာရင်းဖြစ်သူ ဆရာတော်ဦးကဝိန္ဒသည် ၎င်းတစ်ဆယ့်နှစ် နှစ်သားအရွယ်တွင် အဘိဓမ္မာတရားများနာယူရန် မန္တလေးသို့ ခေါ်ဆောင်သွားခဲ့ရာမှ ဤသို့ သာသနာ့ဘောင်သို့ဝင်ရန် ဆုံးဖြတ်ခဲ့ ခြင်းဖြစ်ပါသည်။ ထိုမှ အသက်နှစ်ဆယ်ပြည့်သောအခါ မြန်မာပြည် အောက်ပိုင်း မော်လမြိုင်မြို့၌ ဆရာတော် ဦးဥက္ကံသကို ဥပဇ္ဈာယ် ဆရာပြု၍ ၁၉၁၆ ခုနှစ်တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိ တော်မူခဲ့ပါသည်။ ယင်းမတိုင်မီ တစ်ဆယ့်ငါးနှစ်သားအရွယ်ကပင် လက်ဦးဆရာရင်းနှင့်အတူ အခြားသာမဏေသုံးပါးအပါအဝင် တော ထွက်၍ ကမ္မဋ္ဌာန်းတရားများ ပွားများခဲ့ပါသည်။ တောတွင်း၌ မြွေ ကြီးများအပါအဝင် တောရိုင်းတိရစ္ဆာန်များအလယ်တွင် ရှစ်လတာမျှ တရားအားထုတ်တော်မူခဲ့ပါသည်။

မန္တလေးမစိုးရိမ်တိုက်သို့ ရောက်ရှိပြီး ဒုတိယဆရာဖြစ်တော် မူသော ဆရာတော်ဦးအာဒိစ္စဝံသထံ၌ စာပေကျမ်းဂန်များကို အပတ် တကုတ်သင်ယူခဲ့ရာ မကြာမတင်မှာပင် ပထမကျော်တန်း စာသင်သား အဖြစ် စာရင်းသွင်းသူ သံဃာတော်အပါး ၅၀၀၀ အနက်မှ ၁၉၁၈ ခုနှစ်တွင် အရွေးချယ်ခံခဲ့ရပါသည်။

ဤအောင်မြင်မှုသည် ရဟန်းတော်တို့အဖို့ အမြင့်ဆုံးဖြစ်သော ပရိယတ္တိသာသနာ့ဟိတ စာမေးပွဲများကို မန္တလေး၌ ဝင်ရောက်ဖြေဆိုရန်အတွက်လည်းကောင်း၊ စာပေကျမ်းဂန်များကို ဆက်လက်ဆည်းပူးရန်အတွက်လည်းကောင်း၊ များစွာ စိတ်ဓာတ်တက်ကြွ အားရှိစေခဲ့ပါသည်။

၁၉၂၃ ခုနှစ်တွင် သံဃာအပါး ၁၅၀ ဝင်ရောက်ဖြေဆိုကြသည့် အနက် လေးပါးသာ အောင်မြင်ခဲ့ပါသည်။ ဆရာတော်သည် တစ်ပါး အပါအဝင်ဖြစ်ပါသည်။ နောင် နှစ်အကန်ကြာသောအခါ ယင်းစာမေးပွဲများကို သံဃာတော်များ ယခင်ကထက် ပိုမိုအောင်မြင်ကြစိမ့်သောငှာ မေးခွန်းများကို အနည်းငယ်ပြုပြင်ခဲ့ကြပါသည်။

ယင်းအချိန်က အဆိုပါစာမေးပွဲများ အောင်မြင်ရန် အရည်အချင်း မည်မျှလိုအပ်သည်ကို ယခုအခါ သိရှိသူများ အလွန်နည်းပါးလာခဲ့ကြပြီဖြစ်ပါသည်။

ယင်းသို့အောင်မြင်အောင် ကြိုးပမ်းခဲ့ရသည့် ရလဒ်သည် ကဗျာလင်္ကာများကို တစ်ခေါက်ရွတ်ရုံမျှဖြင့် အလွတ်မှတ်သားနိုင်ခဲ့ပါသည်။ နောင် နှုတ်တိုက်စာမေးပွဲများ ဆက်လက် ဖြေဆိုနိုင်ရန် ပိဋကတော်မှ တစ်ဆယ့်ငါးတွဲသော ကျမ်းဂန်များကို အာဂုံဆောင်နိုင်ဖို့ လိုအပ်လာပါသည်။

ဤအောင်မြင်မှုကြောင့် သက်တော်ငယ်ရွယ်စဉ်မှာပင် သံဃာတော်အပါး ၃၀၀ သီတင်းသုံးသည့် တိုက်၏ကျောင်းထိုင်အဖြစ် ရောက်ရှိခဲ့ပါသည်။ ထို့အပြင် ရန်ကုန်မြို့ ဆရာတော် ဦးအာဒိစ္စဝံသ ကျောင်းတော်တွင်လည်း ဆရာတော်နှင့်အတူ စာသင်ဌာန၏ အကြီးအကဲ စာချဆရာတော်အဖြစ် ဆောင်ရွက်ခဲ့ရပြန်ပါသည်။

ထို့နောက် မကြာမီ ၁၉၃၃ ခုနှစ်တွင် အိန္ဒိယပြည်သို့ ကြွတော်မူပြီး သန္တိနိကေတန်[၁] ၌ တစ်နှစ်တာမျှ အင်္ဂလိပ်နှင့် သက္ကတဘာသာများ သင်ယူခဲ့ပါသည်။ ထိုမှတစ်ဖန် သီဟိုဠ်(သီရိလင်္ကာ) နိုင်ငံသို့ အင်္ဂလိပ် ဘာသာ ဆက်လက်ဆည်းပူးရန် ကြွချီပြန်ပါသည်။

သို့သော် အစားမှားသောကြောင့် ကျန်းမာရေးအခြေအနေ မကောင်းသည့်အပြင် မျှော်မှန်းသည့်အတိုင်း ဖြစ်မလာသောကြောင့် မူလအစီအစဉ်ကို ပယ်ဖျက်ပြီး အိန္ဒိယနိုင်ငံ **အာဒယာ**[၂] သို့ ပြန် ကြွပြီး သီတင်းသုံးလျက် အင်္ဂလိပ်လူမျိုးတစ်ဦးထံမှ အင်္ဂလိပ်ဘာသာ ကိုလည်းကောင်း၊ ယင်းတို့၏ ယဉ်ကျေးမှုနှင့် ထုံးဓလေ့များကို လည်းကောင်း သင်ယူခွင့်ရရှိခဲ့ပါသည်။

ထိုသို့ အိန္ဒိယပြည်တွင် နေစဉ်အတွင်း **အိန္ဒိယတောင်ပိုင်း ဗုဒ္ဓဘာသာအဖွဲ့**[၃] ၏ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရပြီး **ပီရမ်ဗာ**[၄] ရှိ **အခမဲ့ဗုဒ္ဓဘာသာစာသင်ကျောင်း**[၅] ၏ အုပ်ချုပ်ရေးတာဝန်ကိုလည်း ယူရပါသည်။ ဆရာတော်၏ ပြောင်မြောက်စွာ ဆောင်ရွက်ချက်များကို အသိအမှတ်ပြုသောအားဖြင့် အသင်းဝင်များ၏ ၁၉၃၈ ခုနှစ်၊ မေလ (၇) ရက်နေ့စွဲပါ ဂုဏ်ပြုမှတ်တမ်းလွှာတွင် 'အိန္ဒိယပြည်တောင်ပိုင်း

---

၁။ Santiniketan

၂။ Adyar

၃။ South India Buddhist Association

၄။ Perambur

၅။ Buddhist Free Elementary School

၌ ယင်းအသင်းကြီး စတင်ဖွဲ့စည်းခဲ့သည့် ၁၉၀၃ ခုနှစ်မှစ၍ များစွာသော ဘိက္ခု(ရဟန်း) တို့နှင့် ကိုယ်စားလှယ်အဖွဲ့များ ရောက်ရှိခဲ့ကြသော်လည်း အိန္ဒိယပြည်တောင်ပိုင်း၌ ဗုဒ္ဓဝါဒ သက်ဝင်လှုပ်ရှားပြန့်ပွားစေရန် လုံးပန်းဆောင်ရွက်ရာတွင် လေးနှစ်တာမျှသာ သီတင်းသုံး နေထိုင်ခဲ့သော ဆရာတော်၏ ကိုယ်ကျိုးမငဲ့၊ မမောမပန်း စွမ်းဆောင်သကဲ့သို့ မည်သူတစ်ဦးတစ်ယောက်မျှ မရှိခဲ့သေးပါကြောင်း’ ထို့အပြင်ဆက်လက်၍ ‘**ဘန်ကလို**[၁]၊ **ကိုလာ**[၂]၊ **ဝလ္လာဂျာ**[၃]၊ **ဝဏ္ဏိဝေဒ**[၄]၊ **ကျက္ကရမလ္လရ်**[၅]၊ **ကွန်ဂျီဝရံ**[၆]၊ စသော မြို့များမှ ဗုဒ္ဓဘာသာဝင်များသည် ဆရာတော်အား အကျွမ်းတဝင်သိရှိပြီး အထူးမြတ်နိုးကြည်ညိုခဲ့ကြပါကြောင်း’ ဖော်ပြခဲ့ပါသည်။

အင်္ဂလိပ်ဘာသာစကားများ ပိုမိုကြွယ်ဝပြီး အထူးသဖြင့် အင်္ဂလိပ်လူမျိုးတို့၏ ပညာရေးစနစ်နှင့် မိသားစုဝင်များ ပြုစုပျိုးထောင်ကြပုံနည်းလမ်းများကို လေ့လာရန် ၁၉၃၈ ခုနှစ် နွေကာလတွင် အာဒယာမှ အင်္ဂလန်နိုင်ငံသို့ ထွက်ခွာခဲ့ပါသည်။ တစ်ချိန်လုံး ကိုလိုနီလက်အောက်တွင်နေခဲ့ရသော ဆရာတော်သည် အင်္ဂလိပ်လူမျိုးများအနေနှင့် ယင်းတို့နိုင်ငံတွင် မည်သို့ ပြုမူနေထိုင်ကြသည်ကို

---

၁။ Bangalore
၂။ Kolar
၃။ Wallajah
၄။ Wanniveda
၅။ Chakkramallar
၆။ Konjeevaram

ကိုယ်တွေ့လေ့လာရန် များစွာစိတ်ဝင်စားခဲ့ပါသည်။ ထို့ပြင် ယင်းတို့၏ ပညာရေးစနစ်နှင့် ကလေးသူငယ်များအား ပြုစုလေ့ကျင့်ပေးပုံတို့သည် အမိနိုင်ငံရှိ ကလေးများအတွက် အကျိုးပြုနိုင်လေမည်လားဟု သိရှိရန် လက်တွေ့ကြည့်ရှုလေ့လာဖို့ ရည်ရွယ်ခဲ့ပါသည်။ အင်္ဂလန်သို့ ရောက်ရှိချိန်တွင် ဆရာတော်၏ အင်္ဂလိပ်ဘာသာတတ်ကျွမ်းမှုသည် ကန့်သတ်မှုရှိစေကာမူ အတော်အအသင့် တတ်မြောက်နေပြီဖြစ်ပါသည်။ သို့သော် ထိုစဉ်က လန်ဒန်ရှိ ဗုဒ္ဓဘာသာအသင်း၏ ဖိတ်ကြားချက်ကိုလက်ခံပြီး ယေဘုယျအားဖြင့် (ဓမ္မအကြောင်း) တရားဟောပြောရန်လုံလောက်သည့် အဆင့်တွင်ရှိပါသည်။ ဤသည်ပင် အင်္ဂလိပ်လူမျိုး တရားနာပရိသတ်တို့အား ပထမဦးဆုံးအကြိမ် ဟောပြောခြင်းဖြစ်ပါသည်။ ဒုတိယအကြိမ်ဟောပြောခြင်းမှာ **ကမ္ဘာ့ဘာသာရေးကွန်ဂရက်**[၁] ၏ ဥက္ကဋ္ဌလည်းဖြစ်၊ စတင်ဖွဲ့စည်းသူလည်းဖြစ်သော **ဆာဖရန်စစ် ယမ်းဟတ်စ်ဗင်**[၂] ၏ ပင့်ဖိတ်ချက်အရ ပြင်သစ်နိုင်ငံပါရီမြို့ရှိ **စဘွန်တက္ကသိုလ်**[၃] တွင် **ဗုဒ္ဓဝါဒမှတစ်ဆင့် ကမ္ဘာနှင့်ပေါင်းသင်းဆက်ဆံရေး**[၄] ဟူသော ခေါင်းစဉ်ပါ တရားတော်ကို ဟောပြောပြီးနောက် ဆက်လက်၍ တရားဓမ္မများဟောကြားရန် ပင့်ဖိတ်ခြင်းကို လက်မခံမီ မိမိ၏အင်္ဂလိပ်ဘာသာစကားကို ပိုမို

---

၁။ World Congress of Faiths

၂။ Sir Francis Younghusband

၃။ Sorbonne University

၄။ World Fellowship Through Buddhism

ကောင်းမွန်အောင်လေ့လာရန်ဆုံးဖြတ်ပြီး ၁၉၃၉ ခုနှစ်၊ မတ်လတိုင်အောင် **လန်ဒန်ပိုလီတက်ခ်နစ်ကျောင်း**[၁] တွင် သင်ကြားခဲ့ပြန်ပါသည်။

ဘိက္ခု(ရဟန်း)တို့၏ဘဝအကြောင်း လုံးဝ မသိနားမလည်မကြားဘူးကြသော ကမ္ဘာ့အနောက်ခြမ်းတွင်နေထိုင်ရန် အခြေအနေများသည် အထူးပင်အခက်အခဲရှိပါသည်။ ယင်းနှစ်တွင်ပင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့ရာ အာဒယာဥ္ဇ တွေ့ဆုံသိကျွမ်းခဲ့သော စေတနာရှင်နှစ်ဦးမှလွဲ၍ ဆရာတော်အား ထောက်ပံ့မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပါချေ။ ဆရာတော်သည်လည်း ဆက်လက်ရပ်တည်နိုင်သည့်အား မရှိတော့ပါချေ။ သံဃာတော်တစ်ပါးအနေနှင့် စောင့်ရှောက်ထောက်ပံ့ကြမည့်အလားအလာလည်း မရှိပါချေ။ သို့သော် ဤသည်တို့မှာ ဆရာတော်အတွက် အနှောင့်အယှက် အတားအဆီးလုံးဝမဖြစ်ခဲ့ပေ။ စစ်ဘေးစစ်ဒဏ်ကြောင့် ဒုက္ခရောက်နေသူတို့ကိုပင် တတ်အားသမျှ ကူညီစောင့်ရှောက်နေခဲ့ပါသည်။ နောက်ဆုံးတွင် **ဘီဘီစီ**[၂] (မြန်မာပိုင်းအစီအစဉ်)နှင့် **ဒေါက်တာစတူးဝပ်**[၃] ဖွဲ့စည်းသော မြန်မာ-အင်္ဂလိပ် အဘိဓာန်ကော်မတီတွင် အလုပ်လုပ်ကိုင်ခြင်း အပါအဝင်နည်းအမျိုးမျိုးဖြင့် မိမိဘဝရပ်တည်ရေးအတွက် တာဝန်များ ထမ်းဆောင်ခဲ့ပါသည်။ ဆက်လက်ပြီး တရားဟောခြင်း(သာသနာပြုလုပ်ငန်း)များ မပြုလုပ်နိုင်သကဲ့သို့ ယင်းတို့၏ ပညာရေးစနစ်နှင့်

---

၁။ London Polytechnic

၂။ British Broadcasting Corporation

၃။ Dr. Stewart

မိသားစုများ ပြုစုပျိုးထောင်ခြင်း စနစ်များကိုလည်း မလေ့လာနိုင်တော့ပါ။ ထို့ကြောင့် စစ်ကာလအတွင်း ဒုက္ခရောက်သူ များစွာတို့ကိုသာ ကူညီစောင့်ရှောက်နေခဲ့ပါသည်။ သို့တိုင်အောင် တစ်ခါတစ်ရံ ဆရာတော်တွင် မပြည့်မစုံနှင့် ဒုက္ခရောက်ရသည့် အဖြစ်ကို မှုကား သိရှိသူများ အလွန်နည်းပါသည်။

စစ်ကြီးပြီးဆုံးခါနီးသို့ ရောက်ရှိသောအခါ တရားဟောခြင်း (သာသနာပြုခြင်း) အလုပ်ကို ပြန်လည်စတင်နိုင်ခဲ့ပါတော့သည်။ အကြိမ်ကြိမ်ဟောပြောခဲ့ရသည့်အနက် **အလုပ်သမားများ ပညာပေးအသင်း**[၁] ၌ နှစ်ကြိမ်၊ တစ်ကြိမ်လျှင် (၁၇) ခါစီ ဟောကြားခဲ့ရပါသည်။ ထို့အပြင် ဆရာတော်သည် ဆေးရုံများရှိ လူနာများနှင့် ထောင်များရှိအကျဉ်းသားများထံသို့ သွားရောက်တွေ့ဆုံခွင့် ရရှိခဲ့ပါသည်။ အချို့သော အဆက်အသွယ်များ၏ အကူအညီဖြင့် စာသင်ကျောင်းများသို့လည်း သွားရောက်ခွင့်ရရှိခဲ့ပြီး တစ်ခါတစ်ရံ ယင်းတို့၏ ပင့်ဖိတ်ချက်အရ တရားဟောခွင့်များပင် ရရှိခဲ့ပါသည်။ မိဘများက ကလေးများအား မည်ကဲ့သို့ပြုစုပျိုးထောင်ပြီး မည်သို့လေ့ကျင့်ပေးသည်တို့ကို လေ့လာလိုသောဆန္ဒသည်လည်း ပြည့်ဝခဲ့ပါသည်။ အချို့သော အိမ်ထောင်စုများ၏ ဖိတ်ကြားချက်အရ ၎င်းတို့အိမ်များတွင် အတူသီတင်းသုံးခွင့် ရရှိပြီး ကလေးများ၏ ကျောင်းသားဘဝနှင့် အိမ်ထောင်စုများ၏ ဩဇာသက်ရောက်မှုများကို အနည်းကပ်လေ့လာခွင့်ရရှိပါသည်။ ထိုသို့ ဘာသာရေးနောက်ခံအမျိုးမျိုးရှိသော အိမ်ထောင်စုများနှင့် သီတင်းသုံးခွင့်ရရှိသောကြောင့် အနောက်နိုင်ငံ

---

၁။ Workers' Educational Association

သားတို့၏ နေထိုင်ပုံဘဝများသာမက ကလေးတို့အား ငယ်ရွယ်စဉ် ကပင် မည်သို့မည်ပုံ ပြုစုပျိုးထောင်ကြသည်ဟူသော အခြေအနေအရပ် ရပ်ကိုပါ သိရှိခွင့်ရရှိပါတော့သည်။

ဓမ္မ (တရား) ဘက်တွင်လည်း အဘိဓမ္မာပိဋကကို အနောက် နှင့်မိတ်ဆက်ပေးသည့်အလား စိတ်ဝင်စားသူအချို့အား ၎င်းတို့၏ မေတ္တာရပ်ခံချက်အရ အဘိဓမ္မာသင်္ဂဟစာစောင်နှင့် သင်တန်းစတင် နိုင်ခြင်းသည် အလွန်ထူးခြားသော အောင်မြင်မှုတစ်ရပ်ဖြစ်ပါသည်။ ဤသည်ပင် အနောက်နိုင်ငံ၌ တတိယပိဋက (အဘိဓမ္မာ) ကို အစီအစဉ်နှင့် စနစ်တကျ ဦးဆုံးအကြိမ်အဖြစ် လေးနှစ်တာမျှဆက် တိုက်သင်ကြားပေးခဲ့ပါသည်။ နောင်အခါ ဤသင်တန်းသည် ဗုဒ္ဓ၏ အခြေခံတရားများကို သင်ယူလိုသူများအတွက် အခြေခံနှင့်မှတ် ကျောက်ဖြစ်လာခဲ့ပါသည်။ ဆရာတော်သည် သီးခံစိတ်ရှည်သည်။ ကျွမ်းကျင်သည်။ သင်တန်းသားများ၏ အခက်အခဲများကိုလည်း ကျော်လွှားနိုင်ရန်ကူညီဂရုစိုက်သည်။ ထို့ကြောင့် အနောက်နိုင်ငံသား တို့၏ မူလဘာသာအယူဝါဒနှင့် သဘောတရား(ဒဿန) များအပေါ် ခံယူမှုကို ဗုဒ္ဓတရားတော်နှင့် နှိုင်းယှဉ်ဟောကြားပုံတို့မှာ ကျောင်း စာသင် နည်းပြ(ဆရာ) နှင့် တကယ့်ဆရာတစ်ဆူတို့၏ ကွဲပြားခြားနား ပုံကို လက်တွေ့သက်သေခံလျက်ရှိပါသည်။ ထို့ပြင် ဆရာတော်သည် သူတို့၏နေ့စဉ် ဘဝအခက်အခဲများနှင့်စပ်လျဉ်း၍ လမ်းညွှန်ရန် မကြာခဏ အကူအညီတောင်းခံလာတိုင်းလည်း မည်သည့်အခါမျှ မပျက်ကွက်စေရဘဲ ကူညီခဲ့သည်ချည်းဖြစ်ပါသည်။

၁၉၄၉ ခုနှစ်တွင် မြန်မာလူမျိုး ဒကာကိုးဦးတို့၏ အကူအညီ ဖြင့် သာသနာ့ကာရီဝိဟာရ ခေါ်တွင်သော ဘုန်းကြီးကျောင်းစတင်

ပေါ်ပေါက်ခဲ့ပါသည်။ ဆရာတော်၏ လုပ်ငန်းများကိုလည်း ကူညီဆောင်ရွက်ပေးကြပါသည်။ ဤသည်မှာ ဆရာတော် အနောက်နိုင်ငံသို့ရောက်ရှိပြီးနောက် ပထမဆုံးအကြိမ် သံဃာအား အရှေ့တိုင်းနိုင်ငံ၏ ထုံးဓလေ့များနှင့်အညီ ပံ့ပိုးမှုရရှိခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဆရာတော်သည် မိမိဘဝရပ်တည်ရေးအတွက် မိမိဘာသာ ရှန်းကန်ရသောအဖြစ်မှ လွတ်မြောက်ခဲ့ရပါသည်။ ဆရာတော်သည် အောင်မြင်နေသော သင်တန်းပေးမှုအရှိန်ကို မလျှော့ဘဲ ဆက်လက်ပို့ချလာခဲ့ရာ ၁၉၄၉ ခုနှစ်၊ မတ်လမှ ၁၉၅၁ ခုနှစ်၊ မတ်လတိုင်အောင် နှစ်နှစ်တာကာလအတွင်း သင်ကြားကြိမ်ပေါင်း ၂၅၀ ကျော် ရှိခဲ့ပါသည်။ ရဟန်းတစ်ပါးအနေနှင့် သာမန်အားဖြင့် ဆောင်ရွက်ရသော အခြား တာဝန်များကိုလည်း မလစ်ဟင်းစေရဘဲ ထမ်းဆောင်ဖြည့်ဆည်းခဲ့ပါသည်။ ထိုစဉ်က အင်္ဂလန်တွင် မြန်မာသံဃာဟူ၍ ဆရာတော်တစ်ပါးတည်းသာရှိသောကြောင့် အခြားတာဝန်များသည်လည်း အချိန်များစွာ ယူခဲ့ရပါသည်။

အကြောင်းမလှသည်မှာ ထိုစဉ်က အင်္ဂလန်ရှိ မြန်မာအသိုက်အဝန်း၏ မတည်ငြိမ်မှုအခြေအနေကြောင့် သာသနာ့ကာရိဝိဟာရ (ကျောင်း)တည်မြဲရေးသည် မရေရာခဲ့ပါချေ။ ရန်ပုံငွေ(အလှူငွေ) များသည် ကျောင်းအဆောက်အအုံကို ဆက်လက်ငှားရမ်းနိုင်ရန် မဆိုထားဘိ သံဃာတစ်ပါးအတွက် ဆွမ်း၊ ကွမ်း ကိုပင် ထောက်ပံ့နိုင်ရန် အခြေအနေမပေးတော့ပါချေ။ ထိုစဉ် ၁၉၅၂ ခုနှစ်တွင် ဆရာတော်အား ရန်ကုန်တက္ကသိုလ်၏ ဝိဇ္ဇာနှင့်မဟာဝိဇ္ဇာတန်းတို့တွင် အဘိဓမ္မာဘာသာရပ်ပို့ချပေးရန် ပင့်လျှောက်သောအခါ လက်ခံလိုက်ပါသည်။

ထိုသို့ မြန်မာနိုင်ငံသို့ ပြန်လည်ကြွချီသောကြောင့် တစ်ဆယ့်လေးနှစ်တာကာလပတ်လုံး သီတင်းသုံးသာသနာပြုခဲ့သော ထိုအရပ်သည် လူသူကင်းမဲ့သော တောကန္တာရအလားဖြစ်သွားခဲ့ရပါသည်။ ဆရာတော်၏ ထွက်ခွာခြင်းသည် အင်္ဂလိပ်လူမျိုး သင်တန်းသားတို့အဖို့ ကွက်လပ်ကိုမဖြည့်နိုင်သော အခြေအနေသို့ ရောက်ရှိခဲ့ရပါသည်။ သို့တစေလည်း သူတို့သည် သင်တန်းဖွင့်ချိန်မှစ၍ သင်ယူခဲ့သော အဘိဓမ္မာတရားများကို ပြန်လည်နွှေးသောအားဖြင့် သင်တန်းများ မပျက်ကွက်စေဘဲ ဆက်လက်တက်ရောက်နေခဲ့ကြပါသည်။

မူလက ရန်ကုန်တက္ကသိုလ်တွင် တစ်နှစ်တည်းသာ သင်ကြားပို့ချရန် တာဝန်ယူခဲ့သော်လည်း ရှစ်နှစ်မျှ ဆက်တိုက် တာဝန်ယူခဲ့ပါသည်။ ဆရာတော်၏ကြီးမားသော ပညာဂုဏ်နှင့် ကျွမ်းကျင်စွာ သင်ကြားပို့ချနိုင်မှုကို အသိအမှတ်ပြုသောအားဖြင့်၊ ၁၉၅၆ ခုနှစ်တွင် နိုင်ငံတော်အစိုးရက သာသနာရေးဆိုင်ရာအမြင့်ဆုံး အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ဆက်ကပ်ပါသည်။ ဤဂုဏ်ပြုမှုသည် အခြားပစ္စည်း (ထောက်ပံ့မှု) အနည်းငယ်မျှကိုပါ နှစ်စဉ်ခံစားခွင့် ရရှိပါသည်။

၁၉၅၉ ခုနှစ်တွင် **အမေရိကနိုင်ငံ မိချီကင်တက္ကသိုလ် အာရှဆိုင်ရာလေ့လာရေးအသင်း**[၁] ၏ တရားဓမ္မဟောကြားရန် ပင့်ဖိတ်ချက်ကို လက်ခံလိုက်ပါသည်။ ကူညီစောင့်ရှောက်မည့် ကပ္ပိယဒကာ,မပါ တစ်ပါးတည်း အမေရိကသို့ ကြွချီခဲ့ပါသည်။ အလွန်အေး

၁။ Association for Asian Studies, University of Michigan, U.S.A.

ပြီး နှင်းများခဲသည့် အခြေအနေ၊ နေရှိန်ကြောင့် အလွန်ပူပြင်းသော အခြေအနေတည်းဟူသော အစွန်းရောက် ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံ ရင်ဆိုင်ပြီး တက္ကသိုလ်များနှင့် အခြားစီစဉ်ထားရှိသော နေရာများသို့ ခြောက်လတာမျှ လှည့်လည်ပြီး တရားဓမ္မများ ဟောကြားခဲ့ပါသည်။ ဤခရီးသည် ကြိုတင်စီမံထားသော ခရီးဖြစ်ပါသည်။ သို့သော် ဆရာတော်၏ အရည်အချင်းကြောင့် ညွှတ်ဝတ်ကျေပွန်ကြသည့် များစွာသော အမေရိကန်လူမျိုးတို့၏ တောင်းဆိုချက်အရ အခြား သီးခြားအစီအစဉ်များကိုပါ လက်ခံပြီး တရားဓမ္မများ ဟောကြား ခဲ့ရပါသည်။ တရားဓမ္မဆိုင်ရာများသာမက ကိုယ်ရေးဆိုင်ရာ မေးခွန်းများကိုပါ လက်ခံဖြေကြားရသောကြောင့် မူလအစီအစဉ်ထက် များစွာတိုးမြင့် ခဲ့ပါသည်။ ခရီးစဉ်တွင် **လော့စ်အိန်ဂျလိစ်**[၁] နှင့် **ဟာဝါယီ**[၂] တို့ပါ ပါဝင်ပါသည်။ အထူးတောင်းပန်ချက်အရ **ဟော်နိုလူလူ တက္ကသိုလ်**[၃] တွင် တစ်ဆယ့်နှစ်ကြိမ်ဟောကြားရပြီး ဆယ်ကြိမ်မှာ အဘိဓမ္မာတရားဖြစ်ပါသည်။ ထိုသို့ အမေရိကပြည်၌ ရှိနေစဉ်မှာပင် ကနေဒါနိုင်ငံ **တိုရန်တိုမြို့**[၄] သို့ပါ ကြွရောက်တော်မူခဲ့ရပါသေးသည်။

နောင်နှစ်များတွင်လည်း ပင့်လျှောက်ချက်အရ ဩစတြေးလျား နိုင်ငံသို့ သုံးကြိမ်တိုင်တိုင် ကြွခဲ့ပါသည်။ ထိုအခေါက်များတွင် ကမ္မဋ္ဌာန်းတရား စီးဖြန်းခြင်းနှင့် ဓမ္မပဒကို အထူးစိတ်ဝင်စားခဲ့ကြ

---

၁။ Los Angeles

၂။ Hawaii

၃။ Honolulu University

၄။ Toronto

ပါသည်။ ဆရာတော်သည် ဂျပန်နိုင်ငံသို့ ရောက်ရှိပြီး ဂျပန်ဇင်ဘာသာဆရာများနှင့် ဇင်တရားထိုင်ခြင်း စနစ်အပြင် သင်တန်းသားများအကြောင်းကိုပါ လေ့လာဆွေးနွေးခွင့် ရရှိခဲ့ပါသည်။ စင်္ကာပူနှင့် ဟောင်ကောင်သို့လည်း ရောက်ရှိပါသည်။ ထို့အပြင်သီးခြားလုပ်ငန်းများဖြင့် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ နီပေါနိုင်ငံများနှင့် ထိုင်းနိုင်ငံသို့ (အခြားတိုင်းပြည်များသို့အသွား ခေတ္တဝင်ရောက်ခြင်းများမပါ) တစ်ကြိမ်မက အကြိမ်ကြိမ် သွားရောက်ဖူးပါသည်။

၁၉၆ဝ ပြည့်နှစ်မတိုင်မီက ဆရာတော်သည် သက်ဆိုင်ရာတို့၏ ပင့်ဖိတ်ချက်အရ ဘယ်လ်ဂျီယံ၊ ဆွဇ်ဇာလန်၊ အီတလီ၊ ဂျာမနီ၊ ဟော်လန်(နယ်သာလန်)၊ နော်ဝေး၊ ဆွီဒင်နှင့် ဒိန်းမတ်နိုင်ငံများသို့လည်းရောက်ရှိပြီး တရားဓမ္မများဟောကြားခဲ့ဖူးပါသည်။

ထို့အပြင် ကမ္ဘာစစ်ကြီးမဖြစ်ပွားမီ ၁၉၃၈ ခုနှစ်က ရောက်ရှိခဲ့သော ပြင်သစ်နိုင်ငံသို့ ယခုတစ်ဖန် ထပ်မံရောက်ရှိပြီး တရားဓမ္မများဟောကြားခဲ့ပါသည်။

၁၉၆၄ ခုနှစ်တွင် အင်္ဂလိပ်တပည့်နှစ်ဦး၏ တောင်းပန်မှုကြောင့် အင်္ဂလန်၌ အဘိဓမ္မာသင်တန်းများ ဆက်လက်ပို့ချရန် ပင့်လျှောက်ချက်ကို လက်ခံလိုက်ပါသည်။ ယခုတစ်ခေါက်တွင် ဦးတည်ချက်နှစ်ရပ် ထားရှိပါသည်။ သင်တန်းများပို့ချသည့် တစ်ချိန်တည်းတွင် အဘိဓမ္မာပိဋက ကျမ်း (၇)စောင်မှ ဒုတိယအုပ်ဖြစ်သော အဘိဓမ္မာ ဝိဘင်းကျမ်းကိုလည်း ပါဠိဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပထမဦးဆုံး အကြိမ် ပြန်ဆိုရေးသားပါသည်။ ယင်းစာအုပ် (The Book of Analysis) ကို ၁၉၆၉ ခုနှစ်တွင် လန်ဒန် **ပါဠိအသင်း** (Pali Text Society) က စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။

၁၉၆၆ ခုနှစ်မှ ၁၉၈၂ ခုနှစ်တိုင်အောင် မြန်မာနိုင်ငံတွင် သီတင်းသုံးနေစဉ်အတွင်း ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာများ ပြည့်ဝမှု၊ အတွေ့အကြုံကြွယ်ဝမှုနှင့် သက်တော်ဝါတော်ကြီးမြင့်မှု ဟူသော ဂုဏ်များကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဗဟိုသံဃာ့နာယက အဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း၊ ရွှေတိဂုံ၊ ဆူးလေ၊ ကမ္ဘာအေးနှင့် ရန်ကုန်ရှိ အခြားသောဘုရားများ၏ ဂေါပကအဖွဲ့များတွင် ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း လက်ခံဆောင်ရွက်တော်မူလျက်ရှိပါသည်။ ထို့အပြင် ထင်ရှားကျော်ကြားသော ရန်ကုန်အဘိဓမ္မာပြန့်ပွားရေးအသင်း၏ စာစစ်ဆရာတော် အဖြစ်လည်း ဆောင်ရွက်လျက်ရှိတော်မူပါသည်။

ဤဘဝဖြစ်စဉ်တွင် ဆရာတော်၏အတ္ထုပ္ပတ္တိကို အကျဉ်းမျှသာ ဖော်ပြနိုင်စွမ်းရှိပါသည်။ ထို့ကြောင့် ဆရာတော် သာမဏေဘဝက မန္တလေးရှိ ဗေဒင်ပညာရှင်တစ်ဦးပြောကြားခဲ့သည့် ‘ဤဘိက္ခု၏စွမ်းဆောင်ချက်များအနက် ဆယ်ပုံတစ်ပုံမျှကိုသာ အများသိရှိကြပေလိမ့်မည်’ ဟူသော မှတ်ချက်နှင့် ကိုက်ညီလျက်ရှိပါတော့သည်။

ဆရာတော်၏ ဘဝဖြစ်စဉ် (အချက်အလက်များ) ကို စုဆောင်းရာတွင် များစွာ အခက်အခဲရှိပါသည်။ ဆရာတော်သည် မိမိအကြောင်း သို့မဟုတ် များပြားလှသော အတွေ့အကြုံများနှင့် မဆုံးနိုင်သော အောင်မြင်မှုများအကြောင်းကို ထုတ်ဖော်မြွက်ကြားခြင်း အလျဉ်းမရှိသလောက် နည်းပါးပါသည်။

ဆရာတော်၏ အေးဆေးမှုနှင့် တည်ငြိမ်မှုတို့၏ နောက်ကွယ်တွင် ဆရာတော်သည် ဗုဒ္ဓ၏တရားဓမ္မများကို နက်ရှိုင်းစွာသိရှိပါသည်။ ဆရာတော်၏ဘဝတစ်လျှောက်လုံး ယင်းတရားတော်များ

ပြန့်ပွားအောင် အစဉ်လုံးပန်း၍သာ နေခဲ့ပါသည်။ ဆရာတော်သည် မျှော်လင့်မထားသော ဆန့်ကျင်နှောင့်ယှက်မှုများကို မကြာခဏ ကြုံကြုံခဲ့ ရင်ဆိုင်ပြီးမှပင် ရည်မှန်းချက်ကို အောင်မြင်အောင်ကြိုးပမ်း ခဲ့ရလေ့ ရှိပါသည်။

အထူးသဖြင့် ဆရာတော်၏ မူရင်းဦးတည်ချက်ဖြစ်သော အင်္ဂလိပ်ဘာသာစကား သင်ကြားလိုမှုနှင့် အနောက်နိုင်ငံများသို့ သာသနာပြုရန် ကြွချီလိုမှုတို့ကိုပင် ဆန့်ကျင်ခဲ့ကြသောကြောင့် အခက်အခဲများကို ရင်ဆိုင်ခဲ့ရပါသေးသည်။

ကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက်ပိုင်းကာလများတွင် မရေတွက်နိုင်သော အနောက်နိုင်ငံသားများအား တရားဓမ္မများ ဟောကြားပို့ချခဲ့ပါသည်။ စစ်အတွင်းနှင့် စစ်ပြီးစကာလက တပည့်များ ယခုအခါ မရှိကြတော့သလောက် ဖြစ်ပါသည်။ သို့တစေလည်း ဆရာတော် တစ်ဆယ့်လေးနှစ်တာကာလ (၁၉၃၈–၁၉၅၂)က ကျန်ရှိကြသေးသူ တပည့်များမှာမူကား ဆရာတော်ရောက်ရှိလာလေတိုင်း ဆရာတော်၏ သင်ကြားမှုနှင့် ညွှန်ပြမှုတို့ကို ဆက်လက်ခံယူကြဆဲရှိပါသည်။ ဆရာတော်အားလည်း အထူးပင် ကြည်ညိုလေးစားလျက် ကြီးစွာ ကျေးဇူးဥပကာရ တင်လျက်ရှိကြပါသည်။

ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ (သင်ယူမှု၊ ကျင့်သုံးမှု၊ ကိုယ်တွေ့ သိမြင်မှု) တရားများနှင့်အညီ ကျွမ်းကျင်သည့် ဆရာတစ်ဆူ ဖြစ်တော်မူသော ဆရာတော်သည် ပေါ်ပေါက်လာသည့် ကိစ္စများကို အစီအစဉ်တကျ ဖြေရှင်းပေးရန် အမြဲပင် အဆင်သင့်ရှိနေပါသည်။

ဆရာတော်သည် အခြားသောဘာသာတရားများ ပတ်ဝန်းကျင်၌ မွေးဖွားကြီးပြင်းပြီး ပညာတတ်မြောက်လာကြသူများ၊ ဗုဒ္ဓဝါဒနှင့်

စိမ်းနေသူများ၊ လူသစ်များအနေနှင့် ဗုဒ္ဓဘာသာ၏ အဆုံးအမကို လုံ၀သဘောပေါက် ခံယူနိုင်ကြလိမ့်မည် မဟုတ်သည်ကို ကောင်းစွာ သဘောပေါက်ပါသည်။ ထို့ကြောင့် ဆရာတော်သည် ဦးစွာ ရိုးရိုး စကား (စကားပြေ)နှင့် ရှင်းပြပြီးမှ ဗုဒ္ဓသည် ဘယ်သူဖြစ်သည်၊ အဘယ်သို့ ဖြစ်သည်တို့ကို အချိန်ယူပြီး တိကျစွာ ရှင်းပြသောစနစ်ကို ကျင့်သုံးလေ့ရှိပါသည်။

ဤသို့ ဗုဒ္ဓအကြောင်း အနည်းငယ် အကျွမ်းတ၀င်ရှိပြီး အမှန်ကို သဘောပေါက်ခံယူလာကြသောအခါ ရိုးရိုး စကားပြေဖြင့်ပင် ဆက်လက်၍ နေ့စဉ်ဘ၀၌ **မှန်ကန်စွာ အသက်မွေး ရေးအကြောင်း**[၁] ကို ဆင်ခြင်တုံတရားရှိရှိနှင့် ကျိုးကြောင်းဆက်စပ်ပြီး ယုတ္တိရှိစွာ နားလည်အောင် ဟောကြားပြီးမှပင် တရားနာပရိသတ်တို့၏ စိတ်ဝင် စားမှုကို အရယူလေ့ ရှိပါသည်။

ထို့အပြင် လူတို့သည် အကျင့်သီလအားဖြင့် လည်းကောင်း၊ အသိအလိမ္မာအားဖြင့် လည်းကောင်း၊ စိတ်ဓာတ်အားဖြင့် လည်း ကောင်း တိုးတက်ကောင်းမွန်လာအောင် ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ မည်သို့လုပ်ဆောင်ရမည်ကို စိတ်ရှည်စွာ ရှင်းပြလေ့ရှိပါသည်။ ဆရာတော်သည် တရားနာပရိသတ် သဘောပေါက် လက်ခံမှုနှင့် စိတ်ဝင်စားမှု အတိုင်းအတာကို ဆင်ခြင်ပြီးမှပင် မိမိပြောလိုသည့် အချက်များကို ဖြည်းညင်းစွာဟောကြားပြီး သူတို့၏ ယုံကြည် ကိုးစားမှုကို ရယူလေ့ရှိပါသည်။

လယ်သမားတစ်ယောက်သည် မြေကို ထွန်ယက်ပြီးမှ မျိုးစေ့

---

၁။ Right Living

များကို စိုက်ပျိုးသည့်သဘော ဖြစ်ပါသည်။ ဦးစွာ မြေများကို ပြုစုပါသည်။ ထို့နောက် မြေအနေအထားနှင့် ကိုက်ညီမည့် မျိုးစေ့များကို ရွေးချယ်ပြီး ရာသီဥတုအခြေအနေနှင့် လိုက်ဖက်အောင် ဂရုတစိုက် စိုက်ပျိုးပါသည်။ ကွဲပြားသည့် မြေအခြေအနေတွင် မျိုးစေ့တစ်မျိုးတည်းကိုသာ အသုံးပြုစိုက်ပျိုးပါက သင့်လျော်မည်မဟုတ်သည့်အပြင် သီးနှံများလည်း ထွက်ရှိအောင်မြင်လိမ့်မည် မဟုတ်သည်ကို ဆရာတော် ကောင်းစွာ သိရှိသဘောပေါက်ပါသည်။

အချို့သောသူတို့၏ ဓမ္မ (တရား)အကြောင်း လုံးဝ သဘောမပေါက်ကြသေးသည်ကို တွေ့ရှိရလျှင် ဆရာတော်သည် မည်သည့်အခါမျှ စိတ်ပျက်ခြင်း မဖြစ်ပါချေ။ ဤသို့ဖြင့်လည်း ဆရာတော်သည် စိုးစဉ်းမျှ စိုးရွံ့ခြင်းအလျဉ်းမရှိပါချေ။ လုပ်ငန်းရပ်ကို အလျှော့ပေး စွန့်လွှတ်ရန် စဉ်းစားခြင်းလည်း အလျဉ်းမရှိပါချေ။ သိရှိသဘောပေါက်လာအောင် နောက်တစ်ဆင့်တက် ကြိုးစားပြီး လမ်းမှန်သို့ရောက်ရှိအောင် နည်းလမ်းရှာဖွေ၍သာ ကူညီလေ့ရှိပါသည်။

အကျင့်သီလသည်သာ လူတို့၏ဘဝတိုးတက်ရေးနှင့် နားလည်သဘောပေါက်ရေးတို့၏ ရေသောက်မြစ်ဖြစ်သည်ကို ကောင်းစွာသိရှိသောကြောင့် နေ့စဉ်ဘဝတွင် အနည်းဆုံးအားဖြင့် ငါးပါးသီလကို သိရှိ၊ ထိန်းသိမ်း၊ ကျင့်သုံးလာအောင် အမြဲပင် တိုက်တွန်းဟောကြားလေ့ ရှိပါသည်။

ဤသို့ ပထမပြဿနာကို ပထမဖြေရှင်းသောနည်းဖြင့် တရားဓမ္မအကြောင်း မသိသေးသူတို့အား ယင်းတို့၏ နေ့စဉ်ဘဝတွင် မှန်ကန်စွာ တွေးထင်ရေး၊ မှန်သောစကားကို ပြောဆိုရေးနှင့် မှန်သော အလုပ်ကို လုပ်ကိုင်ရေးများအကြောင်း ဟောကြားလေ့ရှိပါ

သည်။ ဆရာတော်သည် 'ကမ္ဘဋ္ဌာန်းဌာနများမှ မိမိတို့၏ နေ့စဉ်ဘဝသို့ ပြန်လည်ရောက်ရှိကြသည့်အခါ ဘယ်ပုံဘယ်နည်း တွေးကြ၊ ပြောကြ၊ လုပ်ကိုင် တုံ့ပြန်ကြသည်ကို ကြည့်ခြင်းအားဖြင့် ၎င်းတို့၏အသိဉာဏ်နှင့် ကိုယ်ကျင့်တရားများ မည်မျှတိုးတက် ပြောင်းလဲလာကြသည်ကို တိုင်းတာလေ့ရှိပါသည်။

နေ့စဉ် တွေ့ကြုံရင်ဆိုင်ကြရသည့် စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ရာများအပေါ် ဒေါသဖြစ်သည့်စိတ် လျော့ပါးကြ၏လား၊ ကြင်နာစိတ်တွေ ပိုရှိလာကြ၏လား၊ အကျင့်သိက္ခာတွေ ပိုမိုကောင်းလာကြ၏လား၊ တခြားလူများအပေါ် ကိုယ်ချင်းစာတရား ပိုပြီးထားနိုင်ကြ၏လား၊ နေ့စဉ်လိုအပ်ချက်တွေအပေါ် လိုချင်တပ်မက်မှုတွေ လျော့ပါးကြ၏လား' ဟူ၍ မေးမြန်းလေ့ရှိပါသည်။

ဆရာတော်သည် ယခုအခါ သက်တော် ကိုးဆယ်တွင်းသို့ ဝင်ခဲ့ပြီဖြစ်သည့်တိုင်အောင် ဖျတ်ဖျတ်လတ်လတ်ရှိဆဲ၊ တရားဓမ္မများကို ဟောကြားဆဲရှိပါသည်။ အလွန်တရာ မြင့်မားသောစည်းကမ်းနှင့် ကျင့်ကြံအားထုတ်မှုတို့ဖြင့်သာ ရရှိနိုင်သော ကြီးမားသည့် အသိဉာဏ် (ပညာ)နှင့် အကျင့်သီလအတွေ့အကြုံများကို ဖြန့်ဖြူးရန် အစဉ်သင့်ရှိနေပါသည်။ ဆရာတော်၏ ငယ်ရွယ်စဉ်မှစ၍ ဗုဒ္ဓ၏ တရားဓမ္မများကို ပိုင်နိုင်ကြေညက်စွာ သင်ယူလိုမှု၊ မြင့်မြတ်စွာ ကျင့်ကြံနေထိုင်လိုမှုတည်းဟူသော မယိမ်းယိုင်သည့် ဆုံးဖြတ်ချက်ကြောင့်ပင် ယခုကဲ့သို့ စစ်မှန်သော တရားဓမ္မများကို ကမ္ဘာအရပ်ရပ်ရှိ များစွာသောသူတို့ထံ ဖြန့်ဝေသာသနာပြုနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

**ဤသို့မဟုတ်ပါက အနောက်နိုင်ငံသားတို့သည် ဗုဒ္ဓ၏ တရား**

တော်များကို ကြားနာခွင့်ပင် ရရှိလိုက်ကြလိမ့်မည် မဟုတ်ပါချေ။ ထို့အတူ မာန်မာန လုံးဝမရှိသော၊ ကရုဏာတရား ကြီးမားသော၊ စံနမူနာယူလောက်ဖွယ် အစိဋ္ဌာန်နိုင်မာသော၊ နက်ရှိုင်းစွာ ပညာရှိသော၊ ထူးမြတ်သည့် ရဟန်းတော်တစ်ပါးကိုလည်း ဤသို့ ကြုံဆုံ ဖူးမြော်ခွင့် ရကြလိမ့်မည် မဟုတ်ပါချေ။

မစ္စစ်အစ်ဂယ်လ်ဒင်

## မြန်မာပြန်သူ၏အမှာ
### (ပထမအကြိမ်)

၁၉၈၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့က ဖြစ်ပါသည်။ နိုင်ငံတော် ဩဝါဒစရိယ၊ ကမ္ဘာ့ ဗုဒ္ဓ သာသနာပြု၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု အရှင်သေဋ္ဌိလ ဆရာတော်ဘုရားကြီးက ကျွန်တော် ဖတ်ရှုပွားများနိုင်ရန် **ကိုယ်တော်တိုင် အင်္ဂလိပ်ဘာသာဖြင့် စီရင်ရေးသားပြီး** ကမ္ဘာအရပ်ရပ်တွင် ဟောကြားတော်မူခဲ့သော ရှင်တော်ဗုဒ္ဓ၏ တရားတော်များပါဝင်သည့် "ဗုဒ္ဓတရား အဆီအနှစ်များ" (Essential Themes of Buddhist Lectures) ဟူသောစာအုပ်ကို ချီးမြှင့်သဖြင့် ရရှိခဲ့ပါသည်။

ယင်းစာအုပ်ပါ တရားတော်များကို လန်ဒန်မြို့နေ အင်္ဂလိပ်လူမျိုး မစ္စစ် အစ်ဂယ်လ်ဒင် (Mrs. Claudine W. Iggleden)က စုဆောင်းခဲ့ပြီး မိတ်ဆွေဖြစ်သူ မစ္စတာ စတူးဝပ်ရော့စ် (Mr. James P .Stewart Ross)နှင့်အတူ ထိုင်းနိုင်ငံတွင် စာအုပ်အဖြစ် ရိုက်နှိပ်ဖြန့်ဝေ (ဓမ္မဒါနပြု) ခဲ့ပါသည်။

ၡင်း ဥပါသိကာမသည် အင်္ဂလန်၌ ဆရာတော် ဟောကြားတော်မူသော တရားတော်များကို နာကြားရပြီး သက်ဝင်ယုံကြည်

သောကြောင့် ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းခံယူခဲ့ပါသည်။ ထိုမျှမကသေးပါ။ သာမန်ပုဂ္ဂိုလ်တို့ လုပ်နိုင်ခဲသော ဆရာတော် သင်ကြားပို့ချသည့် အဘိဓမ္မာနှင့် ပါဠိသင်တန်းများကို တက်ရောက်ပြီး ထူးချွန်အဆင့်ဖြင့် အောင်မြင်ခဲ့ပါသည်။ တစ်ဖန် ဗုဒ္ဓ၏ တရားဓမ္မများကိုလည်း ဆက်လက်သင်ယူခဲ့ပါသည်။ ဝိပဿနာ ကမ္မဋ္ဌာန်းများကိုလည်း ထိုစဉ်မှစ၍ ယခုတိုင်အောင် စီးဖြန်းအားထုတ်လျက် ရှိပါသည်။ ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓ၏တရားတော်များကို တကယ် နှစ်နှစ်ကာကာ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးဖြင့် ယုံကြည်ကိုးကွယ် ရုံမျှမက တရားထူးတရားမြတ်ကို တွေ့ရှိသောကြောင့် အများတကာ ကိုလည်း သူမနည်းတူ သိရှိစေလိုသောဆန္ဒ ပြင်းပြခဲ့ပါသည်။ ထို့ကြောင့် ဤသို့မဖြစ်မနေ စာအုပ်ရိုက်နှိပ် ဖြန့်ဝေခဲ့ခြင်း ဖြစ်ပါသည်။ သူမ၏ စေတနာကို တန်ဖိုးထား လေးစားထိုက်သည်သာမက ဝမ်းမြောက်နမော် သာဓုလည်း ခေါ်ထိုက်ပါသည်။ ဤအောင်မြင်မှုသည် ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးအတွက်လည်း အမှန်ပင် အထောက်အပံ့ ဖြစ်စေသောကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်များအားလုံး ဝမ်းမြောက်စွာ ဂုဏ်ယူသင့်လှပါသည်။

ယခုတစ်ဖန် ယင်းစာအုပ် 'Essential Themes of Buddhist Lectures' ကို နိုင်ငံတော် သာသနာရေးဦးစီးဌာနမှ ထပ်မံရိုက်နှိပ်ပြီး ထုတ်ဝေရောင်းချလျက်ရှိရာ ပြည်သူအများ လွယ်လင့်တကူ ဝယ်ယူဖတ်ရှုပွားများနိုင်ကြပြီ ဖြစ်ပါသည်။

ဤစာအုပ်ပါ တရားများကို နှစ်သက်သဘောကျသောကြောင့် ထိုင်းနိုင်ငံ၌ ကျောင်းသုံးစာအုပ်အဖြစ်ပင် သတ်မှတ်ပြဋ္ဌာန်း လိုက်ပြီ ဖြစ်ကြောင်း ဆရာတော့်ထံမှ ကြားသိရသည့်အတွက် အတိုင်းထက်

အလွန် ဝမ်းမြောက်ရပြန်ပါသည်။

ဤစာအုပ်ကို ဖတ်ရှုလေ့လာသောအခါ မစ္စစ်အစ်ဂယ်လ်ဒင် ကိုယ်တိုင် ရှာဖွေစုဆောင်း ရေးသားသော ဆရာတော်၏ ဘဝဖြစ်စဉ် သာသနာပြုမှတ်တမ်းအကျဉ်း၊ ဆရာတော်အပေါ် သူမ၏ အမြင်နှင့် အတူ (၁) ဗုဒ္ဓဘာသာ အခြေခံတရားများ (မိတ်ဆက်)၊ (၂) သီလ ဆိုင်ရာ တရားများ၊ (၃) သမာဓိဆိုင်ရာတရားများ၊ (၄) ပညာဆိုင်ရာ တရားများနှင့် (၅) အထွေထွေ(တရားများ) ဟူ၍ အခန်းငါးခန်း ပါရှိပါသည်။

ဆရာတော်သည် ဗုဒ္ဓဘာသာအကြောင်း တစ်လုံးတစ်ပါဒမျှ မသိနားမလည်ကြသေးသော နိုင်ငံခြားသား တရားနာပရိသတ်တို့အား ဟောကြားရာတွင် အခြေခံမှစ၍ အဆင့်ဆင့်တိုးမြှင့်ပြီး နားလည် သဘောပေါက်အောင် စကားပြေများဖြင့် ရှင်းပြထားပါသည်။ ဆရာ တော်၏ ချဉ်းကပ်ပုံနှင့် ဟောကြားပုံတို့မှာလည်း လွန်စွာ စိတ်ဝင် စားစရာ ကောင်းပါသည်။ သို့သော် တရားတော်များကို တစ်နေရာ တည်းတွင် တစ်ဆက်တည်း ဟောကြားခဲ့သည် မဟုတ်သောကြောင့် အချို့အပိုင်းများ ထပ်နေသည်ကို တွေ့ရှိကြရပါသည်။ မည်သို့ ဖြစ်စေ၊ ဆရာတော် အဓိကထား မီးမောင်းထိုးပြလိုသော ဦးတည် ချက်များ ပီပြင်သောကြောင့် ဖတ်ရှုသူများ သဒ္ဓါပွား၍ မဝနိုင်အောင် ဖြစ်ကြရပါသည်။

ဆရာတော် ဤသို့ တစ်ပါးနိုင်ငံတွင် ပိုင်နိုင်စွာ သာသနာ ပြုနိုင်ရန် အဆင့်ဆင့်လုံးပန်းခဲ့ရသည့်အစဉ်မှာ လွယ်ကူအဆင်ချော ခြင်း လုံးဝမရှိခဲ့ပါ။ အစားအသောက် အမျိုးမျိုးကြားမှပင် ပြည်ပသို့ ထွက်ခွာရခြင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စ ချို့တဲ့ခြင်း၊ အနေအထိုင်

ဆင်းရဲခြင်း၊ သွားလာ ဆက်ဆံရေး မပြေပြစ်ခြင်း စသည့် အခက် အခဲများမှာ အနုမတ္တရှိလှပါသည်။ အင်္ဂလိပ်ဘာသာကို အပတ် တကုတ် သင်ယူခဲ့ပုံတို့မှာလည်း များစွာ အားကျဖွယ် ကောင်းလှပါ သည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ (ခေတ်ကာလ)က မြန်မာနှင့် ကမ္ဘာ့အခြေအနေ၊ ထိုစဉ်က လူတို့၏ အမြင်ကျဉ်းမြောင်းမှု အခြေ အနေ၊ ကျွန်ဘဝ ပတ်ဝန်းကျင် အခြေအနေများကြားမှပင် ဤသို့ စွန့်စွန့်စားစား ထွက်ခဲ့ခြင်း ဖြစ်ပါသည်။ ဆရာတော်၏ ခိုင်မာသော သန္နိဋ္ဌာန်၊ ပြင်းပြသော ရည်ရွယ်ချက်၊ ကြံ့ခိုင်သော စိတ်ဓာတ်၊ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့မှာ သူမတူအောင် ထူးခြားပြောင် မြောက်လှပါသည်။ မူရင်း အင်္ဂလိပ်စာအုပ်ကို ဖတ်ရှုလေ့လာမည် ဆိုပါက ဆရာတော်၏ အင်္ဂလိပ်ဘာသာ အဆင့်အတန်းကို ကောင်း စွာ အကဲခတ်နိုင်ပါသည်။ ဤသည်တို့ကို ဤစာအုပ်ပါ ဆရာတော် ၏ ဘဝဖြစ်စဉ်အကျဉ်းတွင် တစ်စိတ်တစ်ဒေသ တွေ့ရှိကြည့်ညို သဒ္ဓါပွားနိုင်ကြပါသည်။

ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ မည်မျှကြီးမားကြောင်း၊ ဆရာတော်၏ ကြိုးပမ်းမှုများ မည်မျှအောင်မြင် အကျိုးသက်ရောက်ကြောင်းကိုလည်း အထင်အရှား တွေ့ကြရပါ သည်။ အလွန်ထူးမြတ်သော သာသနာ့အာဇာနည် မဟာထေရ် အကျော်အမော်တစ်ပါး ဖြစ်ပါပေသည်။

အမှန်ကို ဝန်ခံပါသည်။ ကျွန်တော်သည် အရွယ်ရောက်သည် မှ ယခု အငြိမ်းစားယူသည့်ကာလတိုင်အောင် နှစ်ပေါင်းသုံးဆယ်ကျော် မျှ နေ့မအား ညမနား နိုင်ငံ့ဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ ထိုစဉ် က အလုပ်ထဲတွင်သာ နှစ်မွန်းနေခဲ့သောကြောင့် လောကုတ္တရာရေး

ဘက်တွင် အားနည်းခဲ့ပါသည်။ ဤသို့သော အခြေအနေတွင် ဆရာတော်၏ တရားတော်များ (စာအုပ်)ကို ရရှိ၍ ဖတ်ရှုရသောအခါ များစွာ အကျိုးများပါသည်။

ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေနှင့် အခြေခံမှစ၍ သိသင့်သိအပ်သော တရားဓမ္မများကို တစ်စုတစ်ပေါင်းတည်း လေ့လာခွင့်ရသည့်အပြင် သာမန်လူတစ်ယောက်အဖို့ သိလွယ်၊ နားလည်လွယ်သော စကားပြေများဖြင့် ရေးသားဟောကြားထားတော်မူသောကြောင့် လက်မလွှတ်နိုင်အောင် ဖြစ်ရပါသည်။ ပို၍ပို၍ သိချင်စိတ်များ တဖွားဖွား ပေါ်ပေါက်ခဲ့ရပါသည်။ ထို့ကြောင့် ဆက်စပ်နေသော တရားများ (စာအုပ်များ)ကို ရှာဖွေလေ့လာမိသည်အထိ ဖြစ်ခဲ့ရပါသည်။

ကျွန်တော့်လိုပင် မသိသေးသူတို့အား သိစေချင်ပါသည်။ အထူးသဖြင့် ယနေ့လူငယ်များ လေ့လာခွင့်ရကြမည်ဆိုပါက များစွာ အကျိုးပြုလိမ့်မည်ဟု စွဲမြဲစွာ ယုံကြည်မိပါသည်။ စိတ်ပါဝင်စားကြလိမ့်မည်ဟုလည်း ထင်ပါသည်။ ထို့ကြောင့် မြန်မာဘာသာသို့ မဖြစ်မနေ ကြိုးစားပြီး ပြန်ဆိုရန် ဆန္ဒပြင်းပြခဲ့ပါသည်။

သို့သော် လက်တွေ့ရေးသားသည့်အခါ မျှော်လင့်ထားသည့်အတိုင်း အခက်အခဲများစွာ တွေ့ရပါသည်။ ပါဠိဘာသာ မတတ်ကျွမ်းခြင်း၊ တရားဓမ္မများနှင့် ကင်းကွာခြင်း၊ စာပေအရေးအသား အားနည်းခြင်းတို့ကြောင့် ထင်သလောက်ခရီးမပေါက်ခဲ့ပါ။ ဆရာတော့်ထံပါး အခါခါချဉ်းကပ်ပြီး မေးလျှောက်ရ၊ အခြား ဆက်စပ်ရာ စာပေများ ရှာဖွေဖတ်ရှုရ၊ အင်္ဂလိပ်-မြန်မာ အဘိဓာန်အမျိုးမျိုးကို လက်မလွှတ်ရနှင့် ကြိုးစားပမ်းစား ရေးသားခဲ့ရပါသည်။ နောက်ဆုံး

တွင် စာအုပ်ပါ အခန်း(၁)နှင့် (၂)တို့ကို ဘာသာပြန်၍ ဤသို့ စာတစ်အုပ်ဖြစ်လာပါသည်။ ဘာသာပြန်ဆိုရာတွင် မူရင်း အနှစ်သာရ များ မပျောက်ရအောင် အတတ်နိုင်ဆုံး ကြိုးစားထားပါသည်။ ဖြစ်နိုင်ပါက မြန်မာမှုမပြုဘဲ မူရင်းအတိုင်း ဖော်ပြ ထားပါသည်။ ခေါင်းစဉ်များကိုမူ စာကိုယ်နှင့် ကိုက်ညီလိုက်ဖက် အောင် အနည်းငယ် ပြောင်းထားပါသည်။ ဆရာတော်၏ ဆိုလိုရင်း များ ပိုပြင်ခြင်းမရှိပါက ကျွန်တော်၏ ချွတ်ယွင်းအားနည်းချက်သာ ဖြစ်ကြောင်း ဝန်ခံပါသည်။

အကယ်၍ ဤစာအုပ်သည် ဖတ်ရှုသူတို့အား အထိုက် အလျောက် အကျိုးပြုသည် ဖြစ်ငြားအံ့၊ ကျွန်တော်ကြိုးစားရေးသား ရကျိုး နပ်သည်ဟု ဆိုရမည် ဖြစ်ပါသတည်း။ ။

သစ္စာရှင်
၁၁-၇-၁၉၈၇

ဦးမောင်မောင်
၅၇၊ မဥ္ဇူလမ်းသွယ် (၂)
ပါရမီ၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့။

# မြန်မာပြန်သူ၏အမှာ
## (ဒုတိယအကြိမ်)

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ သက်တော်ရှည် (လာမည့် ၁၉၉၆ ခုနှစ်၊ မေလတွင် ၁၀၀ နှစ်ပြည့်မည်ဖြစ်ပါသည်) ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် စီရင်ရေးသား၍၊ ၁၉၃၈ ခုနှစ်မှ ၁၉၈၃ ခုနှစ်အတွင်း နိုင်ငံခြားတိုင်းပြည်များ၌ အင်္ဂလိပ်ဘာသာဖြင့် ဟောကြားတော်မူခဲ့သော တရားတော်များကို စုစည်း၍၊ အင်္ဂလိပ်လူမျိုး ဥပါသိကာမ မစ္စစ်အစ်ဂယ်လ်ဒင် (Mrs. Claudine W. Iggleden) နှင့် ဦးပါသကာ (Mr. James Patrick Stewart Ross) တို့သည် 'Essential Themes of Buddhist Lectures' ဟူသော ခေါင်းစဉ်ဖြင့် ထိုင်းနိုင်ငံတွင် စာအုပ်ရိုက်နှိပ်၍ စတင်ဖြန့်ချိခဲ့ပါသည်။ ယင်းမူရင်းစာအုပ်အတိုင်းပင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ သာသနာရေးဦးစီးဌာနကလည်း ထပ်မံရိုက်နှိပ်၍ ဖြန့်ချိရောင်းချခဲ့ပါသေးသည်။

ကျွန်တော်သည် ဆရာတော်၏ခွင့်ပြုချက်အရ အဆိုပါစာအုပ်ပါ၊ အခန်း (၁) နှင့် (၂) တို့ကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားခဲ့ပြီးဖြစ်ပါသည်။ ယင်းပြန်ဆိုရေးသားထားချက်များကို ဓမ္မမိတ်ဆွေများနှင့်ပေါင်းဖက်၍ 'ဗုဒ္ဓတရားအဆီအနှစ်များ' ဟူသောခေါင်းစဉ်ဖြင့် ၁၉၉၂ ခုနှစ်၊ ဇူလိုင်လအတွင်းက ပထမအကြိမ် စာအုပ်ရိုက်နှိပ်၍ **ဓမ္မဒါန** ပြု ဖြန့်ဝေခဲ့ကြပါသည်။ တစ်နည်းအားဖြင့် ဓမ္မပူဇာပြု၍

သာသနာပြုခြင်းပင်ဖြစ်ပါသည်။

ဆရာတော်သည် ဗုဒ္ဓဘာသာအကြောင်း တစ်လုံးတစ်ပါဒမျှ နားမလည်သေးသော နိုင်ငံခြားသားများအား၊ ပါဠိမပါ စကားပြေ သက်သက်ဖြင့် ဟောကြားထားခြင်းဖြစ်သောကြောင့် ဤစာအုပ်ကို ဖတ်ရှုခွင့်ရရှိသူ စာဖတ်ပရိသတ်များအနေဖြင့် အထူးနှစ်သက်စိတ်ဝင် စားကြပါသည်။ ရှင်းလင်းပြီး လူတိုင်းနားလည် သဘောပေါက်ကြပါ သည်။ သဒ္ဓါပွား၍ မဝအောင် ဖြစ်ကြရပါသည်။

ကျွန်တော်တို့သည် အုပ်ရေ (၁၀၀၀) သာ ဓမ္မဒါနပြုနိုင်စွမ်း ရှိကြသောကြောင့် ဆန္ဒပြင်းပြစွာ လိုလားကြသူများအား စေ့ငအောင် ဖြန့်ဝေခြင်းမပြုနိုင်ဘဲ ဝမ်းနည်းစွာတောင်းပန်ခဲ့ရပါသည်။

ကျွန်တော်သည် ယင်းစာအုပ်ကို တူမဖြစ်သူ မပိုင်ဦးချိုအား တစ်အုပ်ပေးခဲ့ဖူးရာ ၎င်း၏မိတ်ဆွေအပေါင်းအသင်းများကလည်း အကြိမ်ကြိမ်တောင်းခံကြပြန်သဖြင့်၊ ၎င်းတို့၏ဆန္ဒကို တစ်ဖက် တစ်လမ်းမှ ဖြည့်စွမ်းနိုင်ရန်အတွက်လည်းကောင်း၊ ဗုဒ္ဓ၏ဓမ္မများ ပြန့်ပွားရေးကို ရှေ့ရှု၍လည်းကောင်း၊ ကျွန်တော့်ထံမှ ရိုက်နှိပ် ဖြန့်ချိခွင့်ပြုရန် တောင်းခံလာပါသည်။

သို့ဖြစ်၍ မပိုင်ဦးချို ကြိုက်နှစ်သက်သလို ဆောင်ရွက်ရန် ဝမ်းမြောက်စွာ ခွင့်ပြုလိုက်ပါသည်။ ဗုဒ္ဓ၏ဓမ္မများပြန့်ပွားပြီး၊ ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားပါစေဟု ဆုတောင်းမိပါသည်။

ဆရာတော်ဘုရား၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အထပ်ထပ်အခါခါအာရုံပြု၍ ပူဇော်ကန်တော့လိုက်ပါသတည်း။

သစ္စာရှင်

၂၁ - ၃ - ၁၉၉၆

# မှတ်တမ်းတင်ခြင်း

ဤ 'ဗုဒ္ဓတရားအဆီအနှစ်များ' စာအုပ်ကို ၁၉၉၂ ခုနှစ်က ပထမအကြိမ်အဖြစ် ဓမ္မမိတ်ဆွေများ၏ အကူအညီဖြင့် ထုတ်ဝေဒါနပြုခဲ့ပါသည်။

ဆရာတော်၏ ဟောကြားချက်များသည် လူကြီး၊ လူရွယ်၊ လူငယ်မရွေး ဖတ်ရှုရလွယ်ကူပြီး လေ့လာဆည်းပူးရ၊ မှဝ်သားပွားများရလွယ်ကူသည့်အပြင်၊ ဗုဒ္ဓဘာသာတစ်ယောက်အနေဖြင့် သိသင့်သိအပ်သည်များကို ခြုံငုံ၍ သိရှိနိုင်သော စုစည်းမှုတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် စာရှုသူအများအပြားပင် များစွာနှစ်ခြိုက်သဘောကျခဲ့ကြပါသည်။ သို့သော် ထိုစဉ်က စောင်ရေ (၁၀၀၀)သာ ရိုက်နှိပ်ဖြန့်ဝေနိုင်ခဲ့သောကြောင့် အများလိုလားကြသည့်အတိုင်း ကျယ်ပြန့်ထိရောက်ခြင်းမရှိခဲ့ပါ။

ယခုအခါ၊ တူမဖြစ်သူ မပိုင်ဦးချိုနှင့် ဓမ္မမိတ်ဆွေတစ်ဦးဖြစ်သူကိုအေးမိုးတို့က စီးပွားရေးရှုထောင့်မှ မကြည့်ဘဲ စာရှုသူများ၏ဆန္ဒကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းနိုင်ရန်လည်းကောင်း၊ ဗုဒ္ဓတရားတော်များပြန့်ပွားပြီး သာသနာတော်ထွန်းကားစေလိုသော စေတနာအရင်းခံဖြင့်လည်းကောင်း၊ ထုတ်ဝေဖြန့်ချိကြမည်ဖြစ်ကြောင်းဆန္ဒ

ပြုလာကြသည့်အတွက် အထူးဝမ်းမြောက် သာဓုခေါ်မိပါသည်။ အောင်မြင်ကြပါစေကြောင်းလည်း ဆန္ဒပြုမိပါသည်။ အများ ပြည်သူတို့ကလည်း အားပေးကြလိမ့်မည်ဟု မမိုတ်မသုန်ယုံကြည်ပါသည်။ ဤကြိုးပမ်းဆောင်ရွက်ချက်များအတွက် ဂုဏ်ယူမှတ်တမ်း တင်အပ်ပါသည်။

ဤစာအုပ်ကို ဘာသာပြန်ဆိုရာ၌ ထမြောက်စေရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ချစ်ဇနီးဒေါ်သန်းသန်းနှင့် သမီးများဖြစ်ကြသော မသီသီမောင်နှင့် မကြူကြူမောင်တို့အားလည်း ကျေးဇူးမှတ်တမ်း တင်အပ်ပါသည်။

အထူးအားဖြင့် ဆရာတော်ဘုရားကြီးသာ ဤသို့ မပြုစုမဟောကြားခဲ့ပါက၊ ဤမျှ တန်ဖိုးကြီးမားလှသော ဗုဒ္ဓတရားအဆီအနှစ်များကို သိရှိခွင့်ရကြမည်မဟုတ်သည့်ပြင်၊ ယခုကဲ့သို့မျှဝေ လက်ဆင့်ကမ်းနိုင်မည်လည်း မဟုတ်ပါ။ သို့ဖြစ်ပါ၍ ဆရာတော်ဘုရားကြီး၏ ကြီးမားသော သီလဂုဏ်၊ သမာဓိဂုဏ်နှင့် ပညာဂုဏ်များကို အာရုံပြု၍ အထပ်ထပ်အခါခါ ရှိခိုးပူဇော် အပ်ပါသည်။ ဆရာတော်၏ ကြိုးစားပမ်းစားသာသနာပြုမှုတို့ အတွက်လည်း တစ်ထောင့်တစ်နေရာမှ မှတ်တမ်းတင်အပ်ပါသတည်း။ ။

သံစွာရှင်

၇ - ၄ - ၁၉၉၆

# အခန်း (၁)

## ဗုဒ္ဓဘာသာ အခြေခံတရားများ

### မိတ်ဆက်

- ဂေါတမဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ
- မြတ်ဗုဒ္ဓ၏လမ်းပြတရား
- ဗုဒ္ဓဝါဒဟူသည်အဘယ်နည်း
- ဘဝအောင်မြင်ရန်အကျင့်သီလအခြေခံ
- ထေရဝါဒဗုဒ္ဓဘာသာ
- ဗုဒ္ဓဝါဒ၏အနက်အဓိပ္ပာယ်
- ဗုဒ္ဓဘာသာနှင့်ကြောင်းကျိုးတရား
- ပညာအရောင်မီးရှူးတန်ဆောင်
- သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားစေရန်
- ဝိသာခါ(ကဆုန်လ)ပွဲတော်

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

# ဂေါတမဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ

ဗုဒ္ဓဆိုတာ ဘယ်သူလဲ။ ဗုဒ္ဓဆိုတာ ဗောဓိဉာဏ်တော်ကို ရပြီးသူ ဖြစ်ပါတယ်။ ဗောဓိကတော့ စံပြုရမယ့် ဉာဏ်အမြော်အမြင်၊ အကျင့်သီတွေနဲ့ ပြီးပြည့်စုံတယ်ဆိုတဲ့ အဓိပ္ပာယ်ရပါတယ်။ ဒါကို လူသားတစ်ယောက်အနေနဲ့ ကျင့်ကြံအားထုတ်ယူရင် ရရှိနိုင်ပါတယ်။ ဒါကြောင့် ရှင်တော်ဗုဒ္ဓအနေနဲ့ ဘယ်လိုရယူခဲ့တယ်ဆိုတာ နည်းနည်း ရှင်းပြချင်ပါတယ်။

ခရစ်မပေါ်မီ ၆၂၃ ခုနှစ်က ခေတ်သစ် နီပေါနိုင်ငံအတွင်း တည်ရှိတဲ့ ကပိလဝတ်ပြည် (ယခု ဗဒါရိယား Padaria )အနီး လုမ္ဗိနီဥယျာဉ်မှာ သိဒ္ဓတ္ထလို့ အမည်ရတဲ့ အိန္ဒိယလူမျိုး မင်းသား တစ်ပါးကို ဖွားမြင်ခဲ့ပါတယ်။ အဲသည်နေရာကို ဖွားမြင်ရာနေရာ အထိမ်းအမှတ်အနေနဲ့၊ သတ္တဝါတို့ရဲ့ ဆရာသခင်ကျေးဇူးရှင်အဖြစ် အသိအမှတ်ပြုတဲ့အနေနဲ့၊ နောက် ရှင်တော်မြတ်ကို ကြည်ညိုလေးစား တဲ့ အနေနဲ့ အသောကဘုရင်ကြီးဟာ ခရစ်မပေါ်မီ ၂၃၉ ခုနှစ်က ကျောက်တိုင်စိုက်ထူပြီး **'သဗ္ဗညုတဉာဏ်တော် ရရှိခဲ့သူ အရှင် သူမြတ် ဤနေရာတွင် ဖွားမြင်သည်'**လို့ ကမ္ပည်းထိုးခဲ့ပါတယ်။

ဂေါတမရဲ့ ခမည်းတော်ဟာ ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒန မင်းကြီးဖြစ်ပြီး၊ မင်းသားကို ဖွားမြင်အပြီး ခုနစ်ရက်အကြာ နတ်ရွာစံသွားခဲ့တဲ့ မယ်တော်ကတော့ မိဖုရားခေါင်ကြီး (မဟာ) မာယာ ဖြစ်ပါတယ်။ နှစ်ပါးစလုံးဟာ စကြာမင်း အနွယ်ဝင်များ ဖြစ်ကြပါတယ်။ သိဒ္ဓတ္ထမင်းသားဟာ အဒေါ်ဖြစ်သူ (မဟာပဇာပတိ) ဂေါတမီရဲ့ ပြုစုစောင့်ရှောက်မှုနဲ့ သက်တောင့်သက်သာ ပျော်ရွှင်ချမ်းမြေ့စွာ ကြီးပြင်းခဲ့ပါတယ်။ ၁၆ နှစ် အရွယ်ရောက်တဲ့ အခါ ဆွေမျိုးတော်စပ်သူ ဒေဝဒဟပြည် ဘုရင်သုပ္ပဗုဒ္ဓမင်းရဲ့ သမီးတော် ယသော်ဓရာနဲ့ စုလျားရစ်ပတ်လက်ထပ်ခဲ့တာ သားတော် တစ်ပါး ရာဟုလာကို ဖွားမြင်ခဲ့ပါတယ်။

သိဒ္ဓတ္ထဟာ ၁၃ နှစ်တာ ကာလပတ်လုံး ဘဝင်ချမ်းမြေ့စရာ တွေနဲ့ အလှအပများကိုသာ တွေ့မြင်ခဲ့ရပြီး နန်းပည်းစိမ်ချမ်းသာနဲ့ နေခဲ့ရပါတယ်။ သည်လိုနဲ့ ၂၉ နှစ်အရွယ်ရောက်တဲ့အခါမှာအမှန်တရား ဟာ နေရောင်ခြည်လို ထွက်ပြူလို့လာခဲ့ပါတယ်။ 'အင်း...ပဋိသန္ဓေ နေရခြင်း၊ အိုရခြင်းနဲ့ သေရခြင်းဆိုတဲ့ ဆင်းရဲဒုက္ခအပေါင်းကို သတ္တဝါမှန်သမျှ ဘယ်သူမှ ရှောင်ကွင်းလို့ မရဘဲ၊ မလွဲဧကန် တွေ့ ကြရမှာပါတကား။ လောကရဲ့ စည်းစိမ်ချမ်းသာမှန်သမျှဟာလဲ ဒုက္ခရဲ့ အစပါတကား'လို့ သိရှိပြီး တရားသံဝေဂများ ရခဲ့ပါတယ်။ သည်သံသရာဝဋ်ဆင်းရဲအပေါင်းရဲ့ အစနဲ့ဘဝက လွတ်မြောက်ရာ အမှန်ကို ရှာကြံဖို့ အာသာဆန္ဒ လွန်မင်းစွာ ပြင်းပြခဲ့ပါတယ်။ ဒါ ကြောင့် လူ့လောကကြီးကို စွန့်ခွာ၊ ရဟန်းဝတ်နဲ့ ခြိုးခြံစွာနေပြီး တရားဓမ္မများ ရှာပါတော့တယ်။

သည်လို တရားများ ပေည့်လည်ရှာဖွေရာမှာ ဦးစွာအာဠာရနဲ့

ဥဒကဆိုတဲ့ ပုဏ္ဏားဆရာကြီးနှစ်ဦးထံ ချဉ်းကပ်ပါတယ်။ အာဠာရဟာ ရသေ့ကြီး ကပိလရဲ့ နောက်လိုက်ဖြစ်ပြီး ဝေသာလီပြည်မှာ တပည့်တပန်းအများအပြားကို ဦးဆောင်နေသူ ဖြစ်ပါတယ်။

သူဟာ ဝိညာဉ်ရဲ့ အရေးပါမှုကို အထူးပြုဟောကြားနေတဲ့ သတ္တကနည်း (ဒဿနဗေဒ)ကို ရှာဖွေတွေ့ရှိသူအဖြစ် ကျော်ကြားပါတယ်။ ဝိညာဉ်တည်ရှိမှုကို မယုံကြည်သမျှ သူ့ရဲ့ ဘာသာတရားကို မကိုင်းညွတ်ဘူးလို့ ခံယူပါတယ်။ ရုပ်ဒြပ်မဟုတ်ပေမယ့် အဆုံးအစ မရှိတဲ့ ဝိညာဉ်ကို မယုံကြည်သမျှ ဘဝကလွတ်မြောက်မှာ မဟုတ်ဘူးလို့လဲ ခံယူသူဖြစ်ပါတယ်။

ပမာအားဖြင့် ပိုက်ကွန်တွင်းမိနေတဲ့ တောရိုင်းငှက်ငယ်တစ်ကောင်ဟာ အနှောင်အဖွဲ့က လွတ်မြောက်သွားသလို၊ ဝိညာဉ်ဟာလဲ ရုပ်ခန္ဓာတည်းဟူသော အနှောင်အဖွဲ့က ကင်းကွာသွားတာနဲ့ လွတ်မြောက်တာပဲ။ ဒါကြောင့် သည်ဝိညာဉ်ကြီးဟာ အနှောင်အဖွဲ့က ကင်းလွတ်ရင်၊ စစ်မှန်တဲ့ လွတ်မြောက်ရေးရတာပဲဆိုတဲ့ သွန်သင်ဆုံးမမှုကို အလောင်းတော် ဗောဓိသတ်ဟာ မနှစ်သက်သဘောမကျတဲ့အတွက် အာဠာရကို ဖယ်ခွာပြီး ဥဒကထံ ချဉ်းကပ်ပြန်ပါတယ်။

ဥဒကဟာလည်း အတ္တကောင် ဝိညာဉ်ကိုပဲ အကျယ်ချဲ့ပြီး အသေးစိတ် ပြောကြားပြန်ပါတယ်။ သို့ပေမယ့် ကမ္မ (ကံ)ရဲ့ အကျိုးသက်ရောက်မှုနဲ့ သတ္တဝါများ သေလွန်တဲ့အခါ သည်ဝိညာဉ်ကြီးဟာ ရုပ်ခန္ဓာတစ်ခုက နောက်တစ်ခုကို ပြောင်းလဲဖြစ်တည်မှု သဘောကို အထူးပြု ဟောပြောပါတယ်။

သည်အခါ အလောင်းတော်ဟာ ကံ ကံ၏အကျိုးဆိုတဲ့ သဘောတရားရဲ့ မှန်ကန်မှုကို တွေ့ရှိရပေမယ့် အတ္တကောင်ဝိညာဉ်

ရဲ့ ဖြစ်တည်မှုနဲ့ ပြောင်းလဲဖြစ်တည်မှု သဘောတရားကို လက်မခံ မယုံကြည်တဲ့အတွက် ဥဒကကိုလဲ စွန့်ခွာခဲ့ပြန်ပါတယ်။ တစ်ဖန် ကျောင်းထိုင် ရဟန်းများထံ ချဉ်းကပ်ပြီး သံသရာဝဋ်ဆင်းရဲအပေါင်း က လွတ်မြောက်ရာအမှန်ကို ဆက်လက်ရှာဖွေပါတယ်။ သို့ပေမယ့် သည်မှာလဲ မလိုလားအပ်ဘဲနဲ့ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ပြီး ယဇ်ပူဇော်တဲ့အမှုတွေကိုတွေ့ရတဲ့ အလောင်းတော်ဟာ သူ့ရဲ့ နူးညံ့သိမ်မွေ့လှတဲ့ စိတ်နှလုံးကို ကြီးစွာထိခိုက်စေခဲ့ပါတယ်။

အလောင်းတော်က ခုလို အသက်သတ်တဲ့ မကောင်းမှုဟာ အဘယ်နည်းနဲ့မှ ကောင်းကျိုးပြုမှာ မဟုတ်သလို၊ ကိုယ်ကျင့်တရားကို ပစ်ပယ်လျစ်လျူရှုခြင်းဟာလဲ ဘာသာတရားကို လက်တွေ့ကျင့်သုံးရာမှာ ဘယ်နည်းနဲ့မှ မအောင်မမြင်၊ မဖြစ်မြောက်နိုင်ကြောင်း ရှင်းပြပါတယ်။

ဒါနဲ့ပဲ သိဒ္ဓတ္ထဟာ ဝေသာလီပြည်က ထွက်ခဲ့ပြန်ပါတယ်။ ပိုပြီးကောင်းတဲ့ နည်းနာတွေကိုခံယူဖို့ အလွန်ကျော်ကြားတဲ့ ဆရာများထံ ဘယ်လိုပဲချဉ်းကပ်ပေမယ့် သူလိုချင်တဲ့ တရားကို ဘယ်သူကမှ ပေးနိုင်စွမ်းမရှိကြပါဘူး။ ဒဿနိကပညာရှင်လို့ ခေါ်နေကြသူတွေဟာ အမှောင်ထဲမှာ စမ်းတဝါးဝါးနဲ့၊ မျက်မမြင်က အကန်းကို ဦးဆောင်နေသလို အမှန်တရားကို တကယ်မသိကြပါဘူး။

နောက်ဆုံးတော့ အလောင်းတော် သိဒ္ဓတ္ထဟာ ကောဏ္ဍည ခေါင်းဆောင်တဲ့ ဥဒကရဲ့ တပည့်ငါးဦးရှိရာ ဂယာ နားက ဥရုဝေလတောကို ရောက်ရှိသွားပါတယ်။ သည်ငါးဦးဟာ အာရုံများရဲ့ တပ်မက်မှု (လောဘ) ကို ချုပ်တည်းပြီး စိတ်ရဲ့အလိုကို မလိုက်ဘဲ ပြင်းထန်စွာ ကျင့်ကြံအားထုတ်နေကြတာကို တွေ့ရှိပါတယ်။

အလောင်းတော်ဟာ သူတို့ရဲ့ စိတ်အားထက်သန်မှုနဲ့ ဇွဲကြီးမားမှုကို ချီးကျူးပြီး ကိုယ်တိုင်စမ်းသပ်ပါတယ်။ အဲသည်အချိန်က ဝင့်ဒုက္ခများမှ လွတ်မြောက်လိုလျှင် ခြိုးခြံစွာနေပြီး တကယ်ပြင်းထန်စွာ ကျင့်မှသာ ရမယ်လို့ ယုံကြည်ကြပါတယ်။

### မှတ်ချက်

အတ္တကိလမထာနုယောဂ အကျင့်သည် ထိုစဉ်က အိန္ဒိယနိုင်ငံတွင် အကျင့်ကောင်းတစ်ခုအနေနှင့် ခေတ်စားပါသည်။

***(မြန်မာပြန်သူ)***

သည်လိုနဲ့ အလောင်းတော်ဟာ ခြိုးခြံစွာနေပြီး ပြင်းထန်စွာ ကျင့်ကြံအားထုတ်ပါတော့တယ်။ ခြောက်နှစ်တာကာလပတ်လုံး မအိပ်မနေ၊ အဆက်မပြတ် အားထုတ်လိုက်တာ ကိုယ်ခန္ဓာကြီးသာ သစ်ကိုင်းခြောက်လို ရှုံ့တွလို့လာပါတယ်။ သွေးတွေ ခြောက်ခန်း၊ အသားအရေတွေ တွန့်လိမ်ပြီး၊ အကြောတွေ ထွက်ပြူလို့ လာပါတော့တယ်။ ကိုယ်ခန္ဓာကို ပိုပြီး ညှဉ်းပန်းလေ၊ လိုရာပန်းတိုင်နဲ့ ဝေးလေဖြစ်လို့ လာပါတယ်။ သည်လို အပင်ပန်းခံပြီး ကျင့်ကြံအားထုတ်ပါလျက်နဲ့ မအောင်မြင်တဲ့အခါ အလွန်အဖိုးတန်တဲ့ သခ်န်းစာကို ထုတ်ယူရရှိလိုက်ပါတယ်။

သည်လိုအဖိုးတန်တဲ့ သင်ခန်းစာကို ရလိုက်တဲ့အတွက် စိတ်အလိုကိုလိုက်ခြင်းနဲ့ ကိုယ်ကို ညှဉ်းပန်းခြင်းဆိုတဲ့ အစွန်းတရားများကို ရှောင်ပြီး လွတ်ကင်းတဲ့ လမ်းကို လိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ပထမအစွန်းကတော့ စိတ်ဓာတ်ကြွခိုင်မှုကို ဟန့်တားစေပြီး၊ နောက်အစွန်းကတော့ ပညာအရည်အသွေးကို အားပျော့စေပါ

တယ်။ အခုလမ်းအသစ်ကတော့ မဇ္ဈိမပဋိပဒါ (မလျော့လွန်း မတင်းလွန်းသောလမ်း)လို့ ခေါ်တဲ့ အလယ်အလတ်လမ်းပါပဲ။ သည်လမ်းစဉ်ဟာ နောင်အခါ ဗုဒ္ဓတရားများဟောကြားရာမှာ အဓိက အခန်းက ပါဝင်လာပါတယ်။

ဝိသာခါနက္ခတ်နဲ့ ယှဉ်တဲ့ ဝါဆိုလပြည့်နေ့ နံနက်ခင်းမှာ ဘယ်ပြင်ပတန်ခိုးရှင်ရဲ့ အကူအညီမှ မပါဘဲ မိမိကိုယ်တိုင် ဗောဓိပင်ရင်းမှာ ထိုင်ပြီး တရားကျင့်ပါတယ်။

သည်အခါ အခြားအယူဝါဒများရဲ့ လွဲမှားတဲ့နည်းလမ်းများကို တွေ့ရှိပြီး တရားစစ်တရားမှန်ဖြစ်တဲ့ ဆင်းရဲဒုက္ခအပေါင်းရဲ့ အစနဲ့ ချုပ်ငြိမ်းရာ အဆုံးတရားများကို ကောင်းစွာ တွေ့မြင်လာပါတယ်။ မိမိဘဝကို တပ်မက်စွဲလန်းခြင်း (ဘဝနှစ်သက်မှု တဏှာ) ဟာ ဆင်းရဲအပေါင်းရဲ့ အရင်းခံဆိုတာကိုလဲ တွေ့သိလာပါတယ်။

သည်လို သံသရာဝဋ်ဆင်းရဲအပေါင်းက လွတ်ကင်းရာ အမှန်ကတော့ မဂ္ဂင်ရှစ်ပါးတရားသာ ဖြစ်တယ်ဆိုတာကိုလဲ သိမြင်လာပါတယ်။

### မှတ်ချက်

မဂ္ဂင်တရားဟူသည် ကိလေသာတို့ကို ဖျက်ဆီးတတ်၍ ဝဋ်ဆင်းရဲတို့၏ ချုပ်ရာ၊ ကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော တရားဖြစ်ပါသည်။

(၁) သမ္မာဒိဋ္ဌိ= သစ္စာလေးပါးတရားကို ကောင်းစွာမြင်ခြင်း၊

(၂) သမ္မာသင်္ကပ္ပ= ကာမဝိတက်၊ ဗျာပါဒဝိတက် ဝိဟိံသဝိတက်မှ ကင်း၍ ကောင်းသောအကြံကိုကြံခြင်း၊

(၃)သမ္မာဝါစာ= ဝစီဒုစရိုက်လေးပါးမှ ကြဉ်၍ ကောင်းသောစကား

ကိုဆိုခြင်း၊
(၄) သမ္မာကမ္မန္တော= ကာယဒုစရိုက် သုံးပါးမှ ကြဉ်၍ကောင်းသော အမှုကိုပြုခြင်း၊
(၅) သမ္မာအာဇီဝေါ= ယုတ်မာသောအသက်မွေးဝမ်းကျောင်း ဖြစ်သော အဓမ္မိကဝါဏိဇ္ဇ ကုန်သွယ်ခြင်း ငါးမျိုးကိုကြဉ်၍ သီလကို နှလုံးသွင်းလျက် ကောင်းစွာအသက်မွေးခြင်း၊
(၆)သမ္မာဝါယာမော= အကုသိုလ်တရားတို့ကို မဖြစ်စေမူ၍ အဖြစ်မရှိသော ကုသိုလ်တရားတို့ကို ဖြစ်အောင် လုံ့လပြုခြင်း၊
(၇)သမ္မာသတိ= မိမိခန္ဓာကိုယ်၌ နိဝရဏစသော တရားတို့ကို အဖန်တလဲလဲ မဖြစ်ရအောင် ကောင်းစွာအောက်မေ့ခြင်း၊ ရှုခြင်း၊
(၈)သမ္မာသမာဓိ= ဝတ္ထုကာမ၊ ကိလေသာကာမတို့မှ ဆိတ်၍ အကုသိုလ်ဖြစ်ကုန်သော တရားတို့ကို ပယ်ပြီးလျှင် ကုသိုလ်တရားတို့ကို မဖောက်မပြန် အာရုံ၌ တည်ကြည်မြဲမြံစွာ ထားနိုင်ခြင်း၊

***(မြန်မာပြန်သူ)***

သည်လို အမှန်တရားနဲ့ ဘဝမှာ ကျင့်ကြံအားထုတ်ရမယ့် နည်းလမ်းများကို တွေ့ရတဲ့ အလောင်းတော်ဗောဓိသတ်ဟာ စိတ်အလို တပ်မက်မှုများကို ပယ်သတ်ပြီး သဗ္ဗညုတဉာဏ်တော်ရရှိတဲ့ ဗုဒ္ဓအဖြစ် ရောက်ရှိပါတော့တယ်။

## မှတ်ချက်

အလောင်းတော် သိဒ္ဓတ္ထသည် ညဉ့်ဦးယံ၌ ရှေးဟောင်းနှောင်းဖြစ်များကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို လည်းကောင်း၊ သန်းခေါင်ယံ၌ လောကကြီးတစ်ခုလုံးကို

မျက်ဝါးထင်ထင် သိမ်းကျုံးမြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်ကိုလည်းကောင်း၊ အရုဏ်တက်မည့်စဲစဲအချိန်တွင် တစ်ထောင့်ငါးရာ ကိလေသာများအားလုံး ပြုတ်ပြုတ်ပြုန်းသဖြင့် အာသဝက္ခယဉာဏ်၊ သဗ္ဗညုတဉာဏ်ကိုလည်းကောင်း ရတော်မူလျက် ဘုရားအဖြစ်ရောက်တော်မူ လေသည်။

*(မြန်မာပြန်သူ)*

ဗုဒ္ဓမြတ်စွာဟာ ဗုဒ္ဓအဖြစ် ရောက်တော်မူပြီးတဲ့နောက် ကျန်ဘဝတစ်လျှောက်လုံး မိမိကိုယ်ကျိုးမပါ၊ လူသားများရဲ့အကျိုးအတွက် မြင့်မြတ်တဲ့သီလတွေကို ထိန်းသိမ်းပြီး နမူနာကောင်းများကို ပြသဆောင်ကျဉ်းခဲ့ပါတယ်။ ရှေးဦးတရားကိုဟောကြားဖို့ နှစ်ပေါင်းများစွာကတည်းက ဘာသာတရားကိုင်းရှိုင်းရာ၊ အတွေးအခေါ်ရင့်ကျက်ရာအထင်ကရ နေရာဒေသဖြစ်တဲ့ ဗာရာဏသီပြည်ကို ကြွချီတော်မူခဲ့ပါတယ်။

အဲသည် အသွားလမ်းမှာ အရင်က သိကျွမ်းခဲ့ဖူးတဲ့ ဂျိန်းဘာသာဝင် ရဟန်းဥပကကို တွေ့ပါတယ်။ ရှင်တော်ဗုဒ္ဓရဲ့ အလွန်ဂုဏ်ကျက်သရေနဲ့ပြည့်စုံပြီး စိတ်ချမ်းမြေ့ပျော်ရွှင်လာတဲ့ ပုံသဏ္ဌာန်ကိုမြင်တွေ့ရတဲ့အခါ ဥပက,က ခုလိုမေးတယ်။

'အဘယ်မည်သော ဆရာ၏လမ်းညွှန်မှုဖြင့် အသင်သည် လောကကြီးကိုစွန့်ခွာပြီး ရဟန်းပြုခဲ့လေဘိသနည်း'

ထိုအခါဗုဒ္ဓက 'ငါ့တွင်ဆရာမရှိ၊ ငါသည် သဗ္ဗညုတဉာဏ်တော်ကိုရသည့် ဘုရားစင်စစ် ကေန်ဖြစ်ပါ၏။ ငါသည် ငြိမ်းချမ်းခြင်းတည်းဟူသော နိဗ္ဗာန်ကိုရခဲ့ပြီတည်း။ ငါသည် အမှန်တရားကိုတွေ့ရှိအောင်နိုင်ပြီဖြစ်ရာ ဗာရာဏသီပြည်သို့ကြွချီပြီး အကုသိုလ်

(အပြစ်) နှင့် သေခြင်းတရားများဖြင့် အမိုက်မှောင်ဖုံးနေသော သတ္တဝါတို့အား ဘဝလွတ်မြောက်စေမည့် မီးရှူးတန်ဆောင်ကို ထွန်းညှိအံ့’ လို့ ပြောကြားပါတယ်။

အဲသည်အခါ ဥပက,က ‘အသင့်ကိုယ်အသင် လောကကို အောင်နိုင်သည့် ဂျိးနား(Jina) (ဘုရား)ဟု ဆိုခြင်းလော’ လို့ ထပ်ဆင့်မေးတဲ့အခါ ရှင်တော်မြတ်က ‘သင်ပြောတဲ့ ဘုရားဆိုတာ မိမိကိုယ်နဲ့ မိမိကိုယ်၏ တပ်မက်မှုတဏှာများကို ချုပ်တည်းနိုင်တဲ့သူ ဖြစ်ချေ၏။ ငါသည်ကား မိမိကိုယ်ကို ပိုင်စိုးရှုမှုမက ကိလေသာ၊ တဏှာများကုန်စင်၍ အပြစ်မှန်သမျှကို ပယ်သတ်နိုင်ပြီမို့ ငါသည်သာ ဘုရားစင်စစ် ကေန်ဖြစ်ပါ၏’ လို့ ပြန်လည်ဖြေကြားလိုက်ပါတယ်။

ရှင်တော်ဗုဒ္ဓဟာ သည်လိုနဲ့ ဗာရာဏသီပြည်ကိုရောက်တဲ့အခါ ကောဏ္ဍညနဲ့ ပုဂ္ဂိုလ်လေးဦးကို သမင်များပျော်စံရာတော၊ ယခု ဆာရာနတ် (Saranath)မှာ သွားတွေ့ပါတယ်၊ သူတို့တစ်တွေဟာ ရှင်တော်ဗုဒ္ဓ လာနေတာကို တွေ့ကြတဲ့အခါ ဂေါတမလို့ခေါ်ပြီး နှုတ်ဆက်ကြပါတယ်။

ဗုဒ္ဓက ‘ငါ့အား လူအမည်တပ်၍ မခေါ်ကြကုန်လင့်။ ဗုဒ္ဓဘုရားအဖြစ် ရလာသူအား ဤသို့ခေါ်ခြင်းသည် ရိုင်းစိုင်းလှပေစွတကား။ ငါ့အား ရိုသေသမှု ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ငါ၏ စိတ်သန္တာန်၌ အနှောင့်အယှက် တစ်စုံတစ်ရာ မဖြစ်ပါချေ။ သို့သော် သတ္တဝါများအားလုံးအပေါ် တူညီသော ကြင်နာတရားထားသူအား အမည်တပ်၍ ခေါ်ဝေါ်ခြင်းသည် ယဥ်ကျေးမှုကို ပြသရာ မရောက်ပါချေ။ ဗုဒ္ဓတို့မည်သည် လောကကြီးကို ကယ်တင်ရန် (Salvation) လာခြင်းဖြစ်၍ ရိုသေသမှု ပြုသင့်ပေစွတကား’ လို့

ပြောကြားလိုက်ပါတယ်။

သည့်နောက် ရှင်တော်မြတ်ဟာ သစ္စာလေးပါးတရားနဲ့ မဂ္ဂင်ရှစ်ပါးတရားများပါဝင်တဲ့ ရှေးဦးဓမ္မစကြာတရား (ဓမ္မစက္ကပဝတ္တနသုတ္တန်) ကို ဟောကြားတော်မူပါတယ်။

## မှတ်ချက်

သစ္စာလေးပါးဟူသည်ကား...

(၁) ဒုက္ခသစ္စာ – ခန္ဓာငါးပါး၏ ခံစားမှုဟူသမျှဖြစ်သည်။

(၂) သမုဒယသစ္စာ – ဆင်းရဲဒုက္ခအပေါင်းကိုဖြစ်စေသောအကြောင်းဖြစ်သည်။

(၃) နိရောဓသစ္စာ – ဆင်းရဲဒုက္ခအပေါင်းတို့၏ အကြွင်းမရှိပြီးစီးချုပ်ငြိမ်းခြင်းဖြစ်သည်။

(၄) မဂ္ဂသစ္စာ – နိရောဓသစ္စာသို့ ဆိုက်ရောက်ရန်အကြောင်းကောင်းသော လမ်းမြတ်ဖြစ်သည်။

***(မြန်မာပြန်သူ)***

သည်ပုဂ္ဂိုလ်ငါးဦးဟာ ရဟန်းဝတ်ပြီး (ပဥ္စဝဂ္ဂီငါးပါး) သံဃာလို့ခေါ်တဲ့ တပည့်သာဝကများအဖြစ် ဦးဆုံးရောက်ရှိကြသူများဖြစ်ကြပါတယ်။

ဗုဒ္ဓမြတ်စွာဟာ သက်တမ်းတစ်လျှောက်လုံး လူသားများကိုဘဝမှန်သို့ပြောင်းလဲရောက်ရှိပြီး ကျွတ်တမ်းဝင်စေခဲ့ပါတယ်။ မြင့်မြတ်သူရော နိမ့်ကျသူကိုပါ၊ ချမ်းသာသူရော ဆင်းရဲသူကိုပါ၊ ပညာရှိသူရော ပညာမဲ့သူကိုပါ၊ ပုဏ္ဏားမျိုးရော မျိုးညံ့သူကိုပါ၊ ခြိုးခြံစွာနေပြီးတရားကျင့်သူရော သာမန်လူသားများကိုပါ၊ လူဆိုးသူခိုးရော စရိုက်

ကြမ်းသူများကိုပါ၊ မှူးမတ်များကိုရော လယ်သမားများကိုပါ၊ ယောကျ်ားများရော မိန်းမများပါမကျန်၊ လူတန်းစားမရွေး အားလုံးကို တရားပြခွင့်ခဲ့တာ ရဟန်းဘောင်ဝင်ကြသူများရော၊ မဝင်ကြသူများပါ တပည့်သာဝကများ မရေတွက်နိုင်အောင် အများအပြားပေါ်ပေါက်လာခဲ့ပါတယ်။

၄၅ နှစ်တာ ကာလပတ်လုံး သာသနာပြုခဲ့ပြီးတဲ့နောက် နောက်ဆုံးတရားဟောဖို့ နီပေါနိုင်ငံ အရှေ့ပိုင်းမှာရှိတဲ့ ကုသိနာရုံပြည်က မြို့တစ်မြို့ကို ခရီးကြွချီပါတယ်။ အဲသည်မှာပဲ သက်တော် ၈၀ မှာ ပရိနိဗ္ဗာန်စံဝင်ခဲ့ပါတော့တယ်။ တပည့်သာဝကများကို ဗုဒ္ဓနောက်ဆုံးမှာကြားခဲ့တဲ့စကားကတော့ 'အရာခပ်သိမ်းတို့သည် ပျက်စီးခြင်းတရားနှင့် မကင်းကြပါကုန်။ ကြိုးစွာ ဂရုထား၍ ကြိုးကုတ်အားထုတ်ကြပါလေတော့' ဟု ဖြစ်ပါတယ်။

ဒါကြောင့် ဗုဒ္ဓမြတ်စွာဟာ လူသားတစ်ယောက်သာ ဖြစ်ပါတယ်။ လူသားအဖြစ်နဲ့မွေးဖွားပြီး၊ လူသားအဖြစ်နေထိုင်ခဲ့ပြီး လူသားတစ်ယောက်လိုပဲ ဘဝနိဂုံးချုပ်ခဲ့ပါတယ်။ လူသားမှန်ပေမယ့် သာမန်လူသားထက်ထူးခြားတဲ့ အံ့ဖွယ်လူသား (အစ္ဆရိယမနုဿ) ဖြစ်ပါတယ်။

ဗုဒ္ဓဟာ ဟိန္ဒူဘာသာဝင်တွေစွဲမြဲစွာယုံကြည်ကြတဲ့ ဗိဿနိုးနတ်ဝင်စားမဟုတ်သလို၊ လူသားများရဲ့ ကယ်တင်ရှင်မဟုတ်ဘူးလို့ အင်္ဂုတ္တရနိကာယမှာ ဟောကြားခဲ့ပါတယ်။ ဗုဒ္ဓက 'မိမိတို့ဘဝလွတ်မြောက်ဖို့ မိမိတို့တစ်ဦးချင်းအပေါ်မှာတည်တယ်။ ဘဝသန့်စင်အောင်ရော ဘဝညစ်ညမ်းအောင်ပါ မိမိတို့ကိုယ်တိုင်လုပ်နေကြတာ ဖြစ်တယ်' လို့ ဟောကြားခဲ့ပါတယ်။

ဓမ္မပဒမှာ ဘယ်လိုဆိုထားသလဲဆိုရင် 'ဗုဒ္ဓ(ဘုရား)ငါ့

မည်သည် သွန်သင်ဆုံးမလမ်းပြသည့် ဆရာများသာဖြစ်ကြကုန်၏။ အကျိုးသက်ရောက်ရန်မူကား မိမိတို့ကိုယ်တိုင်ကျင့်ကြံအားထုတ်ကြရာ၏။ အမှန်အတိုင်းသတိတရရှိသောသူသည်သာ အကုသိုလ်အနှောင်အဖွဲ့များမှ လွတ်မြောက်ကြရာ၏။

အကြင်သူသည် တက်လှမ်းချိန် တန်ပါလျက် နိုးကြားထကြွမှု ကင်းဘိမူ၊ ငယ်ရွယ်သန်စွမ်းပါလျက် မှိုင်တွေနေကြဘိမူ၊ စိတ်ဓာတ်အားနည်းကြဘိမူ၊ ပျင်းရိနေကြဘိမူ မည်သည့်နည်းနှင့်မျှ လမ်းမှန်သို့မရောက်နိုင်ကြကုန်။ လုံ့လကြိုးကုတ် အားထုတ်ခြင်းသည် ထာဝစဉ်မပျောက်ပျက်သောလမ်းပါတည်း။

ပျင်းရိခြင်းသည် (မေ့လျော့ခြင်းသည်) သေခြင်းအကြောင်းပါတည်း။ (မမေ့မလျော့)အားထုတ်သူအဖို့ကား သေသည်မမည်။ (မေ့လျော့၍)ပျင်းရိသူသည်သာ သေသည်နှင့်မခြားပါတည်း’ လို့ဆိုပါတယ်။

ဒါကြောင့် မြတ်စွာဘုရားတို့ဟာ လမ်းပြသူများသာဖြစ်ကြပါတယ်။ မိမိဘဝ လွတ်မြောက်ဖို့ကတော့ မိမိတို့ကိုယ်တိုင်လျှောက်လှမ်းကြဖို့ပဲရှိပါတော့တယ်။ မိမိဘဝလွတ်မြောက်ဖို့ သူတစ်ဦးကို စောင့်မျှော်အားကိုးခြင်းဟာ အချည်းနှီးပါပဲ။ မိမိတို့ကိုယ်တိုင် ကြိုးစားကြမှပဲ အောင်နိုင်ကြပါလိမ့်မယ်။ ဒါကြောင့် ရှင်တော်ဗုဒ္ဓက မိမိကိုယ်မိမိ အားကိုးကြဖို့ တပည့်သာဝကများကို ပရိနိဗ္ဗာနသုတ်မှာ ခုလိုဟောကြားထားခဲ့ပါတယ်။

‘မိမိသည် မိမိအတွက် မီးအိမ်ဖြစ်ပါလေ။ မိမိကိုယ်သည်သာ မိမိခိုလှုံရာဖြစ်ပါလေ။ တရားဓမ္မကို မီးအိမ်အဖြစ် မြဲမြံစွာ စွဲကိုင်ပါလေ။ တရားဓမ္မကို ခိုလှုံရာအဖြစ် မြဲမြံစွာစွဲကိုင်ပါလေ။ မိမိမှ

တစ်ပါး အခြားသောသူအား ခိုလှုံရာအဖြစ် မမွေ့ရာပါလေနှင့်။ အကြင်သူသည် မိမိအတွက် မီးအိမ်အလား၊ မိမိအတွက် ခိုလှုံရာအလား ဖြစ်ကြဘိမူ၊ ဗောဓိဉာဏ်ကို ရာကြဲသောသူများအလား ဘဝ၏ထိပ်ဆုံးသို့ မုချမသွေ ရောက်ကြပေအံ့' ပါတဲ့။

မြတ်ဗုဒ္ဓဟာ ဘုရားအဖြစ်ကို တစ်ဦးတည်း မူပိုင် လက်ဝါးကြီး အုပ်မထားခဲ့ပါဘူး။ တကယ်ကလဲ အထူးပြုရွေးချယ်ထားတဲ့ ပုဂ္ဂိုလ် အတွက် ကန့်သတ်ထားတဲ့ အခွင့်အလန်းမဟုတ်ပါဘူး။ လူတိုင်း ကျင့်ကြံအားထုတ်လို့ ရနိုင်တဲ့သဘောဖြစ်ပါတယ်။ သည်လမ်းကိုလဲ မကွယ်မဝှက် ထုတ်ဖော်ညွှန်ပြခဲ့ပါတယ်။ ဗုဒ္ဓရဲ့ လမ်းညွှန်ချက်အတိုင်းသာ လိုက်နာကျင့်ကြံကြရင် ဘယ်သူမဆိုရောက်ရှိ ရရှိကြမှာပဲဖြစ်ပါတယ်။ ရှင်တော်မြတ်ဟာ သတ္တဝါများကို စိတ်ဓာတ်မကျစေဘဲ မိမိကဲ့သို့ ကျင့်ကြံအားထုတ်ကြဖို့လဲ အားပေးလမ်းပြခဲ့ပါတယ်။

ဗုဒ္ဓမြတ်စွာ တွေ့ရှိ သွန်သင်ဆုံးမခဲ့တဲ့ တရားဓမ္မကို အင်္ဂလိပ်ဘာသာနဲ့ Buddhism (ဗုဒ္ဓဝါဒ)လို့ ခေါ်ကြကြောင်းပါ။

*

## မြတ်ဗုဒ္ဓ၏လမ်းပြတရား

ဗုဒ္ဓဝါဒအရ သတ္တဝါတွေကို ကယ်တင်ပုံ ကယ်တင်နည်းဟာ အခြား ဘာသာများနဲ့မတူ၊ အလွန်ထူးခြားပါတယ်။ အခြားအခြား ဘာသာတွေက ဘုရားသခင်ထံတော်၌ ခိုလှုံကြလော့၊ ဆည်းကပ်ကြလော့၊ မိမိကိုယ်ကို အကြွင်းမဲ့ အပ်နှံကြလော့၊ ဘုရားသခင်နဲ့ တစ်သားတည်း ရှိကြလော့ ဆိုပြီး ဘုရားသခင်ကို ကယ်တင်ရှင်အဖြစ် အခြေခံထား လမ်းညွှန်ကြလေ့ရှိပါတယ်။ အထူးသဖြင့် ဘုရားသခင်ကို မယုံကြည်ကြသမျှ ကာလပတ်လုံး မှန်ကန် အကျိုးရှိမယ့်ဘဝကို ဘယ်နည်းနဲ့မှ တည်ဆောက်နိုင်ကြမှာ မဟုတ်ဘူးလို့လဲ ဆိုကြပါသေးတယ်။

မှန်ပါတယ်။ အခြားဘာသာဝင် ထောင်ပေါင်းများစွာတို့ဟာ ကူညီစောင့်ရှောက်ကြသော (Charity)၊ သန့်စင်သော(Purity)၊ မြင့်မြတ်သော (Holiness) ဘဝမှာ ဖြစ်တည်နေကြပါတယ်။ ဒါပေမယ့် ထူးခြားတာကတော့ ဘဝကျွတ်လွတ်ဖို့ ဘုရားကို ဦးစွာကိုးကွယ်ရမယ်လို့ မတောင်းဆိုတဲ့ ဗုဒ္ဓမြတ်စွာကို ဆည်းကပ်ကြသူ ထောင်ပေါင်းများစွာတို့ဟာလည်း သူတို့နဲ့မခြား နေကြရပါတယ်။ မြတ်ဗုဒ္ဓကတော့ 'သတ္တဝါတွေ ဘဝလွတ်မြောက်ဖို့ဆိုရင် အခြား

ဘယ်ပြင်ပ ကယ်တင်ရှင်ကိုမှ ရှာရန်မလို၊ မိမိကိုယ်မိမိ အားထားရာ၏' လို့ပဲ ဟောကြားတော်မူပါတယ်။

ဗုဒ္ဓမြတ်စွာဟာ သတ္တဝါတွေကို ကျွတ်တမ်းဝင်ရေးနဲ့ သတ္တဝါတွေရဲ့ကြားမှာလည်း ဘယ်တုန်းကမှ မိမိကိုယ်ကို ရှေ့တန်းတင်နေရာယူခဲ့တယ်လို့ မရှိပါဘူး။ ရှင်တော်မြတ်ဟာ ကိုယ်တိုင်သိခဲ့၊ ကိုယ်တိုင်ကျင့်ကြံအားထုတ်ခဲ့တဲ့အတွက် ဘယ်လိုလုပ်ရမယ်ဆိုတာကို လမ်းပြနိုင်စွမ်းရှိပါတယ်။ လမ်းကိုလဲ တကယ်သိပါတယ်။ ဒါကြောင့် ကိုယ်တိုင်ကျင့်ကြံ အားမထုတ်ကြဘဲနဲ့တော့ မြတ်ဗုဒ္ဓက လိုရာပန်းတိုင်ကို အရောက်သယ်ပို့ပေးနိုင်မှာ မဟုတ်ပါဘူး။

ကျွန်ုပ်တို့ဟာ ဘယ်လိုပဲ ဗုဒ္ဓထံတော်ပါးမှာ ခိုလှုံကြပေမယ့် မိမိတို့ကိုယ်တိုင် ကျင့်ကြံအားထုတ်ကြရတဲ့ ဗုဒ္ဓဘာသာ တစ်ယောက်အနေနဲ့ ဘဝမှန်ရဖို့ဆိုရင် မျက်ကန်းလိုအကြွင်းမဲ့အားကိုးကြရုံနဲ့တော့ ဗုဒ္ဓက ကယ်တင်နိုင်မှာ မဟုတ်ပါဘူး။ မှန်ကန်တည့်မတ်တဲ့လမ်းကိုပဲ ပြပေးပါလိမ့်မယ်။ လမ်းခရီးမှာ တွေ့ကြုံကြရမယ့် အခက်အခဲ ဒုက္ခ သုခတွေကိုလည်း ပြသွန်ပေးပါလိမ့်မယ်။ သို့ပေမယ့် အဲဒီလမ်းကိုတော့ မိမိတို့ဘာသာပဲ လျှောက်လှမ်းကြရမှာဖြစ်ပါတယ်။

သည်လိုပြောလိုက်လို့ ကျွန်ုပ်တို့ဟာ သည်လောက်ခက်ခဲတဲ့လမ်းကို အကူအညီမဲ့ ထီးထီးကြီးလျှောက်လှမ်းကြရမှာတော့ မဟုတ်ပါဘူး။ နိဗ္ဗာန်ဆိုတဲ့ပန်းတိုင်ကို အရောက်လှမ်းနိုင်ဖို့၊ အင်ဂျင်နီယာ တစ်ယောက်ဟာ ခက်ခဲကြမ်းတမ်းတဲ့တောင်ပေါ်မှာ လမ်းဖောက်ပေးသလိုပဲ၊ ဗုဒ္ဓမြတ်စွာကလည်း မှန်ကန်စွာကျင့်ကြံအားထုတ်ရမယ့် နည်းလမ်းတွေကို ပြသွန်ပေးထားပါတယ်။

အဲဒါကတော့ အခြားမဟုတ်ပါဘူး။ သူတစ်ပါး၏အသက်ကို

သတ်ဖြတ်ခြင်းမှလည်းကောင်း၊ သူတစ်ပါး၏ဥစ္စာကို မတရားယူခြင်းမှလည်းကောင်း၊ သူတစ်ပါး၏သားမယားကို ပြစ်မှားခြင်းမှလည်းကောင်း၊ မမှန်သောစကားကိုပြောဆိုခြင်းမှလည်းကောင်း၊ မူးယစ်ထုံထိုင်းစေသော အရက်သေစာနှင့် ဆေးများကိုသောက်သုံးခြင်းမှလည်းကောင်း ထာဝစဉ်ရှောင်ကြဉ်အပ်သော ငါးပါးသီလတော်မြတ်ကို ချမှတ် လမ်းပြထားပါတယ်။

တကယ်စင်စစ်က သည်သီလတွေဟာ ဗုဒ္ဓမြတ်စွာရဲ့ ပညတ်တော် (Commandments)တွေတော့ မဟုတ်ပါဘူး။ သည်သိက္ခာပုဒ်တွေကို ဖောက်ဖျက်ကျူးလွန်ရင်တော့ အပြစ်မြောက်ပါလိမ့်မယ်။ အမှန်က ဗုဒ္ဓဘာသာဝင်တစ်ယောက်အဖြစ် ခံယူကြသူတိုင်း၊ အလိုက်သည်းလိုက် စောင့်ထိန်းကြရမယ့်၊ ဘဝကိုသန့်ရှင်းစင်ကြယ်စေတဲ့ အခြေခံအကျဆုံး (ခါးဝတ်ပုဆိုးလိုမြဲရမယ့်) ကျင့်ဝတ်တွေပဲဖြစ်ပါတယ်။ အကြင်သူတစ်ယောက်ဟာ သည်သိက္ခာပုဒ်တွေကို မဖောက်ဖျက် မကျူးလွန်ပါဘူးလို့ ဘုရားမြတ်စွာကို ကတိကဝတ်ပြုရတာမဟုတ်ပါဘူး။ ‘ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ’ အစချီတဲ့ ငါးပါးသီလကို ဆောက်တည်ပါ၏လို့ မိမိကိုယ်ကိုမိမိ ကတိပြုတာ၊ အဓိဋ္ဌာန်ပြုတာပဲဖြစ်ပါတယ်။ အတတ်နိုင်ဆုံး မကျိုးမပေါက်၊ မပျောက်မကြားရအောင် စောင့်ထိန်းကြဖို့ပဲဖြစ်ပါတယ်။

သည်ကျင့်ဝတ်တွေ ကျိုးပေါက်ရင်တော့ မိမိထားရှိတဲ့ ကတိကဝတ် ပျက်ရတဲ့အတွက် စိတ်မချမ်းမြေ့စရာဖြစ်ရပြီး နောင်တရယူဖို့ပဲရှိပါတယ်။ မိမိရဲ့အားနည်းချက်ကို ရက်မှသည်လ၊ လမှသည်နှစ်များတိုင်အောင် အောင်နိုင်သည်အထိ ထပ်ခါတလဲလဲ ကြိုးစားစောင့်ထိန်းကြရမှာပဲ ဖြစ်ပါတယ်။ သည် သန့်စင်မြင့်မြတ်လှတဲ့

အောင်ပန်းကို မိမိဘာသာဆွတ်ခူးနိုင်သည်အထိ ကြိုးစားကြရမှာ ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓကဖြစ်စေ၊ နတ်ဗြဟ္မာတွေကဖြစ်စေ၊ အခြားသော ဘုရားသခင်တွေကဖြစ်စေ ဘယ်သူကမှတော့ ရယူပေးနိုင်ကြမှာ မဟုတ်ပါဘူး။

ခုရှင်းလင်းဟောကြားခဲ့တဲ့ အတိုင်းပါပဲ။ ဗုဒ္ဓဝါဒရဲ့ ပင်မအနှစ်သာရကတော့ မြင့်မြတ်တဲ့ကိုယ်ကျင့်တရားတွေကို လက်တွေ့ကျင့်သုံးကြဖို့ပါပဲ။ အကျင့်စာရိတ္တဆိုတာ တကယ်ကတော့ မိမိကိုယ်တိုင် နေ့စဉ် နာရီနဲ့အမျှ ပြုလုပ်နေကြတဲ့ လုပ်ဆောင်ချက်တွေ၊ နေ့စဉ်နဲ့အမျှ ကြင်နာစွာဖြည့်ဆည်းဖော်ဆောင်နေကြတဲ့ လုပ်ဆောင်ချက်တွေ၊ လောဘမဖက် အတ္တစွဲကင်းပြီး ပရ– အများအကျိုးကို သယ်ပိုးနေကြတဲ့လုပ်ဆောင်ချက်တွေရဲ့အသီးအပွင့်တွေပဲဖြစ်ပါတယ်။

တော်မှန်ဖြောင့်မတ်တဲ့အလုပ်တွေကိုသာ လုပ်ကြရင် လူသားအားလုံး တရားမျှတမှုရှိပြီး ဖြောင့်မတ်လာကြမှာမုချဖြစ်ပါတယ်။ ပမာဆောင်ရရင် ဂီတပညာရှင်တစ်ယောက်ဟာ ဂီတကိုမြတ်နိုးသူ သက်သက် ယူဆလို့မရပါဘူး။ တကယ်က ဂီတသံစဉ်တွေကို သာယာနာပျော်ဖွယ်ဖြစ်အောင် ပေါင်းစပ်ဖန်တီးပေးနိုင်စွမ်း သူ့မှာ ရှိပါတယ်။ သည်အတိုင်းပါပဲ၊ မိမိလုပ်ဆောင်မှုအတိုင်းအတာ၊ အရည်အသွေးတွေပေါ်မူတည်ပြီး အကြင်သူတစ်ယောက်ရဲ့ အကျင့်စာရိတ္တကို အကဲဖြတ်ရမှာပဲဖြစ်ပါတယ်။

မြတ်ဗုဒ္ဓရဲ့ဝါဒအရဆိုရင် အာရုံခံစားနိုင်တဲ့ သတ္တဝါတိုင်းရဲ့ အသည်းနှလုံးမှာ ဉာဏ်ပညာမီးပွား – ဗောဓိ (Spark of Bodhi-Wisdom) ဟာ မူလကတည်းက ရှိပြီးဖြစ်ကြပါတယ်။ သာမန်သတ္တဝါတို့မှာတော့ သူတို့ရဲ့လောဘ(Selfish desire)၊ ဒေါသ

(Anger)၊ မောဟ (Ignorance) ဆိုတဲ့ အမိုက်မှောင်တွေကြောင့် ဉာဏ်ပညာအရည်အသွေးဟာ မဖွံ့ဖြိုးဘဲအားနည်းနေတတ်ပါတယ်။

ဘာဝနာတရားကို ရှာဖွေကြရမှာ ငယ်ရောကကြီး၊ နည်းရာက များ၊ အမှောင်ကနေအလင်းဆိုတဲ့ အဆင့်တွေကို အဆင့်ဆင့် တက်လှမ်းကြရမှာပဲဖြစ်ပါတယ်။ **တကယ်က လူတိုင်းဟာ မိမိရဲ့ ကံကြမ္မာကို မိမိကိုယ်တိုင် ဖန်တီးနေကြသူများသာဖြစ်ပါတယ်။ လူတိုင်းဟာ မိမိတို့စိုက်ပျိုးကြတဲ့အတိုင်း ခုဘဝမှာဖြစ်စေ၊ နောင်ဘဝမှာဖြစ်စေ သီးပွင့်လာမယ့် အသီးအပွင့်တွေကို ဆွတ်ခူးခံစားကြရမှာ ဖြစ်ပါတယ်။** အတိတ်ဘဝကပြုလုပ်ခဲ့တဲ့ အကြောင်းတရားတွေကြောင့် ခု ပစ္စုပ္ပန်ဘဝမှာ ရရှိခံစား၊ စံစားကြရတဲ့အကျိုးတရားလိုပါပဲ။ နောင်ဘဝမှာ အေးချမ်းသာယာစေမယ့်ဘဝကို ဖန်တီးနိုင်တဲ့ အခွင့်အရေးများ အညီအမျှ ရကြပါတယ်။ ပြီးပြည့်စုံတဲ့ အန္တိမအောင်ပွဲကို ဆွတ်ခူးနိုင်ဖို့ကတော့ မိမိတို့အတွင်းမှာ ရှိနေတဲ့ လောဘ၊ ဒေါသ၊ မောဟ တည်းဟူသော ရန်သူသုံးပါးတို့ကို အောင်နိုင်ဖို့လိုပါတယ်။

သည်ရန်သူတွေကို အောင်နိုင်ဖို့ဟာလည်း မိမိရဲ့ ဘဝတစ်လျှောက်လုံး သူတစ်ပါးအပေါ် စိတ်ကောင်းစေတနာမှန်နဲ့ ကူညီစောင့်ရှောက်ကြဖို့၊ သတ္တဝါအားလုံးအပေါ် ချစ်ခင်ကြင်နာကြဖို့နဲ့ ဉာဏ်ပညာအလင်းရောင်ကို အစွမ်းကုန် အားကောင်းအောင် လုပ်ကြဖို့ အထူးလိုအပ်ပါတယ်။

သည် ရန်သူသုံးပါးကို နှိမ်နင်းပြီး ဘဝလွတ်မြောက်ရေးဆိုတဲ့ အပြီးသတ်အောင်ပွဲကို အနိုင်ယူနိုင်မှလည်း လူ့ဘောင်လောကကြီးမှာ စစ်မဲ့ကင်းပြီး၊ စစ်မှန်တဲ့ထာဝရငြိမ်းချမ်းရေးနဲ့ ပျော်ရွှင်ချမ်းမြေ့ရေးတွေကို လူသားတိုင်း ရရှိခံစားကြရမှာဖြစ်ကြောင်းပါ။

*

# ဗုဒ္ဓဝါဒဟူသည်အဘယ်နည်း

ဗုဒ္ဓဝါဒဆိုတာ ဘာလဲ။ ဒဿန(လောကအမြင်)လား။ ဒါမှ မဟုတ် ကိုးကွယ်ရာဘာသာလား။ ဒါမှမဟုတ်လောကနီတိ(ကျင့်ဝတ်) တွေပဲလား။

သည်မေးခွန်းတွေကို တိတိပပဖြေဆိုရမယ်ဆိုရင် ဗုဒ္ဓဝါဒဟာ ဒဿနမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ စဉ်းစားတွေးခေါ်စရာ (Cogitation) သဘောတရားတွေနဲ့ တကယ့်ဖြစ်ရပ်သက်သက်တွေသာ ပါဝင်တာမဟုတ်လို့ပါဘဲ။ ဒါပေမယ့် မြတ်ဗုဒ္ဓဟာ မျက်မှောက်ဖြစ် ရပ်တွေကို ကြိုတင်ပြီး မှန်ကန်စွာ မျှော်ခေါ်ဟောကြားခဲ့တာတွေ ပါတယ် ဆိုတာတော့ ဝန်ခံကြရမှာဖြစ်ပါတယ်။

အများသိကြတဲ့ ဗုဒ္ဓဝါဒမှာ အပိုင်းအားဖြင့်သုံးပိုင်းပါရှိပါတယ်။ သင်ယူမှုအပိုင်း ပရိယတ္တိ (Doctrinal)၊ ကျင့်သုံးမှုအပိုင်း ပဋိပတ္တိ (Practical) နဲ့ ကိုယ်တွေ့သိမြင်မှုအပိုင်း ပဋိဝေဓ (Realizable) တို့ ဖြစ်ကြပါတယ်။ သည်အပိုင်းတွေဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန် မှီတွယ်ဆက်စပ်နေကြပါတယ်။

ကျမ်းဂန်များကို တိပိဋက (ပိဋကသုံးပုံ:) အဖြစ်နဲ့ ပြုစု ထိန်းသိမ်းထားရှိပါတယ်။ ရှင်တော်ဗုဒ္ဓရဲ့ တရားတော်တွေပါဝင်တဲ့

တိပိဋကတော်ဟာ ခရစ်ယာန် သမ္မာကျမ်းစာ စာအုပ်ထက် တစ်ဆယ့်တစ်ဆမျှ ရှိတယ်လို့ ခန့်မှန်းကြပါတယ်။ အမည်နာမအတိုင်းပါပဲ၊ တရားခြင်းတောင်းကြီး သုံးလုံးပါဝင်ပါတယ်။ စည်းကမ်းချက်များ (Discipline) ခြင်းတောင်း (ဝိနည်းပိဋက)၊ တရားဓမ္မများ (Discourses) ခြင်းတောင်း (သုတ္တန်ပိဋက) နဲ့ အဆုံးစွန်တရားများ (Ultimate Things) ခြင်းတောင်း (အဘိဓမ္မာပိဋက) တို့ ဖြစ်ကြပါတယ်။

ဝိနည်း ပိဋကတော်ကို စာအုပ်ပေါင်း ငါးအုပ် ခွဲခြားထားပြီး၊ ရဟန်းတော်တွေနဲ့ သီလရှင်တွေ လိုက်နာကျင့်သုံးကြရမယ့် စည်းကမ်းဥပဒေသတွေအပြင်၊ ဗုဒ္ဓမြတ်စွာရဲ့ ဘဝဖြစ်စဉ်နဲ့ သာသနာပြုခဲ့ပုံတွေအကြောင်း အသေးစိတ် ပါဝင်ပါတယ်။

သုတ္တန်ပိဋကတော်မှာတော့ ရှင်တော်ဗုဒ္ဓကိုယ်တော်တိုင်နဲ့ အချို့အပိုင်းတွေမှာ ဗုဒ္ဓရဲ့ တပည့်သာဝကများဖြစ်ကြတဲ့ အရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်နဲ့ ရှင်အာနန္ဒာစတဲ့ မထေရ်မြတ်တို့ ဟောကြားတော်မူခဲ့တဲ့ တရားဓမ္မများပါဝင်ပါတယ်။ စာအုပ်ပေါင်း ၂၆ အုပ်ရှိပြီး လမ်းညွှန်တရားများကို စုစည်းထားတာနဲ့ သဏ္ဌာန်တူပါတယ်။ ဘာကြောင့်လဲဆိုတော့ သည်ကရားဓမ္မတွေဟာ အခြေအနေအရပ်ရပ်နဲ့ ကိုက်ညီလိုက်ဖက်အောင်၊ သက်ဆိုင်ရာပုဂ္ဂိုလ်ရဲ့ သဘောသဘာဝနဲ့လဲ ဟပ်ပြီး ဟောကြားထားလို့ဖြစ်ပါတယ်။

အဘိဓမ္မာပိဋကတော်ကတော့ စိတ်၊ စေတသိက်၊ ရုပ်နဲ့ နိဗ္ဗာန်ဆိုတဲ့ အဆုံးစွန်လမ်းပြတရားတွေကို အသေးစိတ်ခွဲခြား ရှင်းပြထားလို့ သိပ်ပြီး အရေးကြီးပါတယ်။ စိတ်ဝင်စားစရာလဲ အလွန်ပဲကောင်းလှပါတယ်။

## မှတ်ချက်

ဝိနည်းမှာ ကိုယ်၊ နှုတ်၊ နှလုံးများကို ဆုံးမသည့် ဥပဒေ ပညတ်ချက်များဖြစ်ပါသည်။ ယင်း တရားတော်များကို ဟောတော်မူ၊ ပညတ်တော်မူရာ၌၊ ရဟန်းတော်များ၏ ကိုယ်အမူအရာ၊ နှုတ်အမူ အရာများ ယဉ်ကျေးသိမ်မွေ့စေရန် 'မှု' ထားတော်မူပါသည်။

သုတ္တန်ဟူသည် မိမိ၏အကျိုးစီးပွား၊ သူတစ်ပါး၏ အကျိုး စီးပွား၊ လောကီ၊ လောကုတ္တရာ အကျိုးစီးပွားများကို ပြခြင်းကြောင့်၊ တစ်နည်း ဝေနေယျသတ္တဝါများ၏ သဘောအနုအရင့်နှင့် လျော်အောင် ဟောတော်မူခြင်းကြောင့် သုတ္တန္တ – သုတ္တန်ဟု ခေါ်ခြင်းဖြစ်ပါသည်။ ယင်းတရားတော်များကို ဟောတော်မူရာ၌ တရားနာသူတို့ နားလည် စေရန်၊ နားလည်သည့်အတိုင်း ကျင့်ကြံရန်၊ ကျင့်သည့်အတွက် ချမ်းသာသုခ ရရှိစေရန်နှင့် အဝိဇ္ဇာတဏှာကုန်ခန်းပြီး ရဟန္တာဖြစ်ကြရန် 'မှု' ထားတော်မူပါသည်။

အဘိဓမ္မာသည် ခက်ခဲလွန်မြတ်သော တရားဖြစ်ပါသည်။ တစ်နည်းအားဖြင့် သုတ္တန်ပိဋကမှာ ဓမ္မက္ခန္ဓာပေါင်း (၂၁၀၀၀) သာ ရှိပါသည်။ ဝိနည်း ပိဋကမှာလည်း ဓမ္မက္ခန္ဓာပေါင်း (၂၁၀၀၀) သာ ရှိပါသည်။ အဘိဓမ္မာ ပိဋကမှာမူ ဓမ္မက္ခန္ဓာပေါင်း (၄၂၀၀၀) ရှိလေရာ ၌ ပိဋကပေါင်း (၂၁၀၀၀) စီ ပိုနေသောကြောင့် (လွန်ကဲသည်ဖြစ်၍) အဘိဓမ္မာဟုခေါ်ပါသည်။ ယင်းတရားတော်များကို ဟောတော်မူရာ၌ တရားစစ်တရားမှန် သဘောတရားများကို ခွဲခြားသိစေရန် 'မှု' ထားပါ သည်။ ***(မြန်မာပြန်သူ)***

ဒါကြောင့် ဗုဒ္ဓဝါဒဆိုတာ အမှန်တရားနဲ့ တကယ့်ဖြစ်ရပ်တွေ နဲ့သာ သက်ဆိုင်ပြီး သည်နေ့မှန်ကန်ပေမယ့် နက်ဖြန်စွန့်ပစ်ကြရမယ့်

ဒသနတို့၊ သီဝရိတို့နဲ့ ဘယ်လိုမှ မပတ်သက်တာကို အထင်အရှား တွေ့ကြရမှာဖြစ်ပါတယ်။ ရှင်တော်ဗုဒ္ဓဟာ အံ့ဩတုန်လှုပ်စေမယ့် သဘောတရား(သီဝရိ)အသစ်အဆန်းတွေကို လုံးဝ မဟောကြားခဲ့ သလို ရုပ်ဝတ္ထုတွေကိုလဲ စွန့်စားပြီး မဖန်ဆင်းခဲ့ပါဘူး။ ဘဝလွတ် မြောက်ရေးနဲ့ သက်ဆိုင်တဲ့ ရုပ်ခန္ဓာတွင်း၊ ခန္ဓာပတရားတွေကိုသာ ရှင်းပြဟောကြားခဲ့ပါတယ်။ ဒါတွင်မက ဘဝသံသရာပြတ်စေမယ့် အတုမရှိတဲ့ လမ်းကိုလဲ ပြသွန်ခဲ့ပါတယ်။

မြတ်ဗုဒ္ဓဟာ မိမိသိသမျှသော တရားတွေကို ကုန်စင်အောင် ဟောကြားခဲ့တာမဟုတ်ဘူးလို့ နားလည်သဘောပေါက်ကြရပါမယ်။

ဗုဒ္ဓရှင်တော်ဘုရားဟာ တစ်ခါက တောလမ်းခရီးကိုဖြတ် ကျော် ကြွချီရာမှာ သစ်ရွက်များကို လက်တစ်ဆုပ်မျှယူပြီး နောက် တော်ပါ အချို့သောရဟန်းတော်များကို 'အို ဘိက္ခုတို့၊ ငါဘုရား ဟောကြားတဲ့တရားတွေဟာ သည်လက်ဝါးပြင်ထက်မှာရှိတဲ့ သစ်ရွက် များလောက်သာဖြစ်၏။ ငါဘုရား မဟောကြားသေးတဲ့ တရားတွေ သည်ကား ခု တောတွင်းမှာရှိနေလေတဲ့ သစ်ရွက်များလောက်ဖြစ်ပေ ၏' လို့ မိန့်တော်မူပါတယ်။

အမှန်က မြတ်စွာဘုရားဟာ သံသရာကကျွတ်လွတ်ဖို့ လိုအပ် တဲ့တရားမျှကိုသာ အဓိကထားဟောကြားခဲ့လို့ပဲဖြစ်ပါတယ်။ သို့ပေ မယ့် အမှက်မထင်တွေ့ကြရတာက ရှင်တော်ဗုဒ္ဓဟောကြားခဲ့တဲ့ တရားတွေထဲမှာ သည်နေ့သိပ္ပံနည်းကျ မှန်ကန်နေတဲ့ အချက်တွေ ပါဝင်တယ်ဆိုတာကို အားလုံးပဲ လက်ခံကြရပါတယ်။

ဗုဒ္ဓဝါဒဟာ စာအုပ်ထဲတွင်သာ သက်သက်ထိန်းသိမ်းထားဖို့ မဟုတ်သလို၊ စာပေနှင့်သမိုင်းရှုထောင့်ကကြည့်ပြီး ဖတ်ရှုလေ့လာ

ရမယ့် ဘာသာရပ်လဲမဟုတ်ပါဘူး။ အမှန်က သည်တရားတွေကို လေ့လာပြီး မိမိတို့ရဲ့နေ့စဉ်ဘဝမှာ လက်တွေ့ကျင့်သုံးကြဖို့ဖြစ်ပါတယ်။

လက်တွေ့မကျင့်သုံးဘဲနဲ့တော့ အမှန်တရားကို သဘောပေါက်ပြီး စစ်မှန်တဲ့တန်ဖိုးကို သိရှိကြမှာ မဟုတ်ပါဘူး။ ဒါကြောင့် လေ့လာကျင့်သုံးရေးသည် ပထမဖြစ်ပါတယ်။ အထူးအားဖြင့်တော့ ကိုယ်တိုင်သိရှိရေးနဲ့ ကိုယ်တိုင်ကျင့်ကြံ အကောင်အထည်ဖော်ရေးသည်သာ ရှေ့ရှုရာပန်းတိုင်ဖြစ်ပါတယ်။

ဒါကြောင့် ဗုဒ္ဓဝါဒဟာ သံသရာတည်းဟူသော သမုဒ္ဒရာကြီးက လွတ်မြောက်စေမယ့် ဖောင်ကူးတို့နဲ့ အလားသဏ္ဌာန်တူပါတယ်။ သည်အကြောင်းတွေကို ထောက်ထားခြင်းအားဖြင့် ဗုဒ္ဓဝါဒကို ဒဿန လို့ မခေါ်ဆိုနိုင်ပါဘူး။

ဒါဖြင့်ရင် ကိုးကွယ်ရာဘာသာလား။ အများတကာတွေ ယေဘုယျအားဖြင့် နားလည်သဘောပေါက်နေကြတဲ့ ကိုးကွယ်ရာ ဘာသာလို့လည်း မဆိုနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ယုံကြည်ခြင်း (Faith) နဲ့ ကိုးကွယ်ခြင်း (Worship) ဆိုင်ရာ နည်းစနစ်တွေ မဟုတ်လို့ပါဘဲ။

ဗုဒ္ဓဝါဒက ကယ်တင်ရှင်အဖြစ် မျက်ကန်းယုံကြည်မှုမျိုးကို လုံးဝမတောင်းခံပါဘူး။ ယုံကြည်မှုသက်သက်ကို လက်မခံဘဲ အမှန်တရားကိုအခြေခံတဲ့ အသိစိတ်နဲ့ သဒ္ဓါ (ရတနာသုံးပါးဂုဏ်ကို ယုံကြည်ခြင်း၊ ကံ ,ကံ၏အကျိုးကို ယုံကြည်ခြင်း) လို့ ပါဠိလိုခေါ်တဲ့ ယုံကြည်မှုမျိုးနဲ့ ယုံကြည်ခြင်းကိုသာ လက်ခံပါတယ်။

ရှင်တော်ဗုဒ္ဓကို ကိုးကွယ်ဆည်းကပ်သူဟာ လူနာတစ်ယောက်က သမားတော်ကို ဒါမှမဟုတ်၊ တပည့်တစ်ယောက်က ဆရာသမား

ကို ယုံကြည်အားကိုးသလိုဖြစ်ရပါမယ်။ ဗုဒ္ဓဘာသာဝင်တစ်ယောက် အနေနဲ့ ဗုဒ္ဓကို ခိုလှုံရာအဖြစ် မှတ်ယူတာဟာလည်း ဘဝလွတ်မြောက် ရေးလမ်းကို ရှင်တော်မြတ်ကိုယ်တော်တိုင် အမှန်တကယ် တွေ့ ,သိ ထားလို့ပဲဖြစ်ပါတယ်။

လူနာတစ်ယောက်ဟာ မိမိရဲ့ရောဂါ ပျောက်ကင်းအောင် သမားတော်ကြီးလမ်းညွှန်တဲ့ဆေးကို သောက်သုံးသလို၊ စာသင်သား တပည့်တစ်ဦးဟာလည်း မိမိလိုလားတဲ့ စာပေတတ်မြောက်အောင် ဆရာသင်ပြညွှန်ကြားတဲ့အတိုင်း နာယူမှတ်သားသလိုပါပဲ။

သည်သဘောအတိုင်းပါပဲ။ သဒ္ဓါတရားပွားများတဲ့ ဗုဒ္ဓဘာသာ ဝင်တစ်ယောက်ဟာလည်း ဘဝလွတ်မြောက်ရေးကို အရယူနိုင်ဖို့ ရှင်တော်ဗုဒ္ဓရဲ့ သွန်သင်ဆုံးမ လမ်းညွှန်မှုတွေကို ခံယူလိုက်နာကျင့် သုံးကြရမှာဖြစ်ပါတယ်။

ဗုဒ္ဓဝါဒရဲ့အစဟာ ဆင်ခြင်တွေးခေါ်ခြင်း (Reasoning)၊ သို့မဟုတ် နားလည်သဘောပေါက်ခြင်း(Understanding)၊ သို့မ ဟုတ် တစ်နည်းအားဖြင့် သမ္မာဒိဋ္ဌိကစပါတယ်။

## မှတ်ချက်

သမ္မာဒိဋ္ဌိဆိုသည်မှာ သစ္စာလေးပါးတရားကို ကောင်းစွာမြင် ခြင်းဟု အဓိပ္ပာယ်ရပါသည်။ သစ္စာလေးပါးကို တစ်ဖန်အနက်ဖွင့်ပါက

(၁) ဒုက္ခသစ္စာ= ခန္ဓာငါးပါး၏ ခံစားမှုဟူသမျှဖြစ်သည်။

(၂) သမုဒယသစ္စာ= ဆင်းရဲဒုက္ခအပေါင်းကိုဖြစ်စေသော အကြောင်း ဖြစ်သည်။

(၃) နိရောဓသစ္စာ= ဆင်းရဲဒုက္ခအပေါင်းတို့၏ အကြွင်းမရှိ၊ ပြီးစီး

ချုပ်ငြိမ်းခြင်းဖြစ်သည်။

(၄) မဂ္ဂသစ္စာ= နိရောဓသစ္စာသို့ ဆိုက်ရောက်ရန်အကြောင်း၊ ကောင်းသောလမ်းမြတ်ဖြစ်သည်။

*(မြန်မာပြန်သူ)*

အမှန်တရားရှာဖွေကြသူများကို မြတ်ဗုဒ္ဓက 'ကြားသိရုံမျှဖြင့် မယုံကြည်ကြပါလင့်။ အစဉ်အဆက်က ထိန်းသိမ်းဆင်းသက်လာတဲ့ အစဉ်အလာတစ်ရပ်ဖြစ်လို့လည်း မယုံကြည်ကြပါလင့်။ တစ်ဆင့်စကား ကြားသိယုံမျှဖြင့်လည်း မယုံကြည်ကြပါလင့်။ ရှေးပညာရှိများက ရေးသားမိန့်မှာခဲ့လို့လည်း မယုံကြည်ပါလင့်။ နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့လေသောကြောင့် အမှန်တရားဟု ယုံကြည်ဖွယ်ရှိသည့် ယဉ်ကျေးမှု ဓလေ့ထုံးစံများဖြစ်၍လည်း မယုံကြည်ကြပါလင့်။

သက်ဆိုင်ရာဆရာများ၏ သွန်သင်ဆုံးမမှုဖြစ်၍လည်း မယုံကြည်ကြပါလင့်။ မိမိတို့ကိုယ်တိုင်ရရှိသော အတွေ့အကြုံများအရ အပြန်အလှန် သုံးသပ်ဆန်းစစ်ပြီးမှ မိမိရော၊ သူတစ်ပါးကိုပါ အမှန်တကယ်အကျိုးပြုကြောင်း ဆင်ခြင်သဘောပေါက်ပြီးမှသာ လက်ခံကျင့်သုံးကြပါကုန်' လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

ဒါဖြင့်ဗုဒ္ဓဝါဒဟာ လောကနီတိ(ကျင့်ဝတ်)တွေလား။ တကယ်တော့ လူတန်းစားမရွေး ကြီးငယ်မဟူ လူတိုင်းအတွက် အင်မတန် အဖိုးမဖြတ်နိုင်တဲ့ ကိုယ်ကျင့်တရားတွေ၊ ကောင်းမွန်စေမယ့် ကျင့်ဝတ် ဥပဒေသတွေ ပါဝင်တာတော့ အမှန်ပါပဲ။

ဒါပေမယ့် သာမန်ကျင့်ဝတ်တွေထက် များစွာသာလွန်လှပါတယ်။ သိင်္ဂါလသုတ်၊ မင်္ဂလသုတ်၊ မေတ္တာသုတ်၊ ဓမ္မိကသုတ်စတဲ့ အလွန်တရာမြင့်မားလေးနက်တဲ့ တရားတော်တွေကိုအသေအချာ

ဂဃနဏ နားလည်သဘောပေါက်အောင် ဖတ်ရှုလေ့လာကြဖို့ အထူး လိုအပ်ပါတယ်။ အမှန်က သည်ကျင့်ဝတ်တွေ ဒါမှမဟုတ် သည် သီလ(သီတင်းသီလဆောက်တည်ခြင်း)တွေဟာ ဗုဒ္ဓဝါဒရဲ့အစ 'က' 'ခ' 'ဂ' အဆင့်ပဲရှိပါသေးတယ်။

ဒါ့ကြောင့် ဗုဒ္ဓဝါဒဟာ ဒဿနမဟုတ်သလို ကိုးကွယ်ရာ ဘာသာ ဒါမှမဟုတ် သာမန်ကျင့်ဝတ်တွေလည်း မဟုတ်ပါဘူး။ အမှန်တကယ်ဖြစ်ပျက်နေတဲ့တရားတွေကို ပြည့်စုံတဲ့ ကျမ်းဂန်များ၊ သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန်နည်းလမ်းများ ဒါမှ မဟုတ် ပါဠိလို ဓမ္မ(တရားအပေါင်း)ပဲ ဖြစ်ကြောင်းပါ။

*

# ဘဝအောင်မြင်ရန်အကျင့်သီလအခြေခံ

အကယ်လို့များ လူတစ်ယောက်ဟာ လူမှုဒုက္ခအမျိုးမျိုး ကျရောက်စေတတ်တဲ့၊ အလွန်ကြမ်းတမ်းခက်ထန်တဲ့ မုန်တိုင်းကြီး ကို ကြံ့ကြံ့ခံတွန်းလှန်ပြီး၊ ကျန်းမာပျော်ရွှင် အောင်မြင်တဲ့ဘဝကို တည်ဆောက်မယ်ဆိုရင် ရှင်တော်ဗုဒ္ဓချမှတ်ပေးထားတဲ့ ငါးပါးသီလ တို့လို ခိုင်မာတဲ့ ကိုယ်ကျင့်တရားတွေကို အခြေခံရပါလိမ့်မယ်။

တကယ်က လူ့ဘဝဆိုတာ လူတို့ရဲ့စိတ်(တွေးခေါ်ကြံစည်မှု) နဲ့ လက်တွေ့(လုပ်ဆောင်မှု) တို့ရဲ့ ပေါင်းစပ်မှုရလဒ်ပါပဲ။ ဒါကြောင့် လူတစ်ယောက်ရဲ့တိုးတက်မှု သို့မဟုတ် ဆုတ်ယုတ်မှုဟာ သည်စိတ် (တွေးခေါ်ကြံစည်မှု)ကတစ်ဆင့် ပေါက်ဖွားလာတာပါပဲ။ အောင်မြင် မှုတစ်ခုခုကို အကျင့်လုပ်ပြီး စဉ်းစားဆင်ခြင်နေမယ်ဆိုရင်၊ အဲဒီ အောင်မြင်မှုကို ရရှိခံစားရသလို၊ ဖောက်ပြန်တဲ့အတွေးအခေါ်တစ်ခုကို စိတ်တိမ်းညွတ်ပြီး အချိန်အတိုင်းအတာတစ်ခုအထိ စဉ်းစားလိုက်ပြန် ရင်လည်း အဲဒီဖောက်ပြန်မှုရဲ့ သားကောင်ဖြစ်သွားရပြန်တာပါပဲ။

လူရဲ့ဆုံးရှုံးမှုနဲ့ အကျင့်ဖောက်ပြန်မှုတို့ဟာ ကာယကံရှင် ကြောင့်ထက် အခြား ဘေးလူတစ်ယောက်ရဲ့ ပယောဂကြောင့်ဖြစ်ရ တယ်ဆိုတဲ့ မှားယွင်းတဲ့ ယေဘုယျအယူအဆများ လူတွေမှာရှိတတ်

ကြပါတယ်။ သည်အယူအဆဟာ သက်ဆိုင်သူရဲ့ အမှားအတွက် အခြားသူတစ်ယောက်မှာလည်း တာဝန်မကင်းဘူးဆိုတဲ့ လွဲမှားတဲ့ အယူအဆပဲ ဖြစ်ပါတယ်။

တကယ်က လူတစ်ယောက်ရဲ့ အားနည်းချက်နဲ့ အပြစ်ကျူးလွန်ချက်ဟာ သူ့ရဲ့စိတ်နဲ့ အသည်းနှလုံးအတွင်း သန္ဓေတည်ပြီးမှ ပေါက်ဖွားလာတာဖြစ်ပါတယ်။ အခြားသူတစ်ဦးတစ်ယောက်ရဲ့ ဆွဲဆောင်တိုက်တွန်းမှုကို မိမိက သဘောတူလက်ခံပြီး အပြစ်ကို ပူးတွဲကျူးလွန်တာပဲ ဖြစ်ပါတယ်။

ဒါ့ကြောင့် သက်ဆိုင်သူတွင်သာ လုံးဝ တာဝန်ရှိပါတယ်။ ဆွဲဆောင်သူများဟာ ငြင်းပယ်သူများကို လွှမ်းမိုးနိုင်တဲ့အင်အား မရှိကြပါဘူး။ အားနည်းချက်ဟာ မိမိစိတ်တွင်းမှာသာ ရှိကြတာပါ။ အခြားသူတစ်ဦးတစ်ယောက်ရဲ့ ဆွဲဆောင်တိုက်တွန်းမှုကို လက်ခံကတည်းကိုက ပေါ်ပေါက်လာမယ့် ဒုက္ခခပ်သိမ်း၊ ဆုံးရှုံးမှုအဝဝနဲ့ ဝမ်းနည်းကြေကွဲဖွယ်ရာအဖြာဖြာတို့ဟာ အခြေခံအားဖြင့်ကာယကံရှင်ရဲ့ အားနည်းချက်ကြောင့်ပဲ ဖြစ်ရတာပါ။ ဒါကြောင့်၊ သူ့ရဲ့လုပ်ဆောင်မှုအားလုံးအတွက် သူ့တွင်သာ တာဝန်ရှိပါတယ်။

အလုပ်တစ်ခုကိုလုပ်ပြီး မှားသွားတဲ့သူဟာ အခြားနည်း(အမှန်)ကို လုပ်လိုက်မိရင် ဆုံးရှုံးမှု၊ နစ်နာမှု၊ ဝမ်းနည်းစရာတွေနဲ့ ကြုံရမှာစိုးလို့ မလုပ်တာပါလို့လဲ ယေဘုယျဆင်ခြေပေးတတ်ကြပါတယ်။

သည်လိုမရင့်ကျက်တဲ့ လူစားတွေဟာ လုပ်ရေးထက် လုပ်ပြီးဖြစ်ပေါ်လာမယ့် အကျိုးအပြစ်တွေကိုပဲ အ[illegible]ထား ရှေ့တန်းတင်လေ့ရှိကြပါတယ်။

အထူးသဖြင့် အောင်မြင်မှုရလဒ်ကိုသာ လိုလားအာရုံစိုက်လွန်း

တဲ့အတွက် မိမိစိတ်ကိုရှုပ်ထွေးစေပြီး ကောင်း၏၊ ဆိုး၏၊ သင့်၏၊ မသင့်၏၊ မှန်၏၊ မှား၏ဆိုတဲ့ အကျိုးဆက်တွေကို မဝေခွဲနိုင်အောင် ဖြစ်ကြရပါတယ်။

အမှန်တရားဟာ အင်မတန်ရှင်းသလောက်၊ မဟုတ်မမှန် (အမှား) လုပ်ရပ်ဟာ ရှုပ်ထွေးလွန်းလှပါတယ်။ အမှားတစ်ခုလုပ်ဖို့ အတွက် ဖုံးကွယ်မှုတွေအမျိုးမျိုး လုပ်ကြရပါတယ်။

မရိုးသားမှု၊ အဂတိလိုက်စားမှု သို့မဟုတ် လိမ်လည်မှုတစ်ခုခု လုပ်ဖို့ အမှားပေါင်းအမြောက်အမြားကိုဖန်တီးရတဲ့အတွက် မိမိရော သူတစ်ပါးကိုပါ စိတ်မချမ်းမြေ့စရာနဲ့ ဒုက္ခများကိုသာ ကျရောက်စေပါတယ်။

စိတ်ဓာတ်ဖြောင့်မတ်သူအဖို့ကတော့ ပေါ်ပေါက်လာမယ့် အကျိုးအပြစ်တွေထက် လုပ်ကိုင်ဖော်ဆောင်မှုကိုသာ အဓိကထားပါတယ်။ ဖြစ်ပေါ်လာမယ့် အကျိုးတရားဟာ မိမိအတွက် နှစ်လိုဖွယ် ဖြစ်၊ မဖြစ်ထက်၊ လုပ်ဆောင်မှုဟာ လူ့ကျင့်ဝတ်တွေအရ ကောင်း၏၊ မကောင်း၏၊ မှန်၏၊ မှား၏ဆိုတဲ့ အချက်တွေကို အဓိကထားပြီး ဆင်ခြင်လေ့ရှိကြပါတယ်။

တကယ်လို့များ သူ၏လုပ်ဆောင်ချက်ဟာ မှန်ကန်ပြီး အကျိုးတရား မဖြစ်ပေါ်လာရင်တောင်မှ သူ့မှာသံသယဝန်ထုပ်ဝန်ပိုး မဖြစ်ရပါဘူး။ စိုးရိမ်မှုနဲ့ ခွင့်မလွှတ်နိုင်တဲ့ ရှုပ်ထွေးမှုတွေ မဖြစ်ရပါဘူး။ ရှောင်တိမ်းလို့မရတဲ့ အခက်အခဲ အတားအဆီးရယ်လို့လဲ မတွေ့ရပါဘူး။ သူ့ရဲ့စိတ်ဟာအစဉ်ငြိမ်းချမ်းနေပါတယ်။လိပ်ပြာသန့်နေပါတယ်။

တကယ်ကလည်း သည်အချက်တွေဟာ လူ့ဘဝရဲ့ ကျန်းမာမှု၊ ရွှင်လန်းချမ်းမြေ့မှုနဲ့ အသက်ရှည်မှုတို့အတွက် လိုအပ်ချက်တွေပဲ

မဟုတ်ပါလား။

'လုပ်ချင်တဲ့စိတ် မရှိဘူးဗျာ' ဆိုတဲ့စကားကို မကြာခဏကြားရလေ့ရှိပါတယ်။ သည်လူစားတွေဟာ သူ့ရဲ့စိတ် (ခံစားမှု)၊ အကျင့်၊ တွေဝေယိမ်းယိုင်မှုနှင့် ယုတ်ညံ့တဲ့စိတ်တွေရဲ့ အနှောင်အဖွဲ့က မလွတ်ကင်းကြလို့ဘဲ ဖြစ်ပါတယ်။

ဒါ့ကြောင့် သည်အတားအဆီးတွေက လွတ်ကင်းချင်တယ်ဆိုရင် ဆင်ခြင်တုံတရားရှိရှိနဲ့ စိတ်ဓာတ်ကြံ့ခိုင်ဖို့ လိုပါကယ်။ စိတ်တည်ငြိမ်ပြီး အရာရာကို ချင့်ချိန်ပိုင်းဖြတ်နိုင်ဖို့ လိုပါတယ်။

ခုကိစ္စဟာ အမှန်နဲ့အမှား၊ အကောင်းနဲ့အဆိုး၊ လိုအပ်မှုနဲ့ မလိုအပ်မှု၊ မိမိရဲ့စိတ်ဆန္ဒ (ခံစားမှု) နဲ့ ဘာမျှမဆိုင်ပါ။ သူတစ်ပါးရဲ့ ခံစားမှုနဲ့ အကောင်းဆုံးဖြစ်အောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ အချက်တွေကိုပဲ အမြဲတွက်ဆကြရပါမယ်။

သည်လိုမဟုတ်ဘဲ မိမိရဲ့ ဘဝနဲ့ အကျင့်သီလကို မိမိရဲ့ နှစ်သက်မှု၊ မနှစ်သက်မှုတို့နဲ့သာ တိုင်းတာပြီး ဆောင်ရွက်ကြမယ်ဆိုရင် မိမိတို့ဟာ စိတ်ဓာတ်ပျော့ညံ့သူ၊ ကြိုးဆွဲရာကသူနဲ့ တစ်ပါးကျွန်တွေ ဖြစ်သွားကြရမှာ အမှန်ပါပဲ။ သည်အခါ ပျင်းရိမှု၊ မစွမ်းဆောင်နိုင်မှုနဲ့ ကျန်းမာရေးထိခိုက်မှုတွေသာ မုချအလွမ်းမိုးခံကြရပါလိမ့်မယ်။ စိတ်ရဲ့ဖြစ်ပေါ်လှုပ်ရှားမှုဟာ နှစ်မျိုးနှစ်စားရှိပါတယ်။ (၁) မဖြစ်နိုင်တဲ့(အပျက်) စိတ်နဲ့၊ (၂)ဖြစ်နိုင်တဲ့ (အပြု) စိတ်တို့ဖြစ်ကြပါတယ်။

စေတနာမဲ့တဲ့စိတ်၊ မနာလိုဝန်တိုတဲ့စိတ်၊ နာကြည်းတဲ့စိတ်၊ ဒေါသစိတ်၊ အာဃာတစိတ်၊ မုန်းတီးတဲ့စိတ်၊ မျှော်လင့်ချက်ကင်းတဲ့စိတ်၊ ကြောက်ရွံ့တဲ့စိတ်၊ မတည်ငြိမ်တဲ့စိတ်၊ သောကစိတ်၊

စိုးရိမ်စိတ် စတဲ့ (အပျက်) စိတ်တွေကို ထိန်းချုပ်ဖို့လိုပါတယ်။

သည်စိတ်တွေဟာ မိမိရဲ့ကြည်လင်တဲ့စိတ်ကို အဆိပ်သင့်စေပြီး၊ အသည်းနှလုံး၊ ဦးနှောက်နဲ့ သွေးကြောများကိုပါ အနှောင့်အယှက်ဖြစ်စေပါတယ်။ တစ်ချိန်တည်းမှာပဲ လူကိုပျော့ညံ့စေ၊ နစ်နာဆုံးရှုံးစေ၊ မိုက်မဲစေ၊ စိတ်ညစ်စေ သို့မဟုတ် အသက်ကိုတိုအောင် အန္တရာယ်ဖြစ်စေတတ်ပါတယ်။

သနားတဲ့စိတ်၊ ကိုယ်ချင်းစာတဲ့စိတ်၊ ကောင်းတာကိုတန်ဖိုးထားတဲ့စိတ်၊ ကြင်နာတဲ့စိတ်၊ စိတ်ကောင်းစေတနာနဲ့ ကိုယ်ကျိုးစွန့်တဲ့ (အပြု) စိတ်တွေကို မွေးမြူ အားဖြည့်ကြရပါလိမ့်မယ်။ ဒီစိတ်ဓာတ်တွေဟာ မိမိတို့ရဲ့စိတ်မှတစ်ဆင့် ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို အားဖြည့်ပြီး ကျန်းမာရေး၊ ပျော်ရွှင်ချမ်းမြေ့ရေး၊ အောင်မြင်တိုးတက်ရေးနဲ့ အသက်ရှည်ရေးတို့ကို မွေးမြူဖြစ်ထွန်းစေပါတယ်။

မှန်ကန်တဲ့သတိရှိမှု၊ မှန်ကန်တဲ့အလေးဂရုပြုမှုတွေဟာ မဂ္ဂင်ရှစ်ပါးတရားမှာပြဋ္ဌာန်းထားတဲ့ သတ္တမလမ်းစဉ်ဖြစ်ပါတယ်။ စိတ်မချမ်းမြေ့ဖွယ်ရာများဖြစ်စေခြင်းမှ လွတ်ကင်းပြီး စိတ်ကို ကြည်လင်သန့်စင်စေပါတယ်။ သည်နေရာမှာ . . .

(၁) ကိုယ်ခန္ဓာ (ရုပ်) အပေါ် အာရုံစူးစိုက်ပြီး စိတ်ကိုတည်ငြိမ်အောင်ပြုလုပ်ခြင်း (Concentration on the body)

(၂) ခံစားမှု (ဝေဒနာ) အပေါ်အာရုံစူးစိုက်ပြီး စိတ်ကိုတည်ငြိမ်အောင်ပြုလုပ်ခြင်း (Concentration on one's feelings)

(၃) စိတ် (ကြံစည်မှု) သို့မဟုတ် (နာမ်) အပေါ်အာရုံစူးစိုက်ပြီး စိတ်ကို တည်ငြိမ်အောင်ပြုလုပ်ခြင်း (Concentration on one's thought)

(၄) စိတ်ကူးအာရုံအပေါ်စူးစိုက်ပြီး စိတ်ကိုတည်ငြိမ်အောင်ပြု လုပ်ခြင်း (Concentration on mental objects)များ ပါဝင်ပါတယ်။

ဒါ့ကြောင့်လည်း သည်လိုကျင့်ကြံအားထုတ်တဲ့သူတိုင်း အကျိုး တရားဆယ်ပါး မုချရရှိကြလိမ့်မယ်လို့ ဗုဒ္ဓက ဟောကြားခဲ့တာကို မဇ္ဈိမနိကာယမှာတွေ့ရပါတယ်။

ဗုဒ္ဓဝါဒနဲ့အညီ ကျန်းမာရေး၊ စိတ်ပျော်ရွှင်ချမ်းမြေ့ရေးနဲ့ ဉာဏ်ပညာပွင့်လင်းရေးတို့ကို လိုလားတယ်ဆိုရင် ကမ္မဋ္ဌာန်းတရား ပွားများခြင်းကို လက်လွှတ်လို့မရပါဘူး။

စိတ်မချမ်းမြေ့ဖွယ်ရာများနဲ့ ဆင်းရဲဒုက္ခအပေါင်းက လွတ် မြောက်ချင်တယ်ဆိုရင် ကမ္မဋ္ဌာန်းစီးဖြန်းခြင်းဟာ စိတ်ဓာတ်ပြုစု ထူထောင်ရေးရဲ့ အခြေခံအဆင့်ဖြစ်ပါတယ်။ ခုလို ကမ္မဋ္ဌာန်းစီးဖြန်း ခြင်းဖြင့်၊ အခြေအနေအရပ်ရပ်ကို မိမိရဲ့ နှစ်သက်မှု၊ မနှစ်သက်မှု၊ မိမိရဲ့ဆန္ဒစွဲ၊ ရိုးရာဓလေ့နဲ့ အစဉ်အလာတွေအပေါ် အခြေခံပြီး လုပ်ကိုင်ဆောင်ရွက်ခြင်းကလည်း ရှောင်ကြဉ်ပြီး မှန်ကန်စွာဆင်ခြင် သုံးသပ်နိုင်စွမ်း ရှိစေပါတယ်။

မိမိရဲ့ဘဝအတွေ့အကြုံအရ ဂျိုးကြောင်းဆင်ခြင်ပြီး လုပ်ကိုင် နိုင်စွမ်းရှိစေပါတယ်။ သည်လို ကျင့်သားရပြီးတဲ့သူဟာ အရာရာကို စိုးမိုးကျော်လွှားနိုင်စွမ်းလဲ ရှိပါတယ်။

ငွေကြေးအခက်အခဲနဲ့ ရင်ဆိုင်နေကြရတဲ့ ပုဂ္ဂိုလ်နှစ်ဦး အကြောင်းကို ဥပမာဆောင်ပြီး ကြည့်ကြရအောင်။

တစ်ဦးဟာ သောကမှန်တိုင်းထဲကျရောက်ပြီး စိတ်လိုက်မာန်ပါ လုပ်ကိုင်ပါတယ်။ မျှော်လင့်ချက်တွေ ကင်းပြီး၊ ကျန်းမာရေးပါ ထိခိုက်လာပါတယ်။ ဆင်ခြင်တုံတရားမဲ့ပြီး မှန်ကန်စွာ မဆုံးဖြတ်နိုင်

အောင် ဖြစ်ရပါတယ်။

နောက်ဆုံး မိမိကိုယ်မိမိ သတ်သေပြီး ပြဿနာကို ဖြေရှင်းလိုက်တဲ့အထိပါပဲ။ ကျန်တစ်ယောက်ကတော့ ဘဝရဲ့ ပြဿနာတွေကို စဉ်းစားဆင်ခြင်တယ်၊ ကမ္မဋ္ဌာန်းစီးဖြန်း၊ ကျိုးကြောင်း ဆင်ခြင်သုံးသပ်၊ ရှိသမျှနည်းလမ်းတွေကို အသုံးပြုပြီး ကျေနပ်လောက်တဲ့အဖြေကို တွေ့ရှိ ဖြေရှင်းလိုက်ပါတယ်။

အားကစားသမား တစ်ယောက်ဟာ မိမိရဲ့ ကြွက်သားတွေကို လေ့ကျင့်ပြီး အနိုင်ယူလိုက်သလို၊ သူဟာလည်း သူ့ရဲ့စိတ်ကို မှန်ကန်စွာ အသုံးပြုနိုင်ပြီး အနိုင်ယူလိုက်တာပဲ ဖြစ်ပါတယ်။

ဒါကြောင့် သူဟာ ဘဝရဲ့ ဆရာ(သခင်) ဖြစ်ပြီး၊ ကျန်တစ်ယောက်ကတော့ ဘဝရဲ့ ကျေးကျွန်ပဲဖြစ်ပါတယ်။ အကယ်လို့များ လူတွေဟာ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ ဓမ္မ(တရား)နဲ့အညီ နေထိုင်ကျင့်သုံးနိုင်ကြမယ်ဆိုရင် ဘဝမှာ မျှော်လင့်ချက် ဆိတ်သုဉ်းခြင်းနဲ့ ဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်စရာအကြောင်း မရှိပါဘူး။

ဒါကြောင့် ဗုဒ္ဓဝါဒဟာ မျှော်လင့်ချက်ရှိပြီး၊ အောင်မြင်မှုသရဖူကိုဆောင်းနိုင်မယ့် သဘောတရားများ ဖြစ်တယ်ဆိုတာ အထင်အရှား တွေ့ကြရပါတယ်။ စိတ်မချမ်းမြေ့ဖွယ်ရာများနဲ့ ဆင်းရဲဒုက္ခအပေါင်းက လွတ်မြောက်မှုကို မုချရရှိစေပါတယ်။

ရှင်တော်ဗုဒ္ဓက ရိုးသားဖြောင့်မတ်သူဖြစ်စေ၊ ယုတ်ညံ့သူဖြစ်စေ၊ မိမိစိတ်ကို သတိနဲ့ယှဉ်ပြီး ကြိုးစားလုပ်ဆောင်ကြရင် အောင်မြင်စေမယ့် မျိုးစေ့၊ ကောင်းမွန်တိုးတက်စေမယ့် အခြေခံနဲ့ မီးတောက်မီးလျှံများအဖြစ် တောက်လောင်လာနိုင်စေတဲ့ ဉာဏ်ပညာဟာ အနည်းနဲ့ အများ လူသားတိုင်းမှာ ရှိကြတယ်လို့ ဟောကြားခဲ့ပါတယ်။

ဗုဒ္ဓက လူသားဝိုင်းဟာ မိမိစိတ်ကို သတိနဲ့ယှဉ်ပြီး ပြုစုပေးရင် ခုဘဝမှာရော၊ နောင်ဘဝမလွန်ဘဝမှာပါ မုချအကျိုးဖြစ်စေလိမ့်မယ်လို့လည်း ဆုံးမ တိုက်တွန်းတော်မူခဲ့ပါတယ်။

ဗုဒ္ဓက နိမ့်ကျတဲ့တပ်မက်မှု၊ ယုတ်ညံ့တဲ့ တောင့်တမှု၊ တန်ဖိုးမရှိတဲ့ ခံစားမှုတွေကို ဖြစ်စေ၊ အခက်အခဲမှန်သမျှကိုဖြစ်စေ မှန်ကန်တဲ့ ကိုယ်ကျင့်တရားနဲ့ ပြတ်သားစွာ ချေဖျက်အောင်နိုင်သူ၊ ရဲဝံ့စွာ အနိုင်ယူနိုင်သူတွေဟာ မြင့်မြတ်တဲ့ဘဝကို တက်လှမ်းနိုင်ဖို့လှေကား ထစ် တစ်ထစ်ဖြစ်တယ်လို့ ဟောကြားခဲ့ပါတယ်။

ဤသည်ပင် တိုးတက်မှု အဆင့်ဆင့်၏ နိယာမတရား၊ ဗုဒ္ဓဘာသာ တရားတော်အရ အောင်မြင်မှုကို လက်ဝယ်ပိုင်ပိုင် ရယူနိုင်မယ့် အဆင့်ဆင့် တိုးတက်ပြောင်းလဲမှုဖြစ်စဉ်တစ်ရပ် ဖြစ်ပါတယ်။

ဗုဒ္ဓက မိမိရဲ့ ခန္ဓာတွင်း စွမ်းပကားကိုလိုက်ပြီး ငယ်ရာမှကြီး၊ နည်းရာမှများ၊ အသိဉာဏ်ကင်းမဲ့ရာမှ ဉာဏ်ပညာကြွယ်ဝတဲ့ ဖြစ်ပေါ် တိုးတက်လာပုံများနဲ့ တစ်ဘဝမှ တစ်ဘဝ ဘယ်လို လုံ့လဥဿာဟ စိုက်ထုတ်ပြီး ကြိုးစားအားထုတ်ကြရပုံများကို ပန်းချီကားချပ်သဖွယ် မြင်လာအောင် ရှင်းလင်းဟောကြားခဲ့ပါတယ်။

ဒါကြောင့် ဗုဒ္ဓရဲ့ ဓမ္မ(တရား)ဟာ အတ္တ– မိမိအကျိုးသာမက၊ ပရ – အများအကျိုးကိုပါ စည်းကမ်းတကျ ဉာဏ်ပညာနဲ့ ယှဉ်ပြီး ကြိုးစားအားထုတ်ကြမယ်ဆိုရင်၊ ပြီးပြည့်စုံတဲ့ လူ့ဘဝ ချမ်းသာကို ရရှိနိုင်စေတဲ့ တရားပဲဖြစ်ကြောင်းပါ။

*

## ထေရဝါဒဗုဒ္ဓဘာသာ

အနောက်နိုင်ငံတွေမှာ အများသိရှိနေကြတဲ့ ဗုဒ္ဓဝါဒကို တွေ့ရှိသူဟာ ရှင်တော်ဂေါတမဖြစ်ပါတယ်။ ဂေါတမဆိုတဲ့အမည်ဟာ လူမျိုးစု သို့မဟုတ် မိသားစုရဲ့အမည်ဖြစ်ပါတယ်။

ဗုဒ္ဓဆိုတာကတော့ သဗ္ဗညုတဉာဏ်တော်ကို ရသူလို့ အဓိပ္ပာယ်ရပါတယ်။ ဒါ့ကြောင့်ဗုဒ္ဓဆိုတာ အမည်နာမ မဟုတ်ဘဲ၊ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာအရပ် ဗောဓိပင်ရင်းမှာ သဗ္ဗညုတဉာဏ်တော်ရခဲ့တဲ့ ဂေါတမကို ဂုဏ်ပြုပြီး ခေါ်ဝေါ်ထားခြင်းဖြစ်ပါတယ်။

ဂေါတမဟာ အိန္ဒိယဘုရင်တစ်ပါးရဲ့ သားတော်ဖြစ်ပြီး၊ ခရစ်မပေါ်မီ ၆၂၃ ခုနှစ်က နီပေါနိုင်ငံရဲ့ နယ်ခြားဒေသတစ်နေရာမှာ ဖွားမြင်ခဲ့ပါတယ်။

အဲဒီ ဖွားမြင်ရာအရပ်ကို အထိန်းအမှတ်ပြုတဲ့အနေနဲ့ လူသားတို့၏ ကျေးဇူးရှင်ဆရာသခင်ကို ဂုဏ်ပြုတဲ့အနေနဲ့ အသောကမင်းကြီးဟာ ဘီစီ ၂၃၉ ခုနှစ်က ကျောက်တိုင်စိုက်ထူပြီး 'သဗ္ဗညုတဉာဏ်တော် ရရှိခဲ့သူ အရှင်သူမြတ် ဤနေရာတွင် ဖွားမြင်သည်' လို့ ကမ္ပည်းထိုးခဲ့ပါတယ်။

သည်လို မွေးဖွားချိန်မှာ ပညာရှိများက အတိတ်နိမိတ်တွေ

အရ သည်သူငယ် ကြီးပြင်းတဲ့အခါ အလွန်ကြီးမြတ်တဲ့ ဘုရင်သော် လည်းကောင်း၊ ဒါမှမဟုတ် ကြီးမြတ်တဲ့ ဘာသာရေးဆရာသော် လည်းကောင်း ဖြစ်လာလိမ့်မယ်လို့ ဟောကိန်းထုတ်ကြပါတယ်။

ခမည်းတော်ဘုရင်ကြီးကတော့ ကြီးမြတ်တဲ့ဘုရင်သာဖြစ်စေ လိုတဲ့အတွက် သားတော်ရဲ့စိတ်ကို ဘာသာရေးဆိုင်ရာဘက် မရောက် စေဘဲ၊ လောကရေးဆိုင်ရာဘက်မှာပဲ အာရုံရောက်စေခဲ့ပါတယ်။ ဒါ့ကြောင့်၊ လောကရေးရာနဲ့ ဘဝရေးရာများကို အလေးအနက်ထား တွေးခေါ်စဉ်းစားစေပြီး သဘာဝရဲ့ စိတ်မချမ်းမြေ့ဖွယ်ရာများနဲ့ မကြုံဆုံရအောင် အထူးပဲ စီစဉ်ထားခဲ့ပါတယ်။

သို့ပေမယ့် သားတော်ရဲ့အသက် ၂၉ နှစ်အရွယ် ရောက်တဲ့အခါ ဥယျာဉ်တော်ကိုအသွားလမ်းမှာ ဦးဆုံးအကြိမ် သူအို၊ သူနာ၊ သူသေတို့ကိုတွေ့ရပြီး လူတို့ဟာ အိုခြင်း၊ နာခြင်း၊ သေခြင်းဘေးတို့ကို မလွဲကေန် တွေ့ကြရမှာပါတကား။ လောကရဲ့ စည်းစိမ်ချမ်းသာ မှန်သမျှတွေဟာလည်း ဒုက္ခခပ်သိမ်းတို့ရဲ့ အစပါတကားလို့ သံဝေဂ ရခဲ့ပါတယ်။

နောက်တစ်ကြိမ် ရဟန်းတော်ကို တွေ့မြင်ရတဲ့အခါကြတော့မှ သည်သံသရာဝဋ်ဆင်းရဲအပေါင်းက ကင်းဝေးရာအမှန်ကို ရှာကြံဖို့ လောကစည်းစိမ်ချမ်းသာတွေကို စွန့်လွှတ်မှပဲလို့ သဘောပေါက်ခဲ့ပါ တယ်။ ဒါနဲ့ပဲ နန်းစည်းစိမ်ကိုစွန့်ပြီး သက်န်းဝတ်နဲ့ ခြိုးခြံကျင့်ကြံနေခဲ့ ပါတော့တယ်။

ဂေါတမဟာ အမှန်တရားနဲ့ စစ်မှန်တဲ့ငြိမ်းချမ်းရေးကို လှည့်လည်ရှာဖွေရင်း ထိုစဉ်က ကျော်ကြားတဲ့ဆရာများထံ ချဉ်းကပ် ခဲ့ပါတယ်။

သို့ပေမယ့် သူလိုလားတဲ့ အမှန်တရားကို ဘယ်သူ တစ်ဦး တစ်ယောက်ကမှ မပေးနိုင်ခဲ့ကြပါဘူး။

သည်လိုနဲ့ ခြောက်နှစ်တာမျှ ပင်ပန်းဆင်းရဲစွာ ဒုက္ကရစရိယာ အမျိုးမျိုး ကျင့်ကြံအားထုတ်လိုက်တာ ကိုယ်ခန္ဓာကြီးသာ အရိုးစု အဖြစ်ရောက်ခဲ့ပါတော့တယ်။ တိုးပြီးအားထုတ်လေ မျှော်မှန်းချက်နဲ့ ပိုပြီးဝေးလေသာ ဖြစ်ခဲ့ပါတယ်။ နောက်ဆုံး မိမိကိုယ်ကို ညှဉ်းဆဲလို့ လုံးဝမအောင်မြင်ကြောင်း တွေ့ရတဲ့အတွက် နည်းလမ်းအသစ်ကို လိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

သည်အခါမှာ စိတ်အလိုကို လိုက်ခြင်းနဲ့ မိမိကိုယ်ကို ညှဉ်းဆဲခြင်းဆိုတဲ့ အစွန်းနှစ်ပါးကို ရှောင်ရှားတဲ့အလယ်လမ်း(မဂ္ဂင်ရှစ်ပါးလမ်း)ကို တွေ့ရှိပါတော့တယ်။

နောင် ဗုဒ္ဓအဖြစ် ရောက်ပြီးတဲ့အခါ ဆုံးမဟောကြားရာများမှာ အဓိကတရားဖြစ်လာပါတယ်။ သည်လမ်းစဉ်ကို လိုက်တဲ့အတွက် ဉာဏ်ပညာအားများ အပြည့်အဝရရှိပြီး၊ အရာရာကို ပကတိတည်ရှိတဲ့အတိုင်း အမှန်တရားကို ထိုးထွင်းသိမြင်လာပါတယ်။

သစ္စာလေးပါးတရားကိုလည်း တွေ့ရှိပြီး သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိပါတော့တယ်။

ဂေါတမမင်းသားဟာ လူအဖြစ်နဲ့ သူ့ရဲ့သဘောဆန္ဒအလျောက် သူ့ရဲ့ကိုယ်ပိုင်အား၊ ကိုယ်ပိုင်ဉာဏ်ပညာနဲ့ ထားရှိတဲ့မေတ္တာတို့ကြောင့် အလုံးစုံပြည့်စုံတဲ့ ဗုဒ္ဓအဖြစ်ကို ရတော်မူတာဖြစ်ပါတယ်။ လူသားများကိုလည်း သည် တည့်မတ်တဲ့လမ်းစဉ်ကို လှစ်ဟညွှန်ပြခဲ့ပါတယ်။

ဗုဒ္ဓဝါဒရဲ့ ထူးခြားတဲ့အချက်ကတော့ ဘယ်သူပဲဖြစ်ဖြစ် လိုအပ်တဲ့အားထုတ်မှုကို ကိုယ်တိုင်ကျင့်ကြံအားထုတ်ကြမယ်ဆိုရင်

ဗုဒ္ဓအဖြစ်ကို ရနိုင်တယ်ဆိုတဲ့ အချက်ပါပဲ။ သဘောကတော့ မိမိကိုယ်တိုင်အားထုတ်ကြမယ်ဆိုရင် တစ်စတစ်စ တိုးတက်ပြောင်းလဲဖြစ်ပေါ်တဲ့ ဖြစ်စဉ်တစ်ရပ်ပါပဲ။

ဗုဒ္ဓဟာ လူသားရဲ့ဂုဏ်ကို အထူးပြုပြီး၊ လူရဲ့တန်ဖိုးကို အလေးအနက်ထား သင်ကြားဆုံးမခဲ့ပါတယ်။

ဗုဒ္ဓဟာ အလောင်းတော် ဗောဓိသတ်အဖြစ်ရောက်အောင်၊ တစ်နေ့နေ့ တစ်ချိန်ချိန် သူ့အတွက်သာမက သတ္တဝါအားလုံးအကျိုးရှိအောင် ဘဝပေါင်းများစွာ ကျင်လည်ခဲ့ရပြီး ဒုက္ခအမျိုးမျိုး၊ စွန့်ခြင်းကြီးအဖုံဖုံကို ခံစားစွန့်လွှတ်ပြီး ပါရမီပေါင်းများစွာဖြည့်ဆည်းခဲ့ရပါတယ်။

အို၊ နာ၊ သေခြင်းဘေးဒုက္ခအပေါင်းက လွတ်ကင်းကြဖို့ပဲဖြစ်ပါတယ်။ ဗုဒ္ဓဟာ သူ့ရဲ့ဘဝအစ၊ မယိုင်းမယိုင် ခိုင်မာပြင်းပြတဲ့ဆုံးဖြတ်ချက်( ရည်မှန်းချက် )တို့အပြင် သည်ရည်မှန်းချက်ကို ရောက်အောင် ဘယ်လိုကျော်လွှားပြီး၊ နောက်ဆုံး သဗ္ဗညုတဉာဏ်တော်ကို ဘယ်လို ရခဲ့တယ်ဆိုတဲ့ ဘဝဖြစ်စဉ်တွေကို ကိုယ်တိုင်ရှင်းပြခဲ့ပါတယ်။

သည်နည်းအားဖြင့် တပည့်သာဝကများရဲ့ စိတ်ဓာတ်များ မကျဆင်းစေရအောင်နဲ့ ဗုဒ္ဓအဖြစ်ကို တစ်ဦးတည်းမူပိုင်မလုပ်ဘဲ သူကဲ့သို့ ကျင့်ကြံအားထုတ်ကြအောင် တိုက်တွန်းခဲ့ပါတယ်။

**ရှင်တော်ဗုဒ္ဓရဲ့ အဆုံးအမများကို ဓမ္မလို့ခေါ်ပါတယ်။ သက္ကတဘာသာအရတော့ ဓရမ။ အဓိပ္ပာယ်ကတော့ အမှန်တရားဖြစ်ပါတယ်။**

လူတို့ရဲ့နှလုံးနဲ့ စိတ်တွေထဲမှာ တည်ရှိတဲ့ ဥပဒေသများဖြစ်ပါတယ်။ မှန်ကန်တဲ့ အခြေခံဥပဒေသများဖြစ်လို့ ဗုဒ္ဓကလူတွေကို မြင့်မြတ်စွာ၊ စင်ကြယ်စွာ၊ ကြင်နာစွာနဲ့ စာနာထောက်ထားစွာ

နေကြဖို့ တိုက်တွန်းခြင်းဖြစ်ပါတယ်။

သည်သဘောကလည်း မိမိတို့ကိုးကွယ်ရာ ဘုရားများ ကျေနပ်လေအောင်ထက်၊ မိမိတို့ကိုယ်တိုင် အနေမှန်ဖို့နဲ့ မြင့်မြတ်တဲ့ဘဝကို ထူထောင်ဖို့ပဲဖြစ်ပါတယ်။ ဓမ္မ ဆိုတာ မှန်ကန်တဲ့ဥပဒေသ(အမှန်တရား)ဖြစ်ပြီး လူတွေရဲ့နှလုံးသားနဲ့ စိတ်အတွင်းမှာသာ တည်ရှိတာ မဟုတ်ဘဲ စကြဝဠာတစ်တိုက်လုံးမှာပါ တည်ရှိပါတယ်။

စကြဝဠာတစ်ခုလုံးဟာ အမှန်တရားများနဲ့ အတိဖွဲ့စည်းထားပါတယ်။ သို့မဟုတ် ဓမ္မက ဖော်ထုတ်ပြသထားပါတယ်။ ခေတ်သစ်သိပ္ပံဗေဒနည်းအရ တွေ့ရှိကြတဲ့ သဘာဝဥပဒေသများဟာ တကယ်တော့ ဓမ္မရဲ့ ဖော်ထုတ်ပြချက်တွေအတိုင်းပါပဲ။

အကယ်လို့ လ,ဟာအရှေ့ကထွက်ပြီး အနောက်ကိုဝင်တယ်ဆိုရင် ဓမ္မ(အမှန်တရား)ကြောင့်ပါပဲ။ ဘာကြောင့်လဲဆိုတော့ ရူပ၊ ဓာတု၊ သတ္တ၊ ရက္ခနဲ့ နက္ခတ္တဗေဒများအရ လေ့လာတွေ့ရှိကြသလို ဓမ္မဟာ စကြဝဠာအတွင်းအရာခပ်သိမ်းတို့ရဲ့ ဖြစ်ပေါ်လှုပ်ရှားမှုမှန်သမျှရဲ့ သဘာဝဥပဒေသ(ဓမ္မတာ)များကို ဖော်ပြထားရှိလို့ပါပဲ။

ဒါ့ကြောင့် ဓမ္မဟာ လူတို့ရဲ့နှလုံးသားနဲ့ စိတ်အတွင်းမှာ တည်ရှိကြသလို စကြဝဠာမှာလည်း တည်ရှိပါတယ်။ ဒါ့ကြောင့် လူတွေသာ ဓမ္မနဲ့အညီ ကျင့်သုံးနေထိုင်ကြမယ်ဆိုရင် စိတ်မချမ်းမြေ့စရာတွေက အမှန်ကျော်လွှားပြီး၊ သံသရာဝဋ်ဆင်းရဲအပေါင်းကင်းလွတ်ရာအမှန် ပြည်နိဗ္ဗာန်ကို ရောက်ကြမှာမလွဲပါဘူး။

ဒါ့ကြောင့် ဗုဒ္ဓဝါဒဟာ အများနားလည်နေကြတဲ့ ဘာသာတရားမျိုးမဟုတ်ပါဘူး။ ယုံကြည်မှုနဲ့ ရှိခိုးဝတ်ပြုမှုစနစ်မဟုတ်ဘဲ၊ အမှန်တရားကိုရှာဖွေရာက စ,ခဲ့တာဖြစ်ပါတယ်။ တကယ် မျက်မြင်

တွေ့ရှိရတာမဟုတ်တဲ့ ဘုရားသခင်များသို့မဟုတ် မူလအစ (First cause) အစရှိတဲ့ အနုမာနအယူအဆ(မှန်းဆထားသော အထင်အမြင်၊ အယူအဆ) များနဲ့ စ,တာမဟုတ်ပါဘူး။

နောက်ပြီး တန်ခိုးတော်ရှင်ကသာ၊ လူသားတို့ရဲ့ ဝိညာဉ်ဆိုင်ရာ အစနဲ့အဆုံးတို့ရဲ့ အကြွင်းမဲ့ဖြစ်ပေါ်တိုးတက်မှု (ဖန်ဆင်းခြင်း) သဘောကိုလည်း ထုတ်ဖော်မဖွင့်ဟခဲ့ပါဘူး။

ဗုဒ္ဓဟာ စကြဝဠာရဲ့သဘာဝတွေ၊ သတ္တဝါများအကျိုးအတွက် အရာခပ်သိမ်းတို့ရဲ့ ဖြစ်ပေါ်မှုနဲ့ ချုပ်ငြိမ်းမှုအကြောင်းတရားတွေနဲ့ ဒုက္ခခပ်သိမ်းတို့ရဲ့ ဖြစ်ပေါ်မှုနဲ့အတူ ချုပ်ငြိမ်းစေမှုအကြောင်းတရားတွေကို ကိုယ်တော်တိုင် ရှာဖွေတွေ့ရှိတာဖြစ်ပါတယ်။

သည်လို လက်တွေ့ တကယ်သိရတော့မှပဲ ရှင်တော်မြတ်ကဲ့သို့ ရှာဖွေပြီး နောက်ဆုံး အမှန်တရားကို သိလိုသူတို့လုပ်နိုင်အောင်၊ ဘယ်လိုအခြေခံတွေနဲ့ သုတေသနပြုခဲ့တယ်ဆိုတာကို ထုတ်ဖော်ဖွင့်ဟ မိန့်ကြားခဲ့တာဖြစ်ပါတယ်။

**ဗုဒ္ဓက လူတို့ကို မိမိတို့ရဲ့ဘဝ လွတ်မြောက်ဖို့အတွက်ဆိုရင် မိမိကိုယ်မိမိ အားကိုးကြဖို့နဲ့ ဘယ်ကယ်တင်ရှင်ကိုမှ မရှာကြဖို့ သွန်သင်ဆုံးမခဲ့ပါတယ်။**

ရှင်တော်မြတ်ဟာ လူတွေနဲ့ လူတွေရဲ့ဘဝလွတ်မြောက်ရေးအတွက် ကြားဝင်စေ့စပ်သူရယ်လို့လည်း ရှေ့တန်းတင် မပြောကြားခဲ့ပါဘူး။ သို့ပေမယ့် ဗုဒ္ဓဟာ ကိုယ်တော်တိုင် လက်တွေ့လေ့လာသိရှိကျင့်သုံးခဲ့တဲ့အတွက် ဘယ်လိုလုပ်ရမယ်ဆိုတာကို ပြောပြနိုင်စွမ်းရှိပါတယ်။ ဒါပေမယ့် **မိမိတို့ကိုယ်တိုင် မကျင့်ဘဲနဲ့တော့ ဗုဒ္ဓက လိုရာပန်းတိုင်ကို ဆောင်ကြဉ်းပေးနိုင်စွမ်း မရှိပါဘူး။**

**လမ်းမှန်ကို ညွှန်ပြပြီး မိမိတို့ကျင့်ကြံကြရင် တွေ့ရှိရမယ့်အခက်အခဲတွေနဲ့ အောင်မြင်မှုတွေကို ပြောပြနိုင်ပေမယ့် မိမိတို့ကိုယ်စားတော့ လျှောက်လှမ်းမပေးနိုင်ပါဘူး။ ကိုယ်တိုင်ပဲ လျှောက်လှမ်းကြရမှာ ဖြစ်ပါတယ်။**

စကြဝဠာရဲ့ဖြစ်စဉ်ဟာ သဘာဝတရားဖြစ်တဲ့ ကြောင်းကျိုးတရားက စိုးမိုးနေပါတယ်။ အကြောင်းကြောင့် အကျိုးဖြစ်သလို၊ အကျိုးက တစ်ဖန်ပြန်ပြီး အကြောင်းဖြစ်ရပါတယ်။

သည်နည်းအတိုင်းပါပဲ။ မွေးဖွားခြင်းရှိရင် သေခြင်းဆိုတာ ရှိ,စမြဲပါ။ သေခြင်းပြီးရင် မွေးဖွားခြင်းဆိုတဲ့ ဖြစ်စဉ်ဟာလည်း အမြဲဒွန်တွဲလို့နေပါတယ်။

မွေးခြင်းနဲ့သေခြင်းတရားဟာ ဘဝဖြစ်စဉ်ရဲ့ နိယာမသဘော အဆင့် နှစ်ဆင့်ပါပဲ။

သည်လို အဆက်မပြတ် လှည့်လည်နေတဲ့ ကြောင်းကျိုးတရား စက်ဝိုင်းသို့မဟုတ် မွေးခြင်းနဲ့သေခြင်းသဘောဟာ ဗုဒ္ဓဝါဒအရ သံသရာလို့ ခေါ်ပါတယ်။

သို့ပေမယ့် မူလအစဆိုတာကတော့ ရှာလို့ရနိုင်ကောင်းတဲ့ အရာ မဟုတ်ပါဘူး။

ရုပ်နာမ်နဲ့အရာခပ်သိမ်းတို့ရဲ့ မူလအစကို ရှာလို့မရနိုင်ကောင်းတဲ့ သဘောကလည်း ဉာဏ်ပညာမဲ့သူ (အဝိဇ္ဇာ) နဲ့ တပ်မက်မှုတဏှာ တည်းဟူသော ထောင်ချောက်အတွင်း ကျရောက်နေကြရလို့ပါပဲ။

(သံယုတ္တနိကာယ - ၂)

ဗုဒ္ဓဝါဒအရ စကြဝဠာဟာ အမြဲတမ်း တရွေ့ရွေ့နဲ့ အဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်နေပါတယ်။ သို့ပေမယ့် အကြောင်းမဲ့ သက်သက်

မဟုတ်ဘဲ အရင်စကြဝဠာက ဖြစ်ပျက်ပြီး ကြွင်းကျန်ခဲ့တဲ့ အစအန တွေက တစ်ဖန် ပြန်ဖြစ်တဲ့သဘောပါပဲ။

ဒီအတိုင်းပဲ၊ လက်ရှိစကြဝဠာကြီး ပျက်သုဉ်းပြန်ရင် ကြွင်းကျန်ရစ်မယ့် အစအနစွမ်းအားတွေက တစ်ဖန် အသစ်ပြန်ပြီး ဖြစ်တည်ဦးမှာပါပဲ။ ဒါကြောင့် သည်ဖြစ်စဉ်ဟာ မရပ်မနား လှည့်ပတ်နေပြီး စကြဝဠာကိုယ်၌က ယခုအားလုံးမျက်မြင် တွေ့သိကြရတဲ့ နေ(ဂြိုဟ်) များ လှည့်ပတ်မှု သဘောအတိုင်းပါပဲ။ သက်ဆိုင်ရာအလိုက် ကိုယ်ပိုင်အာနိသင်များရှိတဲ့ ကမ္ဘာနိယာမသဘော သန်းပေါင်းများစွာနဲ့ စုစည်းထားတာ ဖြစ်ပါတယ်။

စိတ်နဲ့ရုပ် ပေါင်းစပ်ဖွဲ့စည်းထားတဲ့ လူသားတွေရဲ့ သံသရာ လည်ပတ်မှုသဘောဟာ၊ ဒါဖြင့် ဝိညာဉ် (အတ္တ)ရဲ့ အလုပ်သဘောလား၊ ဗုဒ္ဓဝါဒအရတော့ လူလို့ခေါ်နေကြတဲ့ စိတ်နဲ့ရုပ် (နာမ်နဲ့ရုပ်) ပေါင်းစပ် ဖွဲ့စည်းထားတဲ့ ခန္ဓာမှာတစ်ပါး ထာဝရတည်ရှိတဲ့ ဝိညာဉ် (အတ္တ) ဆိုတာ မရှိပါဘူး။

ခုမျက်မြင် တွေ့နေကြရတဲ့ ရုပ်ခန္ဓာမှာ မျက်စိနဲ့ မမြင်နိုင်တဲ့ အရည်အချင်းတွေနဲ့ စွမ်းအားတွေ အများအပြားရှိပါတယ်။ သည်ရုပ်အစု (ရူပက္ခန္ဓာ)မှာ ရုပ်ပေါင်း ၂၈ ခု (မဟာဘုတ် ၄ ပါးနှင့် ဥပါဒါရုပ် ၂၄ ပါး) ရှိပါတယ်။ အရေးအကြီးဆုံးဖြစ်တဲ့ စိတ် (နာမ်) မှာတော့ နာမ်ခန္ဓာ လေးပါးရှိပါတယ်။ အဲဒါတွေကတော့-

(၁) ဝေဒနာက္ခန္ဓာ - ဝေဒနာကို ခံစားတတ်သော ဝေဒနာစေတသိက်ဖြစ်သည်။ (ခံစားမှုအစု)။

(၂) သညာက္ခန္ဓာ - သညာစေတသိက် ဖြစ်သည်။ (အမှတ်ပြု၍သိမှုအစု)။

(၃) သင်္ခါရက္ခန္ဓာ -သင်္ခါရပြုပြင်တတ်၊ ဖြစ်တတ်၊ ပျက်တတ် စေ့ဆော်တတ်သော (ဝေဒနာသညာမှာ ကြွင်းသော) စေတသိက် ၅၀ ဖြစ်သည်။ (စေ့ဆော်မှု၊ ပြုပြင်မှုအစု)။

(၄) ဝိညာဏက္ခန္ဓာ – အာရုံကို ခံစားတတ်သော၊ မိမိကို့ရအပ် သော စိတ်၊ တစ်ခုရုပ် ၈၀ သည် တစ်နည်း ဝိညာဉ်ခြောက်ပါးတို့ ၏ အစုဖြစ်သည်။ (အာရုံကို ထွေထွေထူးထူး သိမှုအစု)။

ဒါကြောင့် ပေါင်းစပ်ထားတဲ့ ရုပ်ခန္ဓာငါးပါး သို့မဟုတ် ရုပ်နဲ့စိတ် အင်အားစုတွေကို သတ္တဝါလို့ ခေါ်ပါတယ်။ ရုပ်ဓာတ်နဲ့ စိတ်ပြောင်းလဲမှုကို လိုက်ပြီး အမျိုးအစား ပုံပန်းအသွင်သဏ္ဌာန် စသည်များ အမျိုးမျိုး ကွဲပြားနိုင်ပါတယ်။ သည်သဘောအရ လူ တွေဟာ ကောင်းမှုနဲ့ ပြစ်မှု (ကုသိုလ်နဲ့ အကုသိုလ်) နှစ်ဖက်စလုံးကို တိမ်းညွတ်စေတဲ့ အရည်အချင်းနဲ့ အင်အားတွေရှိတဲ့ သတ္တဝါတွေသာ ဖြစ်ကြပါတယ်။ အဆုံးအစမရှိတဲ့ ကာယ၊ စိတ္တနဲ့ ကျင့်ကြံမှုအားတွေ လည်း ရှိကြပါတယ်။

လူတိုင်းရဲ့ နှလုံးသားတွေမှာ ပညာဉာဏ် မီးပွားများ ရှိကြ ပါတယ်။ သို့ပေမယ့် သာမန်လူသားများမှာတော့ လောဘ၊ ဒေါသ၊ မောဟ တရားများကြောင့် အသိဉာဏ်ပွင့်လင်းမှုများ ပိတ်ဖုံးနေတတ် ကြပါတယ်။ ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေနဲ့ လူ့ဘဝဟာ ငယ်ရာကကြီး၊ နည်းရာကများ ဉာဏ်ပညာမဲ့ရာက အသိဉာဏ် ပွင့်လင်းပြီး ချို့တဲ့ရာမှ ပြီးပြည့်စုံတဲ့ အဆင့်ကို ရောက်စေရမယ် လို့ ရည်ရွယ်ချက်ထားပါတယ်။

**လူဟာ မိမိရဲ့ကံကြမ္မာကို မိမိကိုယ်တိုင် ရေးဆွဲကြတဲ့ ဗိသုကာ များဖြစ်ကြပါတယ်။ မိမိစိုက်ပျိုးလို့ ထွက်ရှိလာတဲ့ အသီး အပွင့်တွေကို**

**မိမိကိုယ်တိုင် ရိတ်သိမ်းကြရမှာပါ။**

သည်နည်းအားဖြင့် ရုပ်အား၊ နာမ်အားတွေဟာ ပေါင်းစပ်ဖြစ်ပေါ်ကြပါတယ်။ အဖန်တလဲလဲ ထပ်ကာထပ်ကာ ပေါင်းစပ်ကြပါတယ်။ သည်ရုပ်နဲ့ နာမ်ကို ထာဝစဉ် တည်မြဲအောင် လုပ်နိုင်စွမ်းတဲ့ အခြေခံဒြပ် သို့မဟုတ် အခြေခံဝိညာဉ် (အတ္တ) ဆိုတာ မရှိပါဘူး။

သည်ဖြစ်တည်မှု ဖြစ်စဉ် ဘဝစိုက်ဝိုင်းဟာ အခြေခံတဏှာ သို့မဟုတ် ကိုယ်ကျိုးရှာ လိုချင်တပ်မက်မှု မပြတ်သမျှ အဆုံးအစမရှိ လှည့်ပတ်လို့သာ နေပါတော့တယ်။ သည်တပ်မက်မှုတဏှာကပဲ ဘဝရဲ့စက်ဝိုင်းကို လည်ပတ်စေပြီး အလုပ် (ကံ)ကို လုပ်စေပါတယ်။

အမှန်ကတော့ စိတ်ရဲ့စွမ်းအားပါပဲ။ ဒါကို ပါဠိလို ကမ္မ၊ သက္ကတဘာသာအရ ကရမလို့ ခေါ်ပါတယ်။ သည်ကမ္မ၊ တစ်နည်းအားဖြင့် သည်စိတ်စွမ်းအားရဲ့ အလုပ်ကပဲ သတ္တဝါ ပြန်ဖြစ်စေပါတယ်။ (တာဝန်ရှိပါတယ်)။

**ကမ္မဆိုတာ ရည်ရွယ်ချက်နဲ့လုပ်တဲ့ ကိုယ်၊ နှုတ်၊ နှလုံး သို့မဟုတ် ကာယကံ၊ ဝစီကံ၊ မနောကံ အလုပ်အလုံးကို ဆိုလိုပါတယ်။**

အလုပ်အားလုံးဟာ အကျိုးသက်ရောက်ပါတယ်။ အကြောင်းက အရင်စပြီး အကျိုးက နောက်မှ ဖြစ်လာပါတယ်။ ဒါ့ကြောင့် ကမ္မဆိုတာ ကြောင်းကျိုး ဥပဒေသဖြစ်သလို၊ လူသားဟာ မိမိကံကြမ္မာရဲ့ အရှင်သခင်၊ အတိတ်ကာလရဲ့ သားသမီး၊ အနာဂတ်ရဲ့ မိဘလို့လဲ ဆိုနိုင်ပါတယ်။ သို့ပေမယ့် ကမ္မဆိုတာ(ကြိုတင်) အဆုံးအဖြတ်ပြု ဝါဒမဟုတ်သလို၊ ကံဟောရေးဝါဒလည်း မဟုတ်ပါဘူး။

အတိတ်ဟာ ပစ္စုပ္ပန်ကို ဩဇာသက်ရောက်စေပေမယ့်

လွှမ်းမိုးခြင်းတော့ မပြုပါဘူး။ အတိတ်ဟာ ဘဝအဆင့်ဆင့် တက်လှမ်းဖို့အတွက် အခြေခံဖြစ်ပြီး အတိတ်နဲ့ပစ္စုပ္ပန် ပေါင်းစပ်ပြီး အနာဂတ်ကို ဖန်တီးစေပါတယ်။ သို့ပေမယ့် **တကယ်က ပစ္စုပ္ပန်ပဲ ရှိပါတယ်၊ ပိုင်ဆိုင်ပါတယ် ဆိုတာ သတိပြုကြရပါမယ်။**

ဒါ့ကြောင့်၊ လူတိုင်းဟာ ကောင်းကျိုးအတွက်ဖြစ်စေ၊ ဆိုးကျိုးအတွက်ဖြစ်စေ ပစ္စုပ္ပန်ကိုသာ ထိရောက်စွာ အသုံးချကြရပါမယ်။ လူများဟာ စိတ်လွတ်လပ်မှု အထိုက်အလျောက်ရှိကြတော့ မိမိတို့ရဲ့ အနာဂတ်ရေးအတွက် လုပ်ဆောင်ပြုမှုချက်တွေကို ပြုပြင် ထိန်းကျောင်းကြရပါမယ်။

သည်တော့ လူသားတစ်ယောက်ဟာ ကောင်းတဲ့အလုပ်ကို လုပ်ရင်ဖြစ်စေ၊ ကောင်းတဲ့စကားကို ပြောဆိုရင် ဖြစ်စေ၊ မိမိအတွက် ကောင်းကျိုးပိုပြီး ဖြစ်စေပါတယ်။ ကောင်းတဲ့ ကမ္မ (အလုပ်)ကို ကျင့်ကြံအားထုတ်တာနဲ့အမျှ ပြစ်မှုများကို ကျော်လွှားပြီး နိဗ္ဗာန်တည်းဟူသော ပန်းတိုင်ကို ရောက်စေမှာ ဖြစ်ပါတယ်။

**ဒုက္ခခပ်သိမ်းတို့ရဲ့ အရင်းအမြစ်ဟာ လူတို့ရဲ့ ဉာဏ်ပညာမဲ့မှုပဲ ဖြစ်ပါတယ်။** သည်လို ဉာဏ်ပညာမဲ့မှုကြောင့် လိုချင်တပ်မက်မှုဆိုတာ ဖြစ်ပေါ်လာပြီး ကမ္မစွမ်းအားကို အသက်ဝင် လှုပ်ရှားစေပါတယ်။

ဗုဒ္ဓဘာသာဝင်များဟာ နိဗ္ဗာန်ကို အလယ်အလတ်လမ်း၊ သီလ၊ သမာဓိ၊ ပညာလမ်းက တစ်ဆင့် တက်လှမ်းကြပါတယ်။ တက်လှမ်းကြရာမှာ ဘဝသံသရာကို ကျင်လည်ကြရပြီးမှ ချစ်ခြင်းမေတ္တာနဲ့ ဉာဏ်ပညာများက တစ်ဆင့် ဘဝတက်ကျာကို ဖြတ်အောင် ကြိုးစားအားထုတ်ကြပါတယ်။

သည်လို ပြီးပြည့်စုံတဲ့အဖြစ်ကိုရအောင် မိမိကိုယ်တိုင်

အကြောင်း ယုတ္တိကို ရှာဖွေခြင်း၊ နားလည်သဘောပေါက်အောင် ဆင်ခြင်ခြင်းနဲ့၊ မှန်ကန်တဲ့ဘဝ ထူထောင်ခြင်းတို့ကို ကြိုးစားပြီး၊ မိမိရဲ့ရှိသမျှအစွမ်းသတ္တိများ တိုးတက်ခိုင်မာအောင် အားထုတ်ကြပါတယ်။

ဗုဒ္ဓဝါဒက မိမိစိတ်ကို စင်ကြယ်အောင် မွေးမြူပြီး ကမ္မဋ္ဌာန်းတရားများ စီးဖြန်းအားထုတ်ကြရင် စံပြုရမယ့် တန်ခိုးများဖြစ်တဲ့ နတ်မျက်စိကဲ့သို့ မြင်နိုင်တဲ့ဉာဏ် (ဒိဗ္ဗစက္ခု)၊ နတ်နားကဲ့သို့ ကြားနိုင်တဲ့ဉာဏ် (ဒိဗ္ဗသောတ)၊ ရှေးရှေးဘဝတို့၌ ဖြစ်ခဲ့၊ ပျက်ခဲ့ဖူးတဲ့ အစဉ်ကို သိနိုင်တဲ့ ဉာဏ် (ပုဗ္ဗေနိဝါသ)၊ သတ္တဝါတို့ရဲ့စိတ်ကို သိနိုင်တဲ့ဉာဏ် (စေတောပရိယ)၊ အံ့ဖွယ်တန်ခိုး အမျိုးမျိုးပြနိုင်တဲ့ ဉာဏ် (ဣဒ္ဓိဝိဓ) စသည်တို့ ရနိုင်ကြောင်း သွန်သင်ခဲ့ပါတယ်။

ဒါတွင် မကသေးပါဘူး။ ဗုဒ္ဓဝါဒက ဉာဏ်ပညာ ပွင့်လင်းအောင် ကြိုးစားအားထုတ်ပြီး၊ နိဗ္ဗာန်ကို ခုဘဝမှာပဲ အရယူနိုင်ကြမယ်ဆိုရင် သံသရာပြတ်စေတယ်လို့လဲ သွန်သင်ဆုံးမခဲ့ပါတယ်။

တကယ်က နိဗ္ဗာန်ဆိုတာ ဘာမှရှိတော့တာမဟုတ်ဘဲ၊ ဘဝသံသရာလည်စေတဲ့ အကြောင်းအရာများက ကင်းလွတ်ပြီး ထာဝရငြိမ်းချမ်းရေးနဲ့ ပျော်ရွှင်ချမ်းမြေ့ရေးတို့ကို ရရှိတဲ့ဘဝ ဖြစ်ပါတယ်။

ဒါကြောင့် ဗုဒ္ဓဘာသာကျမ်းစာတွေထဲမှာ နိဗ္ဗာန်ဆိုတာ ဝဋ်ဒုက္ခအပေါင်းတို့ ကင်းဝေးရာ အမြင့်ဆုံးဘဝ၊ အလုံခြုံဆုံးဘဝ၊ အချုပ်အချယ်များက လွတ်မြောက်ရာဘဝ၊ ငြိမ်းချမ်းတဲ့ဘဝ စသည်ဖြင့် အခိုင်အမာ ဖော်ပြထားပါတယ်။

ဗုဒ္ဓဝါဒမှာ အပိုင်းကြီးသုံးပိုင်းဖြစ်တဲ့ သင်ယူမှုအပိုင်း၊ ကျင့်သုံးမှုအပိုင်းနဲ့ ကိုယ်တွေ့သိမြင်မှုအပိုင်း (ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ)တို့

ပါဝင်ပါတယ်။ ကျမ်းဂန်များကို တိပိဋက သို့မဟုတ် ခြင်းတောင်းကြီး သုံးလုံးလို့ခေါ်တဲ့ ပိဋကသုံးပုံအဖြစ်နဲ့ ပြုစု ထိန်းသိမ်းထားပါတယ်။

သည်ကျမ်းများဟာ ဗုဒ္ဓရဲ့ အဆုံးအမများ ဖြစ်ပြီး၊ ခရစ်ယာန် သမ္မာကျမ်းစာ စာအုပ်ထက် တစ်ဆယ်တစ်စောင် ရှိတယ်လို့ ခန့်မှန်း ပါတယ်။

သည်ဗုဒ္ဓရဲ့ အဆုံးအမများကို တစ်နည်းချုပ် ပြောလိုက်မယ်ဆိုရင် အောက်ပါအတိုင်း ဖြစ်ပါတယ်။

**မကောင်းတာမှန်သမျှကို ရှောင်၊**

**ကောင်းတာမှန်သမျှကို ဆောင်၊**

**စိတ်ကို စင်ကြယ်အောင်ထား၊**

အဲဒါ ဘုရားရှင်ရဲ့ ဆုံးမစကား။

သည်အပိုဒ်ဟာ ပညာဉာဏ် ပွင့်လင်းစေတဲ့ လမ်းကြောင်းရဲ့ အဆင့်သုံးဆင့် ဖြစ်ပါတယ်။ သည်အဆင့် သုံးဆင့်ကတော့ သီလ သမာဓိ၊ ပညာတို့ပဲ ဖြစ်ပါတယ်။ သီလဟာ အပြောနဲ့အပြုအမူ ထိန်းကျောင်းပေးသလို သမာဓိကတော့ နောက်ထပ်အဆင့် စိတ်ကို တည်ငြိမ်ပြီး ပညာဉာဏ်ပွင့်လင်းစေပါတယ်။ ဒါတွေကို ဒုက္ခအဆုံး ရောက်စေတဲ့ ပြင်းထန်တဲ့ စိတ်လှုပ်ရှားမှုများကိုလည်း ငြိမ်းသွား စေပါတယ်။

ဗုဒ္ဓဟာ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူပြီးတာနဲ့ တစ်ပြိုင်နက် တပည့်သာဝက သံဃာတော်များကို စတင် စုဆောင်း ပါတယ်။ သည်သံဃာတော်များမှာ မဂ်တရား ဖိုလ်တရား ရရှိပြီးသူ အရိယာများ (ပရမတ္ထသံဃာ) ပါဝင်သလို၊ ရဟန်း ကြိုးစားနေကြပဲ သံဃာတော် (သမ္မုတိသံဃာ)များလဲ ပါဝင်ကြပါတယ်။

တစ်စတစ်စနဲ့ သံဃာတော်များ တိုးပွားပြီး ဗုဒ္ဓရှင်တော်မြတ် သာသနာပြုခဲ့တဲ့ လေးဆယ့်ငါးဝါအတွင်း အိန္ဒိယပြည်တစ်ပြည်လုံးတွင်သာမက ပြည်ပကိုပါ ပျံ့နှံ့သွားပါတော့သည်။

မျက်စိကို သဲအနည်းငယ်မျှသာ ဖုံးနေသူအားလုံး (အဝိဇ္ဇာကင်းသူအားလုံး)ထံ ဒီသတင်း ပျံ့နှံ့သွားခဲ့ပါတယ်။ အလားတူပဲ သီလရှင်(ဘိက္ခုနီ)များကိုလဲ အမျိုးသမီးများအတွက် လိုအပ်တဲ့အချက်များပါ ပေါင်းစပ်ပြီး တူညီတဲ့သိက္ခာပုဒ်များ စုစည်းသတ်မှတ်ခဲ့ပါတယ်။

ဗုဒ္ဓဘာသာ ရဟန်းတော်များဟာ သမိုင်းအထောက်အထားများအရ ထိုစဉ်ကစပြီး ယခုကာလတိုင်အောင် ကျင့်ဝတ်သိက္ခာပုဒ်များနဲ့ အညီ ကျောင်းသင်္ခမ်းနဲ့ သိတင်းသုံးနေထိုင်ကြတဲ့ အစောဆုံးသံဃာတော်များ ဖြစ်ကြပါတယ်။

ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် ခုနစ်ရက်မြောက်နေ့မှာ ရဟန်းတို့ရဲ့ နာယကဖြစ်တော်မူသော အရှင်မဟာကဿပဟာ ဗုဒ္ဓရဲ့ တရားတော်များ တရားဝင်မှန်ကန်အောင် သင်္ဂါယနာတင်ဖို့ ဆုံးဖြတ်တော်မူပါတယ်။ တရားဓမ္မများကို စုဆောင်းပြီး သင်္ဂါယနာတင်ပွဲကို အဇာတသတ်မင်းရဲ့ ဦးစီးမှုနဲ့ ရာဇဂဟ (ရာဇဂြိုဟ်) အရပ်မှာ ပြုလုပ်ကျင်းပပြီး ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြပါတယ်။

ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် ပထမရာစုနှစ်အတွင်းမှာ ဗုဒ္ဓဘာသာဟာ တစ်စည်းတစ်လုံးတည်း တည်ရှိခဲ့ပါတယ်။

သို့ပေမယ့် ပထမရာစုနှစ် အကုန်ပိုင်းရောက်တော့ ဘုရင်ကာလာသောကရဲ့ လက်ထက်မှာ အချို့ရဟန်းများက ကျင့်ဝတ်သိက္ခာပုဒ်များမှာ နောက်ထပ်ဆယ်ချက် ထပ်ဖြည့်ပြီး သူတို့ပါ

ပါဝင်နိုင်ဖို့ ကြိုးစားခဲ့ကြပါတယ်။

သည်အဖြစ်ကို ကာကွယ်ဖို့ အရှင်ရေဝတကို အကြီးအမှူးပြုပြီး အရိယာသံဃာတော် အပါး ခုနစ်ရာတို့ဟာ ကာလာသောက ဘုရင်ရဲ့ ဦးစီးမှုနဲ့ ဝေသာလီပြည်မှာ ပထမနည်းအတိုင်း ဒုတိယ အကြိမ် သင်္ဂါယနာတင်ပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။

တတိယသင်္ဂါယနာတင်ပွဲကိုတော့ ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်တော်မူပြီး တတိယရာစုနှစ်က အသောကဘုရင်မင်းမြတ်ရဲ့ ဦးစီးမှုနဲ့ ကျင်းပခဲ့ပါတယ်။

သည်ဓမ္မသဘင်ကို ခေါင်းဆောင်တဲ့ အရှင် မောဂ္ဂလိ ပုတ္တတိဿရဲ့ မိန့်ကြားချက်အရ တရားဓမ္မများကို ပြည်ပနိုင်ငံများသို့ပါ ပျံ့နှံ့အောင် ဆက်သားများ ပို့လွှတ်ခဲ့ပါတယ်။

စတုတ္ထမြောက် သင်္ဂါယနာတင်ပွဲကိုတော့ ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်တော်မူပြီး ခြောက်ရာစုအတွင်းက သီဟိုဠ်နိုင်ငံ (သီရိလင်္ကာ) မှာ အရှင်မဟာအဂ္ဂ ခေါင်းဆောင်ပြီး ဘုရင်ဝဋ္ဋဂါမဏိရဲ့ အထောက်အပံ့နဲ့ ကျင်းပပြုလုပ်ခဲ့ပါတယ်။ သည်အချိန်မှာ စိတ်နဲ့သာ မှတ်သား (အာဂုံဆောင်)ခဲ့တဲ့ တိပိဋကက ပါဠိတော်ကို ဦးဆုံးအကြိမ် စာပေတင် ပြုစုရေးသားခဲ့ပါတယ်။

ပဥ္စမအကြိမ် သင်္ဂါယနာတင်ပွဲကို ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်တော်မူပြီး နှစ်ဆယ့်ငါးရာစုနှစ် အစောပိုင်းမှာ မြန်မာနိုင်ငံ၊ မန္တလေးမြို့တော်မှာ အရှင်ဇာဂရ ခေါင်းဆောင်ပြီး မင်းတုန်းဘုရင်ရဲ့ အကူအညီနဲ့ ကျင်းပခဲ့ပါတယ်။ သည်အချိန်မှာ ပိဋကသုံးပုံစလုံးကို ကျောက်ပြား ၇၂၉ ချပ်ပေါ် ရေးထွင်းပြီး မန္တလေးတောင်ခြေမှာ စိုက်ထူခဲ့ပါတယ်။

## မှတ်ချက်

ယင်းကျောက်စာများကို ယခုတိုင် မပျက်မစီး မန္တလေးတောင်၏ အရှေ့တောင်ထောင့်ရှိ ကုသိုလ်တော် ဘုရားဝင်းအတွင်း တွေ့ရှိနိုင်ကြပါသည်။ ကျောက်စာ (တိုင်)များကို စေတီတော်ပတ်လည်တွင် လိုဏ်ဂူအောက်ခံ စေတီရံများ တည်၍၊ တစ်ဆူတွင် တစ်ချပ်ကျစီ စိုက်ထူထားပါသည်။ ယင်းကို ကမ္ဘာ့အကြီးဆုံးစာအုပ်ဟု ကင်ပွန်းတပ်ကြပါသည်။ ယင်း ကျမ်းစာများကို အကာယ်၍ လူတစ်ယောက်သည် တစ်နေ့လျှင် ရှစ်နာရီနှုန်းနှင့် ဖတ်ခဲ့သော် ရက်ပေါင်း ၄၅၀ မျှ ကြာလိမ့်မည်ဟု အချို့ပညာရှင်များ ရေးသားကြသည်ကို ဖတ်ရှုမှတ်သားခဲ့ရဖူးပါသည်။ ***(မြန်မာပြန်သူ)***

ဆဋ္ဌမအကြိမ်မြောက် သင်္ဂါယနာတင်ပွဲကိုတော့ ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် နှစ်ပေါင်း ၂၄၉၈ နှစ်အကြာ၊ မေလ (ကဆုန်လပြည့်နေ့)က စပြီး ကျင်းပခဲ့တာ၊ ၂၅၀၀ ပြည့်နှစ် (၁၉၅၆ ခုနှစ်၊ မေလ)မှာ ပြီးစီးခဲ့ပါတယ်။ အဲဒီပွဲမှာ ပိဋကသုံးပုံကို ပါဠိလို ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပါတယ်။ အခြားဘာသာများနဲ့ ပြန်ဆိုရေးသားဖို့ပါ စီစဉ်ခဲ့ပါတယ်။

ယခုမျက်မှောက် ကာလမှာတော့ အဓိကအားဖြင့် ဗုဒ္ဓဘာသာနှစ်မျိုးသာရှိပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာကို မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနဲ့ လောနိုင်ငံများက ကျင့်သုံးပြီး မဟာယာနဘာသာကိုတော့ တရုတ်၊ တိဘက်နဲ့ ဂျပန်နိုင်ငံများက ကျင့်သုံးကြပါတယ်။

ထေရ်ကြီးဝါကြီးများရဲ့ လမ်းစဉ်လို့ခေါ်တဲ့ ထေရဝါဒ ဗုဒ္ဓဘာသာဟာ မူလအစကတည်းက အစဉ်အလာအတိုင်း ကျင့်သုံးခဲ့ပေမယ့်၊ ဒုတိယအကြိမ် သင်္ဂါယနာတင်ပွဲကစပြီး မဟာယာနဝါဒရဲ့

ရှေ့ပြေး မဟာသံဃိက ကျင့်စဉ်ပေါ်ပေါက်ခဲ့ပါတယ်။ သည့်နောက် ထေရဝါဒနဲ့ ကွဲပြားတဲ့ သာဝတ္ထိဝါဒ ဒုတိယအဓိက ကျင့်စဉ်ရယ်လို့ ထပ်ပြီးပေါ်ခဲ့ပါသေးတယ်။ အစပထမမှာတော့ အနည်းအကျဉ်းသာ ခြားနားပေမယ့် နောက်ပိုင်းမှာ အမျိုးမျိုး ကွဲပြားလာပြီး အများစုဟာ မဟာယာန ဂိုဏ်းဝင်များ ဖြစ်လာခဲ့ကြပါတယ်။

ထေရဝါဒနဲ့ မဟာယာန ဗုဒ္ဓဘာသာတို့ရဲ့ အဓိက ခြားနားချက်များကတော့ ဗုဒ္ဓကိုယ်တော်တိုင်အပေါ် ထားရှိတဲ့ အယူအဆများ၊ ဗောဓိသတ်ရဲ့ လိုလားမျှော်မှန်းချက်များအပေါ် အယူအဆများ၊ ကျင့်ဝတ်သိက္ခာများ၊ အယူဝါဒ ဖြစ်ပေါ် တိုးတက်ပုံများ၊ သံဃာတော်များရဲ့ ဗြဟ္မစရိယကျင့်စဉ်များနဲ့ အခမ်းအနား ကျင်းပပုံများ ဖြစ်ပါတယ်။

သို့ပေမယ့် တူညီတဲ့ အချက်များကတော့ လူသားတို့ တွေ့ကြုံ ဖြတ်သန်းကြရမယ့် မတည်မြဲတဲ့ ဒုက္ခအပေါင်းနဲ့ ဆက်သွယ်တဲ့ သစ္စာလေးပါးတရားရဲ့ အဓိပ္ပာယ်ကို အမျိုးမျိုး ဖွင့်ပြကြပေမယ့် ရုပ်နာမ်တို့ရဲ့ သခ်ါရ (မပိုင်ဖြစ်ပျက်တတ်သည့် သဘော)၊ (အနတ္တတရား)၊ ဝဋ်ဒုက္ခအပေါင်းက ကင်းဝေးစေပြီး သီလနဲ့ ကမ္မဋ္ဌာန်း စီးဖြန်းရေးများပါဝင်တဲ့ မဂ္ဂင်ရှစ်ပါးတရား အခြေခံကျတဲ့ ချစ်ခင်ကြင်နာတဲ့ စိတ်ကို မွေးမြူအပ်တဲ့ မေတ္တာတရား၊ ဗုဒ္ဓရဲ့ အဆုံးအမများကို လက်ခံပြီး တစ်လောကလုံး လိုက်နာကျင့်သုံးရေးနဲ့ ဘဝရဲ့အမြင့်ဆုံး ချမ်းသာသုခဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်စေတဲ့ အလယ်အလတ်လမ်းစဉ်များပဲ ဖြစ်ကြောင်းပါ။

*

# ဗုဒ္ဓဝါဒ၏အနက်အဓိပ္ပာယ်

ဗုဒ္ဓဘာသာဝင်တို့ဟာ **သီလ၊ သမာဓိ၊ ပညာ** ဆိုတဲ့ အဆင့်ဆင့်သော အလယ်အလတ် လမ်းစဉ်ကတစ်ဆင့် နိဗ္ဗာန်ကို တက်လှမ်းကြပါတယ်။ ဒီနေရာမှာ ဗုဒ္ဓရဲ့ များပြားလှတဲ့ တရားတော်တွေနဲ့ ညွှန်ပြထားတဲ့ လုပ်ငန်းစဉ်အချို့ကိုတောင် ဖော်ပြနိုင်ဖို့ နေရာမလုံလောက်ပါဘူး။

သို့ပေမယ့်၊ ဝ ကယ်သန့်စင်တဲ့ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ဘဝဟာ အနှစ်သာရတွေနဲ့ ပြည့်နှက်လို့နေတယ်ဆိုတာကိုတော့ ယုံကြည်ခံယူကြရပါ့မယ်။ ဘဝသံသရာ (ပုနဗ္ဘဝ) တစ်လျှောက်မှာ မိမိကိုယ်ကို အပြစ်ကင်းစင်အောင်နဲ့ ဉာဏ်ပညာပြည့်ဝအောင် လုပ်ပြီး မေတ္တာတရားများကို မွေးမြူ၊ လောဘတဏှာကို ပြတ်အောင် ကြိုးစားအားထုတ်ကြရပါမယ်။

သည်နည်းအားဖြင့် မကောင်းမှုဆိုတဲ့ ကံ(အလုပ်)ကို လျော့ကျစေပြီး (မကောင်းမှု) မီးတောက်မီးလျှံကိုပါ တဖြည်းဖြည်း ငြိမ်းသတ်စေပါတယ်။

ပညာဉာဏ်ကင်းမဲ့မှု (အဝိဇ္ဇာ)ဟာ လူမှုဒုက္ခအပေါင်းရဲ့အစ ရေသောက်မြစ် ဖြစ်ပါတယ်။ သည်ပညာဉာဏ် ကင်းမဲ့မှုကြောင့်

လိုချင်တပ်မက်မှု (တဏှာပေမ) ဖြစ်ပေါ်လာပြီး မကောင်းမှုကံ (အလုပ်)ရဲ့ စွမ်းအားကို သက်ဝင်လှုပ်ရှားစေပါတယ်။ နိဗ္ဗာန်ရောက်ကြောင်းလမ်းဟာ အသိပညာရှိမှုအပေါ်မှာ တည်မှီတဲ့အတွက် ဗုဒ္ဓရဲ့ ဓမ္မ (တရားတော်) အဆုံးအမအဝန်းအဝိုင်းကိုပဲ ပြန်ရောက် (အားပြု) ကြရပါတယ်။

ဘာကြောင့်လဲဆိုတော့ သည်ဓမ္မ (တရားတော်)မှာသာ အမှန်တရားတွေ ညွှန်ပြထားပြီး အသိပညာမဲ့မှု၊ လိုချင်တပ်မက်မှုနဲ့ မတည်မြဲမှုများက လွတ်မြောက်စေနိုင်လို့ပဲဖြစ်ပါတယ်။

ဒါဖြင့် ဗုဒ္ဓဝါဒဆိုတာ ဘာလဲ။ (ဘယ်လို အဓိပ္ပာယ်ဆောင်သလဲ)။ အချုပ်အားဖြင့် ဗုဒ္ဓဝါဒဟာ ကိုးကွယ်ရာ ဘာသာတစ်ခုလို့ အတိအကျ မဆိုနိုင်ပေမယ့်၊ အကျင့်သီလတွေနဲ့ ပြည့်စုံစေတဲ့ စည်းစနစ်ကျတဲ့ လေ့ကျင့်ခန်းတစ်ရပ်လို့ပဲ ဆိုရပါမယ်။ တွေ့ကြုံကြရသမျှထဲမှာတော့ တကယ့်ကို အထူးခြားဆုံးပါပဲ။

လူတို့ရဲ့ ပညာဉာဏ်ကို ပွင့်လင်းစေပါတယ်။ နောက်ဆုံးထူးကဲတဲ့သူအဖြစ်ရောက်ရှိစေပြီး မိမိနဲ့ မိမိရဲ့အတွေ့အကြုံ ဗဟုသုတတွေတောင်မှ အသုံးမဝင်တော့တာကို တွေ့ကြရပါမယ်။

မြင့်မြတ်တဲ့ ခရစ်ယာန်ဘုန်းတော်ကြီး မိုက်(စ)တာအက်(ခ်)ဟတ် (Meister Eckhart) က 'ဘုရားသခင်ရဲ့ ကောင်းကင်ဘုံသည် သေပြီးသူများအတွက်မှတစ်ပါး မဟုတ်ပြီ' လို့ ဆိုမိန့်ပါတယ်။

ဒါကို ဗုဒ္ဓဘာသာအနေနဲ့ လက်ခံနိုင်ပေမယ့် သူ့ထက်ပျော့ပျောင်းတဲ့ 'မိမိတို့ ရှာဖွေမျှော်မှန်းကြတဲ့ နိဗ္ဗာန်ဆိုတာ နားမလည်နိုင်လောက်အောင် လွန်ကဲတဲ့ ငြိမ်းချမ်းရေးကို အောင်နိုင်တဲ့ သဘော၊ ရုပ်၊ နာမ်တို့ရဲ့ မတည်မြဲမှုကို ကျော်လွန်ပြီး၊ ထာဝစဉ်တည်မြဲတဲ့

ငြိမ်းချမ်းရေးကို ရှာဖွေတွေ့ရှိတဲ့သဘောဟာ နိဗ္ဗာန်ပဲ’လို့ ဆိုရပါလိမ့်မယ်။

ဗုဒ္ဓဘာသာဝင်တွေဟာ ဝိပဿနာကမ္မဋ္ဌာန်းတရားများ ပွားများခြင်းနဲ့၊ သန့်ရှင်းစင်ကြယ်တဲ့ အတွေးအထင်များကို မှန်ကန်စွာ မွေးမြူကျင့်သုံး အားထုတ်ခြင်းဖြင့် အဆင့်ဆင့်တက်လှမ်းပြီး နောက်ဆုံးမှာ ဗုဒ္ဓလိုပဲ ပြီးပြည့်စုံတဲ့ အသိဉာဏ် ရရှိကြလိမ့်မယ်။ အရာရာကိုလဲ ကျော်လွှန်နိုင်လိမ့်မယ်လို့ စွဲမြဲစွာ ယုံကြည်ကြပါတယ်။

ဗုဒ္ဓဘာသာဝင်တိုင်းဟာ ရဟန်းများမဟုတ်ကြသလို၊ ကျွမ်းကျင် လိမ္မာတဲ့ သူများလဲ မဟုတ်ကြပါဘူး။ ဗုဒ္ဓဝါဒဟာ ကမ္ဘာတစ်လွှားမှာ သွားလာလုပ်ကိုင်နေကြတဲ့ သာမန်လူသားများအတွက် ဘယ်လို အဓိပ္ပာယ်ဆောင်ပါသလဲ။

ဗုဒ္ဓရဲ့ အဆုံးအမ အားလုံးလိုမှာပဲ မိမိကိုယ်မိမိ အားကိုးကြဖို့ အလေးအနက်ပြုပြီး ထပ်ခါတလဲလဲ ရှင်းပြလေ့ရှိပါတယ်။ ဗုဒ္ဓဝါဒဟာ မိမိခြေထောက်ပေါ် မိမိရပ်စေပါတယ်။ မိမိရဲ့ ခွန်အားနဲ့ မိမိကိုယ်မိမိ ယုံကြည်မှုကို နိုးထစေပါတယ်။

ဗုဒ္ဓဟာ တပည့်သာဝကများကို သူတို့ ပြုလုပ်ခဲ့တဲ့ အပြစ် (အကုသိုလ်)များက လွတ်မြောက်အောင် ကယ်တင်နိုင်မယ့်သူဟာ သည်လောကမှာပဲဖြစ်ဖြစ်၊ နိဗ္ဗာန်မှာပဲ ဖြစ်ဖြစ် တစ်ဦးတစ်ယောက်မျှ မရှိဘူးလို့ အဖန်တလဲလဲ ပြောကြားခဲ့ပါတယ်။

ဒါကြောင့် ဗုဒ္ဓဘာသာဝင်များအနေနဲ့ သူတို့ရဲ့ စိတ်သည်သာ ခုဘဝအတွက်ရော၊ နောင်တမလွန်ဘဝအတွက်ပါ ထိန်းကျောင်းပေးနိုင်မယ့် ဂုဏ်သတ္တိတွေ ရှိပါတယ်။

နောက်ဆုံးမှာ အမှန်တရားကို ရောက်ရှိလိမ့်မယ်လို့ ကောင်းစွာ

နားလည်သဘောပေါက်ကြပါတယ်။ ဘယ်သူမျှ မယှဉ်နိုင်တဲ့ ခွန်အားများ သူတို့မှာ ရှိကြတယ်ဆိုတာ သူတို့ကောင်းစွာ သိကြပါတယ်။

ဒါတွင် မကသေးပါဘူး။ ဗုဒ္ဓက လူတို့ရဲ့ နေ့စဉ်ဘဝမှာ စိတ်ရဲ့အခန်းကဏ္ဍအကြောင်းကိုအထူးပြုပြီး တိကျစွာထောက်ပြထားပါသေးတယ်။ နိဗ္ဗာန်ဆိုတာ နောက်ဆုံး ငြိမ်းချမ်းရေးပါ။

ကုသိုလ်၊ အကုသိုလ်တို့ကို လွန်မြောက်တဲ့သဘော။ သည်လိုအသိဉာဏ်ရစေမယ့် လမ်းဟာ အမှန်က မိမိတို့ရဲ့ အကျင့်သီလပဲ။ ကံတရားတော်အတိုင်း မိမိတို့ ပြုလုပ်ကြတဲ့အပေါ်မှာ တည်ပါတယ်။ မိမိတို့ ပြုလုပ်လိုက်တဲ့ (အလုပ်) အကြောင်းတရားဟာ မိမိဘဝအတွက် အကျိုး ဖြစ်စေပါတယ်။ ဒါကြောင့်၊ မိမိလုပ်လိုက်တဲ့ အလုပ် (ကံ စွမ်းအား) ကောင်းရင် ကောင်းကျိုးကို မလွဲမသေ ရကြမှာပါ။

ဗုဒ္ဓရဲ့ တရားတော်မှာ မေတ္တာကို အထူးပြုပြီး ဟောပါတယ်။ သည်မေတ္တာဟာ ဗုဒ္ဓဘာသာဝင်တို့အဖို့ အောင်နိုင်ရေး မှခ်ဦး (အရာခပ်သိမ်းတို့ရဲ့ပန်းတိုင်)၊ ချစ်ခြင်းသဘောအားလုံး ပါဝင်ပါတယ်။

မေတ္တာဆိုတာ ညီအစ်ကိုချစ် (ချစ်ခင်တွယ်တာစိတ်) သို့မဟုတ် သနားကြင်နာစိတ်ကွေ ပါဝင်ပေမယ့်၊ သည့်ထက် သာလွန် လွန်ကဲပါသေးတယ်။ ထိရောက်တဲ့ စိတ်စေတနာကောင်းနဲ့ သူတစ်ပါးရဲ့ အကျိုးကို ဖြည့်ဆည်းတဲ့ ချစ်ခြင်းသဘောပါ။

မေတ္တာဆိုတာ မိမိကိုယ်ကျိုးကို စွန့်ပြီး ကူညီစောင့်ရှောက်ခြင်း သဘော၊ သူတစ်ပါးရဲ့ လူမှုရေးလိုအပ်ချက်နဲ့ ပျော်ရွှင်ချမ်းမြေ့ရေးတွေကို လိုလိုလားလား ဖော်ဆောင်တဲ့သဘောပါ ပူးတွဲပါဝင်ပါတယ်။

ဗုဒ္ဓဝါဒမှာ မေတ္တာဟာ လူမှုတိုးတက်ရေးရဲ့ အခြေခံ ဖြစ်ပါ

တယ်။ နောက် မေတ္တာဆိုတာ သူတစ်ဦးတစ်ယောက် လွန်မင်းစွာ နာကြင်ခံစားနေရချိန်၊ အတိဒုက္ခရောက်နေချိန်တို့မှာ အကျယ်ပြန့်ဆုံးနဲ့ မမှန်းဆနိုင်လောက်အောင် ခံစားရတဲ့ ကိုယ်ချင်းစာတရားရှိမှုပဲ ဖြစ်ပါတယ်။

**စစ်မှန်တဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဟာ သတ္တဝါ အားလုံးအပေါ် တူညီတဲ့မေတ္တာထားပြီး လူမျိုးမရွေး၊ လူတန်းစားမရွေး၊ အသားအရောင် မရွေး၊ ကျား-မ မရွေး လက်တွေ့ပြသ ကျင့်သုံးလေ့ ရှိပါတယ်။**

ဒါ့အပြင် သမ္မာကျမ်းစာဟာ အနောက်နိုင်ငံသားတို့အဖို့ ယဉ်ကျေးမှုနဲ့ တွေးထင်မှုတို့ရဲ့ အကြောင်းခံတရားဖြစ်သလို၊ ဗုဒ္ဓရဲ့ အဆုံးအမဟာလဲ အရှေ့တိုင်းသားများအတွက် ယဉ်ကျေးမှုဆိုင်ရာ တွန်းအားဖြစ်ပါတယ်။ ဗုဒ္ဓရဲ့ တရားဓမ္မများဟာ ခရစ်ယာန် သမ္မာကျမ်းစာများထက် ပိုပြီးများသလို ပိုပြီး အသေးစိတ်လဲ ကျပါတယ်။ ဒါကို ဘာသာပြန်ရမည်ဆိုရင် အတွဲဒါဇင်ပေါင်းများစွာ ဖြစ်ရပါလိမ့်မယ်။ ဗုဒ္ဓရဲ့ အဆုံးအမ (တရား)များကို ပါဠိလို တိပိဋကလို့ ခေါ်ပါတယ်။ ခြင်းတောင်းကြီးသုံးလုံးလို့ အဓိပ္ပာယ်ရပါတယ်။

ဝိနည်းပိဋက 'စည်းကမ်းချက်များ ခြင်းတောင်း'မှာ ကျမ်းငါးစောင် ရှိပြီး သံဃာတော်များ ကျင့်သုံးရေးဆိုင်ရာ စည်းကမ်းဥပဒေသများ ပါဝင်ပါတယ်။

သုတ္တန်ပိဋက ''တရားဓမ္မများခြင်းတောင်း'မှာ တရားဓမ္မဆွေးနွေးခန်းများ၊ ပုံဝတ္ထုများ၊ ကဗျာများနဲ့ စကားပုံများကို စုစည်းပြီး စကားပြေနဲ့ရေးသားထားပါတယ်။ ဗုဒ္ဓဝါဒအရ လိုက်နာကျင့်သုံးကြရမယ့် သီလ(ကိုယ်ကျင့်တရား)တွေကို ဖော်ပြထားပါတယ်။

အဘိဓမ္မာ ပိဋက၊ 'အဆုံးစွန်တရားများ ခြင်းတောင်း' မှာတော့

ကိုယ်တွေ့ သိမြင်မှုနဲ့ ဆိုင်တဲ့ ၊ သဘာဝဓမ္မနဲ့ဆိုင်တဲ့၊ စိတ်ပညာနဲ့ ဆိုင်တဲ့ တရားတွေပါဝင်လို့ ဒဿနဗေဒပညာရှင်များ ပိုပြီး စိတ်ဝင်စားကြပါတယ်။

ဒါကြောင့် တိပိဋက (ပိဋကသုံးပုံ)ဟာ ပညာရေး၊ အကျင့်သီလ ရေးနဲ့ လောကုတ္တရာရေးဆိုင်ရာ လုပ်ငန်းစဉ်များ ပါဝင်ပြီး လူတန်းစားအားလုံးကို လမ်းညွှန်မှုများ ပေးထားပါတယ်။ ရှင်တော် ဗုဒ္ဓရဲ့ မိန့်မှာချက်ကတော့ မြန်မာနိုင်ငံတွင်သာမက သတ္တဝါအားလုံးအတွက် ပါ မီးအိမ်ကို ထွန်းညှိပါ (ပညာအလင်းရောင် ဖြန့်ပေးပါ) ဟူ၍ ဖြစ်ကြောင်းပါ။

*

# ဗုဒ္ဓဘာသာနှင့်ကြောင်းကျိုးတရား

ဗုဒ္ဓဘာသာဝင်များအဖို့ ဗုဒ္ဓဘာသာဟာ ယေဘုယျအားဖြင့် အများနားလည်နေကြတဲ့ ဘာသာမျိုးမဟုတ်ပါဘူး။ သည်နေ့ကမ္ဘာ တစ်လွှားမှာ မတည်မငြိမ် ဖြစ်နေတဲ့ကြားကပဲ၊ ဗုဒ္ဓဝါဒဟာ ဘဝမှန်ကို ဘယ်လို ပျော်ရွှင်ချမ်းမြေ့စွာနဲ့ ငြိမ်းချမ်းစွာ နေကြရမယ်ဆိုတာကို ပြသဖို့ လက်တွေ့နည်းလမ်းတစ်ရပ် ဖြစ်ပါသည်။

## မှတ်ချက်

ဗုဒ္ဓဝါဒဟာ ဘာသာတရား မဟုတ်ဘူးလို့ ဘာကြောင့် ပြောရသလဲဆိုရင် ယုံကြည်မှု(Faith)နဲ့ ရှိခိုးဝတ်ပြုမှု- ကိုးကွယ်ခြင်း (Worship)စနစ် မဟုတ်လို့ပါဘဲ။ ဘာသာတရားဆိုတဲ့ စကားဟာ သာမန်အားဖြင့် ယုံကြည်ခြင်းနဲ့ ရှိခိုးဝတ်ပြုခြင်းတို့ကို ရည်ညွှန်းတာ ဖြစ်ပါတယ်။ တကယ့်ဗုဒ္ဓဝါဒဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ဘဝမှန် (မှန်ကန်စွာအသက်မွေးခြင်း)ကို သိအောင်၊ ဘဝရဲ့အခြေအနေ အရပ်ရပ်ကို သိအောင်၊ အခြားသူများနဲ့ဖြစ်စေ၊ အမှန်တရားများနဲ့ ဖြစ်စေ၊ လိုက်လျောညီထွေစွာ နေတတ်အောင် ပြညွှန်တဲ့လမ်း (ကျင့်စဉ်)များ ဖြစ်လို့ပါပဲ။

ဆရာတော်က ဤသို့ရှင်းလင်းဟောကြားသည်ကို အရှင်ဉာဏိကရေးသည့် **'ဆရာတော် အရှင်သေဋ္ဌိလ၏ ဘဝဖြစ်စဉ်နှင့် ကမ္ဘာ့ဗုဒ္ဓသာသနာပြုမှတ်တမ်း'** (၁၉၉၀) တွင် ဤသို့ဖတ်ရှုရပါသည်။

'အများက ဘာသာတရား (Religion)ဟူသော စကားအရ၊ ယုံကြည်လက်ခံထားကြသော အဓိပ္ပာယ်မှာ ယုံကြည်မှုနှင့် ရှိခိုးဝတ်ပြုမှုတို့ကို အခြေခံသည်။

ယုံကြည်မှုဟူသည်မှာလည်း အနန္တလောကစကြဝဠာကိုဖန်ဆင်းသော အနန္တတန်ခိုးရှင်ကို ယုံကြည်အားထားခြင်း၊ မည်သည့်အခါမှ မသေဆုံးမပျက်ဆီးနိုင်သော အတ္တ (An Immortal Soul) နှင့် ဗြဟ္မာ၊ ထာဝရ၏ဆန္ဒအတိုင်း အကောင်အထည်ဖော်ရသော ကယ်တင်ရှင် (Savior) သို့တည်းမဟုတ် တမန်တော်ကိုယုံကြည်ခြင်းပင် ဖြစ်သည်။ ဗုဒ္ဓဘာသာ၌ ဤသို့သောယုံကြည်ခြင်းမျိုးမရှိပါ'။

'ဗုဒ္ဓဘာသာတွင်လည်း နတ်ဗြဟ္မာဆိုတာရှိပါတယ်။ သို့သော် သူတို့မှာ အခြားဘာသာများက လက်ခံယုံကြည်ထားကြသလို ကမ္ဘာကိုဖန်တီးနိုင်တဲ့သတ္တိမရှိပါ။ သူတို့ကိုယ်တိုင်ပင် သေဆုံးပျောက်ကွယ်ခြင်းသဘောရှိပါတယ်။ အကြောင်းအကျိုး ဖြစ်စဉ်ကြီးမှမလွတ်ပါ။ မည်သူ့ကိုမျှ ဘဝသံသရာမှ မကယ်တင်နိုင်ပါ။ ဗုဒ္ဓက မည်သည့် နတ်ဗြဟ္မာတန်ခိုးရှင်ကိုမှ ယုံကြည်အားကိုးဖို့ မတိုက်တွန်းပါ။'

'ဗုဒ္ဓသည် မည်သူ့ကိုမှ ပုံ၍အပ်ခြင်း၊ ယုံကြည်ခြင်းမပြုရန် ဟောညွှန်ခဲ့ပါသည်။ ဗုဒ္ဓကို ခိုလှုံရာအဖြစ် (ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ) မှတ်ယူခြင်းဆိုသည်မှာ အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်ကို ဗုဒ္ဓက ဟောပြောတဲ့အတွက် သည်သင်ကြားချက်ကို လိုက်နာရင်လည်း၊ ဒုက္ခခပ်သိမ်း အေးငြိမ်းနိုင်တဲ့အတွက် သင်ကြား

ပြသူဆရာ၊ ရှေ့သွားခေါင်းဆောင်တစ်ယောက်ကို အသိအမှတ်ပြုခြင်းမျိုးကို ဆိုလိုပါသည်။ သူ့ကံနှင့်သူသာ ကိုယ်ပြုတဲ့ ကောင်းမှု၊ မကောင်းမှုအရ ကောင်းကျိုးဆိုးပြစ်ခံကြရတာ။'

'နောက်တစ်ချက်က ဗုဒ္ဓဘာသာဝင်များအဖို့ ဗုဒ္ဓကို ကိုးကွယ်ရာ၊ ခိုလှုံအားထားရာအနေနဲ့ ယုံမှတ်ဆည်းကပ်ခြင်းဟာ၊ ဗုဒ္ဓသည် သတ္တဝါအများတို့ရဲ့ မဟာ ကရုဏာရှင်ဖြစ်တယ်ဆိုတဲ့ ယုံကြည်ချက်ကြောင့်ပါပဲ။

ဗုဒ္ဓကိုယ်တော်မြတ်ဟာ သတ္တဝါတွေအမြင်မှန်ရပြီး အားနည်းချက်အမျိုးမျိုး၊ စိတ်ညစ်ညူးမှုအဖုံဖုံ၊ ပူဆွေး၊ ဝမ်းနည်း၊ ဆင်းရဲမှုအထွေထွေမှ လွတ်ကြပါစေလို့ ဆင်းရဲကင်းကြောင်းနည်းလမ်းကောင်းတွေ ပြသွန်တော်မူတယ်။

သည်နည်းလမ်းကို ကိုယ်တွေ့ရှာဖွေတဲ့အခါတုန်းကများဆိုရင်၊ ရှည်လျားပင်ပန်းလှတဲ့ အခက်အခဲ၊ အကျပ်အတည်း၊ ဆင်းရဲပင်ပန်းမှုတွေကို ဇွဲကောင်းကောင်းနဲ့ အားထုတ်ကြိုးစားပြီး ခုခံခဲ့ရတယ်။

နောက်ဆုံး အမြင့်ဆုံးဉာဏ်တော် (Supreme Enlightenment) ကို ရတော်မူပါတယ်။ ရတော်မူတော့လည်း နေ့မအား၊ ညမနား ကိုယ်ကာယပင်ပန်းမှုကို နည်းနည်းကလေးမှအရေးမထားဘဲ၊ သက်တမ်းတစ်လျှောက်လုံး သတ္တဝါအားလုံးကို ငြိမ်းချမ်းသာယာရေး၊ ဒုက္ခမှကင်းလွတ်ရေး၊ ဘဝသံသရာပြတ်စဲရေးကို နည်းပေးလမ်းပြ ဆုံးမသွန်သင်ရန် နေရာအနှံ့ ကြွတော်မူတယ်။ ဒါ့ကြောင့် ဗုဒ္ဓဟာ သည်အဓိပ္ပာယ်ခံယူချက်နဲ့ဆိုရင် တကယ့် ကယ်တင်ရှင်ကြီးဖြစ်တော်မူပါတယ်။'

'ဗုဒ္ဓက သတ္တဝါတွေ လောဘ၊ ဒေါသ၊ မောဟစတဲ့

အမှောင်ထုအင်အားစုတွေကို တိုက်ခိုက်တွန်းလှန်နိုင်ဖို့ရန် နည်းလမ်းနဲ့ လက်နက်ပေးပြီ၊ တိုက်တွန်းတော်မူခဲ့တဲ့အတွက်၊ နတ်,လူအများတို့ရဲ့ ရှိခိုးဦးတိုက်ဂုဏ်ပြုဖို့ ထိုက်တော်မူတယ်။

ဒါကြောင့် ရှိခိုးဦးတိုက်ကြတယ်။ ကယ်တော်မူပါ၊ မ,တော်မူပါ၊ ဂုဏ်ကျက်သရေ၊ စည်းစိမ်ဥစ္စာကို ပေးတော်မူပါလို့ တောင်းခံနေတာမဟုတ်ပါ။ တောင်းခံလို့လည်း မရနိုင်ပါ။ ပေးတဲ့သူကလည်း ပေးလို့ ဖြစ်နိုင်တာမျိုးမဟုတ်ပါ။'

*(မြန်မာပြန်သူ)*

ဗုဒ္ဓဝါဒဟာ ကြောင်းကျိုးတရားက ပေါက်ဖွားလာပါတယ်။ ဒါကြောင့် ဗုဒ္ဓဝါဒဟာ အခိုင်အမာချမှတ်ပြဋ္ဌာန်းထားတဲ့ တရားသေဝါဒ (Dogma) မဟုတ်ပါဘူး။

လောကရဲ့သဘာဝဥပဒေသများကို သိပ္ပံနည်းကျကျ ရှင်းလင်းပြသွန်ထားတဲ့ တရားဖြစ်ပါတယ်။ တရားသေဝါဒဆိုတာ အများသိကြတဲ့အတိုင်း သက်ဆိုင်ရာများက အမှန်တရားကို ကိုယ်စားပြုပြီး တရားသေစနစ်အဖြစ် ချမှတ်ပြဋ္ဌာန်းထားတာပဲဖြစ်ပါတယ်။

သဘောကတော့ တစ်ဦးတစ်ယောက်ရဲ့ အယူအဆကိုထုတ်ပြန်ထားတဲ့ ကြေညာချက်ပါပဲ။ ဗုဒ္ဓဝါဒမှာ ဒါမျိုး လုံးဝမရှိပါဘူး။ အားလုံး လိုက်နာကျင့်သုံးအပ်တဲ့ အမှန်တရားများနဲ့ အခြေခံစည်းမျဉ်း (ကျင့်ဝတ်) များသာရှိပါတယ်။

ဗုဒ္ဓဝါဒက အမှန်တရားများ၊ စကြဝဠာနဲ့ဆိုင်တဲ့ ဥပဒေသများ၊ ကြောင်းကျိုးတရားများ (ဓမ္မနိယာမ) ကို ထုတ်လှစ်ပြီး၊ မိမိသည်သာ မိမိ၏ ဘဝအရှင်သခင်ဖြစ်တယ်လို့ ကြေညာခြင်းပြုပါတယ်။ ဗုဒ္ဓဘာသာ ်င်တစ်ယောက်အနေနဲ့ မိမိရဲ့ဘဝကို မိမိစိတ်ကူးရှိတဲ့အတိုင်း

မိမိကြိုက်နှစ်သက်သလို ပုံလောင်းနိုင်ကြပါတယ်။

ဗုဒ္ဓဝါဒဟာ စိတ်ရဲ့လေ့ကျင့်မှုမရှိလို့ သေရမှာကြောက်တယ်ဆိုတဲ့ ကြောက်လန့်မှုကိုလည်း ဖယ်ရှားပေးပါတယ်။ ဗုဒ္ဓဝါဒဟာ အကောင်းမြင်ဝါဒလည်းမဟုတ်၊ အဆိုးမြင်ဝါဒလည်းမဟုတ်တဲ့ မှန်ကန်တဲ့ဘဝရှုထောင့်မှုပဲ ဖြစ်ပါတယ်။

များသောအားဖြင့် အနောက်နိုင်ငံသားတွေဟာ ဗုဒ္ဓဝါဒကို အဆိုးမြင်ဝါဒလို့ ထင်မှတ်ကြပါတယ်။ အမှန်ကတော့ ဗုဒ္ဓဝါဒဟာ အဆိုးမြင်ဝါဒမဟုတ်သလို အကောင်းမြင်ဝါဒလည်း မဟုတ်ပါဘူး။

ကမ္ဘာမှာရှိကြတဲ့ လူအတော်များများ အထူးသဖြင့် ဆင်ခြင်ဘုံတရား ကင်းမဲ့ကြသူများ၊ ဂရုတစိုက်မရှိဘဲ ပေါ့ပေါ့နေတတ်ကြသူများဟာ ဘဝကို အကောင်းဘက်ဆွဲယူပြီး ကြည့်တတ်ကြပါတယ်။ သည်လူသားတွေ စိတ်ဓာတ်ကျတဲ့အခါ အကောင်းဘက်ကိုကြည့်ဖို့ပဲ တိုက်တွန်းဆုံးမကြလေ့ရှိပါတယ်။

သည်နည်းဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက်အဖို့ မမှန်ကန်ပါဘူး။ အကောင်းမြင်ဝါဒဟာ ဘဝရဲ့အခြေအနေတွေကို ပိုပြီးတွက်လေ့ရှိတဲ့အတွက် အမှန်တရားကို မမြင်စေပါဘူး။ အလားတူပဲ အဆိုးမြင်ဝါဒဟာလည်း အရာရာကိုလျော့ပြီးတွက်လေ့ရှိတဲ့အတွက် အမှန်ကို မမြင်စေပြန်ပါဘူး။

ဘဝမှန်ကို မြင်စေတာကတော့ သည်အစွန်းနှစ်ဖက်ကင်းတဲ့ အလယ်လမ်း(မဇ္ဈိမပဋိပဒါ)ပါပဲ။ သည်အစွန်းနှစ်ဖက်အနက် တစ်ဖက်ဖက်ကို လိုက်လို့ကတော့ ဘယ်သူ့ကိုမှ အကျိုးပြုမှာမဟုတ်ပါဘူး။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်များအဖို့ကတော့ ဗုဒ္ဓဝါဒဟာ ဘဝမှန်ကို တည်ဆောက်ရေးပါပဲ။

ခုဘဝမှာ ပျော်ရွှင်ချမ်းမြေ့ပြီး ငြိမ်းချမ်းစွာ၊ လုံခြုံစွာနေနိုင်ဖို့နဲ့ နောက်ဘဝ လုံခြုံဖို့ဆိုတဲ့နည်းလမ်းပဲလို့ အဓိပ္ပာယ်ရပါတယ်၊ ခံယူကြပါတယ်။ ဗြိတိန်နိုင်ငံကလူတွေဟာ အနာဂတ်လုံခြုံရေး အကြောင်း ပြောကြလေ့ရှိပါတယ်။

ဒါပေမယ့် သူတို့ပြောကြတဲ့ လုံခြုံရေးဟာ ယာယီသဘောဆောင်ပါတယ်။ ဗုဒ္ဓဘာသာဝင်တွေပြောကြတဲ့ လုံခြုံရေးကတော့ တည်မြဲပါတယ်။ ဘဝသံသရာပြတ်စေတဲ့ အမြဲတမ်းသဘောဆောင်ပါတယ်။

လူတို့ရဲ့ဘဝ၊ စကြဝဠာတစ်ခုလုံးမှာရှိကြတဲ့ သတ္တဝါမှန်သမျှတို့ရဲ့ဘဝဟာ ဘယ်တော့မှမပြောင်းလဲတဲ့၊ အဆုံးအစမရှိတဲ့ ဥပဒေသတွေဖြစ်တဲ့ ကြောင်းကျိုးတရားတွေ၊ စိတ်ပိုင်းဆိုင်ရာဥပဒေသတွေ၊ စိတ္တဗေဒဆိုင်ရာဥပဒေသတွေ (စိတ္တနိယာမ) က စိုးမိုးထားပါတယ်။ ဒါ့ကြောင့် စကြဝဠာတစ်ခုလုံးကို၊ တကယ်ရှိလေဟန် ထင်ရတဲ့ ဘုရားသခင်က မဟုတ်ဘဲ၊ သည်အဆုံးအစမရှိတဲ့ ဥပဒေသတွေကသာ စိုးမိုးလို့နေပါတယ်။

ပမာဆိုကြပါစို့။ ဗုဒ္ဓဝါဒအရ အပြစ် – အင်္ဂလိပ်ဒစရိုက်မှု (Sin) ဟာ ခရစ်ယာန်ဘာသာမှာ ဖော်ပြလေ့ရှိတဲ့ မူလအပြစ်နဲ့ လုံးဝမတူ တစ်ဘာသာခြားပါတယ်။

ဗုဒ္ဓဝါဒမှာ အပြစ်ဆိုတာ အမှန်တရားများ၊ တရားမျှတမှုရှိတဲ့ ဥပဒေသများကို၊ မသိနားမလည်တဲ့လူတွေရဲ့ လုပ်ဆောင်ချက်ရဲ့ ရလဒ် (အကျိုးတရား) ပဲလို့ဆိုပါတယ်။ သိကြတဲ့အတိုင်းပဲ အပြစ်ကို ကျူးလွန်မိရင် ဝမ်းနည်းကြေကွဲစရာတွေဖြစ်ပေါ်စေပါတယ်။ တကယ်က သည်ဥပဒေသတွေဟာ ရှေးအထက်ကျော် ကာလကတည်းက

ရှိခဲ့တဲ့ ဘ၀ရဲ့ဥပဒေသတွေ၊ အဆုံးအစမရှိတဲ့ ဘ၀ရဲ့ဥပဒေသတွေပဲ ဖြစ်ပါတယ်။

ကမ္ဘာကြီးကို အမှန်တရားများက ထိန်းကျောင်းနေတာမဟုတ်ဘဲ၊ ဘုရားသခင်ကသာ စဉ်ဆက်မပြတ် ပြောင်းလဲဖန်ဆင်းနေတယ်လို့ ထင်မြင်ကြသူတွေအတွက်တော့၊ အမြင့်ဆုံးတန်ခိုးတော်ရှင်ဘုရားသခင်ကိုပဲ၊ ကောင်းအောင်ဖန်ဆင်းပေးဖို့ တောင်းပန်တိုက်တွန်းကြရုံပဲရှိပါတော့တယ်။

ဒါက၊ ဘာကိုပြသလဲဆိုရင် ဘုရားသခင်ရဲ့ဆန္ဒဟာ အမြဲတမ်းမှုတမှုရှိတယ်ဆိုတာကို မယုံကြည်ကြတဲ့ သဘောပါပဲ။

ဘုရားသခင်ရဲ့အမျက်ဒေါသကို ကျေအေးအောင်၊ သနားကရုဏာထားလာအောင်၊ မိမိကို မျက်နှာလိုက်အောင် တောင်းခံရမယ့်သဘောဖြစ်နေပါတယ်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်အဖို့တော့ စကြဝဠာတစ်ခုလုံးကိုဖြစ်စေ၊ လူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ လူသားအားလုံးကိုဖြစ်စေ၊ သဘာဝတရားနဲ့ အမှန်တရားများကသာ ထိန်းချုပ်ထားတယ်လို့ ခံယူပါတယ်။

ဘယ်တော့မှ မပြောင်းလဲတဲ့ ပရမတ္ထသစ္စာ (အမြဲမှန်နေတဲ့တရား၊ အကြွင်းမဲ့မှန်နေတဲ့တရား) လို့ ခံယူပါတယ်။ ဒါ့ကြောင့် လူတိုင်းရဲ့တာဝန်ဟာ သည် သဘာဝတရားတွေ၊ တရားမှုတတဲ့ ဥပဒေသတွေကို ပြောင်းလဲပေးဖို့ ဆုတောင်းခြင်း (Prayer)မပြုကြဘဲ၊ အစဉ်စောင့်ထိန်း (ကာကွယ်) ကြဖို့ပါပဲ။ သည် အဆုံးအစ မရှိတဲ့ ဥပဒေသတွေ၊ ဘယ်တော့မှ မပြောင်းလဲတဲ့တရားတွေကို နားလည်အောင်လုပ်ပြီး လိုက်လျောညီညွတ်အောင် (သဟဇာတ) ဖြစ်အောင် နေကြဖို့ပါပဲ။

ရှင်တော်ဗုဒ္ဓ တစ်လျှောက်လုံး ဟောကြားခဲ့သမျှမှာ မိမိကိုယ်မိမိ အားကိုးဖို့၊ မိမိကိုယ်မိမိ ယုံကြည်ဖို့၊ စိတ်ဓာတ်ကြံ့ခိုင်စွာ ပိုင်းဖြတ်ဖို့၊ ခွန်အားများ မွေးမြူဖို့၊ မှန်ကန်တဲ့အလုပ်ကို လုပ်ဖို့၊ လုံ့လထုတ် ကြိုးကုတ်ဖို့ အမြဲပဲ အလေးအနက်ထား ဆုံးမတော်မူခဲ့ပါတယ်။

ဗုဒ္ဓဝါဒဟာ လူသားတိုင်းကို မိမိခြေထောက်ပေါ် မိမိရပ်စေပြီး မိမိကံကြမ္မာရဲ့ အရှင်သခင်ဖြစ်စေပါတယ်။ မှန်ကန်တဲ့ သတ္တိရှိမှုကိုလည်း အထူးပြုပြီး ဟောကြားတော်မူခဲ့ပါတယ်။

ဓမ္မပဒမှာ 'သင်တို့သည် ကိုယ်တိုင်အားထုတ်ကြကုန်လော့၊ ဘုရားရှင်တို့သည် (လမ်းမှန်) ကို ညွှန်ကြားရုံမျှ ဖြစ်ကုန်၏။ ကျင့်ကြံကုန်၍ ကိလေသာကို ရှို့မြိုက်ကြကုန်သူတို့သည်သာ မာရ်မင်း အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ကုန်၏' လို့ ဆိုပါတယ်။

အဲဒီစာအုပ်ထဲမှာပဲ 'မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းတည်း။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့လျော့သောသူတို့သည် သေသည်မမည်ကုန်။ မေ့လျော့သူတို့သည် သေသည်မည်ကုန်၏' လို့လည်း မိန့်ကြားခဲ့ပါတယ်။

ဗုဒ္ဓက အရာခပ်သိမ်း သက်ရှိသတ္တဝါခပ်သိမ်းတို့သည် သေခြင်းသဘောနှင့်အတိဖြစ်၏။ စဉ်ဆက်မပြတ်၊ အဆုံးအစမရှိ သေကြကုန်၏။ သေခြင်းကင်းသည့် အဓိပ္ပာယ်ကား နိဗ္ဗာန်တည်းလို့ ဆိုပါတယ်။

ဒါကြောင့် ဗုဒ္ဓက မဆုံးနိုင်တဲ့ လုံ့လ၊ မတုန်လှုပ်တဲ့ ဇွဲ သတ္တိတွေနဲ့ ကြိုးစားခဲ့လို့ ခုလိုအမြင့်ဆုံး ဉာဏ်တော်ကိုရပြီး ဗုဒ္ဓအဖြစ် ရခဲ့တာလို့ တိုက်ရိုက်ရော၊ သွယ်ဝိုက်ပြီးပါ ပြောကြားခဲ့ပါ တယ်။ သို့ပေမယ့် ဗုဒ္ဓဟာ သည်ဗုဒ္ဓအဖြစ် ရခဲ့တာကို တစ်ဦးတည်း

မှုပိုင်အဖြစ် ယူမထားပါဘူး။

သမာဓိတရားဘက်မှာ အစွမ်းကုန်မြင့်မားဖို့၊ ကြိုးစားအား ထုတ်ဖို့၊ မိမိကဲ့သို့ ကျင့်ကြံကြဖို့ တပည့်သာဝကများကို အားပေးခဲ့ပါ တယ်။

ဒါဟာ ဗုဒ္ဓဝါဒရဲ့ အဓိက ထူးခြားချက်ပါပဲ။ ဗုဒ္ဓဟာ သား တွေကို အလွန်ဂရုစိုက်တဲ့၊ သူနဲ့ တန်းတူ ဖြစ်စေလိုတဲ့(သို့မဟုတ်) ဖြစ်နိုင်ရင်၊ သူ့ထက် ပိုတော်စေလိုတဲ့ ဖခင်တစ်ယောက်နဲ့ ပမာတူ ပါတယ်။ သည်အချက်ဟာ ဗုဒ္ဓဝါဒရဲ့ ချစ်စရာကောင်းတဲ့အချက် (နှစ်သက်စရာကောင်းတဲ့အချက်)ပါပဲ။ ဗုဒ္ဓဟာ ဉာဏ်ပညာ ပွင့်လင်း စေမယ့် လမ်းကို ညွှန်ပြခဲ့ပါတယ်။

နောက်ပြီး ဗုဒ္ဓက မိမိကိုယ်မိမိ အားကိုးဖို့၊ မိမိဘာသာမိမိ ကြိုးစားအားထုတ်ဖို့နဲ့ မိမိကျူးလွန်ခဲ့တဲ့အပြစ်(အကုသိုလ်)တွေက လွတ်မြောက်အောင် သည်လောကမှာပဲဖြစ်ဖြစ်၊ နိဗ္ဗာန်မှာပဲဖြစ်ဖြစ် ကူညီမ,စမယ့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း တပည့်သာဝက များကို ထပ်ခါတလဲလဲမှာကြားခဲ့ပါတယ်။

ဗုဒ္ဓက 'မကောင်းမှု(အကုသိုလ်)ဟူသမျှကို သင်၏မိဘများ၊ မိတ်ဆွေများ၊ ဆွေမျိုးဉာတကများနဲ့ သွန်သင်ဆုံးမသူများ(ဆရာများ) က ပြုလုပ်ကြတာမဟုတ်ဘဲ၊ သင်ကိုယ်တိုင် ကျူးလွန်ခြင်းသာဖြစ်ဘိ ၏။ ထို့ကြောင့် မိမိတို့ကျူးလွန်သမျှ ပြစ်မှုများအတွက် မိမိတို့တွင် သာ တာဝန်ရှိကြ၏။ ထိုမကောင်းမှု အသီးအပွင့်များကိုလည်း မိမိ ဘာသာ ရိတ်သိမ်းကြရာ၏။ (မကောင်းမှုဒဏ်ကို မိမိဘာသာ မိမိ ခံကြရာ၏)လို့လည်း မိန့်ကြားခဲ့ပါတယ်။

သည်လို ကယ်မမယ့်သူ မရှိကြောင်း၊ ဘုရားသခင် (ကယ်တင်

ရှင်) မရှိကြောင်း၊ ကယ်တင်မယ့်အခမ်းအနား (Ceremony) မရှိကြောင်း၊ ကယ်တင်မယ့်တန်ခိုးတော်ရှင် မရှိကြောင်း သိကြတဲ့ တကယ့်စစ်မှန်တဲ့ ဗုဒ္ဓဘာသာဝင်များဟာ မိမိကိုယ်ကိုမိမိ အားကိုးရုံ၊ မိမိဘာသာမိမိ ကြိုးစားရုံကလွဲလို့ အခြားမရှိပြီဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်ကြပါတယ်။

ဒါ့ကြောင့် သူတို့ဟာ သူတို့ရဲ့စွမ်းအားနဲ့ သူတို့ရဲ့တာဝန် (ရှိမှု) ကိုပဲ ယုံကြည်အားထားကြပါတယ်။ ဘုရားသခင်နဲ့ ရှိလေဟန် ထင်ရတဲ့ အခြား တန်ခိုးတော်ရှင်တွေကို အားကိုးခြင်းဟာ မိမိကိုယ်ကို မိမိ ယုံကြည်မှုကိုရော၊ တာဝန်စောင့်ထိန်းမှုကိုပါ ထိပါးစေပါတယ်။ မိမိကိုယ်မိမိ အားကိုးခြင်းသည်သာ မိမိကိုယ်မိမိ ယုံကြည်ခြင်းကိုရော၊ တာဝန်ကျေပွန်စေခြင်းကိုပါ အားဖြည့်စေပါတယ်။

တရားသေဝါဒတို့၊ စိုးမိုးချုပ်ချယ်မှုတို့ မရှိမှလည်း၊ မိမိဘာသာ မိမိ လွတ်လပ်စွာ တွေးထင်နိုင်ကြမှာ ဖြစ်ပါတယ်။ ဒါမှလည်း အကျင့်စာရိတ္တနဲ့ စိတ်ဓာတ်စွမ်းရည်များပါ တိုးတက်မြင့်မားလာကြမှာဖြစ်ပါတယ်။ တရားသေဝါဒနဲ့ စိတ်ကိုချုပ်ကိုင်ထားမယ်ဆိုရင် မိမိစိတ်ဓာတ် တိုးတက်မြင့်မားလာမှုနဲ့ မိမိကိုယ်မိမိ ယုံကြည်အားထားမှုတွေ ဘယ်နည်းနဲ့မှ မရှိနိုင်သလို ပြင်ပတန်ခိုးရှင်များအပေါ် ယုံကြည်အားကိုးခြင်းဟာလည်း မိမိရဲ့စိတ်ကို ထိုင်းမှိုင်းတွေဝေစေပါတယ်။

ဘုန်းကြီးဟာ ခရစ်ယာန်ဘာသာဝင်များနဲ့ နှစ်ပေါင်းများစွာ အတူနေခဲ့ဖူးပါတယ်။ အချို့ ခရစ်ယာန်မိတ်ဆွေများဆိုရင် 'အို ဘုရားသခင် အကယ်၍များ ဘုရားသခင် တကယ်ရှိခဲ့လျှင်၊ တပည့်တော်၌ ဝိညာဉ်တကယ်ရှိခဲ့လျှင် တပည့်တော်၏ ဝိညာဉ်ကို ကယ်မ

တော်မူပါဘုရား’ လို့ နောက်ပြောင်ပြီး ဘုရားရှိခိုးဝတ်ပြုကြတာကို ကြားခဲ့ဖူးပါတယ်။

ဘယ်အယူဝါဒ (ယုံကြည်မှု) မှာပဲဖြစ်ဖြစ် စိတ်လွတ်လပ်မှုဟာ သိပ်ပြီး အရေးကြီးပါတယ်။ သိကြတဲ့အတိုင်းပါပဲ။ ဗုဒ္ဓရဲ့ တရားဂုဏ်တော်ခြောက်ပါးမှာ ‘ဧဟိ ပဿိကော – ကိုယ်တိုင်လာ၍ မျက်မြင်ကြည့်လှည့်ပါကုန်’ လို့ ဖော်ပြထားပါတယ်။

ဗုဒ္ဓက သူပြောတာကိုတောင် မျက်ကန်းသဖွယ် မယုံကြည်ကြပါနဲ့လို့ဆိုပါတယ်။ ဘာသာတရားတွေအနက် ဗုဒ္ဓဝါဒဟာစိတ်အလုပ်၊ သတိရှိမှု၊ စိတ်ထက်သန်မှု၊ ပင်ပန်းကြီးစွာအားထုတ်မှု စသည်တို့ကို အများဆုံး တိုက်တွန်းပါတယ်။ ဗုဒ္ဓဟာ ကာလာမ မင်းသားများကို ဆုံးမတော်မူစဉ်က ကာလာမသုတ္တန်မှာ ‘တစ်ဆင့်စကားကြားရရုံမျှနဲ့၊ ကျမ်းဂန်တွေထဲမှာ ပါရုံမျှနဲ့၊ ယုတ္တိတန်ရုံမျှနဲ့၊ အပေါ်ယံသဘောဟုတ်နိုးလေဟန် ဆင်ခြင်မိရုံမျှနဲ့၊ မှန်းဆချက်ကို အခြေခံပြီး သုံးသပ်ကြည့်ရုံမျှနဲ့၊ ဖြစ်နိုင်သည့်သဘောဆောင်ရုံမျှနဲ့၊ ရဟန်းတော်ရဲ့ သက်တော်ဝါတော်အရ ကြည်ညိုလေးစားဖွယ်ဖြစ်ရုံမျှနဲ့ (အမှန်လို့) လက်မခံပါလေနဲ့။ အရည်အချင်းလည်းရှိ၊ တကယ်လည်းကောင်း၊ အပြစ်အနာအဆာလည်းကင်း၊ ပညာရှိများကိုယ်တိုင်ကလည်း လက်ခံချီးမွမ်း၊ တကယ်လက်တွေ့ကောင်းမွန်စိတ်ချမ်းမြေ့ကြောင်း တွေ့ရမှသာ၊ အသင် ကာလာမ မင်းများ လိုက်နာကျင့်သုံးကြပါလေ’ လို့ မိန့်ကြားခဲ့ပါတယ်။

ဗုဒ္ဓက ကျမ်းဂန်များမှာ ဖော်ပြထားရုံမျှနဲ့တောင် မယုံကြည်ကြဖို့ ခုလို မှာကြားခဲ့ပါသေးတယ်။ ဆက်လက်ပြီး မိမိတို့ ဓလေ့ထုံးစံများဖြစ်လို့လည်း မယုံကြည်ကြပါနဲ့တဲ့။

ဒါပေမယ့် သည်ဓလေ့ထုံးစံတွေကို သုတေသနပြုပြီး သေသေချာချာလေ့လာပါဦး။ သည်လို လေ့လာပြီးလို့ သင်နဲ့ သင့်ရဲ့ပတ်ဝန်းကျင်ကို စိတ်ရွှင်လန်းချမ်းမြေ့စေတယ်ဆိုတာ တွေ့ကြရမှသာ လက်ခံလိုက်နာပါလို့ဆိုပါတယ်။

ဒါကြောင့် သည်လို ရဲဝံ့ပြတ်သားစွာ ကြေညာလိုက်တာဟာဖြင့် ဘာသာရေးဆိုင်ရာ ဆရာတွေထဲမှာ မရှိသလောက်ဘဲလို့ ဆိုရပါမယ်။

သည်လို ဘဝရဲ့အကြောင်းတရားတွေနဲ့ အခြေအနေအရပ်ရပ်တွေကို သိရှိအောင် ဟောကြားခဲ့တဲ့ ဗုဒ္ဓရဲ့တရားကတော့ ကမ္မ(ကံ)တရားပါပဲ။

သည်တရားအကြောင်း ဆက်စပ်မိလို့ ဟောပြောခွင့်ရတာ သိပ်ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ ဗုဒ္ဓဝါဒအကြောင်းကိုရော၊ မိမိတို့ရဲ့ နေ့စဉ်ဘဝအကြောင်းကိုပါ ပိုပြီး နားလည်သဘောပေါက်စေလို့ပါပဲ။ ကမ္မဆိုတာ ပါဠိစကား၊ အလုပ်လို့ အဓိပ္ပာယ်ရပါတယ်။ ယေဘုယျအားဖြင့် ကောင်းတဲ့အလုပ်ရော၊ မကောင်းတဲ့အလုပ်ပါ အကြုံးဝင်ပါတယ်။

အလုပ်ဆိုရာမှာလည်း ကိုယ်ထိလက်ရောက် လုပ်တဲ့အလုပ်၊ နှုတ်နဲ့ပြောတဲ့အလုပ်နဲ့ စိတ်အလုပ်ဘို့ အားလုံးပါဝင်ပါတယ်။ တစ်နည်းပြောရရင် ကာယကံ၊ ဝစီကံနဲ့ မနောကံတို့ပဲ ဖြစ်ကြပါတယ်။ အချုပ်အားဖြင့်တော့ ကမ္မဆိုတာ စိတ်အင်အားပဲဖြစ်ပါတယ်။ အင်္ဂုတ္တရနိကာယမှာ စိတ်ရဲ့စေ့ဆော်မှု စွမ်းအားများအကြောင်းကို အသေးစိတ်ရှင်းပြထားပါတယ်။ လူတွေဟာ သည်စိတ်ရဲ့ စွမ်းအားအတိုင်းပဲ ကြံစည်ကြ၊ ပြောဆိုကြ၊ လုပ်ကိုင်တတ်ကြပါတယ်။

ကမ္မဆိုတာ၊ အရာရာကို ကံတရားကသာ စီမံတယ်လို့

ယုံကြည်တဲ့ ကံတရားဝါဒ (Fatalism) မဟုတ်သလို၊ အရာရာကို မူလကတည်းက ကြိုတင်ပြီး အဆုံးအဖြတ်ပြုပြီးသား သဘော (Predetermination) လည်း မဟုတ်ပါဘူး။

ကမ္မဆိုတာ ဗုဒ္ဓဟောကြားတဲ့ ပဋ္ဌာန်းတော်(၂၄ ပစ္စည်း)ထဲက စကြဝဠာတစ်ခုလုံးကိုစိုးမိုးတဲ့ အကြောင်းတရားတစ်ရပ်(ကမ္မပစ္စယော) ဖြစ်ပါတယ်။ နောက် ဗုဒ္ဓဆုံးမတော်မူခဲ့တဲ့ အဘိဓမ္မာဝိဘင်းကျမ်းမှာ ပါတဲ့ အသက်ရှင်ခြင်းနဲ့ သေခြင်းအကြောင်းတရား တစ်ဆယ့်နှစ်ပါး ထဲက တစ်ပါး(ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်မှတစ်ပါးဖြစ်သော သင်္ခါရာ) လည်း ဖြစ်ပါတယ်။

တစ်ခါ ကမ္မဆိုတာ အဘိဓမ္မာနဲ့ သုတ္တန်တွေထဲမှာ ဟောကြား တော်မူတဲ့ အကြောင်းတရားလေးပါး (ကံ၊ စိတ်၊ ဥတု၊ အာဟာရ) ထဲကတစ်ပါး(ကံ)လည်း ဖြစ်ပါတယ်။

တကယ်တော့ ကမ္မဆိုတာ အတိတ်ရဲ့ အကြောင်းခံသက်သက် မဟုတ်ပါဘူး။ အတိတ်ဟာ ပစ္စုပ္ပန်ကို ဩဇာသက်ရောက်(အကျိုးပြု) စေပေမယ့် လုံးဝချုပ်ကိုင် လွှမ်းမိုးတဲ့သဘော မဟုတ်ပါဘူး။ ဘာ ကြောင့်လဲဆိုတော့ ကမ္မဟာ အတိတ်ကံရော ပစ္စုပ္ပန်ကံပါ ပါလို့ပါပဲ။ အတိတ်ကံက မျက်မှောက်ဘဝအတွက် အခြေခံဖြစ်သလို၊ အနာဂတ် ဘဝကို အတိတ်ကံကရော ပစ္စုပ္ပန်ကံကပါ အကျိုးပြုဖန်တီးစေလို့ ပါပဲ။ အမှန်ကလည်း အတိတ်ဆိုတာ ကျန်ခဲ့ပြီးဖြစ်လို့ ပစ္စုပ္ပန်ကိုသာ စိုးပိုင်ကြပါတယ်။

ဒါကြောင့် သည်ပစ္စုပ္ပန်ကာလမှာပဲ ကောင်းမှု(ကုသိုလ်)နဲ့ မကောင်းမှု(အကုသိုလ်)တွေကို အကျိုးရှိအောင် အသုံးချကြရမှာပါ။ မိမိပြုလုပ်သလိုပဲ အကျိုးသက်ရောက်မှာပါ။ မိမိပြုလုပ်သမျှ သို့မဟုတ်

အကြောင်းတရားအရင်းခံနဲ့ အညီသာ အကျိုးတရားများ ဖြစ်ပေါ်လာကြမှာပါ။

ဒါ့ကြောင့် ကမ္မဆိုတာ စကြဝဠာကြီးတစ်ခုလုံးရဲ့ ကြောင်းကျိုးတရားဖြစ်ပါတယ်။ ရိုးရိုးကလေးပဲ ဥပမာတစ်ခုပြချင်ပါတယ်။ အရင်ကလည်း အကြိမ်ကြိမ်ရှင်းပြခဲ့ဖူးပါပြီ။

ဆိုကြပါစို့။ ကျောက်ခဲတစ်လုံးနဲ့ ပေါက်လိုက်တာဟာ အလုပ်၊ (အကြောင်းတရား)။ အဲသည် ကျောက်ခဲဟာ မှန်ပြတင်းကိုထိပြီး မှန်ကွဲသွားတယ်။ ပစ်ပေါက်လိုက်တဲ့အလုပ် (အကြောင်းတရား) ကြောင့် မှန်ကွဲသွားခြင်းဖြစ်တယ်။ ဒါဟာ အကျိုးတရားပါပဲ။

မှန်ပြတင်းကို ကျောက်ခဲနဲ့ ပစ်ပေါက်လိုက်တဲ့အလုပ်ကြောင့်၊ မှန်ကွဲသွားရတဲ့အဖြစ် (အကျိုးတရား) ပေါ်ပေါက်ရတယ်။ သည်အကျိုးတရားက တစ်ခါ အကြောင်းတရားပြန်ဖြစ်ပြီး နောက်ထပ်ပြဿနာများပေါ်လာရတယ်။ သို့မဟုတ် အကျိုးတရားများ ဖြစ်လာရပါတယ်။ မှန်အသစ်လဲရလို့ ငွေကြေးကုန်ကျရတာမျိုးဖြစ်ပါတယ်။

သည်လိုငွေကြေးကုန်ကျပြီး မှန်အသစ်လဲရတော့ စိတ်ပျက်ကြ၊ စိတ်တိုကြရော။ ဒါဟာ အကျိုးတရားပဲ။ သည်လိုစိတ်တိုတော့ ဒေါသကလည်း အလွယ်တကူထွက်ရော။ သည်ဒေါသဟာလည်း အကျိုးတရားပဲ။ ဒါပေမယ့်သည်ကတစ်ဆင့် အကြောင်းတရားဖြစ်လာပြန်ပါတယ်။

ဒေါသဖြစ်မှုကြောင့် မနှစ်မြို့ဖွယ်တစ်ခုခုကို ပြောမိလုပ်မိနိုင်ကြပါတယ်။ သည်လို မလိုလားအပ်တဲ့ အပြောနဲ့ အလုပ်ကိုလုပ်မိရင် သူတစ်ပါးကို တစ်မျိုးမဟုတ်တစ်မျိုး ထိခိုက်နစ်နာစေတော့တာပဲ။ သည်အတိုင်းပဲ ဆက်ကာဆက်ကာဖြစ်လေ့ရှိပါတယ်။ ဒေါသ

ဖြစ်လို့ မနှစ်မြို့ဖွယ်တစ်ခုခုကို မိမိက ပြောဆိုမိမယ်ဆိုရင်၊ သူတစ်ပါး ကလည်း အလားတူ မနှစ်မြို့ဖွယ်တစ်ခုခုကို ပြန်ပြောလာနိုင်ပါတယ်။ သည်အခါ မိမိက သတိထား မဆင်ခြင်ရင်၊ အပြင်းအထန် ငြင်းခုန် ရာက ရန်ဖြစ်ကြရတော့တယ်။ နောက်ဆုံး ခိုက်ရန်တောင်ဖြစ်သွားနိုင်ပါ တယ်။ နိုင်ငံနှစ်နိုင်ငံအကြားဆိုရင်တော့ စစ်ပွဲတောင်ဖြစ်နိုင်ပါသေး တယ်။ သည်သဘောက ကြောင်းကျိုးတရား တကယ်ရှိတယ်ဆိုတာကို ပြသနေပါတယ်။

ဒါကို အသေအချာ ဂဃနဏ နားလည်သဘောပေါက်ကြမယ် ဆိုရင်၊ ကမ္မတရားဟာ မိမိတို့ရဲ့နေ့စဉ်ဘဝမှာ စိတ်(အတွေးအထင်) အပြောနဲ့အလုပ်တွေကို သတိထားပြီး ထိန်းကျောင်းဖို့လိုကြောင်း ညွှန်ပြနေပါတယ်။

သည်လိုသာ အချိန်နဲ့အမျှ ထိန်းသိမ်းကျင့်သုံး သွားနိုင်ကြမယ် ဆိုရင် လူတော်လူကောင်းများဖြစ်လာပြီး အားလုံးအပေါ်မှာ ရိုးသား မြင့်မြတ်စွာ ပြုကျင့်နိုင်ကြပါမယ်။ အခြားသူများနဲ့ ညီညွတ်ပြေပြစ်စွာ ပေါင်းသင်းဆက်ဆံသွားနိုင်ကြပါမယ်။ ဒါဟာ ဥပမာတစ်ခုသာ ဖြစ်ပါတယ်။

အခြားနိုင်ငံက ပုဂ္ဂိုလ်တွေ ယေဘုယျမေးကြတဲ့ မေးခွန်းတစ်ခု ရှိပါတယ်။

'တပည့်တော် ကောင်းအောင်ကြိုးစားပါတယ်၊ ကောင်းတဲ့ အကျိုး ဖြစ်ပေါ်လိမ့်မယ်လို့လည်းယုံကြည်ပါတယ်။

သို့ပေမယ့် တစ်ခါတစ်လေ ထွက်ပေါ်လာတဲ့ ရလဒ် သို့မဟုတ် အကျိုးတရားဟာ ထင်သလိုမဟုတ်ဘဲ ဆန့်ကျင်ပြီး မကောင်းတာကို ဘဲ တွေ့ရပါတယ်ဘုရား။ တပည့်တော်တို့အရပ်မှာ အင်မတန်

ကောက်ကျစ်စဉ်းလဲတဲ့သူကို အမြော်အမြင်ရှိတဲ့လူ၊ အကင်းပါးတဲ့လူလို့ ကင်ပွန်းတပ်ခေါ်လေ့ရှိကြပါတယ်။

ပိုပြီးအကင်းပါးလေ၊ ပိုပြီးကောက်ကျစ်လေ၊ ပိုပြီးလောဘကြီးလေပါပဲ။ ဒါကိုပဲ လူ့အသိုက်အဝန်းက အောင်မြင်တဲ့ သူရဲကောင်းလို့ ချီးကျူးကြပါတယ်ဘုရား။ နောက်ပြီး ခွေးတွေကိုလည်း ကြည့်ပါဦးဘုရား။ အားအင်အကောင်းဆုံး၊ အကြမ်းတမ်းဆုံးခွေးဟာ ကောင်းပေ့ဆိုတဲ့ အမဲရိုးကိုရပါတယ်။ သည်တော့ သည်ကြောင်းကျိုးတရားဟာ ဘယ်မှာ မှန်ကန်စွာအလုပ်လုပ်ပါသလဲဘုရား' လို့မေးကြပါတယ်။

ခုလိုမေးတဲ့ပုဂ္ဂိုလ်ဟာ သြစတြေးလျလူမျိုးဖြစ်လို့ သြစတြေးလျနိုင်ငံကသာ မေးတာမဟုတ်ပါဘူး။

အခြားနိုင်ငံတွေကလည်း သည်လိုပဲ ကောက်ကျစ်စဉ်းလဲပြီး လောဘတက်တဲ့လူတို့အကြောင်းနဲ့ သူတို့ကိုပဲ အောင်မြင်တဲ့ သူရဲကောင်းများအဖြစ် ချီးမွမ်းကြောင်းများ ပြောတတ်ကြပါတယ်။

ခုလည်း တရားနာပရိသတ်အနေနဲ့ 'တပည့်တော်တို့ ကောင်းမှုကုသိုလ်တွေလုပ်ခဲ့ကြ၊ ကြိုးစားပြီးတော့ ပြုလုပ်နေကြပါတယ်ဘုရား။ ဘယ်တော့များမှ ကောင်းကျိုးကို ခံစားကြရမှာပါလည်းဘုရား။ တပည့်တော်တို့ ကောင်းမှုကုသိုလ်တွေ လုပ်ခဲ့ပေမယ့် အကျိုးတရား အသီးအပွင့်တွေ ပွင့်တာ ဘာကြောင့်နှေးကွေးနေပါသလည်းဘုရားလို့ မေးချင်ကြပါလိမ့်မယ်။

နောက်တစ်ဦးက ဘုန်းကြီးကို ခုလိုလျှောက်ဖူးပါတယ်။

သူဟာ ဘုရားကို အသံကျယ်စွာ ရှိခိုးဝတ်ပြုတတ်ပါတယ်။ သည်အခါ အိမ်နီးနားချင်းကလာပြီး နားငြီးကြောင်း ကန့်ကွက်

ပါတယ်။ ဒါ့ကြောင့် 'တပည့်တော်ဟာ ကောင်းမွန်တဲ့ယုံကြည်ချက်နဲ့ ကောင်းတဲ့ အလုပ်ကို လုပ်ပါလျက်၊ ဘာကြောင့် မကောင်းတဲ့အကျိုး တရားကို ချက်ချင်းရပါသလဲဘုရား။ ကံတရားဟာ တပည့်တော် အတွက် ကောင်းကျိုး မပေးပါလားဘုရား' လို့ မေးပါတယ်။

သည်တော့ဘုန်းကြီးက 'ဒကာကြီးဟာ… အဲသည်အချိန်က ဘုရားသခင်ကို ရှိခိုးဝတ်ပြုတဲ့ ကောင်းမှုကုသိုလ်လုပ်တာမှန်ပေမယ့်၊ ခုလိုဘာကြောင့် လာပြီး စော်ကားခံရတယ်ဆိုတာ သိရအောင် ဒကာကြီး အနေနဲ့များ မနက်ပိုင်းကဖြစ်စေ၊ မနေ့ကဖြစ်စေ၊ တစ်ချိန်ချိန်ကဖြစ်စေ သူ့ကို တစ်ခုခုများပြောမိ၊ လုပ်မိသလားဆိုတာ စဉ်းစားကြည့်ပါဦး။ အဲဒါမှလည်း သူ ခုလိုလာပြီးပြောရတဲ့အကြောင်း ရင်းကို သိရတော့မပေါ့' လို့ ပြောပြရတယ်။

လူဆိုတာ မိမိက သူတစ်ဦးကို ပြုမိတာကျတော့ မေ့နေတတ် ကြပါတယ်။ သည်တော့ တစ်ခုခုဖြစ်လာတယ်ဆိုရင်ပဲ သည်အဖြစ်ဟာ မြန်လှချေကလား၊ အငိုက်အမိခံလိုက်ရပါကလားလို့ ထင်မှတ်မှား တတ်ကြပါတယ်။

အမှန်က သည်လိုမဟုတ်ပါဘူး။ မိမိပြုလုပ်မိတာကို မမှတ်မိ တာဘဲ ဖြစ်ပါလိမ့်မယ်။ ဖြစ်ပေါ်ရတဲ့အကြောင်းရင်းကို အထင်အမြင် လွဲတာပဲဖြစ်ပါတယ်။

ဒါကြောင့် ဖြစ်သမျှဟာ မှန်တယ်လို့ ရိုးသားစွာပဲ လက်ခံ သင့်ကြပါတယ်။ တကယ်လို့ ကောင်းကျိုးတစ်ခုခုပေးလာရင်လည်း စိတ်ကြီးမဝင်ကြဖို့ လိုပါတယ်။

ဒါဟာ မိမိတို့ပြုလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်ရဲ့ (ကံ) အကျိုးပေး မှုပဲလို့ ခံယူသင့်ကြပါတယ်။ မကောင်းကျိုးဖြစ်ပေါ်လာရင်လည်း

စိတ်မပျက်ကြဖို့၊ ဒေါမထွက်ကြဖို့၊ အားမငယ်ကြဖို့၊ အံ့အားမသင့်ကြဖို့၊ သတိထားကြရပါမယ်။ မိမိတို့ရဲ့မကောင်းမှုကံ(အကုသိုလ်)တွေကို ပြန်လည်သတိရစေဖို့ အကျိုးတရား လာပြတာပဲလို့ မှတ်ယူကြရပါမယ်။

မကောင်းမှုတစ်ခုခု ဖြစ်ပေါ်လို့ စိတ်အနှောင့်အယှက်ဖြစ်ရရင် ဒေါသမဖြစ်ဘဲ၊ စိတ်မတုန်လှုပ်ဘဲ၊ သောကမရောက်ဘဲ၊ ကောင်းကျိုးပြုလုပ်ဖို့ ကြိုးစားကြရပါမယ်။ ဒါကြောင့် သည်ကြောင်းကျိုးတရားတွေရဲ့ သဘောသဘာဝကို နားလည်အောင်မွေးမြူပြီး ကောင်းအောင်နေထိုင်ကျင့်သုံး ဖြေရှင်းသွားကြဖို့လိုပါတယ်။ ဗုဒ္ဓဝါဒအရ သည်တရားကို ကမ္မတရားလို့ ခေါ်ကြောင်းပါ။

*

## ပညာအရောင်မီးရှူးတန်ဆောင်

ဗုဒ္ဓဆိုတာ ဗောဓိဉာဏ်ကို ရပြီးသူဖြစ်ပါတယ်။ ဗောဓိကတော့ ဉာဏ်ပညာလို့ အဓိပ္ပာယ်ရပါတယ်။ စံပြုရမယ့်ဉာဏ်၊ အမြော်အမြင် အကျင့် သီလတွေနဲ့ ပြီးပြည့်စုံတဲ့သဘောပါ။ သည်ဗောဓိ ရွှေဉာဏ်တော်ကို လူသားတစ်ယောက်အနေနဲ့ ကိုယ်တိုင်ကျင့်ကြံ အားထုတ်ယူရင် ရရှိနိုင်ပါတယ်။

ဗုဒ္ဓဆိုတဲ့ ဝေါဟာရကတော့ "သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိသူ" (Enlightened One)၊ "သိသောသူ" (A Knower) လို့ အဓိပ္ပာယ်ရပါတယ်။ နောက်ပြီးအိန္ဒိယလူမျိုး ပညာရှိကြီး ဂေါတမ အနေနဲ့ အိန္ဒိယပြည်၊ ဗုဒ္ဓဂါယာဒေသ ဗောဓိပင်ရင်းမှာ သဗ္ဗညုတ ဉာဏ်တော်ရတဲ့အတွက် ဂုဏ်ပြုပြီး ဗုဒ္ဓလို့ မှည့်ခေါ်ထားတာလဲ ဖြစ်ပါတယ်။

ဂေါတမဟာ ခရစ်မပေါ်မီ ၆၂၃-ခုနှစ်က နီပေါနိုင်ငံနယ်ခြားတစ်နေရာမှာ ဖွားမြင်တဲ့ ဘုရင့်သားတော်တစ်ပါး ဖြစ်ပါတယ်။ အဲသည်နေရာကို သတ္တဝါတို့ရဲ့ ကျေးဇူးရှင်ဆရာသခင် ဖွားမြင်ရာနေရာအဖြစ် အထိမ်းအမှတ်ပြုတဲ့အနေနဲ့ ကြည်ညိုသဒ္ဓါပွားတဲ့အနေနဲ့ အသောကမင်းတရားကြီးဟာ ခရစ်မပေါ်မီ ၂၃၉-ခုနှစ်က

ကျောက်တိုင်စိုက်ထူပြီး "သဗ္ဗညုတရွှေဉာဏ်တော် ရရှိခဲ့သူ အရှင်သူမြတ်၊ ဤနေရာတွင်ဖွားမြင်သည်" (Here was the Enlightened One Born) လို့ ကမ္ပည်းထိုးထားခဲ့ပါတယ်။

ဂေါတမဟာ ငယ်စဉ်က သက်တောင့်သက်သာနဲ့ ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်ခဲ့ပါတယ်။ ခမည်းတော် ဘုရင်ကြီးကလဲ အတတ်နိုင်ဆုံး စိတ်မချမ်းမြေ့စရာတွေနဲ့ မကြုံရ၊ မမြင်ရအောင် ဂရုတစိုက်ထားခဲ့ပါတယ်။

သို့ပေမယ့် ဂေါတမရဲ့ အသက် ၂၉-နှစ် အရွယ်အရောက်၊ ဥယျာဉ်တော်ကို အသွားလမ်းမှာ သူအို၊ သူနာ၊ သူသေတွေကို တွေ့ရတဲ့အခါ "အင်း...သတ္တဝါမှန်သမျှ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ သေရခြင်းဆိုတဲ့ ဒုက္ခဆင်းရဲအပေါင်းတို့ မလွဲကေန် တွေ့ကြုံရမှာပါကလား။ လောကရဲ့ စည်းစိမ်ချမ်းသာ မှန်သမျှတို့ဟာလဲ ဒုက္ခခပ်သိမ်းတို့ရဲ့ အစပါတကား"လို့ သဘောပေါက်ပြီး တရားသံဝေဂရခဲ့ပါတယ်။ ဒါကြောင့် သည်သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရာအမှန်ကိုရှာကြံဖို့ အာသာဆန္ဒ လွန်မင်းစွာ ပြင်းပြခဲ့ပါတော့တယ်။

မင်းသားဟာ ဥယျာဉ်တော်က ပြန်ရောက်တဲ့ ညမှာပဲ "ငါသည်တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေပါက အဖိုးမဖြတ်နိုင်သောအချိန်များ အလဟဿကုန်ဆုံးပြီး ဒုက္ခအပေါင်းမှ ကင်းငြိမ်းရာ၊ သုခချမ်းသာတို့၏ အထွက်အထိပ်ဖြစ်ရာ နိဗ္ဗာန်ရွှေပြည်ကြီးကို အသို့လျှင် ရှာနိုင်တော့အံ့နည်း" လို့ စဉ်စားမိပါတယ်။ ဒါနဲ့ပဲ နန်းစည်းစိမ်နဲ့ သံယောဇဉ်အနှောင်အဖွဲ့တွေကို စွန့်လွှတ်လိုက်ပါတ ယ်။

သည့်နောက် ခြိုးခြံစွာနေပြီး စစ်မှန်တဲ့ငြိမ်းချမ်းရေး တရားတွေကို လှည့်လည်ရှာပါတော့တယ်။ ကျော်ကြားတဲ့ ပညာရှိဆရာများထံ ဘယ်လိုပဲချဉ်းကပ်ပေမယ့် သူရှာနေတဲ့တရားကို ဘယ်သူကမှ ပေးနိုင်စွမ်း မရှိကြပါဘူး။

ဒါနဲ့ပဲ ခြောက်နှစ်တာ ကာလပတ်လုံး ကြီးစွာ အပင်ပန်း အဆင်းရဲခံပြီး **ဒုက္ကရစရိယာ** (သာမန်လူတို့ ကျင့်နိုင်ခဲသော အကျင့်)ကို ကျင့်ပြီး အားထုတ်လိုက်တာ ခန္ဓာကိုယ်ကြီး အရိုးစုဖြစ်တဲ့အထိပါပဲ။

ခန္ဓာကိုယ်ကို ပိုပြီး ညှဉ်းဆဲလေ၊ လိုရာပန်းတိုင်နဲ့ ပိုပြီး ဝေးလေသာ ဖြစ်ခဲ့ပါတယ်။ သည်ကြိုးပမ်းချက်တွေဟာ မအောင်မြင်ဘဲ အချည်းနှီးဖြစ်နေတာကို သဘောပေါက်တဲ့အတွက် မိမိရဲ့ စိတ်အလိုကို လိုက်လွန်းတဲ့အစွန်းနဲ့ မိမိကိုယ်ကို ညှဉ်းပန်းတဲ့ အစွန်းတွေက ရှောင်ရှားပြီး အခြားနည်းလမ်းကိုလိုက်ဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

ဗုဒ္ဓတွေ့ရှိတဲ့ လမ်းအသစ်ကတော့ **မဂ္ဂင်ရှစ်ပါးလို့ခေါ်တဲ့ အလယ်အလတ်လမ်း** (မဇ္ဈိမပဋိပဒါ) ဖြစ်ပါတယ်။

နောက်ပိုင်း ရှင်တော်ဗုဒ္ဓ လမ်းညွှန်ဟောကြားရာမှာ သည်တရားဟာ အဓိကအခန်းက ပါဝင်လာပါတယ်။ သည်လမ်းကို လိုက်တဲ့အတွက် ဉာဏ်ပညာများ အပြည့်အဝ ပွင့်လင်းအားကောင်းလာပြီး သစ္စာလေးပါးတရားကို တွေ့ပါတော့တယ်။ အရာရာကို ပကတိ တည်ရှိတဲ့အတိုင်း အမှန်အတိုင်း မြင်နိုင်လာပါတယ်။ နောက်ဆုံး သဗ္ဗညုတဉာဏ်တော်ကို ရရှိတဲ့အထိပါပဲ။

ဘုရင့်သားတော် ဂေါတမရဲ့ ကိုယ်ပိုင်ဆန္ဒ၊ ကိုယ်ပိုင် ကြိုးပမ်း အားထုတ်မှု၊ ကိုယ်ပိုင်ဉာဏ်ပညာနဲ့ ကြီးမားသော မေတ္တာ

ကရုဏာကြောင့် ပြီးပြည့်စုံတဲ့ သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိပြီး ဗုဒ္ဓအဖြစ်ကို ရောက်ခဲ့တာ ဖြစ်ပါတယ်။

သည်လမ်းကို လူသားတွေ သိအောင်လဲ မကွယ်မဝှက် ထောက်ပြခဲ့ပါတယ်။ ဗုဒ္ဓဝါဒရဲ့ အလွန်ထူးခြားတဲ့ အချက်ကတော့ ဘယ်သူမဆို လုံ့လဥဿာဟစိုက်ပြီး ကြိုးစားအားထုတ်သည်နှင့်အမျှ အဆင့်ဆင့် တိုးတက်ပြောင်းလဲပြီး အောင်နိုင်မယ်ဆိုတဲ့ အချက်ပါပဲ။

ရှင်တော်ဗုဒ္ဓဟာ လူ့ရဲ့တန်ဖိုးကိုအလေးထားပြီး လမ်းညွှန် ဟောကြားခဲ့ပါတယ်။

အလောင်းတော် ဗောဓိသတ်အနေနဲ့ တရားအပေါင်းကို သိစေတဲ့ ဗုဒ္ဓအဖြစ်ကိုရအောင် ဘဝပေါင်းများစွာ ဘယ်လို ကြိုးစား ရုန်းကန်ခဲ့ရတယ် ဆိုတာကို ပြီးပြည့်စုံတဲ့ ပန်းချီကားတစ်ချပ်ပမာ ကွင်းကွင်းကွက်ကွက် မြင်သာအောင် ရေးခြယ်ပြသခဲ့ပါတယ်။

အလောင်းတော် ဗောဓိသတ်ဟာ တစ်နေ့မှာ သည်အောင်ပန်းကို အရဆွတ်ခူးပြီး၊ တစ်ဦးတစ်ယောက်တည်းအတွက်သာမက သတ္တဝါအားလုံးအနေနဲ့ပါ ပဋိသန္ဓေနေရခြင်း (ဇာတိ)၊ အိုရခြင်း (ဇရာ)၊ နာရခြင်း (ဗျာဓိ)နဲ့ သေရခြင်း (မရဏ) ဆိုတဲ့ သံသရာ ဝဋ်ဆင်းရဲအပေါင်းက ကျွတ်လွတ်ရအောင်ဆိုတဲ့ မွန်မြတ်တဲ့ ရည်မှန်း ချက်နဲ့ အားထုတ်ခဲ့တာ ဖြစ်ပါတယ်။

မြတ်ဗုဒ္ဓဟာ ပြင်းပြတဲ့ ရည်မှန်းချက်တွေကို ဘယ်လို ကြိုးစားခဲ့ရပုံ၊ ဘယ်လို အဆင့်ဆင့် အားထုတ်ပြီးမှ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိပုံတို့ကို အသေးစိတ် ရှင်းပြခဲ့ပါတယ်။

အသချေ်များစွာ ဆင်းရဲဒုက္ခ ခံစားခဲ့ရသလို စွန့်လွှတ်ခြင်း ကြီးစွာကို စွန့်လွှတ်ခဲ့ရပါတယ်။ ယုံကြည်ကိုးကွယ်ဆည်းကပ်သူများကို

စိတ်ဓာတ်မကျ၊ အားမယုတ်လျော့စေရုံမျှမက သည်းအောင်နိုင်မှုကိုလဲ မိမိတစ်ဦးတစ်ယောက်ကောင်းအတွက် သိုးသန့်မထားဘဲ မိမိကဲ့သို့ ကျင့်ကြံအားထုတ်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။

ဗုဒ္ဓဘာသာဟာ ကိုးကွယ်ရာ ဘာသာလား။ ယေဘုယျအများ နားလည်ထားတဲ့ ကိုးကွယ်ရာဘာသာမျိုး မဟုတ်ပါဘူး။ ဘာလို့လဲဆို ရင် ယုံကြည်ခြင်းနဲ့ ကိုးကွယ်ခြင်း (ရှိခိုးဝတ်ပြုခြင်း) ဆိုင်ရာ နည်းစနစ်တွေ မဟုတ်လို့ပါဘဲ။

မိမိတို့ဟာ ဘယ်လိုပဲ (ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ = ဘုရားရှင်ကို ကိုးကွယ်ပါ၏)ဆိုပြီး ခိုလှုံဆည်းကပ်ကြပေမယ့် ရှင်တော်ဗုဒ္ဓက ကယ်နိုင်လိမ့်မယ်ဆိုတဲ့ မျက်ကန်းယုံကြည်မှုမျိုးနဲ့ ကိုးကွယ်ကြဖို့ မဟုတ်ပါဘူး။

မြတ်ဗုဒ္ဓဟာ ယုံကြည်မှုသက်သက်ကို လက်မခံဘဲ အမှန် တရားကို သိတဲ့ အခြေခံယုံကြည်မှုမျိုးကိုသာ လက်ခံပါတယ်။ ဗုဒ္ဓ ကို ယုံကြည်အားကိုးတဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဟာ ဗုဒ္ဓရဲ့ အဆုံးအမကို ခံယူပြီး ဘဝလွတ်မြောက်အောင် ကျင့်ကြံအားထုတ် ကြရပါမယ်။

ဗုဒ္ဓရဲ့ ရုပ်ပွားတော်ကို ထားရှိ အရိုအသေပေးတာဟာလဲ သည်ရုပ်တုကို ကိုးကွယ်တဲ့သဘော မဟုတ်ပါဘူး။ မဟာကရုဏာ တော် ရှေ့ထားပြီး လူသားတွေအကျိုးအတွက် သွန်သင်ဆုံးမ လမ်းပြသွားတဲ့ ဆရာသခင်ကို အမှတ်ရဖို့ ရုပ်ပွားထားခြင်း သဘောသာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ ဘဝရဲ့ သံသရာက လွတ်မြောက်ဖို့အတွက် သည်ရုပ်တုထံ တောင်းခံတဲ့သဘော မဟုတ်ပါဘူး။ သည်ရုပ်တုကလဲ ဘယ်လိုလုပ်ပြီး ပေးနိုင်မှာလဲ။

**ဗုဒ္ဓမြတ်စွာတို့ဟာ သွန်သင်လမ်းပြပေးတဲ့ ဆရာတွေပဲ ဖြစ်ကြပါတယ်။ သည်လမ်းကို လျှောက်လှမ်းဖို့ကတော့ မိမိတို့ရဲ့ တာဝန်ပဲလို့ ဟောကြားတော်မူခဲ့ပါတယ်။ ဒါကြောင့် ဘဝလွတ်မြောက်ဖို့ရာ မိမိတို့ဘာသာ မိမိတို့ ကြိုးစားကြရပါမယ်။ အခြားသူ တစ်ဦးတစ်ယောက်က ကယ်မနိုင်လိမ့်မယ်လို့ မမျှော်ကိုးကြပါနဲ့။**

မြတ်ဗုဒ္ဓဟာ လမ်းကိုပဲ ပြညွှန်ပေးနိုင်ပါတယ်။ လမ်းခရီးမှာ တွေ့ကြုံကြရမယ့် ကောင်းကျိုး၊ ဆိုးပြစ်တွေကိုလဲ ပြောပြနိုင်ပါတယ်။ ဒါပေမယ့် ကိုယ်စား လျှောက်လှမ်းပေးနိုင်စွမ်းတော့ မရှိပါဘူး။ မိမိတို့ကိုယ်တိုင် လျှောက်လှမ်းကြရမှာပဲ ဖြစ်ပါတယ်။

သည်လို လျှောက်လှမ်းကြရာမှာ အထောက်အကူရစေဖို့ ဘယ်လို နေထိုင်ကျင့်ကြံ၊ အားထုတ်ကြရမယ် ဆိုတာကိုတော့ ရှင်တော်မြတ်က ချမှတ်ပေးထားခဲ့ပါတယ်။ သည်လို လမ်းညွှန်တဲ့ အတိုင်း လိုက်နာကျင့်ကြံမှလည်း လက်တွေ့အကောင်အထည်ပေါ်မှာ ဖြစ်ပါတယ်။

ရှေးရှုရာ ပန်းတိုင်ကတော့ ဝဋ်ဆင်းရဲဒုက္ခအပေါင်းမှ ချုပ်ငြိမ်းရာ ရွှေပြည်နိဗ္ဗာန်ပါပဲ။ ချမှတ်ထားတဲ့ နည်းလမ်းတွေအတိုင်း ကျင့်ကြံအားထုတ်ကြမှလဲ အမှန်တရားကို တွေ့ကြပါမယ်။

ဗုဒ္ဓရဲ့လမ်းကတော့ အကောင်းဘက်သက်သက်ကိုသာ တွေးတော ရှုမြင်တာ မဟုတ်သလို၊ အဆိုးဘက်ကချည်း တွေးတော ရှုမြင်တာလည်းမဟုတ်တဲ့ အလယ်အလတ်လမ်းပဲ ဖြစ်ပါတယ်။

အကောင်းမြင်ဝါဒဟာ အခြေအနေအရပ်ရပ်ကို ပိုပြီး ခန့်မှန်းတွက်ချက်သလို၊ အဆိုးမြင်ဝါဒဟာလည်း လျှော့ပြီးတွက်တဲ့သဘော ရှိပါတယ်။

ခုလမ်းကတော့ အစွန်းနှစ်ဖက်ကို ရှောင်ရှားတဲ့လမ်းပဲ ဖြစ်ပါတယ်။ သည်လမ်းရဲ့ သဘောကလဲ အစွန်းနှစ်ဖက်တို့ရဲ့ အပြန်အလှန်အကြောင်းပြုပုံတို့ကို ဆင်ခြင်နိုင်ကြမှသာ နားလည်သဘောပေါက်ကြမှာ ဖြစ်ပါတယ်။ အစွန်းတရားများဟာ ဆန့်ကျင်ဘက်များဖြစ်ပေါ်စေပြီး ဘယ်လမ်းကမှ အကျိုးမပြုကြပါဘူး။

ဒါကြောင့် လူတိုင်းဟာ အလယ်အလတ်လမ်းစဉ်အတိုင်း နေထိုင်ကျင့်သုံးသွားကြမယ်ဆိုရင် အကောင်းဆုံးနဲ့ အလုံခြုံဆုံးဘဝကို ကေန်မလွဲ ရရှိကြပါလိမ့်မယ်။

ဗုဒ္ဓဝါဒမှာ အပိုင်းအားဖြင့် သုံးပိုင်းရှိပါတယ်။ သင်ယူမှုအပိုင်း (ပရိယတ္တိ)၊ ကျင့်သုံးမှုအပိုင်း (ပဋိပတ္တိ)နဲ့ ကိုယ်တွေ့သိမြင်မှုအပိုင်း (ပဋိဝေဓ)တို့ ဖြစ်ကြပါတယ်။ ကျမ်းဂန်တွေကို ပိဋကသုံးပုံ၊ ဒါမှမဟုတ် ရှင်တော်ဗုဒ္ဓရဲ့ တရားဓမ္မတွေ ပါဝင်တဲ့ ဥပဒေခြင်းတောင်းကြီး သုံးလုံးအဖြစ်နဲ့ ပြုစုထိန်းသိမ်းထားရှိပါတယ်။ အဲသည်ပိဋကတ်တော်များကို အင်္ဂလိပ်ဘာသာ ပြန်ဆိုကြတဲ့ ပုဂ္ဂိုလ်များက ခရစ်ယာန် သမ္မာကျမ်းစာ စာအုပ်ရဲ့ တစ်ဆယ့်တစ်ဆမျှ ရှိတယ်လို့ ခန့်မှန်းကြပါတယ်။

ဗုဒ္ဓမြတ်စွာရဲ့ သွန်သင်ဆုံးမချက်တွေကို အောက်ပါစာပိုဒ်တစ်ပိုဒ်အဖြစ်နဲ့ ချုပ်လို့ရပါတယ်။

**မကောင်းမှုဟူသမျှကို ရှောင်၊**
**ကောင်းမှုဟူသမျှကို ဆောင်၊**
**စိတ်ကို စင်ကြယ်အောင်ထား၊**
အဲဒါ မြတ်စွာဘုရားတို့ရဲ့ ဆုံးမစကား။
သည်စာပိုဒ်ဟာ သဗ္ဗညုတဉာဏ်တော်ကိုရစေတဲ့ လမ်းမ

ကြီး‌ရဲ့၊ အကျင့်သိက္ခာ–သီလ (Morality)၊ အာရုံစူးစိုက်မှု၊ စိတ်တည်ငြိမ်စေမှု– သမာဓိ (Concentration)နဲ့ ဉာဏ်ပညာ– ပညာ (Wisdom) ဆိုတဲ့ အဆင့်သုံးဆင့်တို့ပဲ ဖြစ်ကြပါတယ်။

သီလကတော့ အပြောနဲ့အလုပ်ကို လမ်းမှန်သို့ ရောက်စေပါတယ်။ သမာဓိက စိတ်ကို ထိန်းကွပ်ပေးပါတယ်။ ပညာကတော့ မိမိတို့အတွင်းမှာ ပြင်းထန်စွာ လှုပ်ရှားနေကြတဲ့ မကောင်းမှု (အကုသိုလ်) များကို ချုပ်ငြိမ်းစေတဲ့ နောက်ဆုံးအဆင့်ပဲ ဖြစ်ပါတယ်။

ပညာဆိုတာ အရာရာကို အမှန်အတိုင်း ရှုမြင်စေနိုင်ပြီး ဘဝမှာ တွေ့ကြုံကြရမယ့် ပြဿနာများကို မှန်ကန်တည့်မတ်စွာ ဖော်ဆောင်နိုင်တဲ့ သတ္တိရှိပါတယ်။ ပညာဉာဏ် (အသိ)ဟာ လူတိုင်းမှာ ရှိကြပေမယ့် ဖုံးအုပ်ငုပ်လျှိုးပြီး နေတတ်ပါတယ်။ မိမိရဲ့နှလုံးသား နူးညံ့ပျော့ပျောင်းပြီး မေတ္တာတရားများ ကိန်းအောင်းကြတဲ့အခိုက်မှာမှ အားကောင်းသန်စွမ်းလာတတ်ပါတယ်။

လူတွေရဲ့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အမိုက်မှောင်များ တည်ငြိမ် အနည်ထိုင်သွားတဲ့အခါကျမှသာ အမှားနဲ့အမှန်ကို ခွဲခြားသိပြီး၊ ကရုဏာတရားများ ကိန်းအောင်းလာတတ်ပါတယ်။ သူတစ်ဦးရဲ့ ကောင်းကျိုးကို သယ်ပိုးဖို့ စိတ်ဆန္ဒများ ပေါ်ပေါက်လို့လည်း လာတတ်ပါတယ်။

သည်အခါမှာ သူတစ်ဦးရဲ့ ပစ္စည်းဥစ္စာကို မတရားယူခြင်းမှ ရှောင်ကြဉ်ပြီး၊ တည်ကြည်မှန်ကန်စွာ ဆက်ဆံပါတယ်။ ဖောက်ဖောက်ပြားပြား ကျင့်မှားခြင်းမှလဲ ရှောင်ကြဉ်ပြီး၊ သန့်ရှင်းစင်ကြယ်စေပါတယ်။

မဟုတ်မမှန် လုပ်ကြံပြောဆိုခြင်းမှ ရှောင်ကြဉ်စေပြီး တစ်ဆင့်ကြားရတဲ့ ၊ အထင်အမြင်လွဲမှားစေမယ့်စကားများ ပြောဆိုခြင်းကိုလဲ ဆန့်ကျင်စေပါတယ်။ သင်းကွဲနေသူများကို စည်းရုံးစေ့စပ်ပြီး စည်းလုံးနေကြသူများကို အားကောင်းစေပါတယ်။

ကြမ်းတမ်းခက်ထန်တဲ့ စကားများ ပြောဆိုခြင်းမှ ရှောင်ကြဉ်စေပြီး စိတ်နှလုံး ချမ်းမြေ့ဖွယ်၊ သာယာနာပျော်ဖွယ်ရှိတဲ့ စကားများကို ပြောဆိုစေပါတယ်။ အကျိုးမဲ့တဲ့ စကားများကို ရှောင်ကြဉ်စေပြီး အကျိုးရှိစေမယ့်စကားများကို ပြောဆိုစေပါတယ်။

အဲသည်လို စိတ်များ စင်ကြယ်ပြီး နှလုံးသား နူးညံ့သိမ်မွေ့နေမှလဲ ပညာတည်းဟူသော အလင်းရောင် ပွင့်လင်းလာမှာ ဖြစ်ပါတယ်။

ကြယ်တာရာကင်းမဲ့ပြီး မှောင်မိုက်နေတဲ့ညမှာ ပင်လယ်ထဲသွားနေတဲ့ သင်္ဘောရဲ့ သံလိုက်အိမ်မြှောင်တည်းဟူသော အစွမ်းကြောင့် လမ်းမှန်ကို မြင်နိုင်သလိုပါပဲ။ ပညာဉာဏ်ဟာ လူတို့ကို အမှန်တရားရှုမြင်စေပြီး ငြိမ်းချမ်းတဲ့လမ်းကို ရောက်စေပါတယ်။ သည်ပညာဉာဏ်သာလျှင် အလွန်တရာ ကျယ်ပြောတဲ့ ဘဝပင်လယ်ကြီးထဲမှာ လူသားအားလုံးကို ကြင်နာတရားနဲ့ မေတ္တာတရားများ ပွားစေပြီး စည်းလုံးညီညွတ်စေမှာ ဖြစ်ကြောင်းပါ။

*

## သာသနာတော်
## သန့်ရှင်းတည်တံ့ပြန့်ပွားစေရန်

ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန် ဝင်စံတော်မူတဲ့ အရပ်ကို များစွာသော မင်းများ၊ ပုဏ္ဏားများ၊ ကုန်သည်များ၊ လက်လုပ်လက်စား ဆင်းရဲသားများနဲ့ နတ်ဗြဟ္မာအပေါင်းတို့ စုဝေးရောက်ရှိလာကြပါတယ်။ ရှင်မဟာကဿပအမှူးပြုတဲ့ ရဟန်းခုနစ်သိန်းတို့လဲ ရှိနေကြပါတယ်။ ဗုဒ္ဓရဲ့ ဈာပနသဘင်နဲ့ ဓာတ်တော်၊ မွေတော်များကိစ္စကို ရှင်မဟာကဿပရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့ပဲ ကျင်းပဆောင်ရွက်ကြပါတယ်။

ဘိက္ခုနဲ့ ဘိက္ခုနီတို့အတွက် ဗုဒ္ဓရဲ့ အဆုံးအမနဲ့ စည်းကမ်းသိက္ခာပုဒ်တွေကို ရှင်တော်ဘုရား သက်တော်ထင်ရှားရှိတုန်းမှာသာ လိုက်နာဖို့လိုတယ်ဆိုတဲ့ ရှင်သုဘဒ္ဒရဲ့ မဆင်မခြင် ပြောဆိုလိုက်တဲ့ စကားကို ရှင်မဟာကဿပ ကြားရတဲ့အခါ ရှင်တော်မြတ်ရဲ့ တရားဓမ္မများ ထာဝစဉ် တည်တံ့အောင် လုပ်လိုတဲ့ဆန္ဒ လွန်မင်းစွာ ပြင်းပြခဲ့ပါတယ်။

ဒါကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီး နောက် ခုနစ်ရက်မြောက်နေ့မှာ အကုသိုလ်စိတ်တွေကင်းတဲ့ ဘာသာတရားဘက်မှာ အသိကြွယ်တဲ့ တရားဓမ္မများကို ကောင်းစွာ တတ်ကျွမ်းတဲ့

ဝါရင့် ရဟန်းတော်ငါးရာတို့ကို စုဝေးပြီး သင်္ဂါယနာတင်ဖို့ စီစဉ်ပါတယ်။ သည်ဓမ္မသဘင်ကြီးကို အဇာတသတ်မင်းကြီးက ကမကထပြုပြီး ရာဇဂြိုဟ်ပြည်မှာ ကျင်းပပါတယ်။ ဘုရားမြတ် ပညတ်တော်မူခဲ့တဲ့ ဝိနည်းသိက္ခာ၊ သုတ်၊ အဘိဓမ္မာတရားများကို စုစည်းပြီး သင်္ဂါယနာတင်လိုက်တာ ခုနစ်လကြာမှ ပြီးဆုံးပါတယ်။

ဗုဒ္ဓတရားတော်တွေဟာ သုံးပိုင်းရှိပါတယ်။ သင်ယူမှုအပိုင်း (ပရိယတ္တိ)၊ ကျင့်သုံးမှုအပိုင်း (ပဋိပတ္တိ)နဲ့ ကိုယ်တွေ့သိမြင်မှုအပိုင်း (ပဋိဝေဓ)တို့ ဖြစ်ပြီး တစ်ခုနဲ့တစ်ခုဟာ အပြန်အလှန် မှီတွယ်ဆက်စပ်နေကြပါတယ်။

တရားဓမ္မများကို တိပိဋက (ပိဋကသုံးပုံ)အဖြစ် ပြုစု ထိန်းသိမ်းထားရှိပါတယ်။ သည်တရားတော်များဟာ ခရစ်ယာန် သမ္မာကျမ်းစာစာအုပ်ထက် တစ်ဆယ့်တစ်ဆမျှ ရှိတယ်လို့ ခန့်မှန်းကြပါတယ်။

ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ပါရှိတဲ့ သည်တရားတော်တွေဟာ စာလုံးပေါင်း ၁၇၅၂၈၀၀ ရှိတယ်လို့ ပါမောက္ခ ရိုက်စ်ဒေးဗစ်စ်(Rhys Davids) က ခန့်မှန်းပါတယ်။ ပိဋကသုံးပုံမှာ တရားခြင်းတောင်းကြီးသုံးလုံးပါဝင်ပါတယ်။ အဲဒါတွေကတော့ စည်းကမ်းချက်များ ခြင်းတောင်း (ဝိနည်းပိဋက)၊ တရားဓမ္မများ ခြင်းတောင်း (သုတ္တန်ပိဋက)နဲ့ အဆုံးစွန်တရားများခြင်းတောင်း (အဘိဓမ္မာပိဋက)တို့ ဖြစ်ကြပါတယ်။

ဝိနည်းပိဋကတော်မှာ စာအုပ်ငါးအုပ်ရှိပြီး ဘိက္ခုနဲ့ ဘိက္ခုနီတို့ လိုက်နာကျင့်သုံးကြရမယ့် ကျင့်ဝတ်သိက္ခာတွေအပြင်၊ ရှင်တော်မြတ်ရဲ့ ဘဝဖြစ်စဉ်နဲ့ သာသနာပြုခဲ့ပုံများအကြောင်း အသေးစိတ်ဖော်ပြထားပါတယ်။

သုတ္တန်ပိဋကတော်မှာတော့ ရှင်တော်ဗုဒ္ဓ ကိုယ်တော်တိုင်နဲ့ အချို့အပိုင်းတွေမှာ ဗုဒ္ဓရဲ့ တပည့် သာဝကများ ဟောကြားတော်မူခဲ့တဲ့ တရားတော်များ ပါဝင်ပါတယ်။

စာအုပ်ပေါင်း ၂၆ အုပ်ရှိပြီး လမ်းညွှန်တရားများကို စုစည်းထားတာနဲ့ အလားသဏ္ဌာန်တူပါတယ်။ ဘာကြောင့်လဲဆိုတော့ သည်တရားတော်တွေဟာ အခြေအနေအရပ်ရပ်နဲ့ လိုက်ဖက်ညီအောင်၊ သက်ဆိုင်ရာပုဂ္ဂိုလ်တွေရဲ့ စိတ်နေသဘောထားများနဲ့လဲ အံဝင်ခွင်ကျအောင် ဟောကြားထားလို့ ဖြစ်ပါတယ်။

အဘိဓမ္မာပိဋကတော်ကတော့ စိတ်၊ စေတသိက်၊ ရုပ်နဲ့ နိဗ္ဗာန်ဆိုတဲ့ အဆုံးစွန် လမ်းပြတရားတွေကို အသေးစိတ် ခွဲခြားရှင်းပြထားလို့ သိပ်ပြီး အရေးကြီးပါတယ်။ စိတ်ဝင်စားစရာလဲ အလွန်ကောင်းပါတယ်။

အရှင်မဟာကဿပ ကြီးမှူးပြုလုပ်ခဲ့တဲ့ သင်္ဂါယနာတင်ပွဲကို ထေရိယသင်္ဂီတိလို့ ခေါ်ပါတယ်။ ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် ပထမရာစုနှစ်အတွင်းမှာ ဗုဒ္ဓသာသနာဟာ စည်းလုံးညီညွတ်စွာ စုစုစည်းစည်း ရှိခဲ့ပါတယ်။

သို့ပေမယ့် အဲဒီ ရာစုနှစ်အကုန် ကာလာသောကမင်းရဲ့ လက်ထက်မှာ ဝေသာလီပြည်ရှိ ရဟန်းတစ်စုဟာ ဝိနည်းတော်ထဲကို သိက္ခာပုဒ် အသစ်ဆယ်ပုဒ် ထည့်သွင်းဖို့ ကြိုးစားပြီး သူတို့ကိုယ်တိုင် သာသနာ့ဘောင်မှာ ပါဝင်ခွင့်ရဖို့ အရေးဆိုလာကြပါတယ်။ သည်လို အများလက်မခံနိုင်တဲ့ အယူဝါဒများကို တိုက်ဖျက်ရအောင် အရှင်ရေဝတခေါင်းဆောင်ပြီး တစ်ဆယ့်နှစ်သိန်းသော ရဟန်းတော်တို့ကို စုဝေးပြီး တိုင်ပင်ကြပါတယ်။

နောက် ရှင်တော်မြတ်ရဲ့ မူရင်းပိဋကတော်များ တည်တံ့ရေးအတွက် အကျင့်သီလနဲ့ ညီညွတ်တဲ့ ရဟန်းတော်ခုနစ်ရာတို့ကို ရွေးချယ်ပြီး ကာလာသောကမင်းရဲ့ ကမကထပြုမှုနဲ့ ရှင်တော်ရေဝတဦးဆောင်လို့ ဒုတိယအကြိမ် သင်္ဂါယနာတင်ပွဲကို ဝေသာလီပြည်မှာ ကျင်းပပြုလုပ်ခဲ့ပြန်ပါတယ်။ သည်ဓမ္မသဘင်ကြီးဟာလဲ အရင်က အတိုင်း ကျင်းပပြီး ရှစ်လမျှ ကြာခဲ့ပါတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံပြီးနောက် ဒုတိယရာစုနှစ် အကုန်မှာ ဒုတိယအကြိမ် သင်္ဂါယနာတင်ခဲ့တုန်းက ဖယ်ရှားခံခဲ့ရတဲ့ ရဟန်းများရဲ့ တပည့်တွေဟာ အများလက်မခံနိုင်တဲ့၊ မဟာသင်္ဂါဟပ လို့ခေါ်တဲ့ ဝါဒကို သွတ်သွင်းတဲ့အတွက် သင်းကွဲ၊ ဂိုဏ်းကွဲများ ဖြစ်ပေါ်လာပါတယ်။

သူတို့တစ်တွေဟာ သူတို့ရဲ့ အယူဝါဒတရားတွေကို သီးခြားပြုလုပ်ပြီး ဘုရားဟောဖြစ်လေဟန် ဟောကြားကြပါတယ်။ဘာသာရေးပွဲများ ပြုလုပ်တဲ့အခါ၊ ဘုရား တရားတော်များကို အလေးထားမညွှန်းဆိုဘဲ၊ သူတို့ရဲ့ ဆန္ဒသဘောအတိုင်း ပြုလုပ်လေ့ ရှိကြပါတယ်။

သူတို့ရဲ့ ဂိုဏ်းခွဲမှုနဲ့ ဦးရေများပြားမှုကြောင့် တကယ့်ကျင့်ဝတ်သီလနဲ့ ညီညွတ်တဲ့ ဘိက္ခုများတောင်မှ မူလသိက္ခာပုဒ်များကို ကောင်းစွာ မကျင့်သုံးနိုင်အောင် ဖြစ်ခဲ့ကြရပါတယ်။

ဗုဒ္ဓမြတ်စွာဟာ ခရစ်မပေါ်မီ ၅၄၃ ခုနှစ်က ပရိနိဗ္ဗာန် ဝင်စံတော် မူခဲ့ပါတယ်။ ခုလို ပရိနိဗ္ဗာန် ဝင်စံပြီး နှစ်ပေါင်း ၂၂၀ (ခရစ်မပေါ်မီ ၃၂၃ နှစ်) အရောက်မှာ အိန္ဒိယပြည် အသောကမင်းကြီးဟာ ဗုဒ္ဓသာသနာတော်ကို စောင့်ရှောက်ပြီး ရဟန်းတော်များကို အကာအကွယ်ပေးခဲ့ပါတယ်။

ဘုရား တရားတော်နဲ့ မညီညွတ်တဲ့ (ရဟန်းတု၊ ရဟန်းယောင်) ခြောက်သောင်းမျှ ဖယ်ရှားခဲ့ပါတယ်။ သာသနာတော်ကြီး သန့်ရှင်းပြီး အားလုံး ညီညီညွတ်ညွတ်နဲ့ ကျင့်ဝတ်သီလရှိရှိ ပြန်လည် သိဒ္ဓိတင်နိုင်ခဲ့ပါတယ်။

သင်္ဂါယနာတင်ဖို့လဲ ရဟန်းတော်များရဲ့ အကြီးအကဲ ရှင်သစ္စဟာ အကျင့်သီလနဲ့ပြည့်စုံတဲ့၊ ဘာသာတရားဘက်မှာ အသိကြွယ်တဲ့၊ (တိပိဋက) တရားတော်များကို ကောင်းစွာတတ်ကျွမ်းတဲ့ ရဟန်းတော်တစ်ထောင်ကို ရွေးချယ်ပါတယ်။

နောက်၊ အာသောကဘုရင်ကြီးရဲ့ ကမကထပြုမှုနဲ့ တတိယအကြိမ်မြောက် သင်္ဂါယနာတင်ပွဲတော်ကို၊ ပတ္တနားမြို့မှာ အရှင်မဟာကဿပနဲ့ ရှင်ရေဝတတို့ ပထမနဲ့ ဒုတိယအကြိမ် ပြုလုပ်ခဲ့ကြသလိုပဲ ကျင်းပခဲ့ပြန်ပါတယ်။ သည်ဓမ္မသဘင်ကြီးဟာ ကိုးလကြာမှ ပြီးဆုံးခဲ့ပါတယ်။

အသောကမင်းကြီးဟာ သားတော် မဟိန္ဒနဲ့ သမီးတော် သင်္ဃမိတ္တာတို့ကို သာသနာ့ဘောင်သွင်းပြီး သီရိလင်္ကာနိုင်ငံမှာ သာသနာပြုဖို့ စေလွှတ်ခဲ့ပါတယ်။ ရဟန်းတော်များဟာ အိန္ဒိယပြည်တစ်ပြည်လုံးကို ပြန့်ပွားအောင် သာသနာပြုခဲ့ရုံမက၊ အိန္ဒိယလူမျိုးများရှိရာ နယ်ခြားဒေသ တစ်ဆယ့်လေးနယ်ကိုပါ ဖြန့်ချိခဲ့ပါတယ်။

မဟာမိတ် ဂရိမင်းငါးပါးတို့နဲ့လဲ သာသနာပြုရန် စေလွှတ်ခွင့်ရဖို့ သဘောတူစာချုပ်များ ချုပ်ဆိုဆောင်ရွက်ခဲ့ပါတယ်။

အသောကမင်းကြီးရဲ့ စာချွန်တော်များနဲ့ ကျောက်စာများမှာ တွေ့ရတဲ့ မင်းငါးပါးရဲ့ အမည်များကတော့ ဆီးရီးယားမှာ အင်တီအိုကပ်(စ်)၊ အီဂျစ်မှ တိုလမီ၊ မာစီဒွန်မှ အင်တီဂိုနပ်စ်၊ ဆိုင်ရင်မှ

မာဂတ်(စ်)နဲ့ အိပိရာ(စ်)မှ အဲလက်ဇန္ဒြားတို့ ဖြစ်ကြပါတယ်။ ခရစ်မပေါ်မီ သုံးရာစုအတွင်းက တရုတ်နိုင်ငံ တိုင်းအသီးသီးကိုလဲ ရဟန်းငါးပါး စေလွှတ်ပြီး သာသနာပြုခဲ့ပါသေးတယ်။

အဲသည်ကမှတစ်ဆင့် အေဒီ ၃၇၂ မှာ ကိုရီးယားနိုင်ငံနဲ့ အေဒီ ၅၅၂ မှာ ဂျပန်နိုင်ငံတို့ကို ပျံ့နှံ့ပါတယ်။ အေဒီ လေးနဲ့ ငါးရာစုနှစ်များရောက်တော့ အင်ဒိုချိုင်းနား၊ မွန်ဂိုလီးယားနဲ့ အခြား အာရှနိုင်ငံများ၊ နောက် ကက်ရှ်မီးယားကတစ်ဆင့် နီပေါနဲ့ တိဘက်တို့ကို ရောက်ပါတယ်။

ဘုရင်အသောကရဲ့ ရှင်သောဏနဲ့ ရှင်ဥတ္တရမထေရ်နှစ်ပါးဟာ ဗုဒ္ဓဘာသာကို မြန်မာနိုင်ငံသို့ သယ်ဆောင်လာခဲ့ကြပါတယ်။ အဲသည်ကမှတစ်ဆင့် ရခိုင်နဲ့ ကမ္ဘောဒီးယားတို့ကို ပျံ့နှံ့ပါတယ်။ အေဒီ ၆၃၈ အရောက်မှာ သီရိလင်္ကာကတစ်ဆင့် ထိုင်းနိုင်ငံကို ရောက်ခဲ့တာ ခုတိုင်အောင် ဗုဒ္ဓဘာသာဟာ နိုင်ငံတော်ဘာသာအဖြစ် ရပ်တည်လျက် ရှိပါတယ်။

ခရစ်သက္ကရာဇ်ရဲ့ ပထမရာစုနှစ်အကုန် အရောက်မှာ အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဘာသာဟာ နှစ်ပိုင်းကွဲခဲ့ပါတယ်။ တစ်ဖွဲ့က ဘုရားတရားတော်များနဲ့အညီ ကျင့်ကြံအားထုတ်ပြီး နိဗ္ဗာန်ကို အရောက်တက်လှမ်းဖို့ ဟောကြားကြပါတယ်။

သည်အယူအဆကို ဟိနယာန သို့မဟုတ် ယာဉ်အငယ်လို့ အမည်ပေးပြီး သီရိလင်္ကာ၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနဲ့ လာနိုင်ငံတို့က ယုံကြည်ခံယူကြပါတယ်။

နောက်တစ်ဖွဲ့ကတော့ ဗုဒ္ဓအကြောင်း အထူးကျမ်းများ၊ သဘာဂဓမ္မနဲ့ သက်ဆိုင်တဲ့ သဘောတရားကျမ်းတွေပါ ထုတ်ပြီး

တင်ပြဟောကြားကြပါတယ်။ သည်အယူအဆကို မဟာယာန သို့ မဟုတ် ယာဉ်အကြီးလို့ ခေါ်တွင်ပါတယ်။ သည်ဟီနယာနနဲ့ မဟာယာနဆိုတဲ့ အခေါ်အဝေါ်တွေဟာ တကယ်တော့ ကျမ်းစာတွေမှာ ဖော်ပြမထားပါဘူး။

တစ်ဆယ့်တစ်ရာစုနှစ် အကုန်မှာတော့ ဟီနယာန ဗုဒ္ဓဘာသာဟာ အိန္ဒိယနိုင်ငံမှာ လုံးဝပပျောက်သွားပါတယ်။ မဟာယာန ဗုဒ္ဓဘာသာဟာလဲ ရာစုနှစ် ၂ နှစ်မျှသာ ဟိုနား၊ သည်နားမှာ တစ်စွန်းတစ်စ တွေ့ကြရပြီး နောက်ဆုံး အိန္ဒိယနိုင်ငံမှာ လုံးဝ ကွယ်ပျောက်သွားတော့ကြောင်းပါ။

*

# ဝိသာခါ(ကဆုန်လ)ပွဲတော်

ဗုဒ္ဓဘာသာဝင်များရဲ့ ပွဲတော်များအနက် ဝိသာခါပွဲတော်ဟာ အထွတ်ဆုံး၊ အမြတ်ဆုံး ဖြစ်ပါတယ်။ ဝိသာခါဆိုတာဘာလဲ။ ဝိသာခါဆိုတာ အိန္ဒိယရဲ့လ၊ တစ်နည်းအားဖြင့် မေလဖြစ်ပါတယ်။ သည်လ (ကဆုန်လ)ရဲ့ လပြည့်နေ့များမှာပဲ ရှင်တော်ဗုဒ္ဓဖွားမြင်တော်မူ၊ သဗ္ဗညုတရွှေဉာဏ်တော်ရပြီး ဘုရားအဖြစ်ရောက်တော်မူ၊ ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့တာ ဖြစ်ပါတယ်။

ဗုဒ္ဓရဲ့ ကိုယ်ကျိုးမငဲ့၊ အများအကျိုးကို ထမ်းရွက်ခဲ့တဲ့ ဘဝဟာ အလွန်တရာ မှတ်သားထိုက်ပါတယ်။ ခရစ်မပေါ်မီ ၆၂၃ ဝိသာခါ(ကဆုန်လ) ရဲ့ လပြည့်နေ့မှာ အိန္ဒိယပြည်၌ ဖွားမြင်ပြီး ဂေါတမလို့ မှည့်ခေါ်ခဲ့ပါတယ်။ ခမည်းတော်ဖြစ်သူဟာ ကပိလဝတ်ပြည်ရဲ့ ဘုရင်သုဒ္ဓေါဒနမင်းကြီးဖြစ်ပြီး မယ်တော်ကတော့ မိဖုရားခေါင်ကြီး မယ်တော်မာယာဖြစ်ပါတယ်။ ဂေါတမ ဖွားမြင်တော်မူချိန်မှာ အတိတ်ကြီး၊ နိမိတ်ကြီးများ ဖြစ်ပေါ်ပြီး မျက်မမြင်များ အလင်းရခြင်း၊ နားပင်းသူများ အသံကြားရခြင်း၊ ဆွံ့အသူများ စကားပြောနိုင်ခြင်း၊ ကွေးကောက်သူများ ပြန်ကောင်းခြင်း၊ ခြေမသန်သူများ သန်မာစွာလျှောက်လှမ်းနိုင်ခြင်း စသည်တို့ ဖြစ်ပေါ်ခဲ့ပါတယ်။

ဒါကြောင့် ဘုရင်ကြီးဟာ ပညာအရာမှာရော၊ အတိတ်နိမိတ် ကောက်ယူရာမှာပါ အလွန်ကျော်ကြားတဲ့ ပညာရှိရသေ့ကြီး အသိတ ကို နန်းတော်သို့ ဖိတ်ကြားလိုက်ပါတယ်။ အသိတ ရသေ့ကြီးဟာ သားတော်ကို တွေ့မြင်တာနဲ့တစ်ပြိုင်နက် ဦးစွာရွှင်ကြည်တဲ့ နှလုံးနဲ့ ပြုံးပြီးနောက် မချိတဲ့နှလုံးနဲ့ ငိုကြွေးပြန်ပါတယ်။ သည် သဘောကို ဘုရင်ကြီး စောကြောတဲ့အခါ ရသေ့ကြီးက 'နိမိတ်လက္ခဏာတွေအရ သားတော်ဟာ ကေန်စင်စစ် ဘုရားဖြစ်ပြီး လောကကြီးရဲ့ ဝဋ္ဋဒုက္ခ အပေါင်းကို လွတ်မြောက်စေမှာမြင်ရလို့ ရွှင်ပြတဲ့နှလုံးနဲ့ ပြုံးမိခြင်း ဖြစ်ကြောင်း၊ သို့ပေမယ့် သည်ပျော်ရွှင်ကြည်နူးဖွယ်ရာများကို ကြုံဆုံခွင့် မရတော့ဘဲ မိမိဘဝ နိဂုံးချုပ်ရတော့မယ့် အချိန် နီးကပ်နေပြီကို ဆင်ခြင်မိတဲ့အတွက် မျက်ရည်ကျ ငိုကြွေးမိကြောင်း' ရှင်းပြပါတယ်။

ဘုရင်မင်းမြတ်က ဆက်ပြီး 'သားတော်သည် အဘယ်မည် သော အရာကိုမြင်ပြီး လောကကြီးကို စွန့်ခွာလေမည်နည်း'လို့ မေးတဲ့အခါ ရသေ့ကြီးက 'နိမိတ်ကြီးလေးပါး'ဖြစ်ကြောင်း ပြောကြား လိုက်ပါတယ်။

ထိုအခါ ဘုရင်ကြီးက 'နိမိတ်ကြီးလေးပါးဟူသည် အဘယ် နည်း'လို့ ထပ်ဆင့်မေးမြန်းရာ ရသေ့ကြီးက သူအို၊ သူနာ၊ သူသေ၊ ရဟန်း'တို့ပင် ဖြစ်ကြောင်း ဖြေကြားပါတယ်။

'ခုချိန်ကစပြီး ဤသူတို့ ငါ၏သားတော်အပါး လုံးဝမချဉ်း ကပ်စေရ။ ငါ၏ သားဟော် ဘုရားအဖြစ်သို့ မရောက်စေရ။ လေး ကျွန်းလုံးကို ပိုင်သအစိုးရသော စကြာမင်းကြီးအဖြစ်ကိုသာ တွေ့မြင်လို ၏'လို့ဆိုပြီး ဤသူတို့ သားဘော်အပါးမကပ်နိုင်ရန် အရပ် လေး မျက်နှာ၌ ဂစ်မိုင်ခန့်စီအကွာအထိ အစောင့်များ ချထားလိုက်ပါတယ်။

သည်လိုနဲ့ပဲ ဂေါတမဟာ သူ့ရဲ့ငယ်ရွယ်စဉ်ဘဝမှာ အစစ သက်သောင့်သက်သာနဲ့ ပျော်ရွှင်ချမ်းမြေ့စွာနေရပြီး လှပနှစ်သက်ဖွယ် ရာများကိုသာ မြင်ခဲ့ရပါတယ်။ သို့ပေမယ့် အသက် ၂၉ နှစ်အရွယ် အရောက်မှာ အမှန်တရား လင်းရောင်ခြည်ဟာ သမ်းလို့လာခဲ့ပါတယ်။ 'လူတို့သည် အဘယ်မည်သော အရပ်ကလာ၍ ဘဇာအရေးကြောင့် အသက်ရှင်နေရပြီး၊ အဘယ်မည်သောအရပ်ဆီသို့ သွားကြရကုန် သနည်း'ဆိုတဲ့ မေးခွန်းကြီး သုံးရပ်နဲ့ အဖြေကိုရှာဖို့ သူ့ဘဝကို နှစ်မြှုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

ဒီလိုဆုံးဖြတ်ချက်ဟာ 'အသိတ'ပြောခဲ့တဲ့ နိမိတ်ကြီးလေးပါး ကို တွေ့မြင်ခံစားရလို့ပဲ ဖြစ်ပါတယ်။ သည်လို တွေ့ရပြီး အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ ဖြစ်ရပ်တွေအပေါ် အာရုံဝင်စားမိလို့ပါပဲ။ 'လူတို့သည် အဘယ်ကြောင့် အိုကြရသနည်း' ဆိုတဲ့ မေးခွန်းကို မေးပေမယ့် ဘယ်သူမှ မဖြေကြားနိုင်ကြပါဘူး။ နာခြင်း သဘောသည် အဘယ်ကလာပြီး လူတို့၏ ပျော်ရွှင်ချမ်းမြေ့မှုကို အဘယ်ကြောင့် ဆိတ်သုဉ်းစေရသနည်း။ အေးစက် ငြိမ်သက်စွာ လဲလျောင်းစေသော သေခြင်းသဘောသည် အဘယ်နည်း။

ထိုအခါ အသိစိတ်သည်လည်း သေပါသလော၊ သေခြင်း တရားသည် အရာရာတို့၏ နိဂုံးဖြစ်သလော၊ (သို့မဟုတ်) ဟိုမှာ ဘက်သို့ ကူးပြောင်းရန် စွန့်ခွာသည့်သဘောပင် ဖြစ်သလောဆိုတဲ့ ပြဿနာများအပေါ် အလေးအနက်ထား ဆင်ခြင်တွေးခေါ်မိပါတယ်။ သို့ပေမယ့် ထိုအချိန်က အဖြေကို ရှာမတွေ့ခဲ့ပါဘူး။

နောက်ဆုံး စတုတ္ထမြောက် နိမိတ်ကြီးဖြစ်တဲ့ ရဟန်းတော်ကို တွေ့ရတဲ့အခါ အဲသည် ရဟန်းရဲ့ ကြည်လင်အေးမြ ငြိမ်းချမ်းတဲ့

မျက်နှာတော်ကြောင့် အိုခြင်း၊ နာခြင်း၊ သေခြင်း ဘေးတို့မှ လွတ်ကင်းစေမည့်သဘောကို ဖွင့်ပြသလို မင်းသား ခံစားလိုက်ရပါတယ်။ သည်ရဟန်းတော်ရဲ့ သွင်ပြင်ကြောင့် စစ်မှန်တဲ့ ပျော်ရွှင်ချမ်းမြေ့မှုဟာ ငြိမ်းချမ်းမှုနဲ့ နားလည်မှု (ကိုယ်ချင်းစာမှု)တရားတို့အပေါ်မှာ တည်ပါတကားဆိုတာကို မြင်ယောင်လာပါတော့တယ်။

သည်အခါ၊ ဘဝတူ လူသားများရဲ့ လိုအပ်ချက်ကို ဆင်ခြင်မိတဲ့အတွက် ဂေါတမမင်းသားဟာ အသက် ၂၉ နှစ်အရွယ်မှာ နန်းစည်းစိမ်နဲ့ ဇနီး၊ သားအပါအဝင် လောကီသံယောဇဉ်တွေကို စွန့်လွှတ်ပြီး ဘာတစ်ခုမျှမပါ၊ တစ်ဦးတစ်ယောက်တည်း အိန္ဒိယပြည်ရဲ့ တောတောင်များအတွင်း လှည့်လည်ပြီး အမှန်တရားကို ရှာဖွေပါတော့တယ်။ လူ့ဘဝရဲ့ ဆင်းရဲခြင်းဒုက္ခအကြောင်းကို တွေ့ဆုံသမျှလူများကို ဘယ်လိုပဲ မေးပေမယ့်၊ အဖြေကတော့ အမြဲပဲ မသိတာချည်းရခဲ့ပါတယ်။

သည်တုန်းက စိတ်ပိုင်းဆိုင်ရာ အရာများနဲ့ လောကအကြောင်းအမျိုးမျိုး ပြောဆိုငြင်းခုံနိုင်တဲ့ ဒဿနပညာရှင်တို့ဟာလဲ အလောင်းတော် စိတ်ဝင်စားလိုလားတဲ့မေးခွန်းကို ဘယ်သူမှ အဖြေ မပေးနိုင်ကြပါဘူး။ ဂေါတမဟာ စိတ်အလိုကို မလိုက်ဘဲ၊ ခြိုးခြံစွာ နေထိုင်သီလဆောက်တည်ပြီး တရားအားထုတ်နေခဲ့ပါတယ်။ သူ့ရဲ့ မမောမပန်းနိုင်တဲ့ ဇွဲ၊ လုံ့လတို့ကို မြင်ကြရတဲ့အခါ ကြည်ညိုလေးစားစွာ ဆည်းကပ်သူများ အတော်အသင့် ရှိခဲ့ပါတယ်။ သူဟာ ရာသီဥတုဒဏ်ကြောင့် ကျန်းမာရေး ထိခိုက်ခြင်း၊ ပြင်းထန်စွာ ကျင့်ကြံအားထုတ်မှုကြောင့် နာကျင်ကိုက်ခဲခြင်းနဲ့ *အစာအာဟာရ* ချို့တဲ့မှုဒဏ်များခံစားရပြီး၊ နောက်ဆုံး စိတ်မကောင်း ဖြစ်ရပါတော့တယ်။

ခုလို ဒုက္ကရစရိယာကို ကျင့်ခြင်းအားဖြင့် အကျိုးမပြီးကြောင်း၊ မိမိခမည်းတော်၏ နန်းတော်မှာ စည်းစိမ်ချမ်းသာနဲ့ နေရစဉ်ကနဲ့ ဘာမှ မခြား၊ လိုရာမရောက်ကြောင်း သဘောပေါက်လာပါတယ်။ ဒါကြောင့် အစာအာဟာရများကို သင့်တင့်ရုံ ပြန်လည် စားပါတော့ တယ်။ သည်အခါမှာ တပည့်သာဝကများက 'အစာ အာဟာရများ ကို အပြစ်ရှိသူနဲ့မခြား စားနေပါပြီ'ဆိုပြီး သူ့အပါးက ရှောင်ခွာ သွားကြပါတယ်။

တပည့်သာဝကများက စွန့်ခွာကြ၊ ရှေ့အလားအလာကလည်း မရေရာတဲ့ အခြေအနေမှာ ရှိနေပါတယ်။ သည်တွင် ဂေါတမဟာ အကိုင်းအခက်များ ဖြန့်ကြက်နေတဲ့ ဗောဓိပင်ရင်းမှာ 'ငါသည် တရားမတွေ့သမျှ ဤနေရာက မထတော့'ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ထိုင်လိုက်ပါတယ်။ ကမ္မဋ္ဌာန်း တရားများကို စူးစိုက်ပြီး ကျင့်လို့ အချိန်များ ရလာတာနဲ့အမျှ သူ့ရဲ့ ပညာဉာဏ်ဟာ အားကောင်းပြီး ပြည့်ဝလာပါတယ်။ သူ့ရဲ့ စိတ်တွင်းမှာ သောကနဲ့ ပြဿနာများ ကင်းပျောက်လာပါတယ်။ လူရဲ့ဖြစ်စဉ်သဘာဝတရားများ ထင်မြင် လာပြီး၊ ဖြစ်ရခြင်းရဲ့အကြောင်းတရားနဲ့ ကုစားပျောက်ကင်းစေမယ့် အကျိုးတရားများကိုပါ တွေ့ရှိလာပါတယ်။ သည်လိုနဲ့ပဲ သည်နေရာ မှာ ဂေါတမမင်းသားဟာ ဗုဒ္ဓအဖြစ် ရရှိခဲ့ပါတယ်။ဝိသာခါ(ကဆုန်လ) ရဲ့ လပြည့်နေ့၊ ၃၅ နှစ်အရွယ် အရောက်မှာဖြစ်ပါတယ်။

မိုက်မှောင်ကင်းပြီး ပြီးပြည့်စုံတဲ့ ပညာဉာဏ်အလင်းများ ရရှိတဲ့အခါ ဗောဓိပင်ရင်းကထပြီး ဘဝလွတ်မြောက်ရေးတရားများ ဟောကြားဖို့ ကြွချီပါတော့တယ်။ ဗာရာဏသီပြည်ကို ကျော်လွန်ပြီး နောက် ဆာရာနတ်မြို့ငယ်ကို အရောက်မှာ တစ်ချိန်က စွန့်ခွာသွား

ကြတဲ့တပည့်သာဝကငါးဦးကို ပြန်လည်တွေ့ဆုံပြီး တရားဦးကို ဟောကြားတော်မူပါတယ်။ သည်ငါးဦးဟာ နောင်ကမ္ဘာမှာ ကျော်ကြားကြီးမားတဲ့ ဘာသာရဲ့ ရဟန်းများအဖြစ် ဦးစွာရောက်သူများ ဖြစ်ကြပါတယ်။

ဗုဒ္ဓမြတ်စွာဟာ ၄၅ နှစ်တာ ကာလပတ်လုံး လှည့်လည် တရားဟောပြီး သာသနာပြုခဲ့ပါတယ်။ ဗုဒ္ဓ၏ အလယ်အလတ် လမ်းဖြစ်တဲ့ သည်ဟောကြားချက်များကို ဓမ္မလို့ခေါ်တွင်စေပါတယ်။

စိတ်အလိုကိုလိုက်ခြင်းနှင့် ကိုယ်ကိုညှဥ်းပန်းခြင်းဆိုတဲ့ အစွန်း တရားများကို ရှောင်ရှားပြီး၊ တပည့်သာဝကများကိုလည်း စိတ်ဓာတ် မြင့်မား တက်ကြွစေတဲ့ သဘောတရားများကို ဟောကြားခဲ့တာ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကနဲ့မခြား ခုတိုင်အောင် ကောင်းမွန်မှန်ကန်လျက်တည်ရှိနေပါတယ်။ ရှင်တော်မြတ်ဟာ သက်တော် ၈၀ အရောက် ဝိသာခါ (ကဆုန်လ) ရဲ့ လပြည့်နေ့မှာပဲ ပရိနိဗ္ဗာန်ဝင်စံတော်မူပါတယ်။

သည်သုံးရက်သော နေ့ထူးနေ့မြတ်ကြီးကို အထိမ်းအမှတ်ပြုတဲ့ အနေနဲ့ ဝိသာခါ(ကဆုန်လ)ပွဲတော်ကို ကျင်းပခြင်းဖြစ်ပါတယ်။

လောကရဲ့ဆင်းရဲဒုက္ခအပေါင်းဟာ အသိဉာဏ်ကင်းမဲ့မှု ကြောင့်ဖြစ်ရတယ်။ အမှန်တရားကို ကိုယ်တိုင်သိမြင်မှလည်း ပညာ ဉာဏ်ကင်းမဲ့မှုကို တိုက်ဖျက်နိုင်မယ်ဆိုတာဟာ ဗုဒ္ဓဝါဒရဲ့ အခြေခံ ဖြစ်ပါတယ်။ အကုသိုလ်နဲ့ မတရားမှုများဟာ ပညာဉာဏ်ကင်းမဲ့မှုက ပေါက်ဖွားလာတာဖြစ်တယ်လို့ ရှင်တော်ဘုရားက အမြဲပဲ ဆုံးမဟော ကြားတော်မူပါတယ်။ အကယ်၍သာ လူသားများအနေနဲ့ အရာရာကို ကြည်လင်စွာမြင်ကြမယ်ဆိုရင် လူတိုင်း အမှန်တရားကို လုပ်မိကြ

မှာပါ။ ဒါကြောင့် လူတိုင်း ကောင်းမွန်ဖြောင့်မတ်ပြီး ကိုယ်ကျင့်တရားနဲ့ ပြည့်စုံစွာနေနိုင်ကြရအောင်ဆိုရင် အမှန်တရားမြင်ရေးဟာ ခြွင်းချက်မရှိ လိုအပ်ပါတယ်။

လူများဟာ ပညာဉာဏ်မဲ့တဲ့အခါ အကုသိုလ်များနဲ့ လောကရဲ့ ဝမ်းနည်းဖွယ်ရာများကို ကျူးလွန်ခံစားကြရပါတယ်။ ဒါကြောင့် **သစ္စာလေးပါးတရားရဲ့ ပထမအချက်ဟာ ခံစားရမှု (ဒုက္ခသစ္စာ) ဖြစ်ပါတယ်။ ခန္ဓာငါးပါး၏ ခံစားမှု၊ စံစားမှုမှန်သမျှသည် ဒုက္ခသစ္စာ မည်ပါတယ်။**

လူတို့ဟာ မိမိမရနိုင်တဲ့အရာကို လိုချင်တပ်မက်နေကြတဲ့အဖြစ်တွေ၊ မိမိထမ်းရွက်ရမယ့် တာဝန်များက ရှောင်ကွင်းဖို့ ကြိုးစားနေကြတဲ့ အဖြစ်တွေကို နေ့စဉ်နဲ့အမျှ ကြုံတွေ့ကြရပါတယ်။ များသောအားဖြင့် စွဲလမ်းတပ်မက်မှုများဟာ လူတို့ကို ပျက်စီးစေပါတယ်။ ဒါကြောင့် ဗုဒ္ဓမြတ်စွာက လိုချင်တပ်မက်မှုဟာ လူတို့ရဲ့ အကြီးမားဆုံး ရန်သူ ဖြစ်တယ်လို့ ဆုံးမတော်မူခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် သည်လိုချင်တပ်မက်မှုဟာ လူတို့ရဲ့ဆင်ခြင်တုံတရားများ ကင်းမဲ့စေတဲ့အတွက်ကြောင့်ပဲဖြစ်ပါတယ်။ ဒါကြောင့် **သစ္စာလေးပါးတရားရဲ့ ဒုတိယအချက်ဟာ ခံစားမှုရဲ့အကြောင်းတရား (သမုဒယသစ္စာ) ဖြစ်ပါတယ်။ ဆင်းရဲဒုက္ခအပေါင်းကိုဖြစ်စေသော အကြောင်းတရားသည် သမုဒယသစ္စာမည်၏**။ လိုချင်တပ်မက်မှုနဲ့ ရှိပြီးဥစ္စာပစ္စည်းများ မပျက်မယွင်း ထိန်းသိမ်းလိုမှုတို့ဟာ စိတ်မချမ်းမသာဖြစ်စေခြင်းရဲ့ အဓိကအကြောင်းတရားတွေပဲဖြစ်ပါတယ်။

ပစ္စည်းဥစ္စာများအပေါ် စွဲလမ်းတပ်မက်မှုကြောင့် သည်ပစ္စည်းဥစ္စာများပျောက်ပျက်သွားတဲ့အခါ စိတ်မချမ်းမသာဖြစ်ကြရပါတယ်။

တစ်ခုခုအပေါ် အထင်အမြင်သေးခြင်း(သို့မဟုတ်) မလိုမုန်းထားခြင်း ဟာ စိတ်မချမ်းမြေ့မှုနဲ့ပဲ စရပါတယ်။

ဗုဒ္ဓက အရာတစ်ခုခုကို ကိုယ်ကျိုးရှာ လိုချင်တပ်မက်မှု (လောဘ) နဲ့ အရယူတဲ့အခါမှာ မိမိရဲ့ ကိုယ်ကျင့်သိက္ခာများကို စွန့်လွှတ်လိုက်ရတဲ့အခါ ရှိတယ်။ သို့ပေမယ့် သည်အရာဝတ္ထုဟာ တစ်ခါတစ်ရံ အဖိုးတန်ချင်မှပင် တန်ပေလိမ့်မယ်လို့ ဆုံးမတော်မူခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ကျိုးရှာ လိုချင်တပ်မက်မှု (လောဘ) ဟာ အသိတရားရဲ့ တန်ဖိုးကို ကျဆင်းထိခိုက်စေပါတယ်။ ဘာကြောင့်လဲဆိုရင် သည်ကိုယ်ကျိုးရှာ လိုချင်တပ်မက်မှု(လောဘ) ဟာ ကိုယ်ကျင့်သိက္ခာထက် ပိုင်ဆိုင်မှု၊ မှု့ထက် လူကို အဓိကထား ဦးစားပေးတတ်ကြလို့ပါပဲ။

**သစ္စာလေးပါးတရားရဲ့ တတိယအချက်ဟာ ခံစားမှုမှလွတ်မြောက်ရေး (နိရောဓသစ္စာ) ဖြစ်ပါတယ်။ ဆင်းရဲဒုက္ခအပေါင်း၏ အကြွင်းမရှိပြီးစီးချုပ်ငြိမ်းခြင်းသည် နိရောဓသစ္စာမည်၏။** ကိုယ်ကျိုးရှာ လိုချင်တပ်မက်မှု (လောဘ) ကို ငြိမ်းသတ်နိုင်မှသာ ရရှိကြမှာ ဖြစ်ပါတယ်။

သည်တရားနဲ့ ဆင်ခြင်ကြည့်ကြမယ်ဆိုရင် သေခြင်းတရားကို ကြောက်တဲ့သဘောဟာ တွယ်တာမှု(သံယောဇဉ်) ကြောင့် ဖြစ်ရပါတယ်။ အကယ်လို့များ လူတစ်ဦးတစ်ယောက်ဟာ သူ့ရဲ့ပိုင်ဆိုင်မှုကို မတွယ်တာခဲ့ရင် ပိုင်ဆိုင်ခြင်း၊ ဆုံးရှုံးခြင်းဆိုတာ သူ့ကို တုန်လှုပ်ချောက်ချားစေမှာမဟုတ်ပါဘူး။ တွယ်တာနေသမျှတော့ ပျောက်ပျက်ဆုံးရှုံးမှုရှိရင် ပူဆွေးသောကရောက်ကြရမှာပါ။ မလိုမုန်းတီးပြန်ရင်လည်း ဆက်ဆံလုပ်ဆောင်ကြရာမှာ ပူဆွေးသောကရောက်ကြဦးမှာ အမှန်ပါ။ သည်လိုပူဆွေးပြီး ငိုကြွေးနေသမျှ သူ့မှာ ပညာဉာဏ်အလင်း

ဆိတ်သုဉ်းနေမှာဖြစ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားရဲ့ အလယ်အလတ်လမ်းနဲ့အညီ တက်လှမ်းနိုင်အောင် မဂ္ဂင်ရှစ်ပါးတရားကို နားလည်သဘောပေါက်ဖို့ လိုပါတယ်။

ဒါတွေကတော့ –

(၁) သမ္မာဒိဋ္ဌိ – သစ္စာလေးပါးတရားကို ကောင်းစွာမြင်ခြင်း၊
(၂) သမ္မာသင်္ကပ္ပ – ကောင်းသောအကြံကိုကြံခြင်း၊
(၃) သမ္မာဝါစာ – ကောင်းသောစကားကိုဆိုခြင်း၊
(၄) သမ္မာကမ္မန္တ – ကောင်းသောအမှုကိုပြုခြင်း၊
(၅) သမ္မာအာဇီဝ – ကောင်းစွာအသက်မွေးခြင်း၊
(၆) သမ္မာဝါယမ – ကောင်းစွာ လုံ့လစိုက်ခြင်း၊
(၇) သမ္မာသတိ – ကောင်းစွာအောက်မေ့ခြင်း၊ ရှုခြင်း၊
(၈) သမ္မာသမာဓိ – ကောင်းစွာသမာဓိထူထောင်ခြင်း တို့ ဖြစ်ကြပါတယ်။

## မှတ်ချက်

သစ္စာလေးပါးတရားဟူသည် – ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတို့ဖြစ်ပါသည်။ ဒုက္ခ၊ သမုဒယ၊ နိရောဓ သစ္စာတို့ကိုအနက်ဖွင့်ပြီးဖြစ်၍ နောက်ဆုံး မဂ္ဂသစ္စာကို အနက်ဖွင့် ရသော် နိရောဓသစ္စာသို့ ဆိုက်ရောက်ရန်အကြောင်း၊ ကောင်းမြတ်သော လမ်းမြတ်သည် မဂ္ဂသစ္စာမည်၏။

*(မြန်မာပြန်သူ)*

သည်တရားများကိုအခြေခံပြီး ထူးခြားမြင့်မြတ်တဲ့ အဆုံးစွန်

တရားလေးပါးကတော့ စိတ်စေတသိက်၊ ရုပ်နဲ့နိဗ္ဗာန်တို့ပဲဖြစ်ကြပါတယ်။ သို့ပေမယ့် ဗုဒ္ဓဝါဒဟာ သမိုင်းနဲ့ စာပေရှုထောင့်သက်သက်ကြည့်ပြီးလေ့လာအပ်တဲ့ ဘာသာရပ်မဟုတ်ပါဘူး။ လေ့လာမှတ်သားပြီး မိမိတို့ရဲ့နေ့စဉ်ဘဝမှာ လိုက်နာကျင့်သုံးကြဖို့ ဖြစ်ပါတယ်။ သည်လို လက်တွေ့မကျင့်သုံးဘဲနဲ့တော့ အမှန်တရားကို သိရှိသဘောပေါက်ကြမှာမဟုတ်ပါဘူး။

ဒါကြောင့် ဗုဒ္ဓတရားတော်များကို လေ့လာမှတ်သားကြ၊ ကျင့်ကြံအားထုတ်ကြ၊ လက်တွေ့အကောင်အထည် ဖော်ကြဖို့လိုပါတယ်။ ကိုယ်တိုင်ကျင့်ကြံအားထုတ်ခြင်းဟာ ရည်မှန်းချက်ပန်းတိုင်ပဲမဟုတ်ပါလား။ ဗုဒ္ဓရဲ့အဆုံးအမနဲ့ လမ်းညွှန်တရားများဟာ ယခုအချိန်ထက်ပိုပြီး လိုအပ်တာ မရှိတော့ပါဘူး။ ပညာဉာဏ်အလင်းရမှလည်း ရှင်လန်းချမ်းမြေ့မှုရကြမှာဖြစ်သလို ထွက်ပေါ်လာမယ့် ရလဒ်ဟာလည်း လူတိုင်းရဲ့ အဓိကဆန္ဒ၊ မှန်ကန်တဲ့ဘဝဖြစ်ကြောင်းပါ။

*

# အခန်း(၂)
# သီလဆိုင်ရာ တရားများ

- ဗုဒ္ဓဝါဒနှင့်ပြည်မြန်မာ
- အကျင့်သီလသည်သာပဓာန
- ဗုဒ္ဓဝါဒနှင့်အညီနေထိုင်ရေး
- ပါရမီတရားဆယ်ပါး

## ဗုဒ္ဓဝါဒနှင့်ပြည်မြန်မာ

ဗုဒ္ဓဘာသာမြန်မာနိုင်ငံမှာ မြန်မာလူမျိုးများဟာ ကိုယ်ကျိုးမငဲ့၊ ကရုဏာဖက်တဲ့ အလွန်တရာမြင့်မြတ်တဲ့ အကျင့်(သီလ)တွေကို အမွေဆက်ခံထိန်းသိမ်းခဲ့ကြလို့ လူသားအချင်းချင်းအပေါ် စူးရှထက်မြက်တဲ့၊ စာနာထောက်ထားတတ်တဲ့၊ လူ့ကျင့်ဝတ် (တရား) တွေရှိကြတယ်ရယ်လို့ အသိအမှတ်ပြုကြပါတယ်။ ဒါ့ကြောင့်လည်း ကမ္ဘာမှာအပျော်ရွှင်ဆုံးလူသားများအနက် တစ်ဦးအပါအဝင်ဖြစ်တယ်ဆိုတာကို အနောက်နိုင်ငံသားများ ကောင်းစွာသိရှိကြပြီး ဖြစ်ပါတယ်။

သို့ပေမယ့် အချို့လူများဟာ လူသားတို့ရဲ့ ပျော်ရွှင်ချမ်းမြေ့မှု၊ ငြိမ်းချမ်းမှုနဲ့ ယဉ်ကျေးမှုတို့ရဲ့ အရင်းအမြစ်ဖြစ်တဲ့ ဗုဒ္ဓဝါဒအပေါ် သဘောထားများ ပြောင်းလဲသွားကြလေပြီလားရယ်လို့ မကြာခဏပြစ်တင်ပြောကြားတာကို ကြားကြရတတ်ပါတယ်။ တစ်ကိုယ်ကောင်းဆန်မှု (အတ္တစိတ်) နဲ့ ကြမ်းတမ်းမှု (ဒေါသ) တွေ မစွဲကပ်ရလေအောင် သွန်သင်ဆုံးမ (ဟောကြား) တဲ့ ဗုဒ္ဓဝါဒကို နာကြည်းဖွယ်ရာ သွေဖည်ကြတဲ့အချို့ဖြစ်ရပ်များအနက် (၁) မေတ္တာတရားခေါင်းပါးမှု – ချစ်ခင်ကြင်နာမှု (Loving-kindness)၊ (၂) ဘာသာရေးအခြေခံကျင့်ဝတ် – သီလများကို ပစ်ပယ်မှု၊(၃) နူးညံ့သိမ်မွေ့မှု (Tenderness)

နဲ့ ကြင်နာသနားမှု (Compassion) ဆိုတဲ့သဘောတရားများ ချို့တဲ့ကြတာ အထင်အရှားပေါ်လွင်နေတာကို တွေ့ကြရပါတယ်။

သည်နေ့ကမ္ဘာကို ခြုံပြီးကြည့်မယ်ဆိုရင် ငွေကြေးနဲ့ ရုပ်ဝတ္ထုပစ္စည်းတွေ လုံလောက်စွာရှိရုံမက၊ အတတ်ပညာပိုင်းဘက်ကလည်း မချို့တဲ့ကြပါဘူး။ ဒါဖြင့် ဘာများလိုနေပါသေးသလဲ။ အမိုက်မှောင် (အဝိဇ္ဇာ) ကို တွန်းလှန်အောင်နိုင်စေမယ့် ကောင်းမှု (အလုပ်) နဲ့ မေတ္တာတရားဆိုတဲ့ (စိတ်) စွမ်းပကားများ အားနည်းနေကြပါတယ်။ သည်နေ့ကမ္ဘာမှာ ဖျက်ဆီးမှုတွေနဲ့ တစ်ဦးကတစ်ဦးအပေါ် မယုံသင်္ကာမှုတွေ ဖြစ်ပေါ်နေပါတယ်။

ဒါဖြင့်ရင် ဒါတွေကိုကျော်လွှန်အောင် ဘာလုပ်ကြမလဲ။ ကမ္ဘာတစ်လွှားမှာ မေတ္တာတရား တိုးတက်ပြန့်ပွားရေးဟာ အလိုအပ်ဆုံးအရာပါပဲ။ စစ်ဖြစ်ရတဲ့ အဓိကအကြောင်းရင်းဟာ မေတ္တာတရားခေါင်းပါးမှုကြောင့်ပါပဲ။ စစ်ရေးပဋိပက္ခတွေအပြင် လူမျိုးရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဘာသာရေးပဋိပက္ခတွေလည်း ရှိနေကြပါတယ်။ သည်ပဋိပက္ခတွေအားလုံးတို့ရဲ့ အဓိကအကြောင်းရင်းဟာလည်း မေတ္တာတရားခေါင်းပါးမှုကြောင့်ပါပဲ။

ပထမကမ္ဘာစစ်ကြီးပြီးတဲ့နောက်ပိုင်းမှာ အပြည်ပြည်ဆိုင်ရာဆိုတဲ့ အဖွဲ့အစည်းတွေ အမြောက်အများပေါ်ပေါက်ခဲ့ပါတယ်။ စာရေးဆရာအတော်များများဟာ အပြည်ပြည်ဆိုင်ရာဝါဒ (Internationalism) အကြောင်း အမျိုးမျိုးရေးသားခဲ့ကြပါတယ်။ အလုပ်သမားထုကြီးဟာ ဘဝလိုအပ်ချက်တွေ အပြည့်အဝရရှိစေဖို့ဆိုတဲ့ မျှော်လင့်ချက်နဲ့ အပြည်ပြည်ဆိုင်ရာ လှုပ်ရှားမှုတွေကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြဖူးပါတယ်။ ၁၉၂၀ ပြည့်နှစ်အတွင်းက နိုင်ငံပေါင်းချုပ်

အသင်းကြီး (The League of Nations) ကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့ကြပါတယ်။ သို့ပေမယ့် ငြိမ်းချမ်းရေးကို မထိန်းသိမ်းနိုင်ခဲ့ကြပါဘူး။ ဘာ့ကြောင့်ပါလဲ။

အများစုဟာ ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ အခြားပြင်ပ (ဗဟိဒ္ဓ) လိုအပ်ချက်တွေကိုသာ ကိုင်တွယ်ပြီး ဘဝရဲ့ စိတ်ပိုင်းဆိုင်ရာဘက်မှာ အလေးထားမှု အားနည်းခဲ့ကြလို့ပါပဲ။ ရုပ်ဝါဒတစ်ခုတည်းနဲ့တော့ လူတွေလိုလားတောင့်တကြတဲ့ ပျော်ရွှင်ချမ်းမြေ့မှုနဲ့ ငြိမ်းချမ်းမှုကို ဖြည့်စွမ်းပေးနိုင်ကြမယ် မဟုတ်ပါဘူး။ စစ်မှန်တဲ့ဗုဒ္ဓဝါဒ ထွန်းကားရာလို့ အခြား ကမ္ဘာ့ဗုဒ္ဓဘာသာနိုင်ငံတွေက အသိအမှတ်ပြုရတဲ့ မြန်မာနိုင်ငံအဖို့၊ ရုပ်ဝါဒသဘောထက် ဗုဒ္ဓဘာသာ လူနေမှုဘဝ–စနစ် (Buddhist way of life) ဟာ အသင့်လျော်ဆုံး၊ အကိုက်ညီဆုံးဖြစ်ပါတယ်။

မြန်မာနိုင်ငံအဖို့အလိုအပ်ဆုံးဟာ ဗုဒ္ဓဝါဒရဲ့ သွန်သင်ဆုံးမမှုဖြစ်တဲ့ ညီညွတ်မျှတစွာ ဆက်ဆံရေး(Fair dealing)၊ တစ်ဦးနဲ့တစ်ဦး ချစ်ခင်လေးစားရေး(Honour)၊ အမှန်တရား (သစ္စာ) ထွန်းကားရေး(Truth)၊ မှန်ကန်မှုရရှိရေး(Right)၊ နူးညံ့သိမ်မွေ့မှုရရှိရေး (Refinement) ဆိုတဲ့ ကိုယ်ကျင့်တရား (သီလ) တွေကို ကျင့်ကြံပွားများ ကြဖို့ပါပဲ။

ဘာသာတရားကို ပစ်ပယ်ခြင်းဟာ စစ်မက်ဖြစ်ပွားစေတဲ့ အခြေခံအကြောင်းရင်းဖြစ်ပါတယ်။ ဗုဒ္ဓမြတ်စွာရဲ့ သွန်သင်ဆုံးမမှုတွေအနက် အရေးအကြီးဆုံးတရားဟာ 'သူ၏အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်း(သို့မဟုတ်) အပြစ်ကင်းအောင်နေခြင်း' (ကုသိုလ်) ပဲ ဖြစ်ပါတယ်။

ရန်လိုမှုဟာ ပင်ကိုယ်သဘာဝအားဖြင့် လူကိုရော၊ တိရစ္ဆာန်ကိုပါ ပျက်စီးအောင် ဒါမှမဟုတ် သတ္တဝါတို့ရဲ့အသက်ကို သတ်ဖြတ်အောင်အထိ စေ့ဆော်ကျူးလွန်စေပါတယ်။ သို့ပေမယ့် သည်စေ့ဆော်မှုကို ပြုလုပ်တဲ့နေရာမှာ လူသားနဲ့ တိရစ္ဆာန်တို့ရဲ့ အသိတရားချင်းဟာ အလွန်ပဲကွဲပြားခြားနားပါတယ်။

တိရစ္ဆာန်နဲ့ ကမ္ဘာဦးလူသား(လူရိုင်း)တွေရဲ့ မဆင်မခြင်လုပ်မှုဟာ သူတို့ရဲ့ ဘေးအန္တရာယ်ကို ကာကွယ်တားဆီးဖို့ သက်သက်ပြုလုပ်ကြတာဖြစ်ပါတယ်။ တိရစ္ဆာန်များကျတော့ သူတို့ရဲ့ လိုအပ်ချက်အရ အန္တရာယ်ကို ကာကွယ်တာဖြစ်လို့ အပြစ်မတင်သင့်ပါဘူး။ ဒါဟာ သဘာဝပဲ။ သို့ပေမယ့် လူသားတွေကျတော့ ဒီလိုမဟုတ်တော့ဘူး။ တွေးခေါ်တတ်တဲ့ အသိတရား(ဆင်ခြင်တုံတရား) ရှိကြလို့ များစွာခြားနားပါတယ်။

လူသားဟာ ပင်ကိုယ်အရည်အချင်းအရ သူ့မှာ ကြီးမားတဲ့မှတ်ဉာဏ်၊ စိတ်ကူးဉာဏ်၊ စဉ်းစားဉာဏ်၊ ဆင်ခြင်တတ်တဲ့ဉာဏ်၊ သိက္ခာ သမာဓိ၊ ကိုယ်ကျင့်တရားနဲ့ ဘာသာရေးယုံကြည်မှုတွေရှိပါတယ်။ ဒီတော့အလုပ်တစ်ခုကို မလုပ်ခင်ခုချက်ချင်းရော (Immediate) လွန်ခဲ့တဲ့ အတိတ်ကာလကပါ အခြေခံခဲ့တဲ့ အကြောင်းတရားတွေ (Remote)ကို စဉ်းစားတွက်ချက်ပြီး ဆင်ခြင်ရပါလိမ့်မယ်။ ကိုယ်ရေး၊ လူမှုရေး၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံရေး (Spiritual security) နဲ့ ပျော်ရွှင်ချမ်းမြေ့ရေးတွေကိုပါ ကြိုတင်တွက်ချက် သိမြင်ကြရပါတယ်။ ကိုယ်ကျိုးရှာ လိုချင်မှု-လောဘ (Selfish desires)နဲ့ တဒင်္ဂသာယာမှုအတွက်နဲ့တော့ သူ့ရဲ့အလွန်တရာ မြင့်မားကြွခိုင်တဲ့ မျှော်မှန်းချက်တွေကို မစွန့်လွှတ်သင့်ကြပါဘူး။

လူသားဟာ အလုပ်တစ်ခုကို လုပ်တော့မယ်ဆိုရင် တိရစ္ဆာန်လိုမဟုတ်ဘဲ၊ ရက်စက်ကြမ်းကြုတ်မှုနဲ့ ကြင်နာထောက်ထားမှုတစ်ခုခုကို အမြဲရွေးချယ်ကြရပါမယ်။ ဒီ အလုပ်နှစ်ခုကို တစ်ပြိုင်တည်း၊ တစ်ချိန်တည်းတော့ ဘယ်နည်းနဲ့မှ လုပ်လို့ရလိမ့်မယ်မဟုတ်ပေဘူး။ ဒါဖြင့် ဘယ်လမ်းကိုရွေးကြမလဲ။ ဒါကို မိမိရဲ့ ကျန်းမာရေးရှုထောင့်အမြင်နဲ့ဖြစ်ဖြစ်၊ စိတ်ပျော်ရွှင်ချမ်းမြေ့ရေး ရှုထောင့်အမြင်နဲ့ပဲဖြစ်ဖြစ် ရွေးချယ်ဖို့ရာ ခက်ခဲလိမ့်မယ် မဟုတ်ပေဘူး။ ရက်စက်ကြမ်းကြုတ်မှုနဲ့ အပြစ်ကျူးလွန်မှု(အကုသိုလ်) ထက်၊ ချစ်ခင်ကြင်နာမှုနဲ့ စာနာထောက်ထားမှုလမ်းကိုပဲ လိုက်ကြရပါမယ်။ ဒါမှလဲ လူသားဆန်ကြပေလိမ့်မယ်။ ရက်စက်ကြမ်းကြုတ်မှု စွမ်းအားဟာ ထာဝရတစ်သမတ်တည်း တည်မြဲပြီး အခါခပ်သိမ်း အောင်နိုင်လိမ့်မယ်လို့ ဘယ်လူသား၊ ဘယ်လူတစ်စု၊ ဘယ်လူ့အဖွဲ့၊ ဘယ်လူမျိုးတစ်မျိုးကိုမှ အာမခံချက်မပေးပါဘူး။ ဒါကြောင့် မိမိထက်စွမ်းအားပိုပြီး သာလွန်တဲ့လူ၊ လူတစ်စု၊ လူတစ်ဖွဲ့၊ လူမျိုးတစ်မျိုးရဲ့ တုံ့ပြန်မှုကို ကာကွယ်တားဆီးနိုင်အောင်ဆိုရင်၊ မိမိရဲ့ကိုယ်မိမိ ထိန်းချုပ်ပြီး အနာဂတ်လူသားတွေအတွက် မှန်ကန်တဲ့၊ လိုလားအပ်တဲ့ နမူနာကောင်းများ ပြသကြဖို့လိုပါတယ်။

ဓားသမားဟာ ဓားနဲ့ပဲ ဘဝနိဂုံးချုပ်ရတယ်ဆိုတာ အမှန်တရားပါ။ ရက်စက်ကြမ်းကြုတ်တဲ့လူ၊ လူတစ်စု၊ လူတစ်ဖွဲ့၊ သို့မဟုတ် လူမျိုးတစ်မျိုးဟာ တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာ သူ့ထက်သာတဲ့လူနဲ့တွေ့ရင် တန်ပြန်ရက်စက်မှုကို မလွဲကေန် ခံကြရတတ်ပါတယ်။ ရက်စက်ကြမ်းကြုတ်သူဟာ အမြဲ စိတ်ဆင်းရဲစွာနေရပြီး၊ ဆင်းရဲစွာပဲ သေကြေပျက်စီးကြရတာဟာလဲ အမှန်တရားပါ။ ရက်စက်ကြမ်း

ကြုတ်တဲ့လူများ၊ လူ့အဖွဲ့များဟာ အခြား ရက်စက်ကြမ်းကြုတ်သူများ၊ လူ့အဖွဲ့များရဲ့ရန်ကို အမြဲပဲ စိုးရိမ်မကင်းဖြစ်နေကြရပါတယ်။ ရက်စက်ကြမ်းကြုတ်ခြင်းနဲ့ အောင်မြင်မှုကို တစ်ခဏအတွင်း(လျင်မြန်စွာ) ရရှိကြပေမယ့်၊ တန်ဖိုးကြီးစွာ ထိန်းသိမ်းကြရပြီး၊ တာရှည်စွာ မတည်မြဲတတ်ပါဘူး။ သက်တမ်းအားဖြင့် တိုတောင်းတတ်ပါတယ်။ ဒါ့ကြောင့် တစ်ကိုယ်ကောင်းဆန်မှု ရှုထောင့်သက်သက်နဲ့ ကြည့်မယ်ဆိုရင်တောင်မှ ဒီကြမ်းကြုတ်မှုလမ်းစဉ်ဟာ မလိုလားအပ်ပါဘူး။ လုံခြုံမှုမရှိပါဘူး။

လူ့အဖွဲ့အစည်းဆိုတာ ရှင်တော်ဗုဒ္ဓဟောကြားသလို အကြမ်းဖက်မှုကို ရှောင်ကြဉ်ပြီး ချစ်ခြင်းမေတ္တာ၊ ကြင်နာတရားနဲ့ ရိုင်းပင်းကူညီမှုများကို အခြေခံကြမှသာ ပိုပြီးတိုးတက် အကျိုးသက်ရောက်မှာဖြစ်ပါတယ်။ အကြမ်းဖက်ခြင်းဆိုတာ လူသားတို့အဖို့ ရောဂါများဖြစ်ပါတယ်။ ရက်စက်တဲ့၊ တစ်ကိုယ်ကောင်းဆန်တဲ့ လူ၊ သို့မဟုတ် လူ့အဖွဲ့အစည်းဟာ တစ်ဦးရဲ့ကိုယ်ပိုင်(သဘာဝ) လွတ်လပ်ခွင့်တွေကို နှင်းချေဖျက်ဆီးပြီး မတရားလုပ်ခြင်းဟာ လူ့ ခန္ဓာအတွင်းမှာရှိတဲ့ အဆိပ်သင့်စေတဲ့ပိုးများ၊ ဒါမှမဟုတ် ရောဂါဆိုးများနဲ့ အလားသဏ္ဍာန်တူပါတယ်။ အလွန်တရာစင်ကြယ်တဲ့၊ ပျော်ရွှင်ချမ်းမြေ့ဖွယ်အတိဖြစ်တဲ့ လူ့ဘဝကို တည်ဆောက်ကြမယ်ဆိုရင် မိမိရဲ့ အဖွဲ့ဝင်များဟာ အခြားသူများကို ရင်းနှီးချစ်ခင်စွာ ဆက်ဆံကြဖို့၊ တစ်ဦးကတစ်ဦးကို ကာကွယ်စောင့်ရှောက်ကြဖို့ အထူးလိုအပ်ပါတယ်။

စံပြုရမယ့် လူ့အဖွဲ့အစည်းတစ်ခုမှာ အားသာသူများက၊ အားနည်းသူများကို ချစ်ခင်ကြင်နာစွာ စောင့်ရှောက်ကြဖို့ (မေတ္တာ) နဲ့ သည်းခံခွင့်လွှတ်ကြဖို့ဟာ အဓိကသော့ချက်ပါပဲ။ အားနည်းသူ

များကလည်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံကြဖို့နဲ့ ပူးပေါင်းဆောင်ရွက်ကြဖို့ လိုပါတယ်။ သည်နေ့သိပ္ပံပညာရဲ့တွေ့ရှိမှုနဲ့ တီထွင်ဖန်တီးမှုတွေဟာ လူသားတွေအဖို့ ကောင်းတဲ့ဘက်မှာရော၊ မကောင်းတဲ့ဘက်မှာပါ ပြုလုပ်စေနိုင်တဲ့ စွမ်းပကားများ ဖြည့်ဆည်းပေးလျက်ရှိပါတယ်။

**သည်တော့ လူငယ်တိုင်းကို လူ့အခြေခံကျင့်ဝတ်တွေ သိရှိလိုက်နာပြီး ဆင်ခြင်တုံတရားရှိကြဖို့၊ မျှတညီညွတ်စွာဆောင်ရွက်ကြဖို့ ကိုယ်ကျင့်တရား (အကျင့်သီလ) တွေရှိကြဖို့၊ ပညာပေးလုပ်ငန်းတွေ ဖွံ့စည်းဖြန့်ဝေဖို့ အထူးလိုအပ်ပါတယ်။ သည်တော့မှလည်း လူမဆန်တဲ့၊ ရိုင်းစိုင်းတဲ့၊ ကြမ်းတမ်းတဲ့ အပြုအမူတွေနဲ့ လူ့ဘဝသာယာမှုကို ပျက်စီးစေမယ့်ဘေးများ ထပ်မံ မပေါ်ပေါက်မှာ ဖြစ်ပါတယ်။**

သူတစ်ဦးကြောင့် ဒုက္ခဘေးဆိုးနဲ့ တွေ့ကြရမှာကို၊ ထိခိုက်အနာတရ ဖြစ်ကြရမှာကို၊ အသတ်ခံကြရမှာကို ဘယ်သူမှ မလိုလားကြပါဘူး။ တကယ်တော့ တစ်ဦးတစ်ယောက်က ဒီပြစ်မှုတွေကို ကျူးလွန်တယ်ဆိုတာ လူ့ရဲ့အခြေခံ လူမှုကျင့်ဝတ်တွေကို ချိုးဖောက်တာပဲဖြစ်ပါတယ်။ သူဟာ လူမှုရေးဘဝတွေကို သွေဖီဆန့်ကျင်ပြီး အပြစ်ကို ကျူးလွန်တာပဲဖြစ်ပါတယ်။

လူ့ဘောင်အဖွဲ့အစည်းတစ်ခု ကျစ်လစ်ခိုင်မာရေးနဲ့ ရုပ်ဝတ္ထုပစ္စည်းများ တိုးတက်အောင်မြင်ရေးဟာ လူ့ဘဝရဲ့တစ်ခုတည်းသောရည်မှန်းချက်မဟုတ်ပါဘူး။ ဝတ္ထုပစ္စည်းနဲ့ စိတ်ဓာတ်ရေးတို့ဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန် ဆက်စပ်နေကြပါတယ်။ အပြန်အလှန်မှီတွယ်နေကြပါတယ်။ ဒါကြောင့် အလွန်တရာအရေးကြီးတဲ့ ဒီလိုအပ်ချက်နှစ်ရပ်ကို ဖော်ဆောင်ဖြည့်ဆည်းကြရပါလိမ့်မယ်။ ရုပ်ပိုင်းဘဝကို လူသားတွေသာ မကပါဘူး၊ တိရစ္ဆာန်များပါ မှီခိုကြရပါတယ်။

ဒီတော့ ပင်ကိုယ်(သဘာဝ) အရည်အချင်းများအရ မြင့်မားတဲ့ စွမ်းပကားတွေကို ပိုင်ဆိုင်တဲ့လူသားတွေဟာ ရုန်းကန်လှုပ်ရှားမှု (Struggle) နဲ့ ဖျက်ဆီးမှု (Destruction)တို့အရ အောင်နိုင်ခြင်းထက်၊ ချစ်ကြည်ရင်းနှီးစွာနဲ့ ငြိမ်းချမ်းစွာအနိုင်ယူပြီး မြင့်မြတ်တဲ့လူ့ဘဝကို ထူထောင်တည်ဆောက်သင့်ကြပါတယ်။ ဒါ့ကြောင့်ကိုယ်ကျင့်တရား(အကျင့်သီလ) နဲ့ ထိန်းကျောင်းမှုကိုခံယူတဲ့ လူသားတစ်ယောက်ဟာ တိရစ္ဆာန်များထက် ပိုပြီး သာလွန်မြင့်မားကြရပါမယ်။

ဒီတော့ လူသားများဟာ မြင့်မြတ်တဲ့ဘဝမှာ တန်ဖိုးရှိတဲ့၊ သန့်စင်မွန်မြတ်တဲ့ ရုပ်ဝတ္ထုပတ်ဝန်းကျင်နဲ့ တိုးတက်တဲ့ ရုပ်ဝတ္ထုပစ္စည်းတွေကိုသာပဲ လိုလားမြတ်နိုးကြရပါမယ်။ အဓိပ္ပာယ်ကတော့ လူသားအချင်းချင်းဟာ မိမိရဲ့ပင်ကိုယ်အသိဉာဏ်နဲ့ယှဉ်ပြီး အများ အားလုံးလက်ခံကြတဲ့ အခြေခံဥပဒေသများဖြစ်တဲ့၊ တစ်ဦးနဲ့တစ်ဦး ညီမျှစွာ ဘယ်သူကမှ ဘယ်သူ့ထက် နိမ့်ကျတယ်ရယ်လို့ သဘောမထားဘဲ မှန်ကန်စွာ၊ မျှတစွာ၊ ရိုးသားစွာ၊ ညီညွတ်စွာ၊ လွတ်လပ်စွာဖော်ဆောင်ဖြည့်ဆည်းသွားကြရမည် ဖြစ်ကြောင်းပါ။

# အကျင့်သီလသည်သာပဓာန

ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင်တွေ့ရှိပြီး ဆုံးမဟောကြားတော်မူခဲ့သမျှတွေကို ဗုဒ္ဓဝါဒ(တရားတော်)လို့ ခေါ်ပါတယ်။ ရှင်တော်ဗုဒ္ဓရဲ့ တရားတော်တွေကို တစ်ပိုဒ်တည်း ခုလို ချုပ်လို့ရပါတယ်။

**မကောင်းတာမှန်သမျှကို ရှောင်၊**

**ကောင်းတာမှန်သမျှကို ဆောင်၊**

**စိတ်ကိုစင်ကြယ်အောင် ထား၊**

အဲဒါ ဘုရားရှင်တို့ရဲ့ ဆုံးမစကား။

သဘောကတော့ မကောင်းတာမှန်သမျှ(အကုသိုလ်) ကို ပယ်သတ်ပြီး၊ မှန်ကန်ကောင်းမြတ်တဲ့ စိတ်(မနောကံ) ကို အားဖြည့်ကြဖို့ပါပဲ။ သို့ပေမယ့် မကောင်းမှုတွေကို ရိုးရိုးပယ်သတ်ရုံနဲ့တော့ မလုံလောက်ပါဘူး။ မကောင်းမှု(အကုသိုလ်)မှန်သမျှကို မြင့်မြတ်တဲ့အကျင့်(ကောင်းမှုကုသိုလ်) တွေနဲ့အစားထိုးကြရပါမယ်။ ဒါကို မိမိဘာသာမိမိ ပြုစုပျိုးထောင်ယူ(ကျင့်ကြံပွားများ)ကြရပါမယ်။ ဒီလိုပျိုးထောင်ရာမှာ တစ်ဦးချင်းစီဟာ ကောင်းမွန်မှန်ကန်တဲ့အတွေး(မနောကံ)၊ အပြော(ဝစီကံ)နဲ့ အလုပ်(ကမ္မ) တွေကို ပွားများကျင့်ကြံပြီး လူ့ရဲ့ပတ်ဝန်းကျင်ကို ပျော်ရွှင်ချမ်းမြေ့အောင် ကူညီစောင့်ရှောက် လုပ်ဆောင်ကြ

ဖို့ပါပဲ။

ဒါကြောင့် ဗုဒ္ဓဝါဒဟာ စည်းကမ်းတကျနဲ့ အဆင့်မြင့်မားစွာ သတ်မှတ်ထားတဲ့ လူ့ကျင့်ဝတ်(ဥပဒေသ) တွေ ပါဝင်တဲ့ အကြွင်းမဲ့ မှန်ကန်တဲ့ သဘောတရား(ဒဿန) တွေပဲဖြစ်ပါတယ်။ တကယ်တော့ ဗုဒ္ဓဝါဒဟာ ကိုယ်ကျင့်တရား စည်းကမ်း(နီတိ) တွေကို အလေးအမြတ် ထားတာ ဖြစ်ပါတယ်။ ဒီကျင့်ဝတ်တွေကို လိုက်နာကျင့်ကြံပွားများ ကြမယ်ဆိုရင် သံသရာပြတ်ပြီး ဘဝကလွတ်မြောက်နိုင်ပါတယ်။ ဒါကြောင့်မို့ ဒီတရားတော်တွေဟာ အခြားဘာသာများအတွက် ဖြည့်စွက်ချက်-နောက်ဆက်တွဲ (Supplement) ဖြစ်စေပါတယ်။ လက်တွေ့မှာလည်း တကယ်ဖြစ်ပါတယ်။

ဥပမာဆောင်ရမယ်ဆိုရင် တရုတ်ပြည်နဲ့ ဂျပန်နိုင်ငံတွေမှာ လည်း သူတို့ရဲ့(ဒေသခံ)မူလ ဘာသာကို မစွန့်လွှတ်ကြဘဲ၊ ဗုဒ္ဓ ဝါဒကို ဖြည့်စွက်ချက်အဖြစ်နဲ့ လက်ခံကျင့်သုံးနေကြပါတယ်။ ကိုယ်ကျင့်တရားများ တိုးတက်ကောင်းမွန်အောင်၊ သဘောတရား (ဒဿန) များကို နားလည်သဘောပေါက်အောင် နှိုးဆွမြှင့်တင်ပေး စေပါတယ်။ ဒီနည်းအားဖြင့် ဗုဒ္ဓဝါဒဟာ ကိုယ်ကျင့်တရားများ ပိုမိုကြံ့ခိုင်စေတဲ့ အကျိုးဆောင်ကိုယ်စားလှယ် (Agent)ဖြစ်ပါတယ်။ ယဉ်ကျေးသိမ်မွေ့မှုကို ဖြစ်ထွန်းပေါ်ပေါက်စေတဲ့ မောင်းနှင်အား (Civilizing Force) လည်း ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

**ဗုဒ္ဓဝါဒဟာ ကိုယ်ကျင့်တရား စည်းကမ်း(နီတိ) ဖြစ်တဲ့ အလျောက်၊ အခြားဘာသာများနဲ့ အငြင်းပွားစရာအကြောင်း ဘာမှုမရှိပါဘူး။ အခြား ဘာသာများကလည်း ယှဉ်ပြိုင်ကန့်ကွက်ထိုက်တဲ့ အကြောင်းအချက်များ တစ်စုံတရာ ဘာမှုမရှိပါဘူး။** ဒီအခြေခံနဲ့ပဲ ဗုဒ္ဓဘာသာဟာ အခြား

ဘာသာဝင်များနဲ့ ရိုးသားဖြောင့်မတ်စွာ ပါဝင်ဆွေးနွေးလိုတဲ့ သဘောဖြစ်ပါတယ်။ တကယ်တော့ ထိုင်းနိုင်ငံက ဗုဒ္ဓဘာသာဝင်များ ဟာ ပထမခြေလှမ်းကိုတောင် လှမ်းခဲ့ကြပြီးဖြစ်ပါတယ်။

၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့က ထိုင်းနိုင်ငံ သာသနာရေးဝန်ကြီးရဲ့ ကမကထပြုမှုနဲ့ ဘာသာပေါင်းစုံ ညီလာခံကို ဗန်ကောက်မြို့တော်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီညီလာခံကို ထိုင်းနိုင်ငံဝန်ကြီးချုပ်ကိုယ်တိုင်တက်ရောက်ပြီး တရားဝင်ဖွင့်လှစ်ခဲ့ ပါတယ်။ ဝန်ကြီးချုပ်က 'မျက်မှောက် ကမ္ဘာ့အခြေအနေများအရ မည်သည့်ဘာသာမျှ၊ အခြားဘာသာများနှင့်ကင်းကွာပြီး ထီးတည်းကြီး နေ၍ မရနိုင်ကြောင်း၊ ထို့ကြောင့် ဘာသာတရား ကိုင်းရှိုင်းကြသူ လူသားတိုင်း မည်သည့်ဘာသာဝင်ဖြစ်စေ၊ မိမိတို့ဘာသာအလိုက် သက်ဆိုင်ရာနိုင်ငံ၏ လုံခြုံရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ပါဝင်လက်တွဲပြီး လုပ်ဆောင်သင့်ကြပါကြောင်း' မိန့်ကြားခဲ့ပါတယ်။

သူ့အနေနဲ့ ဘယ်ဘာသာကိုပဲ ယုံကြည်ကြသည်ဖြစ်စေ၊ တကယ်ရိုးသားစွာ ပါဝင်လုပ်ဆောင်ကြမယ်ဆိုရင် ဘယ်သူ့ကိုမှ ဒါမှမဟုတ် ဘယ်ဘာသာ (တရား) ကိုမှ ခြိမ်းခြောက်စေမှာမဟုတ်လို့ စိုးရိမ်စရာအကြောင်းမရှိကြောင်း၊ ကောင်းကောင်းကြီးသဘောပေါက် ပါတယ်။ သူက ဆက်ပြီး ပြောပါသေးတယ်။ 'အမှန်တကယ်ကြောက် ရမည်မှာ၊ မူလအစကပင် ဘာသာရေးအခြေခံ ဥပဒေသ (တရား) များ မရှိကြသူများကိုသာဖြစ်ကြောင်း' ဒါကြောင့် ဝန်ကြီးချုပ်က 'ဘာသာ တရားကိုင်းရှိုင်းသူအားလုံးသည် မိမိတို့၏ ဘာသာဝင်များနှင့် လူသားများကို အကာအကွယ်ပေးကြရန်၊ ဘာသာတရားအား ဖျက်ဆီး မည့် ကြောက်မက်ဖွယ် နိုင်ငံရေးသဘောတရား(ဒဿန) များကို

ဝိုင်းဝန်းတားဆီးကြရန်' မေတ္တာရပ်ခံလိုက်ပါတယ်။

အဲဒီညီလာခံမှာ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ် ဘာသာ၊ ဟိန္ဒူဘာသာ၊ ဆစ်ခ်ဘာသာဝင် ဘုန်းတော်ကြီးများ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။ သာသနာရေးဆိုင်ရာ ညွှန်ကြားရေး မှူးက 'ယခု ညီလာခံ ခေါ်ယူကျင်းပရခြင်းသည် ဘာသာပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး၊ ဘာသာတရားအား ယုံကြည်ကိုးကွယ်ကြသူ များ၏ ညီညွတ်မှုကို အပြန်အလှန်မြှင့်တင်ရေး၊ ကိုယ်ကျင့်တရားများ တိုးတက်ကောင်းမွန်ရေး၊ ဘာသာရေးဆိုင်ရာ အမြင်နှင့် အကြံဉာဏ် များ ဖလှယ်ကြရေးတို့အတွက်ဖြစ်ကြောင်း' ပြောကြားခဲ့ပါတယ်။ အဲဒီညီလာခံရဲ့ ဦးတည်ချက်ဟာ 'ဘာသာရေးသည် ဘဝ၏ အလင်း ရောင်' ဟူ၍ ဖြစ်ပါတယ်။

ညီလာခံကြီးဟာ ထူးကဲစွာ အောင်မြင်ခဲ့တဲ့အတွက် ညွှန်ကြား ရေးမှူးချုပ်က '၁၉၆၅ ခုနှစ်တွင် နောက်တစ်ကြိမ်ထပ်မံပြီး ယခုထက် ပိုမိုကျယ်ပြန့်စွာ ကျင်းပနိုင်ရန်မျှော်လင့်ပါကြောင်းနှင့် အခြေအနေပေး ပါက အပြည်ပြည်ဆိုင်ရာ ညီလာခံအဖြစ်ပင် ကျင်းပလိုပါကြောင်း' ပြောကြားခဲ့ပါတယ်။

မှန်ကန်တဲ့ကိုယ်ကျင့်တရား(စည်းကမ်း) ရှိကြဖို့ လူသားအချင်း ချင်း ညီညွတ်ကြဖို့နဲ့ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ကြဖို့ဆိုရင် ဗုဒ္ဓဝါဒကတော့ သတ္တဝါအားလုံးအပေါ် ချစ်ခင်ကြင်နာတဲ့ မေတ္တာကိုပဲ အထူးပြုပြီး ဟောကြားပါတယ်။ မေတ္တာဆိုတဲ့ ဝေါဟာရဟာ ညီအစ်ကိုချစ်(သံယောဇဉ်)၊ ဒါမှမဟုတ် ကြင်နာတရားရှိမှုတွေ အပါအဝင်ဖြစ်ပေမယ့် ဒီထက်များစွာ လွန်ကဲသာလွန်ပါတယ်။ ထက်သန်တက်ကြွတဲ့ စိတ်ကောင်းစေတနာရှိမှု (Active Benevo-

lence) သူတစ်ပါးရဲ့ တိုးတက်ဖြစ်ပေါ်မှု (ပရ အကျိုး) ကို အပြော သက်သက် မဟုတ်ဘဲ၊ တကယ်တက်ကြွစွာ ထိထိမိမိ ဖြည့်စွမ်းပေးတဲ့ ချစ်ခင်မှုသဘောတွေ ဖြစ်ပါတယ်။

ရှင်တော်ဗုဒ္ဓက 'မိခင်တို့သည် မိမိ၏အသက်အန္တရာယ်ကိုပင် အလေးမထား ရင်သွေးငယ်များကိုချစ်ကြကုန်၏။ ကာကွယ်စောင့် ရှောက်ကြဘိ၏။ ထို့အတူ လူသားတို့သည် သတ္တဝါများအပေါ် အတိုင်းအဆမရှိ၊ အစွမ်းကုန် ချစ်ခင်မြတ်နိုးကြရာသည်' လို့ မိန့်မှာ ပါတယ်။ ဒီသဘောက လူသားတစ်ဦးက လူသားတစ်ဦးအပေါ် ထားရှိရမယ့် 'စံ' ပဲ ဖြစ်ပါတော့တယ်။

မေတ္တာဆိုတာ လူသားတွေရဲ့ လိုအပ်ချက်နဲ့ ပျော်ရွှင်ချမ်းမြေ့ ရေးတွေကို သယ်ပိုးဖော်ဆောင်ရာမှာ ကိုယ်ကျိုးကိုမငဲ့ လိုလိုလား လားနဲ့ ကူညီဖြည့်ဆည်းခြင်းကို တစ်ပြိုင်တည်း ဆောင်ရွက်တဲ့သဘော ဖြစ်ပါတယ်။ ဗုဒ္ဓဝါဒအရတော့ လူမှုတိုးတက်ဖွံ့ဖြိုးရေးအတွက် မေတ္တာဟာ အခြေခံပါပဲ။ တစ်ဦးနဲ့တစ်ဦး ကွဲပြားခြားနားစေတဲ့ အတားအဆီးမှန်သမျှကို ဒီမေတ္တာကပဲ ဖျောက်ဖျက် ဖယ်ရှားစေပါ တယ်။

ဘာသာရေးအယူဝါဒ ကွဲပြားမှုကြောင့်တော့ အခြားသူများ ကို အဆက်အသွယ်မပြုလုပ်ဘဲ ဖယ်ရှားဖို့ အကြောင်းတစ်စုံတစ်ရာ မရှိပါဘူး။ ဘာသာရေးအယူဝါဒဟာ တိုင်းပြည်တစ်ပြည်၊ ဒါမှမဟုတ် လူမျိုးတစ်မျိုးအတွက်ရယ်လို့ ကန့်သတ်ထားချက်လည်းမရှိပါဘူး။ အများအားလုံးနဲ့သက်ဆိုင်ပါတယ်။ ဘာသာရေးဆိုတာ လူသားအား လုံးရဲ့ ပင်ကိုယ်အရည်အသွေးနဲ့ လူ့တန်ဖိုးကို မြှင့်တင်ပေးစေတဲ့ နှလုံးသားပညာရေးပဲဖြစ်ပါတယ်။

ဘာသာရေးဆိုတာ သီဝရီ(စာတွေ့)သက်သက်မဟုတ်ဘဲ လက်တွေ့ကျင့်သုံးကြဖို့ဖြစ်ပါတယ်။ ကိုယ်ကာယဟာ လေ့ကျင့်ခန်းတွေယူလို့ ကျန်းမာသန်စွမ်းလာရသလို၊ နှလုံးသားကိုလည်း လေ့ကျင့်ယူကြရပါမယ်။ ဘယ်အယူဝါဒပဲဖြစ်ဖြစ် စိတ်ထဲမှာသာ ယုံကြည်ခံယူရုံမျှနဲ့တော့ မောင်းနှင်အားဖြစ်လာလိမ့်မယ် မဟုတ်ပါဘူး။ လက်တွေ့နယ်ပယ်မှာ မကျင့်သုံးဘဲနဲ့လည်း ဘာတန်ဖိုးမှ ရှိမှာမဟုတ်ပါဘူး။

ဗုဒ္ဓဘုရားက 'မနော(စိတ်)နှင့် အပြောသာကောင်းပြီး လက်တွေ့မပါလျှင် အဆင်းသာရှိပြီး ရနံ့ကင်းသည့် ပန်းကဲ့သို့ မည်သည့်အကျိုးတရားမျှ သက်ရောက်လိမ့်မည် မဟုတ်ပါချေ' လို့ မိန့်ကြားပါတယ်။ ကိုယ်ကျင့်တရားကို လက်တွေ့ ကျင့်သုံးခြင်းသည်သာ ဘာသာရေးရဲ့ တကယ့်အနှစ်သာရဖြစ်ပါမယ်။ တွေးခေါ်မှန်းဆဖို့ မဟုတ်ပါဘူး။ လက်တွေ့ ကျင့်သုံးကြဖို့ပါ။

ဘဝအရည်အချင်းဟာ အတွေးမဟုတ်ဘဲ လက်တွေ့လုပ်ခြင်းပါ။ လုပ်ချင်စိတ်ရှိပြီး ဒီလုပ်ချင်စိတ်ကို လက်တွေ့ဖော်ဆောင်ကြမှပဲ တကယ်အောင်မြင်ကြမှာပါ။ လက်တွေ့မဖြည့်စွမ်းဘဲနဲ့တော့ ဒီလုပ်ချင်စိတ်ဟာ ဘာအကျိုးမှ သက်ရောက်လိမ့်မယ်မဟုတ်ပါဘူး။ မိမိရဲ့ မြင့်မားတဲ့တွေးခေါ်ကြံစည်မှုနဲ့ ခံယူချက်တွေကို လက်တွေ့ဖော်ဆောင်ခြင်းသည်ပင် ဘာသာရေးလို့ဆိုရင် အဓိပ္ပာယ်ပြည့်ဝပါလိမ့်မယ်။

ဒီနေ့ ကမ္ဘာကြီးဟာ တစ်စုတစ်ဖွဲ့တည်း သဘောရောက်ရှိနေတာကို တွေ့ရှိကြရပါတယ်။ လူသားအချင်းချင်း ညီညွတ်ရေး၊ စီးပွားရေးအရ အပြန်အလှန် မှီခိုရေးတို့ဟာ အရေးပါအရာရောက်

ပေမယ့်၊ ညီညွတ်တဲ့ မိသားစုတစ်ခုအဖြစ် ဖန်တီးတည်ဆောက်ဖို့ မလုံလောက်သေးပါဘူး။ တစ်ခုတည်းသော လူ့အဖွဲ့အစည်းဆိုတဲ့ အသိတရားရှိဖို့ လိုအပ်ပါသေးတယ်။

သိပ္ပံဗေဒအရ လူတို့ရဲ့စိတ် (အသိတရား) ဖွံ့စည်းတည်ဆောက်မှုဟာ လူမျိုးမရွေး အားလုံးတူညီကြတယ်လို့ တွေ့ရှိထားပါတယ်။ ဘာတွေပဲ ကွဲပြားကြသလဲဆိုရင် သမိုင်းရေးတိုးတက်မှုအခြေအနေတွေနဲ့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေပဲ ဖြစ်ပါတယ်။ ဒီတော့၊ ဒီနေ့ကမ္ဘာမှာ စိတ်အားဖြင့်ရော၊ လူမှုရေးအရပါ တစ်ခုတည်း တစ်သဘောတည်း ဖြစ်တယ်ဆိုတဲ့အချက်ကို အသိအမှတ်မပြုကြသမျှတော့ ဘာသာရေးညီညွတ်မှုကို ဘယ်နည်းနဲ့မှ ရရှိကြမှာမဟုတ်ပါဘူး။

ဒီလို ဘာသာရေး ညီညွတ်မှုရအောင်ဆိုရင် ကမ္ဘာကြီးဟာ တစ်ခုတည်း(အရာရာမှာတန်းတူရည်တူ) (Oneness)ဖြစ်တယ်ဆိုတာရယ်၊ လူသားအားလုံးဟာ မိသားစုတစ်ခုတည်း (One Family)ဖြစ်တယ်ဆိုတာကို ခံယူကြမှသာ လမ်းစပွင့်လာပါလိမ့်မယ်။ ဘဝဆိုတာ အားမာန်နဲ့ မရပ်မနား လည်ပတ်နေတဲ့ဘီးကြီးနဲ့ အလားသဏ္ဌာန်တူပါတယ်။

ဒီ ဘီးကြီးအတွင်းမှာ လူတစ်ဦးစီရဲ့ ဘဝနဲ့တူတဲ့၊ မရေမတွက်နိုင်တဲ့ ဘီးငယ်ကလေးများ ရှိကြပါတယ်။ ဒီ ဘီးငယ်ကလေးတွေဟာ သူ့ပုံပန်းသဏ္ဌာန်နှင့်သူ တည်ရှိနေကြပါတယ်။ ဒီဘီးကြီးနဲ့ ဘီးငယ်ကလေးတွေ တစ်နည်းအားဖြင့် ကမ္ဘာကြီးနဲ့ လူသားတွေဟာ ဖြိုခွဲမရအောင် ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန် ဆက်သွယ်နေကြပါတယ်။ ဒီမိသားစုကြီးဟာ ခိုင်မြဲစွာဖွဲ့နှောင်ထားပြီး၊ တိုးတက်ဖွံ့ဖြိုးရေးအတွက် တစ်ဦးစီဟာ အားလုံးကို မှီခိုနေကြရပါတယ်။

မိမိတို့အတွင်းမှာရှိတဲ့ ကောင်းမှုတွေ (အကောင်းတရားတွေ) (Goodness)ကို ထုတ်နှုတ်ကျင့်သုံးတဲ့ နေရာမှာ မိမိဘဝကို ကိုယ်စားပြုတဲ့ ဘီးငယ်တွေဟာ အများအားလုံးနဲ့ သက်ဆိုင်တဲ့ဘီးကြီးနဲ့ ဟန်ချက်ညီညီ လိုက်ဖက်အောင် ကြိုးစားလည်ပတ်ကြရပါလိမ့်မယ်။ ဒီဘီးတွေအားလုံး တညီတညွတ်တည်း ဟန်ချက်ညီအောင် လည်ပတ်ဖို့ဆိုရင် မိမိတို့အားလုံးဟာ အကောင်းဆုံး (အကောင်းတကာ့ထိပ်ခေါင်) (Highest Good)တွေကို မွေးမြူဖြစ်ထွန်းစေရပါမယ်။ ဒီလိုဖြစ်အောင် မိမိတို့ရဲ့ နေ့စဉ်လုပ်ငန်း(တာဝန်)တွေကို ကြင်နာစွာ(Kindness)၊ ယဉ်ကျေးသိမ်မွေ့စွာ (Courtesy) နဲ့ မှန်ကန်ဖြောင့်မတ်စွာ (Truthfulness) လုပ်ကြရပါမယ်။

စံဖြစ်တဲ့ ဒီလိုအပ်ချက်တွေ ပြည့်ဝဖို့ဆိုရင် အပြန်အလှန်အကျိုးပြုမှုနဲ့ ညီရင်းအစ်ကိုပမာ ဆက်ဆံမှုတွေရှိဖို့ လိုအပ်ပါတယ်။ မိမိတို့ရဲ့ စဉ်းစားတွေးခေါ်မှု၊ ခံစားမှု၊ ပြောဆိုမှုနဲ့ လုပ်ဆောင်မှုတွေအားလုံးဟာ တစ်ဦးက တစ်ဦးအပေါ် အပြန်အလှန် ဆက်ဆံဖော်ဆောင်နေကြတာဖြစ်ပါတယ်။ သဘောကတော့ လူတစ်ဦးစီဟာ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် တာဝန်တွေ ကိုယ်စီကိုယ်ငှ ရှိနေကြပါတယ်။

လူ့ခပ်သိမ်းတို့ဟာ အပြန်အလှန် မှီခိုနေကြရတာဖြစ်လို့ တစ်ဦးက တစ်ဦးကို ကြင်နာကြဖို့၊ တစ်ဦးက တစ်ဦးရဲ့ ဝန်ထုပ်ဝန်ပိုး(အခက်အခဲ)ကို ဝိုင်းဝန်းဖြေရှင်းပေးကြဖို့၊ အပြန်အလှန်ကူညီကြဖို့ လူ့ဘောင်ဘဝက တောင်းဆိုနေပါတယ်။

**တကယ်တော့ လူသားအားလုံးဟာ လူ့ကျင့်ဝတ်တွေနဲ့ အပြန်အလှန် ဖွဲ့နှောင်ထားကြတာပဲ မဟုတ်ပါလား။**

*

## ဗုဒ္ဓဝါဒနှင့်အညီနေထိုင်ရေး

ဒီနေ့ ကမ္ဘာ့လူသားတွေဟာ မျှော်လင့်ခြင်းနဲ့ မျှော်လင့်ချက်ကင်းမဲ့ခြင်းဆိုတဲ့ အကြောင်းတရားများအလယ်မှာ နေကြရပါတယ်။ မျှော်လင့်ခြင်းကင်းမဲ့ရတဲ့ အကြောင်းအမျိုးမျိုးအနက် အန္တရာယ်အကြီးမားဆုံးကတော့ မပြောင်းလဲတဲ့ စစ်မက်အန္တရာယ်ပါပဲ။ လူသားတွေဟာ ငြိမ်းချမ်းရေးကိုမြတ်နိုးကြပါတယ်။ ကမ္ဘာတစ်လွှားမှာလည်း ငြိမ်းချမ်းရေးကိုပဲ လိုလားနေကြပါတယ်။ ဒါပေမယ့် အများစုဟာ ဒီငြိမ်းချမ်းရေး လိုလားချက်ကို ဖြည့်စွမ်းရယူကြမယ့်အစား၊ နိုင်ငံများဟာ သူတို့ စွမ်းဆောင်နိုင်ကြတဲ့ အားထက် ကျော်လွန်ပြီး လက်နက်တွေတပ်ဆင်နေကြပါတယ်။ ခုဆိုရင် ကမ္ဘာ့နိုင်ငံတွေရဲ့ ဝင်ငွေထက်ဝက်ကျော်ဟာ စစ်မက်ပြင်ဆင်မှုဘက်မှာ သုံးစွဲနေကြပါတယ်။နောက်စွမ်းအင်တွေ၊ကျွမ်းကျင်မှု (အတတ်ပညာ) တွေ၊ ငွေကြေးတွေဟာ ကြင်နာမှုကင်းမဲ့စွာ လူတွေကို ဘယ်လို သတ်ရမလဲဆိုတဲ့ဘက်ကို ဦးလှည့်လို့နေကြပါတယ်။ စစ်မက်စွမ်းအားတွေ ဖြည့်ဆည်းနေကြတာဟာ ငြိမ်းချမ်းရေးကို ကာကွယ်တားဆီးရာ မရောက်ဘဲ မလွဲမသွေ ရင်ဆိုင်ရမယ့် စစ်ပွဲအတွက် လက်နက်အပြိုင်

တပ်ဆင်နေကြခြင်းသာဖြစ်ပါတယ်။ မိမိတို့ဟာ ဥရောပမှာ ဖြစ်ပွား ခဲ့တဲ့ ပထမကမ္ဘာစစ်ကြီးကို မှတ်မိနေကြပါသေးတယ်။

ဒါကြောင့် မျှော်လင့်ချက်အပြည့်အဝထားကြတဲ့ စာရေးဆရာ တွေ၊ တရားဟောဆရာတွေ၊ လူသားထုရဲ့ကောင်းကျိုးကို ဖြည့်ဆွမ်း လိုသူတွေ၊ အနာဂတ်ကောင်းစားရေးကို မျှော်ကိုးကြသူတွေသာမက၊ စာပေသမားတွေကလည်း အပြည့်ပြည့်ဆိုင်ရာအရေးကို ဦးတည်နေကြ ပါတယ်။ ဘာသာပေါင်းစုံ ကမ္ဘာ့ကွန်ဂရက်ရဲ့ လှုပ်ရှားမှုကို ဘုန်း ကြီးအနေနဲ့ များစွာ တန်ဖိုးထားပါတယ်။ ဘာ့ကြောင့်လဲဆိုရင် ဒီ လှုပ်ရှားမှုကြီးဟာ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်တွေကိုသာမက စစ်မှန်တဲ့ စိတ်ပိုင်းဆိုင်ရာ အခြေခံတရားတွေကိုပါ ကိုင်ဟွယ်ရှေးရှုထားတာ တွေ့ရလို့ပါပဲ။ ဒီကွန်ဂရက်ဟာ ဘာသာရေးကတစ်ဆင့်၊ တစ်စုတစ်ဖွဲ့ တည်းသော ကမ္ဘာ(ဗုဒ္ဓဝါဒနှင့်အညီနေထိုင်ရေး) ကို မြင့်တင်ထူထောင် ဖို့ဆိုတဲ့ အဓိကဦးတည်ချက်ထားလို့ပါပဲ။ ဒါကြောင့် ဘုန်းကြီးရဲ့ လက်ငင်းလုပ်ငန်း(တာဝန်) ဟာ ဒီဦးတည်ချက်ကို ဗုဒ္ဓဝါဒအနေနဲ့ ဘယ်လိုကူညီ ဖြည့်ဆည်းနိုင်တယ်ဆိုတာကို ရှင်းပြဖို့ပါပဲ။

**မကောင်းတာမှန်သမျှကို ရှောင်၊**<br>
**ကောင်းတာမှန်သမျှကို ဆောင်၊**<br>
**စိတ်ကို စင်ကြယ်အောင် ထား၊**<br>
**အဲဒါ ဘုရားရှင်တို့ရဲ့ ဆုံးမစကား။**

**(ဓမ္မပဒ - ၁၈၃)**

အထက်က အပိုဒ်ကို နားလည်သဘောပေါက်အောင်ဆိုရင် မကောင်းမှုဆိုတာဘာလဲ။ မကောင်းမှုတို့ရဲ့ အရင်းအမြစ်တွေဟာ ဘာလဲ။ ဒီအတိုင်းပဲ၊ ကောင်းမှုဆိုတာ ဘာလဲ။ ကောင်းမှုတို့ရဲ့

အရင်းအမြစ်တွေဟာ ဘာလဲဆိုတာကို သိကြရပါလိမ့်မယ်။

ဒါဖြင့် **မကောင်းမှု** ဆိုတာဘာလဲ။

**ကိုယ်ဖြင့်ပြုကျင့်သောအလုပ်** (ကာယကမ္မ) ဖြစ်တဲ့ -

(၁) အသက်သတ်ခြင်း (ပါဏာတိပါတာ)

(၂) မပေးသည်ကိုယူခြင်း (အဒိန္နာဒါနာ)

(၃) မမှန်မကန်သော မေထုန်မှိုဝဲကျူးလွန်ခြင်း(ကာမေသုမိစ္ဆာစာရာ)

**နှုတ်ဖြင့်ပြုကျင့်သောအလုပ်** (ဝစီကမ္မ) ဖြစ်တဲ့ -

(၄) မဟုတ်မမှန် ပြောဆိုခြင်း (မုသာဝါဒါ)

(၅) ကုန်းချောခြင်း (ပိသုဏာဝါစာ)

(၆) ကြမ်းတမ်းသောစကားပြောဆိုခြင်း (ဖရုသဝါစာ)

(၇) ပြိန်ဖျင်းသောစကားပြောဆိုခြင်း(သမ္ဖပ္ပလာပဝါစာ)

**စိတ်ဖြင့်ပြုကျင့်သောအလုပ်** (မနောကမ္မ) ဖြစ်တဲ့ -

(၈) တပ်မက်ခြင်း (အဘိဇ္ဈာ)

(၉) စေတနာဆိုး (ဗျာပါဒ)

(၁၀)မှားသောအမြင်-အယူ (မိစ္ဆာဒိဋ္ဌိ) တို့ပဲဖြစ်ပါတယ်။

**မကောင်းမှုရဲ့ အရင်းအမြစ်** တွေဆိုတာဘာလဲ။

- လိုချင်တပ်မက်မှု – လောဘ (Greed)
- ရန်ငြိုးမှု၊ စိတ်ဆိုးမှု – ဒေါသ (Hatred)
- အသိဉာဏ်ကင်းမဲ့မှု – မောဟ (Ignorance) တို့

ဖြစ်ပါတယ်။

ဒီတော့ အထက်က မကောင်းမှု (၁၀) ပါး(ဒုစရိုက်)ဟာ လောဘ၊ ဒေါသ၊ မောဟတို့ကြောင့် ဖြစ်ကြရတာပါ။ ဒီအရင်းအမြစ် (၃) ခုဟာ အားကောင်းတဲ့ ရေစီးကြောင်းသုံးသွယ်နဲ့ သဏ္ဍာန်တူကြ

ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ မြစ်အတွင်းကျရောက်တဲ့ သစ်လုံးများကို အားကောင်းလှတဲ့ ရေစီးကြောင်းက သယ်ဆောင်သွားသလို မိမိတို့ကို စိတ်မချမ်းမြေ့စရာဖြစ်စေမယ့်လမ်းသို့ တွန်းပို့နေကြလို့ပါပဲ။

### လောဘ

ပထမအချက်ဖြစ်တဲ့ လောဘဆိုတဲ့ အရင်းအမြစ်ဟာ အာရုံနဲ့ ခံစားမှုလို၊ ခနဉစ္စာနဲ့ ရာထူးဌာနန္တရစတဲ့ လိုချင်တပ်မက်မှု (Desire) တို့ ဖြစ်ပါတယ်။ မိမိတို့အတွင်းမှာရှိတဲ့ ဒီလောဘတွေအားလုံးဟာ ရေကို အလွန်ဆာလောင်မွတ်သိပ်သလို ဖြစ်နေကြပါတယ်။ လောဘကြီးတဲ့လူများဟာ 'လိုချင်လိုက်တာ'၊ 'ရကိုရ,ရမယ်'၊ 'မရလို့မဖြစ်ဘူး' ရယ်လို့ ပြောဆိုတတ်ကြပါတယ်။ အကယ်၍သာ သူဟာ သူအလွန်အားကျတဲ့ အိမ်နီးနားချင်းက လူလောက် ချမ်းသာမယ်ဆိုရင် ကျေနပ်ပါပြီလို့ ပြောတာကို ကြားဖူးကြပါလိမ့်မယ်။

သူ့ကို အဲဒီလောက် ငွေကြေးပမာဏကို ပေးကြည့်စမ်းပါ။ သူ့ထက်ပိုပြီး အားကျစရာကောင်းတဲ့သူကို တွေ့ပြန်တဲ့အခါ သူရထားတာနဲ့ ရောင့်ရဲလိမ့်မယ်မဟုတ်ပေဘူး။ ဒါ့ကြောင့်လည်း ပါရှင်းစာရေးဆရာတစ်ဦးက ရေးဖူးပါတယ်။ 'သူတောင်းစားတစ်ယောက်ကို ငွေအကြွေ အနည်းငယ်ပေးလိုက်လျှင် ကျေနပ်ရောင့်ရဲပါလိမ့်မည်။ ဖာရိဒွန် (Faridun)ဘုရင်အဖို့မူ ပါရှင်းနိုင်ငံကြီးကို စိုးစံနေရသည့်တိုင်အောင် သူ၏တပ်မက်မှု ထက်ဝက်မျှသာ ကျေနပ်မှု ရပါသေးသည်' တဲ့။

လူတွေဟာ ဘယ်လောက်ပဲ အောင်မြင်ကြီးပွားကြပေမယ့် လိုချင်တပ်မက်မှုသဘာဝအရ တင်းတိမ်တယ်ရယ်လို့ မရှိကြပါဘူး။

မိမိရဲ့ပိုင်ဆိုင်မှုများ ဆုံးရှုံးသွားရမှာကိုလည်း ကြောက်ရွံ့ပြီး၊ စိုးရိမ်တကြီး ရှိတတ်ကြပါတယ်။ ကမ္ဘာမှာ မိမိထက် ချမ်းသာကြွယ်ဝတဲ့သူ ရှိနေသမျှ ကာလပတ်လုံး ကျေနပ်မှုရှိကြမယ် မဟုတ်ပါဘူး။

မိမိ လက်လှမ်းမမီတာကို မရသေးခင်တော့ တန်ဖိုးထားတတ်ကြတယ်။ မိမိလက်ဝယ်လဲ ရောက်ပါလေရော၊ တန်ဖိုးတွေ ယုတ်လျော့ကုန်ကြတာပါပဲ။ ဝမ်းနည်းစရာကောင်းတာက လူများစုရဲ့ သဘာဝဟာ ဒီအတိုင်းချည်းဖြစ်နေကြလို့ပါပဲ။ လောဘဟာ မိမိရဲ့ လိုချင်တပ်မက်မှု (ရရှိရေး) ကို အစဉ် စဉ်းစားနေတတ်ကြပါတယ်။ တစ်ကိုယ်ကောင်းဆန်တဲ့သူများဟာ သူ့ရဲ့ ပျော်ရွှင်ချမ်းမြေ့မှု အစွမ်းကုန်ရရှိရေးကိုသာ အမြဲ ရည်မှန်းကြလေ့ရှိပါတယ်။ အခြားသူများ ပျော်ရွှင်ချမ်းမြေ့ကြလေရဲ့လား၊ ဒါမှမဟုတ် စိတ်မချမ်းမသာများ ဖြစ်နေကြလေရော့သလားဆိုတဲ့အချက်ကို လုံးဝဂရုစိုက်လေ့ မရှိကြပါဘူး။

သူလိုလားတဲ့ ပျော်ရွှင်မှုကို ရအောင်လည်း၊ ကမ္ဘာမှာရှိတဲ့ အကောင်းမွန်သမျှရဲ့ ဝေစုအများဆုံးရအောင် ကြိုးစားကြလေ့ရှိပါတယ်။ ဒီအခါမှာ ဘဝတူများ ထိခိုက်နစ်နာစေတဲ့တိုင်အောင် အခွင့်အရေးရရင် ရသလို ရယူခံစားကြလေ့ရှိပါတယ်။ ဒီနေ့ ကမ္ဘာကို ကြည့်မယ်ဆိုရင် တစ်ကိုယ်ကောင်းဆန်သူတွေဟာ အဖက်ဖက်မှာ မတရားတဲ့နည်းနဲ့ ရယူနေကြတာကို တွေ့နိုင်ကြပါမယ်။ သူတို့အကျိုးအတွက်ဆိုရင် အခြားသူများကို ဖြစ်တဲ့နည်းနဲ့ အသုံးချနေကြလေ့ရှိပါတယ်။

လောဘဆိုတာ ဒီလန်ဒန်မြို့မှာ မကြာခဏကျရောက်ပြီး ရှေ့ဆက်လှမ်းရမယ့်လမ်းကို ကြည်လင်စွာမမြင်ရတဲ့ ဆီးနှင်းနဲ့

သဏ္ဍာန်တူပါတယ်။ ဒါမှမဟုတ် ပင်လယ်အတွင်းမှာ ဆီးနှင်းတွေ ဖုံးပိတ်နေလို့ ရှေ့မှာ ဘာရှိတယ်ဆိုတာကို မမြင်ရတော့ဘဲ သင်္ဘောချင်း တိုက်တဲ့အထိ ဖြစ်ရတာနဲ့လည်း သဏ္ဍာန်တူပါတယ်။ ဒီသင်္ဘော နှစ်စင်းဟာ မြုပ်ရင်လဲ မြုပ်သွားနိုင်ပါတယ်။

ဒီအတိုင်းပါပဲ။ လူသားများဟာ လောဘဆိုတဲ့အမိုက်မှောင် အဖုံးခံရပြီဆိုရင် အလွန်တရာအားကောင်းတဲ့ ရေစီးကြောင်းမှာ မျောပါပြီး ဘယ်ကမ်းကိုဆိုက်မယ်၊ မိမိကဲ့သို့ လိုချင်တပ်မက်မှု အမိုက်မှောင် ဖုံးနေကြသူတွေ ဘယ်လောက်ရှိတယ်ဆိုတာကို မသိ ကြတော့ပါဘူး။ ဒီအခါ မနာလိုဝန်တိုမှုတွေနဲ့ ပြိုင်ဘက်တွေဖြစ်ပေါ် လာပါတယ်။ သူတို့ဟာ လိုချင်တပ်မက်မှုတဏှာကို ဖြည့်ဆည်းဖို့ လုပ်ဆောင်ကြတော့တဲ့အတွက် တစ်ဦးကတစ်ဦးကို အန္တရာယ်ပြုပြီး ထိခိုက်နစ်နာစေပါတော့တယ်။ နောက်ဆုံးရလဒ်ဟာ ဒုက္ခရောက်ရ ခြင်းပါပဲ။

## ဒေါသ

ဒုတိယ ရေစီးကြောင်းကတော့ လူတွေကို အလားတူ စိတ်မချမ်းမြေ့အောင်ပြုစေတတ်တဲ့ စိတ်ကောင်းကင်းမဲ့မှု၊ စိတ်ဆိုးမှု ဆိုတဲ့ ဒေါသပါပဲ။ လူသားတွေမှာ တစ်ဦးရဲ့လုပ်ဆောင်ချက်တွေကို တစ်ဦးက မခံချင်တဲ့စိတ်နဲ့ မိမိရဲ့လိုလားချက်ကို ယှဉ်ပြိုင်အနိုင်ယူ လိုတဲ့စိတ်တွေ ဖုံးလွှမ်းလို့နေကြပါတယ်။ အများအားဖြင့် တစ်ဦးက တစ်ဦးကို ဖိနှိပ်ခြင်း၊ ညှဉ်းဆဲသက်ရောက်စေခြင်းနဲ့ လွှမ်းမိုးခြင်းတွေ ပြုလိုတဲ့ စိတ်ဆန္ဒတွေရှိကြပါတယ်။ အကယ်လို့များ တစ်ယောက် ယောက်က ဒီစိတ်ဆန္ဒကို ဆန့်ကျင်အန်တုလာမယ်ဆိုရင် အဲဒီလူရဲ့ တန်ပြန်မှုဟာ အရိုးကိုက်ထားတဲ့ခွေးတစ်ကောင်နဲ့ တစ်ဖက်က

ဒီအရိုးကိုလုဖို့ ချဉ်းကပ်လာတဲ့ခွေးနဲ့ သဏ္ဌာန်တူပါလိမ့်မယ်။ လူတွေဟာ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ စိတ်တိုတတ် (ဒေါသထွက်တတ်) ကြပါတယ်။

အစ ပထမတော့ အနည်းအကျဉ်းပါပဲ။ ဒါပေမယ့် ဒီဒေါသဟာ ရက်ကြာညောင်းလာတာနဲ့အမျှ၊ အမုန်းပွားပြီး ကြီးမားတဲ့ရန်ကို ပျိုးလာကြပါတော့တယ်။

လူတစ်ယောက်ဟာ စိတ်ဆိုးပြီဆိုရင် 'လူသားသည် ဒေါသ၏ သားကောင် ဖြစ်၏' ဆိုတဲ့စကားအတိုင်း အမုန်းပွားမှုအရှိန်တွေတိုး၊ ဒေါသတွေထွက်ပြီး အငြင်းအခုံတွေ ဖြစ်ကြတော့တာပါပဲ။ လူသားတစ်ယောက်နဲ့တစ်ယောက် ဖြစ်ကြသလို၊ နိုင်ငံအချင်းချင်းလဲ ဖြစ်ကြပါတယ်။ ခုလို ဒေါသတွေဖုံးလွှမ်းနေကြတဲ့အခါ 'ရန်ကိုရန်ဖြင့် မငြိမ်းရာ ချစ်ခြင်းမေတ္တာဖြင့်သာ အောင်နိုင်ရာ၏' ဆိုတဲ့သဘောကို သတိမထားတတ်ကြတော့ပါဘူး။ ဒီတော့ နိုင်ငံချင်းရဲ့ အငြင်းပွားမှုကို နောက်ဆုံးစစ်ရေးနဲ့ပဲ ဖြေရှင်းရမယ်လို့ သဘောထားလာကြပါတယ်။

### မောဟ

တတိယ ရေစီးကြောင်းဖြစ်တဲ့ အသိဉာဏ်ကင်းမဲ့မှု(မောဟ) ဟာလဲ၊ လူတွေကို စိတ်မချမ်းမသာ ဖြစ်စေပါတယ်။ အထင်အမြင့် အယူအဆများလည်း လွဲမှားစေပါတယ်။ လောဘ၊ ဒေါသနဲ့ အတူ မောဟဟာ အမြဲ ဒွန်တွဲနေလေ့ရှိပါတယ်။ ဘာကြောင့်လဲဆိုရင် **မောဟဟာ၊ မကောင်းမှုမှန်သမျှရဲ့ အခြေခံအရင်းအမြစ် ဖြစ်လို့ပါပဲ။ တကယ်တော့ မောဟဟာ၊ လောဘနဲ့ ဒေါသထက်ပိုပြီး နူးညံ့သိမ်မွေ့ ပါတယ်။ လူတစ်ယောက်ဟာ ဒီမောဟ လွှမ်းမိုးခံရပြီဆိုရင် အမှန်နဲ့ အမှားကို ခွဲခြားမသိတော့ပါဘူး။**

မြင့်မြတ်တဲ့အလုပ်ကိုလဲ အကောင်းလို့ မြင်နိုင်စွမ်းမရှိတော့ပါဘူး။ အရာရာကို မလေးမခန့်နဲ့ ပြက်ရယ်ပြုလာတတ်ပါတယ်။ တာဝန်ပိုင်းတွေလဲ ချို့ယွင်းလာပါတော့တယ်။ သားချစ် သမီးချစ်စိတ်တွေကိုလဲ မမင်၊ ကိုယ်ကျိုးစွန့် အနစ်နာခံပြီး ကူညီလို့မှလည်း ကျေးဇူးမသိတတ်။ သူကသာ တစ်ပြန်ပြန်ပြီး အချိုးမွမ်းခံချင်လာပါတယ်။ သူ့ရဲ့လုပ်ရပ်(အမှား) တွေကို အကောင်းမထင်ကြရင် စိတ်ငြိုငြင်ပြီး နာကြည်းလာပါတယ်။

ဒါဘာကြောင့်လဲဆိုတော့ သူ့ကိုယ်သူ အထင်ကြီးလွန်းပြီး သူ့ရဲ့ပျော်ရွှင်ချမ်းမြေ့ရေးကိုသာ မရပ်မနားကြံစည် ကြိုးစားတတ်လို့ပါပဲ။ သူ့မှာ ချစ်ခင်ကြင်နာတဲ့စိတ်နဲ့ အများအကျိုးသယ်ပိုးရမယ့်စိတ်တွေ ခေါင်းပါးတတ်ပါတယ်။ သူ့ကို အသနားခံ တောင်းပန်ကြပေမယ့်လဲ နားပင်းတဲ့လူလို မသိကျိုးကျွန်ပြုနေပါလိမ့်မယ်။ ဘဝတူတွေအပေါ်မှာလဲ တာဝန်တွေ ပျက်ကွက်လာပါလိမ့်မယ်။ အကယ်လို့များ သူက အကူအညီပေးတယ်ဆိုရင် သူ့ကိုယ်ကျိုးအတွက် ခုတုံးလုပ်ပြီး အမြတ်ထုတ်တာပဲ ဖြစ်ပါလိမ့်မယ်။

သူ့ရဲ့အယူအဆလွဲမှားမှုကြောင့် အခြားသူ တစ်ဦးတစ်ယောက်ကို ဘယ်လောက်ပဲထိခိုက်နစ်နာပါစေ၊ သူ့ရဲ့လိုဘကိုတော့ မရ,အရယူဖို့ ဝန်လေးလိမ့်မယ်မဟုတ်ပါဘူး။ သူ့ထက်သာတဲ့သူများ၊ ဒါမှမဟုတ် သူ့ကို အကျိုးယုတ်အောင် လုပ်တဲ့သူများကို သူ လိုလားနှစ်သက်လိမ့်မယ် မဟုတ်ပါဘူး။ သူ့ထံ မချဉ်းကပ်ဘဲ မနေနိုင်သူများနဲ့ သူ့ရဲ့ ငြိုငြင်ခံရမှာ ကြောက်ရွံ့သူများအပေါ် အခွင့်အရေးယူလာပါလိမ့်မယ်။

ဒီလို သဘောထားမမှန်တဲ့အတွက် သူ့နဲ့ ကင်းကင်းနေနိုင်

မြင့်မြတ်တဲ့အလုပ်ကိုလဲ အကောင်းလို့ မြင်နိုင်စွမ်းမရှိတော့ပါဘူး။ အရာရာကို မလေးမခန့်နဲ့ ပြက်ရယ်ပြုလာတတ်ပါတယ်။ တာဝန်ပိုင်းတွေလဲ ချို့ယွင်းလာပါတော့တယ်။ သားချစ် သမီးချစ်စိတ်တွေကိုလဲ မမင်၊ ကိုယ်ကျိုးစွန့် အနစ်နာခံပြီး ကူညီလို့မှလည်း ကျေးဇူးမသိတတ်။ သူကသာ တစ်ပြန်ပြန်ပြီး အချိုးမွမ်းခံချင်လာပါတယ်။ သူ့ရဲ့လုပ်ရပ်(အမှား) တွေကို အကောင်းမထင်ကြရင် စိတ်ငြိုငြင်ပြီး နာကြည်းလာပါတယ်။

ဒါဘာကြောင့်လဲဆိုတော့ သူ့ကိုယ်သူ အထင်ကြီးလွန်းပြီး သူ့ရဲ့ပျော်ရွှင်ချမ်းမြေ့ရေးကိုသာ မရပ်မနားကြံစည် ကြိုးစားတတ်လို့ပါပဲ။ သူ့မှာ ချစ်ခင်ကြင်နာတဲ့စိတ်နဲ့ အများအကျိုးသယ်ပိုးရမယ့်စိတ်တွေ ခေါင်းပါးတတ်ပါတယ်။ သူ့ကို အသနားခံ တောင်းပန်ကြပေမယ့်လဲ နားပင်းတဲ့လူလို မသိကျိုးကျွန်ပြုနေပါလိမ့်မယ်။ ဘဝတူတွေအပေါ်မှာလဲ တာဝန်တွေ ပျက်ကွက်လာပါလိမ့်မယ်။ အကယ်လို့များ သူက အကူအညီပေးတယ်ဆိုရင် သူ့ကိုယ်ကျိုးအတွက် ခုတုံးလုပ်ပြီး အမြတ်ထုတ်တာပဲ ဖြစ်ပါလိမ့်မယ်။

သူ့ရဲ့အယူအဆလွဲမှားမှုကြောင့် အခြားသူ တစ်ဦးတစ်ယောက်ကို ဘယ်လောက်ပဲထိခိုက်နစ်နာပါစေ၊ သူ့ရဲ့လိုဘကိုတော့ မရ,အရယူဖို့ ဝန်လေးလိမ့်မယ်မဟုတ်ပါဘူး။ သူ့ထက်သာတဲ့သူများ၊ ဒါမှမဟုတ် သူ့ကို အကျိုးယုတ်အောင် လုပ်တဲ့သူများကို သူ လိုလားနှစ်သက်လိမ့်မယ် မဟုတ်ပါဘူး။ သူ့ထံ မချဉ်းကပ်ဘဲ မနေနိုင်သူများနဲ့ သူ့ရဲ့ ငြိုငြင်ခံရမှာ ကြောက်ရွံ့သူများအပေါ် အခွင့်အရေးယူလာပါလိမ့်မယ်။

ဒီလို သဘောထားမမှန်တဲ့အတွက် သူ့နဲ့ ကင်းကင်းနေနိုင်

ပြင်းပြင်းနဲ့ ပြန်လာတဲ့ သစ်ကိုင်းကြီးဟာ သူ့ရဲ့ခေါင်းကို ရိုက်မိပြီး သူလဲ သေပွဲဝင်ရှာပါတော့သတဲ့။

ကဲ – ဒီဝက်ဝံကြီးကို ဘယ်သူသတ်လိုက်တာလဲ။ တိတိကျကျ ပြောရမယ်ဆိုရင်တော့ အသိဉာဏ်ကင်းမဲ့မှုက သူ့ကို သတ်လိုက်တာပါပဲ။ သူ့ရဲ့ အထင်မှားမှု၊ အယူအဆလွဲမှုက ဒီသစ်ကိုင်းကို ရန်သူလို့ အထင်ရောက်စေခဲ့ခြင်းရယ်ပါ။ ဒီအသိဉာဏ်ကင်းမဲ့မှုက သူ့ကို ရန်ငြိုးပွားစေပြီး သူ ရိုက်ခတ်လိုက်တဲ့ သစ်ကိုင်းကြီးက ပြန်လည်တိုက်ခိုက် (လက်စားချေ) လိုက်တာပါပဲ။ အကယ်၍သာ ဒီသစ်ကိုင်းကြီးကို မတွန်းမိခဲ့ရင် ဒီသစ်ကိုင်းကြီးဟာလဲ သူ့ကို နာကျင်စေမှာ မဟုတ်ပါဘူး။ ဒါကို သူ, မသိရှာဘူး။ ဒီသဘော အတိုင်းပါပဲ။ လူတစ်ယောက်ကို အသိဉာဏ်ကင်းမဲ့မှုဆိုတဲ့ ရေစီး ကြောင်းကြီးက တွန်းပို့လိုက်ပြီဆိုရင် သူဟာ လူစိတ်ကင်းမဲ့ပြီး ရိုင်းစိုင်းလာပါလိမ့်မယ်၊ ရက်စက်ကြမ်းကြုတ်လာပါလိမ့်မယ်။

လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ မကောင်းမှုတွေကြောင့် တစ်နိုင်ငံနဲ့ တစ်နိုင်ငံ၊ အုပ်ချုပ်သူဘုရင်များ အချင်းချင်း စစ်မက် ဖြစ်နေကြတာပါ။ ဒီအတိုင်းပဲ အမေနဲ့သား၊ သားနဲ့မိခင်၊ အဖေနဲ့ သား၊ သားနဲ့ဖခင်၊ ညီအစ်ကိုမောင်နှမသားချင်း၊ မိတ်ဆွေအချင်းချင်း ပါမကျန် အားလုံး အငြင်းပွား စကားများနေကြတာပါ။ လူတွေဟာ ငြိမ်းချမ်းရေးအကြောင်းတော့ ပြောကြတယ်။ သို့ပေမယ့် တစ်ဖက်က လဲ အခြေအနေတွေရှုပ်ထွေးအောင် ပြုလုပ်နေကြပြန်တယ်။

လူတွေဟာ ပျော်ရွှင်ချမ်းမြေ့ရေးကို လိုလားကြတယ်။ သို့ပေ မယ့် စိတ်မချမ်းမသာတွေဖြစ်ကြရပါတယ်။ ဘာကြောင့်ပါလဲ။ အကြောင်းကတော့ မိမိတို့ဟာ အကူအညီမရတဲ့ သစ်လုံးတွေလို

လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ ရေစီးကြောင်းထဲမှာ မျောပါနေကြလို့ပါပဲ။ အကယ်လို့သာ မိမိတို့ဟာ လူ့ဘောင်ဘဝရဲ့ ချမ်းသာသုခကို အမှန်တကယ်လိုချင်ကြတယ်ဆိုရင် ဒီအနှောင်အဖွဲ့တွေက လွတ်ကင်းအောင် ရုန်းထွက်ကြရပါလိမ့်မယ်။

ဒါဖြင့် ဘယ်လို လုပ်ကြရမလဲ။ ဗုဒ္ဓဘာသာဝင်တို့ရဲ့နည်းလမ်းကတော့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ လှိုင်းတံပိုးငြိမ်သွားအောင် (လွတ်ကင်းအောင်)၊ မိမိတို့ဘာသာ မိမိတို့ သတိထားပြီး ပြုစုပျိုးထောင်(ကျင့်ကြံပွားများ) ကြရပါတယ်။ ဒါကြောင့် ဗုဒ္ဓက 'မိမိကိုယ် မိမိ ကယ်တင်ပါ (မိမိသည်သာ မိမိ၏ကိုးစားရာဖြစ်၏)' လို့ ဆုံးမ (ဟောကြား)တော်မူပါတယ်။ ဒီလို ရယူဖို့အတွက်လဲ ကျင့်ကြံပွားများကြရမယ့် စိတ်အလုပ်နဲ့ ကိုယ်အလုပ်တွေကို အတိအကျသတ်မှတ်ပေးထားပါတယ်။

ကောင်းတဲ့အလုပ်ကို လုပ်ဖို့ဆိုရင်၊ ကောင်းတဲ့အလုပ်နဲ့ ကောင်းစေတဲ့အရင်းအမြစ်တွေဟာ ဘာလဲဆိုတာသိဖို့လိုပါတယ်။

ဒါဖြင့် **ကောင်းတဲ့အလုပ်** ဆိုတာဘာလဲ။

**ကိုယ်ဖြင့်ပြုကျင့်သောအလုပ်**(ကာယကမ္မ) ဖြစ်တဲ့ –

(၁) အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၂) မတရားယူခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၃) မမှန်မကန်သော မေထုန်မှိုဝဲကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

**နှုတ်ဖြင့်ပြုကျင့်သောအလုပ်** (ဝစီကမ္မ) ဖြစ်တဲ့–

(၄) မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၅) ကုန်းချောခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၆) ကြမ်းတမ်းသောစကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၇) ပြိန်ဖျင်းသောစကားပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း၊

**စိတ်ဖြင့်ပြုကျင့်သောအလုပ်** (မနောကမ္မ) ဖြစ်တဲ့ –

(၈) တပ်မက်မှုမှကင်းခြင်း၊

(၉) သူတစ်ပါး ပျက်စီးသေကြေစေရန်ကြံစည်မှု (စေတနာဆိုး)မှ ကင်းခြင်း၊

(၁၀) မှန်သောအမြင် (အယူ) ရှိခြင်း တို့ ဖြစ်ပါတယ်။

**ကောင်းစေတဲ့အရင်းအမြစ်** တွေဟာ ဘာလဲ။

(က) လိုချင်တပ်မက်မှု၊ တစ်ကိုယ်ကောင်းဆန်မှု ကင်းခြင်း၊

(ခ) အမုန်းမထား ရန်ငြိုးမဖွား မေတ္တာထားခြင်း၊

(ဂ) ဉာဏ်ပညာရှိခြင်း တို့ ဖြစ်ပါတယ်။

ဒီအရင်းအမြစ်သုံးခုကို စိတ်ထားမြင့်မြတ်ရေး မျိုးစေ့များ လို့လည်း ခေါ်ကြပါတယ်။

ဘာကြောင့်လဲဆိုတော့ မိမိတို့ ကိုယ်စီအတွင်းမှာရှိတဲ့ ဒီမျိုးစေ့တွေကို ဂရုတစိုက်နဲ့ ပြုစုပျိုးထောင် (ကျင့်ကြံ) ကြမယ်ဆိုရင် မြင့်မားတဲ့ အစွမ်းသတ္တိ(တန်ခိုး)တွေ ပေါက်ပွားလာမှာမို့ ဖြစ်ပါတယ်။ တကယ်တော့ ဒီအစွမ်းသတ္တိတွေဟာ မိမိတို့အတွင်းမှာ ဖုံးကွယ်နေကြတာ ဖြစ်ပါတယ်။ ဒါကို မိမိတို့ကိုယ်တိုင် ဖော်ထုတ်ပျိုးထောင်ယူကြရမှာပဲ ဖြစ်ပါတယ်။ ဖွံ့ဖြိုးကြီးထွားလာအောင်ဆိုရင် မိမိတို့ရဲ့ သိမ်မွေ့နူးညံ့တဲ့ နှလုံးသား (စိတ်) ၊နွေးထွေးတဲ့ချစ်ခြင်းမေတ္တာနဲ့ပြုစုယူကြရပါလိမ့်မယ်။

**လိုချင်တပ်မက်မှု၊ တစ်ကိုယ်ကောင်းဆန်မှု ကင်းခြင်း**

အထက်မှာဖော်ပြခဲ့သလိုဖြစ်အောင်ဆိုရင် မိမိအကျိုး (အတ္တ) ကို မေ့ထားပြီး ကမ္ဘာကြီးတစ်ခုလုံးနဲ့ အစားထိုးမှတ်ယူကြရပါမယ်။

အများအားလုံး ပျော်ရွှင်ချမ်းမြေ့ရေးနဲ့ ငြိမ်းချမ်းရေးကို လိုလားခြင်းဟာ မကောင်းမှုမဟုတ်ပါဘူး။ လိုချင်တပ်မက်မှုကို အများအားလုံးအတွက် မဟုတ်ဘဲ မိမိတစ်ကိုယ်ကောင်းအတွက် ဖြစ်စေမယ်၊ ဒါမှမဟုတ် အမုန်တရားကို ဖောက်ဖျက်ကျူးလွန်ကြမယ်ဆိုရင်တော့ မကောင်းမှုဖြစ်ပါလိမ့်မယ်။ အများအားလုံးနဲ့ မျှဝေခံစားနိုင်မယ့် အရာကို လိုချင်တပ်မက်တယ်ဆိုရင်တော့ ဒီတပ်မက်မှုဟာ တစ်ကိုယ်ကောင်းဆန်တာ မဟုတ်တဲ့အတွက် မှန်ကန်စနစ်ကျတယ်လို့ ဆိုနိုင်ပါတယ်။

တစ်ကိုယ်ကောင်းဆန်မှုကင်းအောင် ပြုကျင့်ရာမှာ နှလုံးသားခံစားချက် (စိတ်ထားမှန်ကန်မှု) ကို ထည့်တွက်ချက်ဖို့ လိုအပ်ပေမယ့် စိတ်စေတနာရဲ့ အကျိုးသက်ရောက်တဲ့ ပြင်ပအလုပ်တွေဟာလည်း အရေးကြီးပါတယ်။ အခြားသူများ သက်သောင့်သက်သာ **အပြည့်အဝ** ရရှိကြရအောင် လုပ်ချင်တဲ့စိတ်နဲ့ စိတ်မချမ်းသာစရာများကင်းပြီး ပျော်ရွှင်ချမ်းမြေ့ကြရအောင် အတတ်နိုင်ဆုံး လုပ်ကြရပါလိမ့်မယ်။

တစ်ကိုယ်ကောင်း မကြည့်တဲ့သူများဟာ ကိုယ်ချင်းစာတရားထားတတ်ကြပါတယ်။ သူ့ကိုယ်သူလည်း အများနေရာမှာထားပြီး တိုင်းတာပြုလုပ်လေ့ ရှိကြပါတယ်။ သူ့ရဲ့ လုပ်ဆောင်ချက်ဟာ ချို့ယွင်းမှုရှိရင် ဒါမှမဟုတ် တစ်ခုခုလိုနေသေးရင် နောင်တရပြီး စိတ်မချမ်းမသာ ဖြစ်ကြရတတ်ပါတယ်။ ကောင်းသည်ထက်ပိုပြီး ကောင်းအောင်လုပ်ချင်တဲ့ ဆန္ဒအစစ်အမှန်ရှိတဲ့အတိုင်း အမှားတွေကို ပြင်ဆင်တတ်ကြပါတယ်။

သူ့ကြောင့် အများအားလုံး ဝန်ထုပ်ဝန်ပိုး ဖြစ်စေလိုတဲ့ ဆန္ဒမရှိဘဲ အများရဲ့စိတ်ချမ်းသာမှုကိုသာ ရှေ့ရှုတတ်ကြပါတယ်။

ဒီလို တစ်ကိုယ်ကောင်းမဆန်တဲ့အတွက် လူမှုရေးတိုးတက်မှုများ ဖြစ်ပေါ်ပြီး အများအားလုံး စိတ်ချမ်းသာကြရပါတယ်။ သူ့ကို အကျိုးပြုသူများကို တန်ဖိုးထား လေးစားလေ့ရှိကြပါတယ်။ အကျိုးပြုသူများရဲ့ စေတနာကို ဝမ်းမြောက်ကြည်နူးကြပြီး ကျေးဇူးတုံ့ပြန်ဖို့ ဒါမှမဟုတ် အလျဉ်းသင့်တဲ့အခါပိုပြီး ကူညီစောင့်ရှောက်ဖို့ ဆန္ဒများ ရှိတတ်ကြပါတယ်။ တစ်ကိုယ်ကောင်းမဆန်သူဟာ ကိုယ်ချင်းစာ တရားကို မွေးမြူကြလေ့ရှိပါတယ်။ ဝမ်းသာစရာနဲ့ ကြုံရရင်လည်း ဒီကိုယ်ချင်းစာတရားနဲ့ တိုင်းတာပြီးတော့မှ ဝမ်းသာတတ်ကြပါတယ်။ မျှဝေခံစားနိုင်မယ့်သူများ မရှိဘဲနဲ့တော့ ဝမ်းမြောက်စရာများဟာ စိတ်ဝင်စားစရာမကောင်းတော့ဘဲ ငြီးငွေ့စရာဖြစ်သွားတတ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ဝမ်းမြောက်စရာမှန်သမျှကို မျှဝေခံစားကြမှလည်း ပိုပြီး တည်မြဲပါတယ်။ ပိုပြီး အကျိုးသက်ရောက်စေပါတယ်။ ဒါ့ကြောင့် ပျော်ရွှင်ချမ်းမြေ့မှုရရှိရေးအတွက် အကောင်းဆုံးနည်းလမ်းကတော့ အခြားသူများကို စိတ်ချမ်းသာအောင်လုပ်ကြဖို့၊ ရယူခံစားသူရော လုပ်ဆောင်အကျိုးပြုသူပါ နှစ်ဦးစလုံး စေတနာ အကျိုးခံစားကြရဖို့ လိုပါတယ်။ အတူယှဉ်တွဲနေထိုင်ရေးကို လိုလားကြတယ်ဆိုရင် 'ငါ' ဆိုတဲ့ အတ္တစွဲကို ဖျောက်ပြီး၊ အများအားလုံး အရေးကိုရှေ့ရှုဖော်ဆောင်ကြဖို့ လိုပါတယ်။ အတတ်နိုင်ဆုံးလည်း သယ်ပိုးကြရပါမယ်။

အချုပ်အားဖြင့်တော့ ဘာကိုပဲလုပ်လုပ်၊ ဘာကိုပဲပြောပြော၊ ဘာကိုပဲ စိတ်ကူးစိတ်ကူး၊ မိမိအကျိုးတစ်ခုတည်းသာ မကြည့်ဘဲ၊ အများအားလုံးရဲ့ ကောင်းကျိုးအတွက်၊ ငြိမ်းချမ်းရေးအတွက်၊ ပျော်ရွှင်ချမ်းမြေ့ရေးအတွက် ဖြစ်စေကြရပါမယ်။ ဒီတော့မှလည်း

ရလဒ်ဟာ တကယ်ငြိမ်းချမ်းမယ်၊ ပျော်ရွှင်ချမ်းမြေ့မယ်၊ ညီညွတ်တဲ့ မိတ်ဖက်များဖြစ်ကြပါမယ်။

**အမုန်းမထား၊ ရန်ငြိုးမပွား၊ မေတ္တာထားခြင်း**

လူသားတွေဟာ ချစ်ခင်ကြင်နာမှုဆိုတဲ့ မြင့်မြတ်တဲ့မျိုးစေ့တွေကို မိမိရဲ့နှလုံးသားနဲ့ စိတ်ထဲမှာ ပြုစုပျိုးထောင်ကြရပါမယ်။ အပြန်အလှန်ချစ်ခင် (မေတ္တာထား) ကြမယ်ဆိုရင် လူသားအားလုံးဟာ ညီအစ်ကိုမောင်နှမများဖြစ်တယ်လို့ မှယ်ယူထားကြရပါလိမ့်မယ်။ ဒီလိုသဘောထားကြမှလည်း တရားမျှတမှု ရှိကြပါမယ်။ ဘာကြောင့်လဲဆိုရင် တရားမျှတမှုဟာ သဘာဝရဲ့ဥပဒေသတစ်ရပ်ဖြစ်လို့ပါပဲ။ ဘယ်တရားသူကြီးပဲဖြစ်ဖြစ် တရားခံတစ်ယောက်ကို တရားရုံးက အပ်နှင်းခွင့်ပြုထားတဲ့ လုပ်ပိုင်ခွင့်အာဏာထက် ကျော်လွန်ပြီး စီရင်ချက် ချနိုင်ခွင့် မရှိကြပါဘူး။ ညီညွတ်မျှတခြင်းဆိုတဲ့ သဘာဝဥပဒေသများကို ကိုယ်စားပြုရတဲ့သဘောပါပဲ။

အကယ်လို့ မိမိဟာ လူတစ်ဦးတစ်ယောက်ကို ထိခိုက်နစ်နာစေမယ်ဆိုရင် တူညီတဲ့အကျိုးကို ပြန်လည်ခံကြရပါလိမ့်မယ်။ ရေကန်ထဲကို ကျောက်ခဲတစ်လုံး ပစ်လိုက်မယ်ဆိုရင် ရေပြင်လွှာပေါ်မှာ ရေလှိုင်းတွန့်ကလေးများ ဖြစ်ပေါ်လာပြီး ကမ်းစပ်ဆီသို့ ပြေးလို့ ရိုက်ခတ်ကြပါလိမ့်မယ်။ နောက် အဲဒီရေလှိုင်းလေးတွေဟာ ကျောက်ခဲ ထိမှန်ရာ နေရာဆီကိုသာပဲ တရွေ့ရွေ့ပြန်ပြီးသွားကြပါလိမ့်မယ်။ ဒီအတိုင်းပါပဲ။ မိမိတို့ လုပ်လိုက်သမျှအတွက် တူညီတဲ့အကျိုးကို ခံကြရမှာဖြစ်ပါတယ်။

ကောင်းတာလုပ်ရင် ကောင်းတဲ့အကျိုးရပြီး၊ မကောင်းတာလုပ်ရင် မကောင်းတဲ့အကျိုးကို ခံကြရမှာဖြစ်ပါတယ်။ ကောင်းတဲ့

အလုပ်ကို လုပ်မယ်ဆိုရင် ချစ်ခြင်းမေတ္တာဟာ အလိုအပ်ဆုံးပါပဲ။ အသားအရောင်ကွဲပြားသူပဲဖြစ်ဖြစ်၊ ချမ်းသာသူ ဒါမှမဟုတ် ဆင်းရဲသူပဲဖြစ်ဖြစ်၊ ပညာရှိသူပဲဖြစ်ဖြစ်၊ ပညာမဲ့သူပဲဖြစ်ဖြစ်၊ ကောင်းတဲ့သူပဲဖြစ်ဖြစ်၊ ဆိုးတဲ့သူပဲဖြစ်ဖြစ် အားလုံးကို တစ်ပြေးညီ ချစ်ခင်ကြရပါမယ်။ လူသားတွေတွင် မကပါဘူး။ သတ္တဝါအားလုံးကိုလည်း ဒီလိုပဲ ချစ်ခင်ကြဖို့လိုပါတယ်။

ဗုဒ္ဓမြတ်စွာက မေတ္တာသုတ်တရားတော်မှာ ခုလိုဟောကြားတော်မူပါတယ်။ 'မိခင်ဟူသည် အသက်ကိုပင် ပမာမထား၊ မိမိရင်သွေးကို ကာကွယ်စောင့်ရှောက်ကြကုန်၏။ ထို့အတူ လူသားတို့သည် ဘဝတူ လူသားအချင်းချင်းအပေါ်ဖြစ်စေ၊ အထက်အောက်ဝန်းကျင်ရှိ သတ္တဝါအားလုံးအပေါ်ဖြစ်စေ၊ နှမြောတွန့်တိုခြင်းမရှိ၊ ကွဲပြားခြားနားခြင်းမရှိ၊ ရိုးသားဖြောင့်မတ်သော မေတ္တာစေတနာထားကြရာ၏။ အနှီစိတ်ကို နိုးထလျက်ရှိစဉ်ဖြစ်စေ၊ မတ်ရပ်လျက်နေစဉ်ဖြစ်စေ၊ လျှောက်လှမ်းလျက်သွားနေစဉ်ဖြစ်စေ၊ ထိုင်လျက်နေစဉ်ဖြစ်စေ၊ လဲလျောင်းနေစဉ်ဖြစ်စေ၊ တစ်သမတ်တည်းထား၍ မယိုင်မလဲ ခိုင်မြဲစွာထားကြရာ၏။ ဤမည်သောနှလုံးသား (စိတ်) သည်သာ လောကတွင် အကောင်းဆုံးအရာတည်း။'

လူသားအများစုဟာ ခုထက်ထိ သင်ခန်းစာတွေ မရကြသေးပါဘူး။ ဒါ့ကြောင့်လည်း လူသားအများဟာ အရာရာမှာ တန်းတူရည်တူဖြစ်ကြတယ်ဆိုတဲ့ အသိတရားကင်းမဲ့နေကြဆဲဖြစ်ပါတယ်။ ကမ္ဘာတစ်လွှားမှာ နာကြည်းစရာတွေနဲ့ ရက်စက်ကြမ်းကြုတ်မှုတွေ ပြည့်နှက်နေလို့ တိရစ္ဆာန်အရိုင်းအစိုင်းတွေတောင် လူတွေနဲ့လွတ်ရာကို ရှောင်ပြေးနေကြရပါတယ်။ လူနည်းစုလောက်သာ သင်ခန်းစာရပြီး

အားလုံးကို တစ်ပြေးညီချစ်ခင်တဲ့ မေတ္တာထားကြပါတယ်။

ဒီတော့လည်း တိရစ္ဆာန်တွေဟာ မပြေးကြတော့ဘဲ၊ ကျားကဲ့သို့သော သတ္တဝါတွေတောင်မှ ချစ်စနိုးမွေးထားတဲ့ ကြောင်လို၊ လူတွေရဲ့ခြေရင်းမှာ ဖက်လဲတကင်း နေလာကြပါတယ်။ ဒီလို ချစ်စနိုးမွေးထားတဲ့ သတ္တဝါတွေဟာ မိမိတို့ကို ဘာကြောင့် ချစ်ခင်ကြပါသလဲ။ အကြောင်းကတော့ မိမိတို့က သူတို့ကို ချစ်ခင်ယုယကြလို့ပါပဲ။ ဒီသဘောကို ခံယူရင် ရန်သူတွေတောင် မိတ်ဆွေတွေ ဖြစ်လာနိုင်ကြပါတယ်။ တိရစ္ဆာန်အရိုင်းအစိုင်းတွေဟာလည်း ချစ်စနိုးမွေးစရာ သတ္တဝါများ ဖြစ်လာနိုင်ကြပါတယ်။

**ဉာဏ်ပညာရှိခြင်း**

ဉာဏ်ပညာဆိုတာ အရာရာကို ပကတိတည်ရှိတဲ့အတိုင်း ထိုးထွင်းသိမြင်နိုင်တဲ့ စွမ်းအားရှိပါတယ်။ ဘဝမှာ ပြဿနာများနဲ့ ကြုံတွေ့လာကြပြီဆိုရင်လည်း မှန်ကန်စွာ ဘယ်လိုဖြေရှင်းရမယ်ဆိုတာကို သိစေပါတယ်။ ဒီဉာဏ်ပညာဆိုတဲ့ မျိုးစေ့ဟာ မိမိတို့အတွင်းမှာ ဖုံးကွယ်နေပါတယ်။ သို့ပေမယ့် မိမိတို့နှလုံးသားများ နူးညံ့သိမ်မွေ့ပြီး နွေးထွေးတဲ့ချစ်ခြင်းမေတ္တာများ ရှိကြပြီဆိုရင်တော့ ဒီမျိုးစေ့ဟာ ရှင်သန်ပြီး စွမ်းအားများဖြစ်လာစေပါတယ်။

လူသားများဟာ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ စီးဆင်းမှုအရှိန်ကို ငြိမ်သွား၊ တန့်သွားစေမယ်ဆိုရင် အသိတရားများရှိလာစေပါမယ်။ ကိုယ်ချင်းစာတရားများ အပြည့်အဝရှိလာပါမယ်။ အများအကျိုးသယ်ပိုးလိုစိတ်တွေ ဝင်လာပါမယ်။

ဒီအခါ သူတစ်ပါးရဲ့ပစ္စည်းဉစ္စာကို မတရားယူမှုက ရှောင်ကြဉ်လာကြပါလိမ့်မယ်။ ဆက်ဆံလုပ်ကိုင်ရာတိုင်းမှာ ရိုးသားဖြောင့်မတ်

သစ္စာရှိလာကြပါလိမ့်မယ်။ မမှန်ကန်တဲ့ မေထုန်မှိဝဲ ကျူးလွန်မှုကို ရှောင်ကြဉ်ပြီး မှန်ကန်စင်ကြယ်လာကြပါလိမ့်မယ်။

တစ်နေရာက ကြားလာတဲ့စကားကို အခြားသူတစ်ဦးတစ်ယောက် စိတ်ဝမ်းကွဲအောင် မမှန်မကန် ကုန်းချောခြင်းကလည်း ရှောင်ကြဉ်လာကြပါလိမ့်မယ်။ စိတ်ဝမ်းကွဲနေကြသူများကို စေ့စပ်ပြီး၊ ညီညွတ်နေကြသူများကို ပိုပြီး စည်းလုံးလာအောင် တိုက်တွန်းအားပေးလာကြပါလိမ့်မယ်။ နားမခံသာ ကြမ်းတမ်းတဲ့စကား ပြောဆိုခြင်းက ရှောင်ကြဉ်ပြီး နှလုံးသားကိုအေးမြစေတဲ့၊ ယဉ်ကျေးသိမ်မွေ့တဲ့၊ နားဝင်ချိုတဲ့စကားများကို ပြောလာကြပါလိမ့်မယ်။ ပြိန်ဖျင်းတဲ့စကားကို ရှောင်ကြဉ်ပြီး အသုံးဝင်မယ့်စကားများကို အချိန်ကိုက်ပြောလာကြပါလိမ့်မယ်။ ခုလို စိတ်ကြည်လင်မှု၊ နှလုံးသား နူးညံ့သိမ်မွေ့မှု၊ ကိုယ်ကျင့်တရားများပြည့်စုံမှုလည်း ဉာဏ်ပညာအားကောင်းလာစေမယ့် မျိုးစေ့များ ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။

ကြယ်များ လုံးဝမထွက်တဲ့ မှောင်မိုက်တဲ့ညကြီးမှာ ပင်လယ်တွင်း ခုတ်မောင်းနေရတဲ့ သင်္ဘောမောင်းသူဟာ လမ်းညွှန်နိုင်စွမ်းရှိတဲ့ သံလိုက်အိမ်မြှောင်ရဲ့စွမ်းအားကြောင့် လိုရာခရီးကို တည့်မတ်မှန်ကန်စွာ ခုတ်မောင်းနိုင်ပါတယ်။ ထို့အတူ ဉာဏ်ပညာဆိုတာဟာလည်း လူသားတွေအတွက် အရာရာကို ပကတိတည်ရှိတဲ့အတိုင်း မြင်နိုင်အောင်၊ လမ်းမှန်ကိုရောက်အောင်၊ နောက်ဆုံး နိဗ္ဗာန်တည်းဟူသော ငြိမ်းချမ်းရေး၊ ပျော်ရွှင်ချမ်းမြေ့ရေးတို့နဲ့ ပြီးပြည့်စုံတဲ့ ပန်းတိုင်ကို ရောက်အောင် အရောက် ဆောင်ကြဉ်းပေးနိုင်ကြောင်းပါ။

*

## ပါရမီတရားဆယ်ပါး

အလောင်းတော် ဗောဓိသတ်ဟာ ဘဝပေါင်းများစွာ မရေတွက်နိုင်အောင် ကျင့်ကြံမှုများ အားထုတ်ပြီးမှ ကျင့်ဝတ် (သီလ) တွေ၊ အသိ (ပညာ) တွေ၊ တရား(ဓမ္မ) တွေနဲ့ ပြည့်စုံတဲ့ ဗုဒ္ဓ (ဘုရား) အဖြစ်ကို ရရှိတော်မူခဲ့တာဖြစ်ပါတယ်။ ဗုဒ္ဓ (ဘုရား) အဖြစ်ကိုရရှိအောင် အခြေခံလိုအပ်ချက်ဖြစ်တဲ့ ပါရမီတရားဆယ်ပါးကို ဘဝအဆက်ဆက် တစ်လျှောက်လုံး မနားမနေမှုများဖြည့်ဆည်းတော်မူခဲ့ရပါတယ်။

ဗောဓိသတ်ရဲ့ ဒီရည်မှန်းချက် (ကြိုးစားချက်) ဟာ လူစွမ်းကောင်းတွေအတွက်သာ သီးသန့်ဖြစ်တယ်လို့ မယူဆသင့်ကြပါဘူး။ လူတစ်ဦးတစ်ယောက်လုပ်နိုင်တဲ့ အရာမှန်သမျှကို လိုအပ်တဲ့ ပြင်းထန်တဲ့စိတ်ဓာတ်နဲ့ အပတ်တကုတ်ကြိုးစားအားထုတ်ကြမယ်ဆိုရင် အခြားသူတစ်ဦးတစ်ယောက်လည်း လုပ်နိုင်ရမှာပဲဖြစ်ပါတယ်။

ဒါ့ကြောင့် အရာရာကို မြင့်မြတ်တဲ့ဦးတည်ချက်ထားပြီး ကိုယ်ကျိုးမဖက်၊ မိမိရော သူတစ်ပါးရဲ့ အကျိုးကိုပါ ပြည့်ဝအောင် ပြင်းပြတဲ့ စိတ်ဓာတ်နဲ့ လုပ်ကိုင်ဖြည့်စွမ်းကြဖို့ အထူးလိုအပ်ပါတယ်။

ပါရမီဆယ်ပါးကတော့ –

(၁) စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊ ဒါနပါရမီ (Generosity, giving)

(၂) ကိုယ်ကျင့်တရားကို ထိန်းသိမ်းပွားများခြင်း၊ သီလပါရမီ (Morality)

(၃) စည်းစိမ်ချမ်းသာတို့ကိုစွန့်၍ တောထွက်ခြင်း၊ နေက္ခမ္မ ပါရမီ (Renunciation)

(၄) အရာရာ၌ တတ်သိနားလည်မှုရှိခြင်း၊ ပညာပါရမီ (Wisdom)

(၅) ကောင်းမှု (ကုသိုလ်) မှန်သမျှကို သက်စွန့်ကြိုးပမ်းအားထုတ်ခြင်း၊ ဝီရိယပါရမီ (Energy)

(၆) သည်းခံခြင်း၊ ခန္တီ ပါရမီ (Patience)

(၇) မှန်ကန်ဖြောင့်မတ်စွာ ပြောဆိုလုပ်ကိုင်ခြင်း၊ သစ္စာပါရမီ (Truthfulness)

(၈) ရည်မှန်းထားတဲ့ကောင်းမှု (ကုသိုလ်) မှန်သမျှ စွဲမြဲစွာ မပြစ်မနေ ပြည့်ဆည်းရန်အာရုံစိုက်၍ ဓွဲရှိခြင်း၊ အဓိဋ္ဌာန်ပါရမီ (Determination)

(၉) သတ္တဝါများအပေါ် ချစ်ခင်ကြင်နာ၍ ကောင်းကျိုးကို လိုလားခြင်း၊ မေတ္တာပါရမီ (Loving-kindness)

(၁၀) မချစ်မမုန်း လျစ်လျူရှုခြင်း၊ ဥပေက္ခာပါရမီ (Equanimity)

## မှတ်ချက်

ယင်းပါရမီဆယ်ပါးတို့တွင် –

(၁) ပါရမီ – အပြင်အပ ဗာဟိရဥစ္စာ ဘဏ္ဍာအမျိုးမျိုးကိုစွန့်လွှတ်၍ ဖြည့်ကျင့်ခြင်း၊

(၂) ဥပပါရမီ – မျက်စိ၊ နား၊ နှာ၊ အင်္ဂါခြေလက်တို့ကို အပျက်စီးခံ၍ ဖြည့်ကျင့်ခြင်း၊

(၃) ပရမတ္ထပါရမီ – အသက်ကိုပင် မငဲ့မညှာဘဲ ပြင်းထန်စွာ ဖြည့်ကျင့်ခြင်း ဟူ၍ သုံးမျိုးရှိပါသည်။ ပါရမီဆယ်မျိုးကို ဤသုံးမျိုးဖြင့်မြှောက်သော် ပါရမီဆယ်ပါး အပြားသုံးဆယ်ဖြစ်ပါသည်။ ***(မြန်မာပြန်သူ)***

**ဒါနပါရမီ**

စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဟာ ပထမပါရမီဖြစ်ပါတယ်။ ဒီလိုပြုလုပ်ခြင်းအားဖြင့် အကျိုးနှစ်ပါးကို တစ်ပြိုင်တည်းရရှိနိုင်ပါတယ်။ တစ်ကိုယ်ကောင်းဆန်တဲ့ အတ္တစိတ်ကို တစ်ဖက်က ချုပ်တည်းပယ်သတ်ရာရောက်ပြီး၊ နောက်တစ်ဖက်က အများအကျိုး (ပရ)ကို ဖြည့်ဆည်းဖော်ဆောင်ရာ ရောက်ပါတယ်။

ခုလို လှူဒါန်းပေးကမ်းစွန့်ကြဲခြင်းဟာ မိမိရဲ့စိတ်အစဉ်မှာ အထင်အရှားတည်ရှိနေတဲ့ လိုချင်တပ်မက်မှု (လောဘ) ကို ဖယ်ရှားစွန့်လွှတ်ခြင်းပဲဖြစ်ပါတယ်။ ခုလို ကောင်းမှုပြုရတဲ့အတွက် တစ်ဖက်က မိမိမှာ ဝမ်းသာပီတိဖြစ်ရသလို အကျိုးဆက်အနေနဲ့လည်း အခြားသူတစ်ဦးတစ်ယောက်ဆင်းရဲကြီးစွာ ခံစားနေရတဲ့ဘဝ (ဒုက္ခ)မှ လွတ်မြောက်သွားစေပါတယ်။ ဒါကို သိရ, မြင်ရခြင်းအားဖြင့်လည်း မိမိပါ ဆပ်ဆင့် ပျော်ရွှင်ချမ်းမြေ့ရပြန်ပါတယ်။

အလောင်းတော်ဟာ ခုလို ပေးကမ်းစွန့်ကြဲရာမှာ သတ္တဝါအားလုံးအပေါ် ထားရှိတဲ့ ချစ်ခြင်း(မေတ္တာ)ဟာ ကွဲပြားခြားနားခြင်း အလျဉ်းမရှိပါဘူး။ တစ်ချိန်တည်းမှာ ချင့်ချိန်တွက်ဆပြီး လှူဒါန်းရတဲ့သဘောကိုလည်း မမေ့ပါဘူး။ ပုံစံအားဖြင့် အရက်သမားတစ်ယောက်က အကူအညီတောင်းခံလာတယ်ဆိုကြပါစို့။ သူ့ကို ကူညီပေးကမ်းလိုက်ခြင်းဖြင့် အလွဲသုံးစားလုပ်လိမ့်မယ်ဆိုတာကို ကေန်ကေ သိခဲ့ရင် ဒီပေးကမ်းမှုမျိုးဟာ ပါရမီဖြည့်ရာမရောက်တဲ့အတွက် ဗောဓိသတ်ဟာ ငြင်းဆန်ဖို့ ဝန်လေးလိမ့်မယ်မဟုတ်ပါဘူး။

ဒါမှမဟုတ်ဘဲ အမှန်တကယ်လိုအပ်လို့ အကူအညီတောင်းခံလာပြီဆိုရင်တော့ ရရှိတဲ့ ဒီအခွင့်အရေးကို လက်လွှတ်မခံတဲ့အပြင် ဝမ်းမြောက်ကြည်နူးစွာပဲ အတတ်နိုင်ဆုံး ကူညီဖြည့်ဆည်းပါလိမ့်မယ်။

အလောင်းတော်ဟာ သူတစ်ပါးကို ကူညီစောင့်ရှောက်ဖို့ အစဉ် အသင့်ရှိပေမယ့် သူ့အတွက်တော့ ဘယ်သူ တစ်ဦးတစ်ယောက်ကိုမှ ဒုက္ခပေးလိမ့်မယ် မဟုတ်ပါဘူး။ ပေးကမ်းစွန့်ကြဲရာမှာလည်း လူမျိုး(ဇာတ်)၊ ကိုးကွယ်ရာဘာသာ ဒါမှမဟုတ်အသားအရောင် ခွဲခြားခြင်း အလျဉ်းမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ တစ်ကိုယ်ကောင်းမဆန်(အတ္တ)စွဲမရှိသလို လိုချင်တပ်မက်မှု(ပိုင်ဆိုင်ရလိုမှု)လည်း မရှိလို့ပါဘဲ။ ဒီ မွန်မြတ်တဲ့ ဒါန(အလှူ)ကို ပေးရာမှာ သူ့ရဲ့ကိုယ်ပိုင်ပစ္စည်းဥစ္စာတွေကိုသာမက နန်းစည်းစိမ်ကိုပဲဖြစ်ဖြစ်၊ သားမယားကိုဘဲဖြစ်ဖြစ်၊ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေကိုပဲဖြစ်ဖြစ်ပေးဖို့ အသင့်ရှိပါတယ်။ အကယ်လို့များ သူ့ရဲ့အသက်(ခန္ဓာ)ဟာ သူတစ်ပါးကို အကျိုးပြုမယ်ဆိုရင်လည်း ပေးကမ်းဖို့ လက်မနှေးပါဘူး။

**သီလပါရမီ**

ဒုတိယပါရမီကတော့ သီလပါရမီဖြစ်ပါတယ်။ အလောင်းတော်ဟာ စင်ကြယ်တဲ့ အကျင့်(သီလ)တွေနဲ့ ပြည့်စုံပါတယ်။ အလောင်းတော်ဟာ ရသေ့၊ ရဟန်းစတဲ့ သာသနာ့အသိုက်အဝန်းမှာနေတဲ့အခါ သက်ဆိုင်ရာတရားတွေနဲ့အညီ အတတ်နိုင်ဆုံး နေထိုင်ကျင့်ကြံ အားထုတ်ပါတယ်။ လူသာမန်(ဘဝ)အဖြစ်နဲ့ နေရတဲ့အခါမှာလည်း ဘယ်လိုအန္တရာယ်တွေနဲ့ပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ အနည်းဆုံး ငါးပါးသီလကိုတော့ မကျိုးပေါက်ရအောင် စောင့်ထိန်းပါတယ်။

အလောင်းတော်ဟာ ဘယ်သောအခါမှ သူ တစ်ပါးရဲ့အသက်ကို မသတ်ပါဘူး။ သူတစ်ပါးဥစ္စာကို မတရားယူခြင်း၊ လိမ်ညာပြောဆိုခြင်း ဒါမှမဟုတ် မရေမရာ အဖျင်းစကားပြောခြင်း၊ အရက်သေစာသောက်စားခြင်း အလျဉ်းမပြုပါဘူး။ ဒီကျင့်ဝတ်တွေကို အတတ်နိုင်ဆုံး လုံခြုံအောင် ထိန်းသိမ်းပါတယ်။ ဒီကျင့်ဝတ်တွေ အနက် တစ်ခုခုကို ချိုးဖောက်မိရင် အပြစ်ကို ကျူးလွန်ရာမြောက်ပြီး သဗ္ဗညုတရွှေဉာဏ်တော်ကို အရယူရာလမ်းမှာ အတားအဆီးဖြစ်မှာမို့ပါပဲ။ ဒီလိုဆိုလို့ ဗောဓိသတ်ဟာ လုံးဝအပြစ်ကင်းစင်တဲ့ သဘောတော့ မဟုတ်ပါဘူး။ (ဇာတက - ၃၁၈ ကိုရှု)။ ဘာလို့လဲဆိုရင် အမှား(အပြစ်)လုံးဝ ကင်းစင်ပြီး စင်းလုံးချောနေမှတော့ ဘုရားဖြစ်နေပြီပဲပေါ့။

**နေက္ခမ္မပါရမီ**

စည်းစိမ်ချမ်းသာမှန်သမျှကိုစွန့်လွှတ်ပြီး တောထွက်ခြင်းဟာ တတိယပါရမီဖြစ်ပါတယ်။ ရှိရှိသမျှ စည်းစိမ်ချမ်းသာနဲ့ လူ့ဘောင်ဘဝကို စွန့်လွှတ်၊ သက်န်းဝတ်နဲ့ စိတ်ငြိမ်ရာအရပ်မှာ ခြိုးခြံစွာနေပြီး

တရားအားထုတ်ခြင်းပါပဲ။ ဒီနည်းအားဖြင့် တိုးတက်မှု (အောင်မြင်မှု) ကို အဟန့်အတားဖြစ်စေတဲ့ အာရုံများ၏ သာယာမှု၊ စိတ်ညစ်ထေးမှု၊ ပျင်းရိမှု၊ စိတ်ပျံ့လွင့်မှု၊ သံသယစိတ်ဖြစ်မှုတည်းဟူသော အရာအားလုံးမှ လွတ်မြောက်အောင် ဈာန်သမာပတ်ရအောင် အားထုတ်ပျိုးထောင်ခြင်းပါပဲ။

အလောင်းတော်ဟာ ဘဝရဲ့ ပျော်ရွှင်ချမ်းမြေ့စရာတွေ အပြည့်နဲ့ နန်းစည်းစိမ်ချမ်းသာတွေနဲ့ နေထိုင်နေရပေမယ့် လူ့ဘောင် ဘဝဟာ (အန္တရာယ်) နှံ့တွင်း သက်ဆင်းကျရောက်နေရတယ်လို့ ခံစားရပါတယ်။ ဘဝချင်းနှိုင်းယှဉ်လိုက်ရင် ခုလို တောထွက်တဲ့ဘဝဟာ ပွင့်လင်းတဲ့ကောင်းကင်ပြင်နဲ့မခြား လွတ်လပ်မှုအတိရှိတယ်လို့ ခံယူတော်မူပါတယ်။ ဒါကြောင့်လဲ တန်ဖိုးမရှိတဲ့စည်းစိမ်ချမ်းသာမှန်သမျှကို စွန့်လွှတ်ပြီး ရိုးရိုးသက်န်းကိုဆီး၊ မြင့်မြတ်သောဘဝကို ကူးပြောင်း၊ အစွမ်းကုန် စင်ကြယ်စွာနေပြီး ကျင့်ကြံအားထုတ်ခဲ့တာဖြစ်ပါတယ်။

ဒီလိုနဲ့ အလောင်းတော်ဟာ ပြင်းထန်စွာ(အဆင့်မြင့်မားစွာ) ကျင့်ကြံပွားများပြီး လုပ်သမျှတိုင်းလိုပဲ ကိုယ်ကျိုး(အတ္တ) က ကင်းခဲ့ပါတယ်။ ဘယ်လို ဥစ္စာပစ္စည်းတွေ၊ ဘယ်လို ကျော်စောမှုတွေ၊ ဘယ်လို ဂုဏ်ပကာသနတွေစတဲ့ ဘယ်လိုနည်းတွေနဲ့မှ အလောင်းတော်ရဲ့ ခိုင်မာတဲ့ ကျင့်ကြံအားထုတ်မှုကို သွေဖီအောင် ဆွဲဆောင်နိုင်စွမ်း မရှိပါဘူး။ တစ်ခါတစ်ရံ ဆံခြည်ဖြူတစ်မျှင်မျှကပင် (ဇာတက – ၉ ကိုရှု) အလောင်းတော်ကို ဒီလွတ်လပ်တဲ့ တစ်ကိုယ်တည်း ကျင့်ကြံအားထုတ်တဲ့ဘဝကို အရောက်တွန်းပို့နိုင်စွမ်းရှိပါတယ်။

တကယ်တော့ အလောင်းတော်များဟာ ဒီလို တောထွက်ပြီး ကျင့်ကြံအားထုတ်ရမယ်ဆိုတဲ့ ဥပဒေသတော့ မရှိပါဘူး။ ကုသ

ဇာတက (၅၃၁) ကို ကြည့်မယ်ဆိုရင် ဗောဓိသတ်ဟာ အလွန်တရာ လှပတင့်တယ်တဲ့ ပဘာဝတီမင်းသမီးကို နှစ်သက်စွဲလမ်းပြီး သူမရဲ့ ချစ်ခြင်းမေတ္တာကို လိုချင်တပ်မက်ခဲ့မိသေးတယ်ဆိုတာကို အထင် အရှားတွေ့ကြရမှာဖြစ်ပါတယ်။

**ပညာပါရမီ**

စတုတ္ထပါရမီကတော့ ပညာပါရမီဖြစ်ပါတယ်။ ပညာဆိုရာ မှာ လောကရဲ့ တကယ့်သဘာဝတွေကို အမှန်အတိုင်း သိမြင်ခြင်း လို့အဓိပ္ပာယ်ရပါတယ်။ လောကကြီးရဲ့ ဖြစ်,ပျက်တဲ့သဘောတွေကို အမှန်အတိုင်း ရှုမြင်ခြင်းဖြစ်ပါတယ်။ ဗောဓိသတ်ဟာ ဒီပညာတွေကို ဘယ်ကမဆို ရနိုင်တဲ့နေရာမှန်သမျှက ရယူဆည်းပူးပါတယ်။ ရရှိ ပြီးတဲ့ပညာတွေကို ထုတ်ဖော်ပြသ ဝင့်ကြွားဖို့ဆန္ဒ လုံးဝမရှိသလို၊ မသိသေးတာရှိရင်လည်း ဝန်ခံဖို့ ရှက်ကြောက်ခြင်း မရှိခဲ့ပါဘူး။ အလောင်းတော်သိရှိသမျှ ပညာအလုံးစုံဟာ အများကောင်းကျိုး အတွက် မထိန်မချန် အသုံးချဖို့ အမြဲပဲ အစဉ်သင့်ရှိခဲ့ပါတယ်။

**ဝီရိယပါရမီ** .

ပဉ္စမပါရမီဟာ ဝီရိယ(စွမ်းအား)ဖြစ်ပါတယ်။ ဒီ ဝီရိယ (Energy) ဆိုတာ အများနားလည်နေကြသလို ကာယစွမ်းအား သက်သက်ကို ဆိုလိုတာမဟုတ်ဘဲ စိတ်ဓာတ်စွမ်းပကား တစ်နည်း စိတ်ဓာတ်ကြံ့ခိုင်ဖို့ သို့မဟုတ် အကျင့်စာရိတ္တကြံ့ခိုင်ဖို့ပါ အကျုံးဝင် ပါတယ်။ တကယ်တော့ စိတ်ဓာတ်စွမ်းအားဟာ ကာယစွမ်းအားထက် သာလွန်အရာရောက်ပါတယ်။ ဒါကြောင့်လည်း သူတစ်ပါး၏အကျိုး ကို စိတ်ရောကိုယ်ပါ (လက်တွေ့) စွမ်းအားအပြည့်နဲ့ ဆောင်ရွက်ပေး ခြင်းရယ်လို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။

အလောင်းတော်ဟာ ဒီကောင်းမြတ်တဲ့ အရည်အချင်းကို မြဲမြံစွာ မွေးမြူ ကိုယ့်ကိုယ်ကို အားကိုးပြီး၊ အပေါ်လွင်ဆုံးစွမ်းဆောင်ချက်အဖြစ် ထင်ရှားခဲ့ပါတယ်။ စွမ်းဆောင် (ကံယမ) ရာမှာ ဆုံးရှုံးမှုဟာ အောင်မြင်ခြင်းရဲ့ လမ်းစအဖြစ် မှတ်ယူပါတယ်။ ဖိနှိပ်မှု (Oppression) နဲ့ ကြုံရင် မိမိရဲ့လုံ့လဝီရိယသဟာကို နှစ်ဆတိုးဖို့၊ အန္တရာယ်နဲ့ရင်ဆိုင်ရရင် (ပိုပြီး) ရဲရင့်ဖို့ ရှုမြင်ခံယူပြီး မနားမနေ ဖြည့်ဆည်း ကယ်မတော်မူပါတယ်။

**ခန္တီပါရမီ**

ဆဌမပါရမီကတော့ သည်းခံခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ သည်းခံခြင်းဆိုတာ ဒဏ်ခံနိုင်ခြင်းသဘော၊ တစ်ဦးတစ်ယောက်ကြောင့် ခံစားရတဲ့ကြီးမားသောဒဏ်ကို ခံနိုင်ရည်ရှိသော သဘောဖြစ်ပါတယ်။ နောက်တစ်နည်းပြောရရင် အခြားသူတစ်ဦးတစ်ယောက်ရဲ့ မှားယွင်းမှုကြောင့် ခံနိုင်ခက်သော ဒဏ်မျိုးဖြစ်ပါတယ်။ အလောင်းတော်ဟာ သူ့ရဲ့ ခြေ လက် တို့ကို ဖြတ်တောက်သည့်တိုင်အောင် အမျက်ဒေါသ မထွက်သည်အထိ သည်းခံတော်မူပါတယ်။

**သစ္စာပါရမီ**

သစ္စာပါရမီဆိုတာ သတ္တမပါရမီဖြစ်ပါတယ်။ သစ္စာဆိုတာ မိမိထားရှိတဲ့ ကတိ တစ်နည်း အမှန်တရားကို မယိုင်မလဲ ထိန်းသိမ်းခြင်းဖြစ်ပါတယ်။ ဒီပါရမီဟာ အလောင်းတော်ဗောဓိသတ်ရဲ့ ပြောင်မြောက်တဲ့ ကျင့်စဉ်တစ်ရပ်ဖြစ်ပါတယ်။ ဟာရိတက္က ဇာတက (၄၃၁) အရဆိုရင်၊ ဗောဓိသတ်တို့ဟာ တစ်ခါတစ်ရံ အခြားကျင့်ဝတ် (သီလ) တွေကို ချိုးဖောက်မိတဲ့တိုင်အောင် မဟုတ်မမှန် (မုသား) ပြောဆိုခြင်းကိုတော့ ဘဝအဆက်ဆက် ဘယ်အခါမှ အလျဉ်းမပြု

လုပ်ကြပါဘူး။

အမှန်တရားကို လမ်းညွှန်(မှု)အဖြစ် ရင်ဝယ်ပိုက်ပြီး ခိုင်မြဲစွာထိန်းသိမ်းပါတယ်။ ကတိတစ်ခုကိုမပေးမီ အသေအချာ စဉ်းစားသုံးသပ်ပြီးမှ ပေးလေ့ရှိပါတယ်။ ပေးပြီးပြီ ဆိုရင်လည်း ဘယ်လိုအကြောင်းကြောင့်မှ မဖျက်တော့ဘဲ တည်စေပါတယ်။ ကတိအတိုင်းဖြည့်စွမ်းနိုင်ဖို့ အသက်ကိုတောင် အဆုံးခံရတယ်ရယ်လို့ မဟာသုတသောမ ဇာတကမှာ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

အလောင်းတော်ဟာ ယုံကြည်စိတ်ချရတယ်။ ရိုးသားတည်ကြည်တယ်။ သီလ၊ သမာဓိနဲ့လည်း ပြည့်စုံပါတယ်။ ပြောတဲ့အတိုင်းလုပ်သလို၊ လုပ်တဲ့အတိုင်းလည်း ပြောပါတယ်။ အလုပ်, အပြော, အတွေးဆိုတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ အလုပ်သုံးပါးစလုံးဟာ ညီညွတ်ပါတယ်။ အများတကာရဲ့ ချစ်ကြည်လေးစားမှုကိုရဖို့ မတရားတဲ့နည်းနဲ့ မကြိုးစားသလို အထင်ကြီးမှု၊ ချီးမွမ်းမှုခံရဖို့လည်း ပြုလုပ်ပြသလေ့ မရှိပါဘူး။

**အဓိဋ္ဌာန်ပါရမီ**

အဋ္ဌမမြောက် ပါရမီကတော့ အဓိဋ္ဌာန်ပါရမီပါပဲ။ ခိုင်မြဲတဲ့ဆုံးဖြတ်ချက် (Resolute determination) ဒါမှမဟုတ် ခိုင်မာတဲ့ ပိုင်းဖြတ်မှုလို့လည်း အနက်ဖွင့်ဆိုနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီစိတ်ရဲ့စွမ်းပကားဟာ သွားရာခရီးလမ်းတစ်လျှောက်မှာ တွေ့ကြုံရမယ့် အတားအဆီးမှန်သမျှကို ပယ်ရှားစေလို့ပဲဖြစ်ပါတယ်။ ဘယ်လိုပုံသဏ္ဌာန်နဲ့ပဲ ဝမ်းနည်းကြေကွဲစရာတွေကို တွေ့ကြုံရစေကာမူ ဘယ်လို အန္တရာယ်၊ ဘယ်လို ဘေးဒုက္ခတွေ (Disaster)နဲ့ပဲ ရင်ဆိုင်ရစေကာမူ ဦးတည်ချက်ကို ဘယ်တော့မှ မပျောက်စေရပါဘူး။

ကောင်းမှုဟူသမျှကို လုပ်ဆောင်ဖို့ရာ လွယ်ကူစွာနဲ့ ဆွဲဆောင်လို့ရနိုင်ပေမယ့် အလောင်းတော်ရဲ့ဦးတည်ချက်(မူ)ကို ဆန့်ကျင်ပြီး မကောင်းမှုကိုလုပ်စေဖို့ စွမ်းဆောင်နိုင်လိမ့်မယ် မဟုတ်ပါဘူး။ အလောင်းတော်ဟာ အခြေအနေရဲ့ တောင်းဆိုချက်အပေါ်မူတည်ပြီး ပန်းပွင့်လိုနူးညံ့သိမ်မွေ့မှာဖြစ်သလို၊ ကျောက်စိုင်ကျောက်ခဲလိုလည်း ခိုင်မာပါတယ်။

**မေတ္တာပါရမီ**

ချစ်ခင်ကြင်နာမှု–မေတ္တာ (Loving-kindness) ဟာ နဝမမြောက် ပါရမီဖြစ်ပါတယ်။ ဒီနေရာမှာ မေတ္တာဆိုတာ ချစ်ကြည်မှု၊ ခင်မင်မှု(ဒါမှမဟုတ်)ကြင်နာမှုထက် များစွာသာလွန်ပါတယ်။ ဒီမေတ္တာတရားကပဲ အလောင်းတော်ဗောဓိသတ်ရဲ့ ကိုယ်ကျိုးကိုစွန့်လွှတ်ပြီး သတ္တဝါများကိုကယ်တင်ဖို့ တွန်းအားပေးခဲ့တာ ဖြစ်ပါတယ်။ ဒီနည်းအားဖြင့် လူမျိုး(ဇာတ်)၊ ကိုးကွယ်ရာဘာသာ (ဒါမှမဟုတ်) အသားအရောင်ခွဲခြားခြင်း အလျဉ်းမပြုဘဲ သတ္တဝါ အားလုံးအပေါ် တူညီတဲ့မေတ္တာထားရှိပါတယ်။ အလောင်းတော်ဟာ သတ္တဝါအားလုံးအပေါ် ခုလို တူညီသောမေတ္တာထားလို့လည်း ဘယ်သူ့ကိုမှ မကြောက်သလို၊ ဘယ်သူ့ကိုမှလဲ ကြောက်လန့်စေအောင် မပြုလုပ်ပါဘူး။ တောနက်ကြီးအတွင်းမှာရှိနေတဲ့ အလွန်တရာ ရိုင်းစိုင်းတဲ့သားရဲတိရစ္ဆာန်သည်ပင် အလောင်းတော်ရဲ့ ချစ်ကြည်သော မိတ်ဆွေဖြစ်ပါတယ်။

**ဥပေက္ခာပါရမီ**

ဒသမမြောက် ပါရမီကတော့ လျစ်လျူရှုခြင်းဖြစ်ပါတယ်။ လျစ်လျူရှုတယ် ဆိုတဲ့သဘောကတော့ သံယောဇဉ်တွယ်မှု (ဒါမှ

မဟုတ်) သံယောဇဉ်မထားမှု၊ မျက်နှာလိုက်မှု (ဒါမှမဟုတ်) မျက်နှာမလိုက်မှုတို့ မဟုတ်ဘဲ အမှန်ကိုသိမြင်ခြင်း၊ တရားမျှတစွာကြည့်ခြင်း (ဒါမှမဟုတ်) ဘက်မလိုက်ဘဲ ရှုမြင်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ဒီနေရာမှာ အလေးမထား ဂရုမစိုက်တဲ့သဘော (ဒါမှမဟုတ်) ကြားနေတဲ့သဘောလည်း မဟုတ်ပါဘူး။

ဒါကြောင့် ဒီပါရမီဟာ ပါရမီဆယ်ပါးအနက် အလွန်တရာခက်ခဲပြီး အလိုအပ်ဆုံးဖြစ်ပါတယ်။ အထူးသဖြင့် လူသားများရဲ့ မလေးမစားဆက်ဆံမှု (Slights)၊ ရိုင်းပြစော်ကားမှု (Insults) တွေ ထူပြောပြီး ဘဝကံကြမ္မာ အလှည့်အပြောင်းများတဲ့၊ မညီမျှတဲ့ ဒီလောကကြီးမှာ လှုပ်ရှားနေထိုင်ကြရတဲ့ သာမန်ပုထုဇဉ် လူသားများအတွက် ပိုပြီးအရေးကြီးပါတယ်။ ခုလို ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ကောင်းကျိုးပြုခြင်း, မပြုခြင်းနဲ့ ပျော်ရွှင်ချမ်းမြေ့စရာတွေ၊ စိတ်အနှောင့်အယှက်ဖြစ်စရာတွေကို ဘယ်လိုပဲရင်ဆိုင်ရ၊ ရင်ဆိုင်ရ အလောင်းတော်ဟာ ဒီဥပေက္ခာတရားကို ကျောက်ဆောင်ကျောက်ခဲလို မတိမ်းမစောင်းရအောင် ကြိုးစားပြီး မှန်ကန်စွာ ကျင့်ကြံပွားများလေ့ရှိကြောင်းပါ။

*

**မေတ္တာပို့၊ ဆုတောင်း၊ အမျှဝေ**

ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာ စ နိဗ္ဘယာ၊
သောကပ္ပတ္တာ စ နိသောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။

## မေတ္တာပို့

ဒုက္ခပ္ပတ္တာ၊ ဆင်းရဲဒုက္ခရောက်နေကြကုန်သော။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ ပါဏိနော၊ တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည်။ နိဒ္ဒုက္ခာ စ၊ ဆင်းရဲဒုက္ခကင်းဝေးကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဘယပ္ပတ္တာ၊ ကြောက်လန့်မအေး ဘေးနှင့်ရင်ဆိုင်တွေ့နေကြရကုန်သော။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ ပါဏိနော၊ တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည်။ နိဗ္ဘယာ စ၊ ကြောက်လန့်ကင်းကွာ ဘေးဘယာ မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

သောကပ္ပတ္တာ၊ စိုးရိမ်ကြောင့်ကြ ဗျာပါရသို့ရောက်၍နေကြကုန်သော။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ ပါဏိနော၊ တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည်။ နိသောကာ စ၊ ကြောင့်ကြမဲ့လျှင်း စိုးရိမ်ခြင်း မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

## ဆုတောင်း၊ အမျှဝေ

ဣဒံ ပုညံ၊ ကုသလံ၊ နိဗ္ဗာန်ရောက်စေသော။ မမပုညံ၊ ဝေနေယျံ၊ သမံဝေငှသော။ ကြားတွေ့ဖတ်ရှု၊ နတ်လူစု၊ သာဓုနှုမော်ခေါ်စေသော်။

✻

**ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု**

## ဓမ္မ (တရားတော်)

| | | |
|---|---|---|
| ယောဓမ္မော | ... | အကြင်တရားတော်သည်၊ |
| သတ္တာနံ | ... | သတ္တဝါတို့၏ ဆိုင်းရဲအပေါင်းကို၊ |
| သရိတိတိ သတ္တိ | ... | ဖယ်ရှား၊ ကာကွယ်တတ်၏။ |
| ဣတိ | ... | ထို့ကြောင့်၊ |
| သောဓမ္မော | ... | ထိုတရားတော်သည်၊ |
| သရဏံသရဏ | ... | ကိုးကွယ်ရာ၊ ဆည်းကပ်ရာ၊ အားကိုးရာမည်၏။ |

၁၂၂၀ ပြည့်နှစ်၊ မင်းဘူးဆရာကြီး၊ အိမ်မဲမြို့သို့ရောက်သည်မှ
ယနေ့တိုင် ထောင်သောင်းများစွာသော ကလေးများအား
အသက်ကယ်ဆယ်ခဲ့သည့်

# ဒေါ်ရွှေမှင် ကလေးဆေးများ

- မကြာခဏ ကျောပူ၊ ခေါင်းပူ၊ ကိုယ်ပူထပြီး အပူတက်၊ အအေးတက် တက်၍ ချူချာ၊ ချိနဲ့သော ကလေးများအတွက်–

**ဒေါ်ရွှေမှင် သူငယ်နာထေါင်းချုပ်ဆေး**

- လေပြင်၊ လေခဲ၊ လေဆန်နာတို့ကြောင့်၊ လေထိုး၊ လေအောင့်၊ ချွဲကျပ်၊ ရင်ကျပ်၊ ချောင်းဆိုး၊ ဝမ်း၊ ဆီး၊ လေချုပ်ခြင်းတို့အတွက် –

**ဒေါ်ရွှေမှင် ထလေးလေဆန်နာဆေး**

- အစာမကျေ၊ ရင်ပြည့်၊ အော့အန်ခြင်း၊ ဆီး၊လေ၊ဝမ်း မကျဲခြင်း၊ ရေငတ်ဝမ်းကျရောဂါ၊ ဝမ်းကိုက်၊ ဝမ်းပုပ်ခြင်း တို့အတွက် –

**ဒေါ်ရွှေမှင် ထလေးလေဖုဝ်တုတ်ဆေး**

- ကျား၊ မ များ ဓာတ်လေးပါးညီမျှပြီး၊ ဒူလာနှင့် မီးယပ်နာတို့ကို ကာကွယ်ပျောက်ကင်းနိုင်စွမ်းသော –

**ဒေါ်ရွှေမှင် သိဒ္ဓိမဟာလာသွေးဆေးကြီး**

- သလိပ်ပုပ်၊ သလိပ်ကျပ်၊ ခံတွင်းပျက်၊ ရင်မရှင်းသူများအတွက်–

**သလိပ်ပျော်လျှုတ်ဆား**

*

မင်းဘူးဆရာကြီး၏မြေး

## ဒေါ်ရွှေမှင် ကလေးဆေးတိုက်၊ အိမ်မဲမြို့။

- ၂၈၆–၁၁၊ ပန်းဆိုးတန်း၊ ရန်ကုန်။ ဖုန်း – ၂၈၂၆၂၉
- ဝင်းပပ၊ အမှတ် (၇)၊ ဗိုလ်ချုပ်ဈေးသစ်၊ ရန်ကုန်။
- ဒေါ်အေးမှင် တစ်ခွန်းတိုက်၊ ရွှေတောင်တန်းထိပ်၊ ရန်ကုန်။

ဒေါ်ရွှေမှင်ကလေးဆေးများသည် သမားကောင်းလိုအားကိုးရသည်၊

ဓမ္မ (တရားတော်)

ယောဓမ္မော ... အကြင်တရားတော်သည်၊

သတ္တာနံ ... သတ္တဝါတို့၏ဆင်းရဲအပေါင်းကို၊

သရိတိတ္တိသတိ ... ဖယ်ရှား၊ ကာကွယ်တတ်၏။

ဣတိ ... ထို့ကြောင့်၊

သောဓမ္မော ... ထိုတရားတော်သည်၊

သရဏံ သရဏာ ... ကိုးကွယ်ရာ၊ ဆည်းကပ်ရာ၊

အားကိုးရာမည်၏။